


Scanned with ACE Scanner




Scanned with ACE Scanner

★ ဗေဒင်ပုံပြဦး မဂ္ဂဇင်း

ကျေးသိမ်းမြို့

# ဘုန်းကြွယ်

---

## နေလမင်းသားဆိုင်းသမား

(စတုတ္ထပိုင်း)

Scanned with ACE Scanner

## [illegible]

## ★ [illegible]

### ══ [illegible] ( [illegible] ) ══

လူရိပ်နှစ်ခုမှာ ထိုနေရာမှနေ၍ ကိုယ်ဖေါ့ပညာကိုသုံးကာ ကန့်လျှံကြိုးတို့ရှိရာသို့ လိုက်သွားကြသည်။

ထိုအချိန်တွင် ကွေးဝူနှင့်ကန့်လျှံကြိုးတို့မှာ တစ်ယောက်ကို တစ်ယောက်က ထိုစီးကျနေသောသွေးများအား သုတ်သင် ပေးနေကြသည်။

ယမင်းရုပ်ကလေးပမာ ချောမောလှပနေသော ဝတ်စုံနက် မိန်းကလေးက ကန့်လျှံကြိုးအား မေးလိုက်သည်။

"မမကြိုး ဘယ်လိုနေသေးသလဲဟင်"

"ဘာမှမဖြစ်ပါဘူး"

ဖခင်ဖြစ်သူ၏ ရက်စက်မှုကိုပင် ကန့်လျှံကြိုးက ပြုံးပြုံးကလေးခံယူရင်း ပြန်ပြောသည်။

“ကျွန်မတို့လဲ ဇီကိုအလာနေစက်ကျသွားတယ် မမလျှံကြူရယ်”

“ကိစ္စမရှိပါဘူး၊ ဒါနဲ့ညီမချော ဘာဖြစ်လို့ဇီကိုလိုက်လာခဲ့ရတာလဲ ဟင်”

“ဩော် မမလျှံကြူထပဲ ကျွန်မကိုပြောသွားသေးတယ် မဟုတ်လား၊ ဇရပ်ဖြူ စံကျောင်းတိုက်မှာ ပိုင်ထိုက်ကွန်နဲ့ တွေ့တယ်ဆို၊ ဇီတော့ ပိုင်ထိုက်ကွန်ထ ဘာဘာလုံချိကို သတင်းပေးလိုက်တာ ဖြစ်မှာပေါ့”

လှိုင်ယံကဝင်ပြောသည်။

“ဟုတ်ပါတယ်၊ ကျွန်တော်တို့မေစင်နှမလဲ့ ဇီကအစ်ကိုကြီးနဲ့ မမလျှံကြူကို စိတ်ချလို့လိုက်လာခဲ့ကြတာပါ”

ကန်လျှံကြူက တစ်စုံတစ်ရာစဉ်းစားမိဟန်နှင့် ကသောကမျောပြောလိုက်သည်။

“ဟင် ဒီအတိုင်းဆိုရင် အားလုံးဒုက္ခရောက်ကုန်တော့မယ်ထင်ပါရဲ့”

ဝတ်စုံနက်မိန်းမပျိုက နားမလည်ဟန်နှင့် ပြန်မေးလိုက်သည်။

“ဘာဖြစ်လို့လဲ မမကြူ”

“မမစဉ်းစားမိသလောက်ကတော့ ပိုင်ထိုက်ကွန်ရှဲ့သဘောထားက ရိုးသားပုံမရဘူး၊ အစ်ကိုကြီးရှောက်အောင်နဲ့ မမလေ့စုလျှံတို့ ပြဿနာဖြစ်နိုင်တယ်”

ကွေးဝူကလည်း စိုးရိမ်တကြီး ဝင်ပြောသည်။

"ဟုတ်တယ်၊ စိုးရိမ်စရာကောင်းတဲ့ အခြေအနေပဲ၊ ပိုင်ထိုက်ကုန်အကောက်ကြံရင် ရှန်ကျူင်ရဲ့လက်ထဲကို မမလျူတို့လူသိုက် အဖမ်းခံရနိုင်တယ်"

ဂန်လျူကြူက....

"ဒါဆို တို့ လိုက်သွားကြရအောင်"

ဝတ်စုံနက် မိန်းကလေးက....

"မမနဲ့အစ်ကိုတို့ မလိုက်ရင် ပိုကောင်းမယ်ထင်တယ်"

"ဘာဖြစ်လို့လဲ"

"ရှန်ကျူင်ဂေဟာထဲမှာ ဘာဘလုချီ ရှိနိုင်တယ်၊ လတ်တလော အခြေအနေမှာ မမနဲ့ မျက်နှာချင်းမဆိုင်စေချင်သေးဘူး"

ခန့်ချောလူဝယ်လေးက ဂန်လျူကြူအား အကြောင်းအကျိုး ပြောပြ၍ တားမြစ်လိုက်သည်။

"အို ဒါတွေ ဂရုမစိုက်နိုင်ဘူး၊ လူကို အရဆယ်ဖို့ အရေးကြီးတယ်"

ဂန်လျူကြူက ကြေကွဲသော အပြုံးတစ်ဝက်နှင့် အောက်နှုတ်ခမ်းကို ဖိကိုက်ရင်း ယတိပြတ်ပြောလိုက်သည်။

ခန့်ချောလူငယ်လေးက....

"မလိုက်ချင်ပါနဲ့ဗျာ၊ တော်ကြာ မမလျူကြူတို့ရော အဖမ်းခံနေရပါဦးမယ်"

ကန်လျံကြူက....

"ဒါပေမယ့် မမတို့အနေနဲ့ ဗိုလ်ပဲလက်ပိုက်ကြည့်ပြီး နေနိုင်ဘူး မောင်လေးယိ"

အချေအတင် ပြောဆိုနေကြသဖြင့် မိန်းကလေး ချိုက...

"ဒီလိုလုပ်ပါ၊ ဒီကိစ္စမှာ မောင်လေးယိကို လွှတ်ပြီးစုံစမ်းခိုင်းမယ်လေ မကောင်းဘူးလား"

ခန့်ချော လှငယ်က...

"သိပ်ကောင်းတယ်၊ ဒီလိုဆိုရင် ကျွန်တော်ပါလိုက်သွားမယ်"

မိန်းကလေးချိုနှင့် လှငယ်တို့၏ လုပ်ဆောင်မှုကို ကန်လျံကြူနှင့် ကျော်ဝှတို့က မျက်လုံးအဝိုင်းသားနှင့် စိုက်ကြည့်နေကြသည်။

မိန်းကလေးချိုက အသာအယာပြုံးရင်း....

"မမလျံကြူ ကျွန်မတို့ယံစိတွေ ရင်းနှီးခဲ့ကြတာ ကြာပါပြီနော်"

"ဟုတ်ပါတယ်"

"ဒါပေမယ့် မမအနေနဲ့ ကျွန်မဘာဝကို မသိသေးဘူး၊ ဒီလိုဖုံးကွယ်ထားရတာလဲ အကြောင်းရှိနေပါတယ်"

ကန်လျံကြူကို ကျော်ဝှက တစ်ချက်ငဲ့ကြည့်ပြီး မိန်းကလေးချိုအား မေးလိုက်သည်။

"ညီမချိုနဲ့ ညီလေးယိတို့က သိုင်းပညာ ကျွမ်းကျင်ကြတယ်နော်"

မိန်းကလေး ချိက သေးနက်တည်ကြည်သော မျက်နှာထားနှင့်....

"တစ်ခါတလေ သိုင်းပညာနဲ့ ဖြေရှင်းလို့မရတဲ့ကိစ္စတွေလဲ အများကြီးရှိတတ်ပါတယ်"

ကွေ့ဝူက....

"ဒါဆို ငါ့ညီမဟာ အဖွဲ့အစည်းတစ်ခုခုကို ရောက်နေပုံရတယ်၊ ဟုတ်တယ်မဟုတ်လား"

"စောစောပိုင်းကတည်းက မမတို့ကို စကား ခံထားသားပဲ"

မိန်းကလေးချိက ပြုံးပြုံးကလေးနှင့် ပြောနေစဉ် သူမ၏ မောင်လေးအား ခြေလှမ်းကျဲနှင့် ပြန်ရောက်လာခဲ့၏၊

"မောင်လေး မင်း စိစဉ်ပြီးပြီလား"

"ဟုတ်ကဲ့ မမချိ၊ မနက်ဖြန်ဆို သတင်းပြန်ရမယ်"

"ကောင်းပြီ၊ ဒါဆို တို့ပြန်ကြစို့"

ကန်လျှံကြူက ကျေးဇူးတင်စကားဆိုသည်။ မိန်းကလေးချိက လက်ကာပြရင်း....

"မဟုတ်တာ မမကြူရယ်၊ အစ်ကိုနဲ့အစ်မကို ကျွန်မတို့ မကူညီလို့ ဖြစ်မလား"

ကန်လျှံကြူကဲ နားမလည်နိုင်ဟန်နှင့်....

"ညီမရဲ့သဘောတော..."

မိန်းကလေး ချိက ကန်လျှံကြူ၏စကားကို ကြားဖြတ်ပြောလိုက်သည်။

"မမတို့ ကိုယ်ရေးကိုယ်တာ ကိစ္စအပြင် တစ်မျိုးသားလုံးနဲ့ သက်ဆိုင်တဲ့ကိစ္စမို့ မပြန်ဖြစ်နေကြတုံးဆောင်ရမှာပါ ညီမလျှ ကြူ"

"ဟာ ဒါဆို ညီမတို့ကို ဖမတို့က သိပ် လေးစားမိပါပြီ ကွယ်"

မိန်းကလေးချီက ခန့်ချောလှသောယ်လေးကို လှည့်ကြည့်ရင်း ပြောလိုက်သည်။

"မောင်လေး မမလျှကြူတို့ အိမ်ပြောင်းဖို့ အမြန်ဆုံး စီစဉ်လိုက်ပါဦး"

သူမ၏ ပြတ်သားသော ဆုံးဖြတ်ချက်ကြောင့် ဇာနယ်လျှကြူနှင့် ကျော်ဝင့်တို့မှာ အံ့ဩနေကြသည်။

"ညီမလေး တို့အိမ်ပြောင်းကြရတာ မမ ဖေဖေကြောင့်လားဟင်"

"မဟုတ်ဘူး၊ ရှန်ကျင်ဂေဟာအလှူတွေ လာပြီး နှောင့်ယှက်နိုင်တယ်လေ"

ကန်လျှကြူနှင့်ကျော်ဝင့်တို့မှာ အသက်အရွယ်နှင့်မမျှသော ရင့်ကျက်မှုပြည့်ဝစွာ စီစဉ်လုပ်ကိုင် ဆောင်ရွက်နေကြသော မိန်းကလေးချီတို့ မောင်နှမကို လေးစားခင်မင်၍ နေလေသည်။

"အင်း မမတို့က ညီမတို့ကို ဒုက္ခပေးရာကျနေပြီ၊ အားနာစရာကွယ်"

မိန်းကလေး ချီက လေးနက်တည်ငြိမ်စွာ ပြန်ပြောသည်။

"ကိစ္စမရှိပါဘူးမမလျှံကြူ၊ ဘ၀တစ်ခုလုံးမှာ ဒီလိုပါပဲ၊ ဘယ်အရာမဆို ကိုယ်က ခြေတစ်လှမ်းနောက်ကျသွားရင် ခံရမှာပဲလေ"

မိန်းကလေးချိုကဦးဆောင်ရင်း နေရာသစ်သို့ ရွှေ့ပြောင်းလိုက်ကြသည်။

မိန်းကလေးချိုတို့သည် လမ်းမကြီးကိုပဲ ဆင်းကာ လမ်းသိမ် လမ်းမြွာများကို အကြိမ်ကြိမ် ဖြတ်ကျော်၍လာခဲ့ရ၏။

တစ်နာရီခန့်သွားပြီးသော် လူနေကျဲသော တောင်ကုန်းမြင့်ကလေးသို့ ရောက်ရှိလာကြ၏။

"ညီမလေးချို ခုသွားမယ့်နေရာကိုကော ညီမလေးရဲ့လူတွေ သိရဲ့လား"

"စိတ်မပူပါနဲ့ မမလျှံကြူ သူတို့သိကြပါတယ်"

ကန်လျှံကြူမှာ မိန်းကလေးချို၏ စကားကြောင့် တစ်စုံတစ်ရာ မေးမြန်းပြောဆိုခြင်း မပြုတော့ဘဲ တိတ်တဆိတ် လိုက်ပါလာတော့၏။

မကြာမီ တောင်ကုန်းမြင့်ကလေးပေါ်မှ အတော်အတန် ကျယ်ဝန်းသည့် အိမ်ကလေးတစ်လုံးသို့ ကန်လျှံကြူတို့ ရောက်ရှိလာကြသည်။

အိမ်ကလေးမှာ ရိုးရိုး သာမန်လူတို့နေထိုင်သည့် အိမ်တစ်လုံးဖြစ်ကြောင်း ကန်လျှံကြူ သတိပြုမိလိုက်သည်။

ထိုစဉ်——

ခွေးနက်တစ်ကောင်နှင့် ခွေးနီတစ်ကောင်က မိန်းကလေးချို ရှိရာသို့ တရကြမ်း ပြေးလွှားလာသည်။

ကန်လျှံကြူက လက်တစ်ဘက်မြှောက်ကာ ရိုက်နှက်ရန် ဟန်ပြင်လိုက်စဉ် မိန်းကလေးချိုက ဝင်ပြောသည်။

"မမလျှံကြူ ဒီမွေးတွေထ ကျွန်မတို့ရဲ့ခွေးတွေပါ"

မိန်းကလေးချိုက ခွေးနှစ်ကောင်အား ဟန့်တားလိုက်လေသည်။

"ဟဲ့ နီလုံးနဲ့ နက်လုံး ငြိမ်ငြိမ်နေတွေဟဲ့၊ ကောင်းကောင်းမွန်မွန် နေကြစမ်း"

မိန်းကလေးချို၏ စကားသံကြောင့် ထွားကြိုင်းလှသော ခွေးကြီးနှစ်ကောင်မှာ ရုတ်ခြည်းပင် ကြောင်ပေါက်စလေးများပမာ ငြိမ်ဝပ်သွားကြသည်။

ထိုအခိုက်....

အိမ်အတွင်းမှ လူရှစ်ယောက် ထွက်ပေါ်လာကြသည်။

အဘိုးအို၊ အဘွားအို၊ မိန်းကလေးများနှင့် လူသန်ကြီးများကိုလည်း ကွေးဝူတို့ တွေ့မြင်လိုက်ရသည်။

သူတို့အား ကြည့်ရသည်မှာ လယ်သမားမိသားစုနှင့် တူနေသည်။

နီလုံးနှင့် နက်လုံးတို့နှစ်ကောင်မှာ မိန်းကလေးချိုကို လမ်းဖယ်ပေးကြသလို ရှေ့မှ ပြန်လှည့်ပြေးလွှားသွားကြပြန်၏။

ထိုအိမ်အတွင်းရှိ လူအားလုံးမှာ ကန်လျှံကြူနှင့် ကွေးဝူတို့ကိုအကဲခတ်ကြည့်ရှုနေကြသဖြင့် မိန်းကလေးချိုက မိတ်ဆက်ပေးလိုက်သည်။

Scanned with ACE Scanner

"ဖိတ်ဆက်ပေးရဦးမယ်၊ ဒီက မမက ကန်လျံကြူလို့ ခေါ်တယ်၊ ဒီကအစ်ကိုကတော့ ကွေးဝူလို့ ခေါ်ပါတယ်ရှင်"

မိန်းကလေး တစ်ယောက်က ပြုံးရွှင်သော မျက်နှာထား နှင့်—

"ခုလိုသိကျွမ်းရတာ ဝမ်းသာပါတယ်၊ အိမ်ထဲကိုဝင်ကြပါဦး"

ကန်လျံကြူနှင့် ကွေးဝူတို့က တုံ့ပြန် ပြုံးပြကြသည်။

မိန်းကလေးချီသည် အဘယ်ကြောင့် အိမ်ရှင်၏အမည်နာမကို ဖွင့်ဟမပြောခြင်းကို အံ့သြနေမိကြသည်။

ဧည့်ခန်းထဲတွင် လယ်သူမသဏ္ဌာန် ဝတ်ဆင်ထားသော မိန်းကလေးက ရေနွေးကြမ်းနှင့်ဧည့်ခံသည်။

ကန်လျံကြူက—

"ဒီက ဘဘကြီးလဲ ဝင်ထိုင်လိုက်ပါလားဟင်"

အိမ်ရှင်ဖြစ်ဟန်တူသော အဘိုးအိုက ကန်လျံကြူကို ငေးစိုက်ကြည့်ကာ မိန်းကလေးချီကို လှမ်းကြည့်လိုက်သည်။ ကန်လျံကြူကိုမူ စကားပြန်မပြောခဲ့ပေ။

"မမလျံကြူ နေတတ်သလိုနေပါ၊ သူတို့က ဖော်ဖော်ရွှေရွှေ စကားမပြောတတ်ပေမယ့် ရင်ထဲက လှိုက်လှိုက်လှဲလှဲ ခင်မင်တတ်ကြပါတယ်"

ထိုအခိုက် လယ်သမားမိသားစုက ကန်လျံကြူကို ကျေးဇူးတင်ကြောင်းပြောကာ ဧည့်ခန်း တစ်ဘက်ထောင့်သို့ ရှောင်ထွက်သွားကြသည်။

မိန်းကလေးချီနှင့် မောင်လေးယီတို့ကသာ ကန့်လျှံကြူး တို့ကို ညွှန်ခံစကားပြောနေကြ၏။

မိန်းကလေးချီက အဘွားကြီးရှိရာဘက်သို့လှည့်ပြီး....

''ဘွားဘွားကြီး နို့လုံးနဲ့ နက်လုံးတို့လဲ တစ်နေ့တခြား သန်မာထွားကြိုင်းလာပါလား''

''အို သန်မာဆို ဇီဇကောင် နှစ်ကောင်ဟာ ဒီမှာ အရမ်း ပျော်နေကြပြီ၊ အစုဆို တောလဲလိုက်တတ်နေပြီလေ''

မိန်းကလေးချီက စိတ်ဝင်စားယာန်နှင့်....

''ဒါဆို သူတို့က ဘာကောင်တွေမျှား မိခဲ့သလဲ ယင် ဘွားဘွား''

''တောကြွက်တွေကို သူတို့ဖမ်းတတ်နေပြီ''

''အင်း ကောင်းတယ်၊ ဖြော် ညှော်သည်တွေဖို့ အခန်း နှစ်ခန်း ပြင်ပေးခဲ့ဦးနော်''

ကန်လျှံကြူနှင့် ကွေးဝူတို့မှာ ထိုနေ့ညသို့ ထိုအိပ်မှာပင် အိပ်စက် အနားယူလိုက်ကြ၏။

ကန်လျှံကြူနှင့် ကွေးဝူ တို့မှာ မိန်း ကလေး ချီ အား တဖြည်းဖြည်း ပို၍ပင် နားမလည်နိုင်အောင် ဖြစ်နေမိသည်။

လျှို့ဝှက်လွန်းသော မိန်းကလေးချီ၏အကြောင်းကို ကန် လျှံကြူမှာ အလွန်အမင်း သိချင်နေသည်။

သို့သော်....

သူမမှာ မိန်းကလေးချီအား မမေးဝံ့ပေ။

အိမ်ရှင်၏ လျှို့ဝှက်သောအကြောင်းကို မေးမိလျှင် ရိုင်းရာကျမည်စိုး၍ ကန်လျှံကြူနှင့် ကျေးဝှတ္တိမှာ ရေငုံနှုတ်ပိတ်နေလိုက်ကြ၏။

သူမ၏ နစားနှင့် မျက်စိကိုမူ ဖွင့်ထားကာ မိန်းကလေးချိ၏ လှုပ်ရှားမှုအလုံးစုံကို လေ့လာနေမိသည်။

မိန်းကလေးချိတို့ မေခင်နမန္တစ်ယောက်သည် အလွန်အင်အားကြီးမားသော အဖွဲ့အစည်းတစ်ခုခုကို အုပ်စိုးထားပုံရကြောင်း ကန်လျှံကြူတို့ အကဲခတ်မိသည်။

ကန်လျှံကြူတို့မှာ မိန်းကလေးချိ၏ အကြောင်းကိုသာ တွေးတောနေမိကြသည်။

\+ \+ \+

ထိုအချိန်၌ ယခင် သူတို့နေထိုင်ခဲ့ကြသော အိမ်ကြီးအတွင်းသို့ သိုင်းသမားလေးဆယ်ခန့်က တရကြမ်း ဝင်ရောက်လာကြ၏။

ထိုသိုင်းသမားများကို ဦးဆောင်လာသူမှာ နင့်ကျမ်းရောင်မင် ဖြစ်၏။ နင့်ကျမ်းရောင်သည် အပိုင်ကွက်ကိုနင်းကာ ချည်ပြီးတုပ်ပြီး စီစဉ်ထားခဲ့ခြင်းဖြစ်၏။

သို့သော် သူတို့၏ခြေလှမ်းကို မိုးကလေးချိက ကြိုတင်၍ မြင်သဖြင့် ကြိုတင် ရှောင်ရှားသွားနိုင်ကြခြင်းပင် ဖြစ်၏။

"ဟ ဘယ်လိုလဲ၊ အခန်းထဲမှာမီးထွန်းပြီး လူလဲ မရှိပါလား"

"သေသေချာချာ ရှာကြစမ်း"

"တစ်ယောက်မှ မလွတ်စေနဲ့"

တစ်အိမ်လုံး ပြေးမလွတ်စေရန် လေးဘက် လေးတန့်မှ ဝိုင်းပြီးရှာဖွေသော်လည်း တစ်ယောက်မျှပင် မတွေ့ရ။ နင့်ကျွမ်းရောင်မှာ ဒေါသမီး တဟုန်းဟုန်း တောက်လောင်သွားတော့သည်။

နင့်ကျွမ်းရောင်သည် သိုင်းပညာအဆင့် မြင့်မားလှသည်။

မြင့်မားသည်နှင့်အမျှ သတ္တိအရာမှာလည်း ပြောင်မြောက်သူဖြစ်၍ ကျယ်လောင်သောအသံနှင့် စိန်ခေါ်လိုက်၏။

"ကျုပ်နာမည် နင့်ကျွမ်းရောင်လို့ ခေါ်တယ်၊ ခင်ဗျားတို့ ဘာဖြစ်လို့ ပုန်းအောင်းနေကြတာလဲ၊ အားလုံး ထွက်လာခဲ့ကြပါ"

ထိုအခိုက် ချောင်ကျသော အခန်းတစ်နေရာမှ အိုးတစ်လုံး ရိုက်ခွဲသံ ကြားလိုက်ရသည်။ နင့်ကျွမ်းရောင်က အခဲမကျေနိုင်သည့်နှယ် အော်ဟစ်ပြောလိုက်ပြန်သည်။

"ဒါဟာ ညှော်သည်ကြိုထဲ့ သဘောလားကွ၊ ဟော့ ဒါဲ လူကို ငါ့ဆီ ခေါ်လာခဲ့စမ်း"

နင့်ကျမ်းရောင်၏ လူများက လူတစ်ယောက်ကို ဆွဲခေါ်လာကြသည်။ ထိုလူမှာ စုတ်ပြတ်ပေရေနေပြီး ရေချိုးသန့်စင်ခြင်း မရှိသဖြင့် ညစ်ပတ်နံစော်နေသည်။

ထိုလူက ကြောက်လန့်တကြား ပြောဆို တောင်းပန်နေလေသည်။

"ကျွန်တော့်ကို ချမ်းသာပေးပါဗျာ၊ ကြောက်ပါပြီ၊ နောက်တစ်ခါ သူများအိမ်ကို ဝင်မခိုးတော့ပါဘူး၊ ကြောက်ပါပြီခင်ဗျ"

နင့်ကျမ်းရောင်က....

"ဟေ့လူ ခင်ဗျားဟာ ဒီအိမ်ကလူ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး ခင်ဗျား ကျွန်တော်လဲ ဗိုက်ဆာလို့ ဒီအိမ်ထဲဝင်တောင်းတာပါ၊ အိမ်ထဲရောက်တော့ လူတစ်ယောက်မှ မတွေ့လို့ ခိုးစားနေတာပါခင်ဗျ"

လမ်းတေလေက နင့်ကျမ်းရောင်၏ခြေသလုံးကို ဖက်မတတ် တောင်းပန်ခယကာ ချမ်းသာပေးဖို့ ပြောနေ၏၊ နင့်ကျမ်းရောင်က လမ်းတေလေလေးကို စိမ့်စိမ့်ကြည့်ကာ...

"ဒီမှာကိုယ့်လူ ငါ့ကိုဒီအပေါက်မျိုး လာမချိုးနဲ့ ဒီအဝတ်အစားဟောင်းတွေ ချွတ်လိုက်စမ်း"

ပေကတ်ကတ်လုပ်နေသော လမ်းတေလေကို နင့်ကျမ်းရောင်၏လူများက အဝတ်အစားများကို ဝိုင်းချွတ်လိုက်ကြသည်။ အမှန်တကယ်ပင် တောင်းရမ်း စားသောက်သူ ဖြစ်ကြောင်း တွေ့ရ၏။

နှင့်ကျွမ်းရောင်မှာ စိတ်မရှည်သလို ဖြစ်သွားကာ....

"ဒီအိမ်ကလူတွေ ဘယ်သွားကုန်လဲ၊ မင်းသိသလား"

"ကျွန်တော် ထကာယ်မသိလို့ မသိဘူးပြောတာပါ"

"ဒီကောင့်ကို ရိုက်ပြီးစစ်စမ်း"

တောင်းရမ်းစားသူမှာ ကြောက်လန့်တကြား အော်ဟစ်နေ၍ စစ်မေးမရဖြစ်နေသည်။

"ဟေ့ကောင် သူများအိမ်ထဲကိုဝင်ပြီး ပစ္စည်းခိုးတယ်ဆိုတာ ဘယ်လို အပြစ်မျိုး ရနိုင်သလဲ ဆိုတာကော မင်းသိသလား"

လမ်းထေလေက—

"ကျွန်တော်သူများပစ္စည်း မခိုးပါဘူး၊ ဆာလွန်းလို့ ထမင်းခိုးစားမိတာပါ၊ နောက်ဆို တော်လှိုသေချင်လဲ သေပါစေတော့၊ ခိုးမစားတော့ပါဘူး"

နှင့်ကျွမ်းရောင်မှာ ကြံရာမရဖြစ်ကာ ရန်သူက လက်မတင်ကလေး ပြေးလွှားရှောင်ပုန်းသွားသဖြင့် မကျေမချမ်းဖြစ်နေလေသည်။

"ဟေ့ ဒီအိမ်နဲ့မြေကို မြေလှန်ရှာကြစမ်း"

သို့သော် ဘာသယ ဖြစ်စဖွယ် အရာများကို၊ လုံးဝမတွေ့ရသဖြင့် နှင့်ကျွမ်းရောင်မှာ စိတ်ခေတ်ကျသွားမိသည်။

"ဒီတစ်ခါတော့ နှင့်ကျွမ်းရောင်တို့ ခံလိုက်ရပြီ၊ ဒါမှ မဟုတ် ငါများ ထစ်ပတ်ရိုက်ခံလိုက်ရသလား မသိဘူး"

နင့်ကျမ်းရောင်တို့ တပ်ခေါက် ပြန်သွားကြသည်။ တောင်းရမ်းစားနေသောသူမှာလည်း နင့်ကျမ်းရောင်တို့ ထွက်သွားသည်နှင့် အိမ်တဲဝင်ကာ ပစ္စည်းတစ်ခုကိုဆွဲပြီး တစ်ချိုးတည်း လစ်ပြေးလေတော့၏။

တစ်နေရာမှ ချောင်းမြောင်း ကြည့်ရှုနေသော နင့်ကျမ်းရောင်က သူထင်သည့်အတိုင်း မဖြစ်သဖြင့် ဒေါသဖြစ်သွားတော့၏။

"ဒီကောင့်ကိုကြည့်ရတာ တောင်းရမ်း စားသောက်သူပဲ ဖြစ်နိုင်တယ်၊ ကဲ တို့သွားကြမယ်"

တောင်းရမ်းစားသူ လမ်းတစ်လျှောက် မြို့ထဲသို့ ဟိုဝင် သည် ထွက်လုပ်ကာ အချိန်အတော်ကြာမှ တောင်ကုန်းကလေးပေါ်ရှိ လယ်သမား နေအိမ်သို့ ပြန်ရောက်လာသည်။

တောင်းရမ်းစားသူ ဟန်ဆောင်ထားသည့် လူငယ်လေး ယိက...

"မမချို နင့်ကျမ်းရောင်ပြောသွားတဲ့စကားက ကျွန်တော်တို့အတွက် တော်တော် အသုံးဝင်တယ်နော်"

"အင်း နင့်ကျမ်းရောင်ဟာ ကန်လုချီရဲ့ အလုပ်အပတ်ကို ခံလိုက်ရပြီလို့ထင်တာ၊ သိပ်တော့မကောင်းဘူးကွယ်၊ မလျှော့ကြွတို့ရဲ့ မျက်နှာကိုလဲ ထောက်ရဦးမယ် မဟုတ်လား"

"ဒါကတော့ မမရယ် သူမိုက်လို့ သူခံရတာပဲ၊ သိပ်ဂရုစိုက်စရာ မလိုပါဘူး"

''ဒီလိုလဲ မဟုတ်သေးဘူး မောင်လေးရဲ၊ တန်လုချီ သတို့ တရားရပြီး အမြင်မှန်ရတဲ့နေ့အထိတော့ အချိန်ပေးရဦးမှာ ပေါ့၊ လူကောင်းတစ်ယောက်ဟာ အမြတမ်း မဆိုးနိုင်ပါဘူး''

''ဒါပေမယ့် မမချီ ကျွန်တော်တို့အတွက် အခွင့်အရေး ဆုံးရှုံးလိမ့်မယ်''

''ဒါတွေကို ငါသိပါတယ်၊ ကဲ မင်းလဲ ပင်ပန်းလာပြီ၊ အနားယူလိုက်ဦး''

တစ်ယောက်တည်း ကျန်ရစ်ခဲ့သော မိန်းကလေးချီမှာ စဉ်းစားတွေးတောနေသည်။ မောင်လေးယိ၏ သဘောမှာ နှင့်ကျမ်းရောင်နှင့် တန်လုချီကို စိတ်ဝမ်းကွဲစေအောင် ဖန်တီးရန်ပင်ဖြစ်သည်။

သို့သော် မိန်းကလေးချီမှာ တခြားနည်းလမ်းများကို တွေးတောစဉ်းစားရင်း အကြံထုတ်၍နေလေသည်။

○ ○

# အခန်း (၂)

ရှန်ကျင်ဂေဟာ စာဖတ်ခန်းထဲ၌ 'ရှန်ကျင်တစ်ယောက်တည်း စာဖတ်နေစဉ် နင့်ကျမ်းရောင် ဝင်ရောက်သွားကာ တီးတိုးပြောကြားလိုက်သည်။ ရှန်ကျင်မင်းသား၏ မျက်နှာသည် ဒေါသရောင် လျှမ်းလျှမ်းတောက်သွားကာ ဒေါသသံနှင့် အမိန့်ပေးလိုက်၏။

"ကန်လူချီကို အမြန်သွားခေါ်ခဲ့စမ်း"

ညဉ့်အချိန်မတော်၌ ရှန်ကျင်က ထူးထူးခြားခြား အခေါ်လွှတ်သဖြင့် ကန်လူချီမှာ ကမန်းကတန်း ပြေးလာခဲ့သည်။

ရှန်ကျင်က မျက်မှောင်ကြုတ်၍....

"ကဲ ဘာယ်လိုလဲဆရာကန်"

Scanned with ACE Scanner

ရှန်ကျောင်း၏ အစရင်းမရှိ အဖျားမရှိ ပြောလိုက်သောစကား ကြောင့် ကန်လုချီမှာ နားဝေတိမ်တောင်ဖြစ်ကာ ပြန်မေး လိုက်သည်။

"ဘယ်လိုကိစ္စပါလဲ ကိုယ်တော်လေး"

"မင်းပြောတဲ့နေရာမှာ လူတစ်ယောက်မှမတွေ့ပါလား"

"ဪ ဒါလား၊ သူတို့ကြိုတင်ရှောင်ရှားသွားကြတာ ဖြစ်မှာပေါ့"

နင့်ကျမ်းထောင်က—

"ဆရာကန် ခင်ဗျားကသူတို့ကို တကယ်ပဲတွေ့လိုက်လို့ လား"

"ကျွန်တော် ကိုယ်တော်လေးတို့ကို မလိမ်ဝံ့ပါဘူးခင်ဗျာ ဆရာနင့်ကျမ်းရောင်ခင်ဗျာ သူတို့အိမ်ထဲကို ရောက်တဲ့အခါ မီးထွန်းထားသလား"

"ထွန်းထားတယ်"

ကန်လုချီက ခေါင်းတစ်ချက်ညိတ်ရင်း....

"ဒါဆိုဟုတ်ပြီ၊ သူတို့ဟာ ကျွန်တော်နဲ့စကားများတဲ့ အကြောင်းကို သူတို့ရဲ့မိတ်ဆွေတွေကို ပြန်ပြောပြတော့ ကျွန်တော်တို့ နောက်တစ်ခေါက်ပြန်လာမှာကို ရိပ်မိပြီး တစ်နေရာကို လစ်ပြေးကြတာဖြစ်နိုင်တယ်"

ကန်လုချီ၏ အကြောင်းအကျိုးဆက်စပ်မှုရှိသော စကား ကြောင့် ရှန်ကျောင်မှာ ကျေနပ်သယောင်ယောင် ဖြစ်သွား သည်။

"ကျမ်းရောင် ဆရာကန်နီပြောတာ မင်း ဘယ်လိုသဘော ရသလဲ"

"အင်း ဖြစ်နိုင်ပါတယ်ကိုယ်တော်"

ရှန်ကျင်က လေပြည်နှင့်ပြောသည်။

"ဆရာတန်ကိုခေါ်မေးရတာ အားနာပါတယ်၊ ပြန်နိုင်ပါပြီ"

တန်လုချီက ရှန်ကျင်ကိုအရိုအသေပေးပြီး ပြန်ထွက်သွားချိန်တွင် ရှန်ကျင်က နင့်ကျမ်းရောင်ကို မေးပြန်သည်။

"ကျမ်းရောင် ဒီကိစ္စက ဒီလိုနဲ့ပဲပြီးသွားတော့မှာလား"

"ဘယ်ပြီးမှာလဲကိုယ်တော်"

"ကန်လုချီက တို့ကို တစ်ပတ်ရိုက်လှတ်လိုက်တာလို့ကော မင်းမထင်မိဘူးလား"

"ဒီလူဟာ သမီးနဲ့သမက်ကိုလွှတ်ပစ်ပြီး ကြည့်ကောင်းအောင် ပြောတာလဲဖြစ်နိုင်တယ်၊ ဒီတော့ ခုချိန်တစပြီး ကန်လုချီရဲ့လှုပ်ရှားမှုကို ကျွန်တော်တို့ စောင့်ကြည့်ရတော့မယ်"

နင့်ကျမ်းရောင်၏စကားကြောင့် ရှန်ကျင်၏မျက်နှာ ကွက်ခနဲ ဖြစ်သွားသည်။ သူ့ဆန္ဒမှာ လတ်တလောအခြေအနေအရ ကန်လုချီအား စိတ်ကျဉ်းကျပ်အောင် မလုပ်ချင်သေးပေ။

ထို့ကြောင့် နှင့်ကျမ်းရောင် ပြောသောစကားနှင့် ကန်လု ချီ ပြောကြားသွားသောစကားများကို ဝေဖန်သုံးသပ်ရင်း စဉ်းစားခန်းဝင်နေတော့၏။

* * *

မိုးသာစင်စင်လင်းခဲ့သည်။

ကန်လျှံကြူနှင့် ကွေးဝူတို့မှာ အိပ်၍မပျော်နိုင်သေးပေ။ အိပ်ရာဆက်တွင် တလူးလူး တလိမ့်လိမ့်နှင့် စဉ်းစားနေခဲ့ကြသည်။

အခန်းအပြင်ဘက်မှ ခြေသံကြားရပြီးနောက် မိန်းကလေး ချီ၏ စကားသံကို ကြားလိုက်ရသည်။

"မမလျှံကြူနဲ့အစ်ကိုဝူတို့ အိပ်ရာက ထကြပြီလားရှင့်"

ကန်လျှံကြူက တံခါးဖွင့်ပေးလိုက်ရာ မိန်းကလေးချီမှာ အအံ့တသြဖြစ်ဟန်နှင့်—

"မောင် ကော့နှ မမလျှံကြူတို့တစ်ညလုံး အိပ်မပျော်ကြဘူး ထူတယ်"

"ဟုတ်တယ်ညီမချီ၊ တစ်ညလုံးအိပ်မပျော်ဘူး"

"ညီမလဲ မမလျှံကြူလိုပဲ တစ်ညလုံး မအိပ်ရသေးပါဘူးရှင်"

"ဪ"

"ဒီလိုပါမမလျှံကြူ ကျွန်မတို့အိမ်ဟောင်းကို နင့်ကျမ်းရောင်တို့ ညကဝင်စီးကြတယ်"

ကန်လျှံကြူမျက်နှာပျက်သွားကာ အားနာဟန်နှင့်ပြောလိုက်သည်။

"ဟင် ညီမတို့ကိုမမတို့က ဒုက္ခပေးသလိုတော့ ဖြစ်သွားပြီထင်ပါရဲ့"

"ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ၊ ဒီကိစ္စဟာ ကျွန်မတို့နဲ့ပဲ သက်နေပါတယ်၊ အားနာမနေပါနဲ့"

မိန်းကလေးချိုက ကန်လျှံကြူကို နင့်ကျမ်းရောင်ကကြိမ်းမောင်းသွားသော စကားများကိုပါ ပြန်ပြောင်းပြောပြလိုက်သည်။

"ဒီအတိုင်းဆိုရင် ဖေဖေ့ကို သူတို့ မယုံကြည်ကြတော့ဘူးပေါ့"

"ဟုတ်တယ် မမလျှံကြူ၊ ဘဘလုချိုဟာ အန္တရာယ်ရှိနိုင်တယ်"

သူမတို့နှစ်ယောက် စကားပြောနေရာသို့ ကွေးဝူရောက်လာပြီး ဆွေးနွေးပြောကြားနေကြပြန်သည်။

ကွေးဝူက....

"ညီမချိုရဲ့အမြင်ကို ပြောပြစမ်းပါဦး"

"ရှန်ကျင်ဟာ အင်မတန် ညာဏ်များတယ်၊ သူဟာ တစ်ယောက်ကို မယုံကြည်တော့ဘူး ဆိုရင် ရှင်းပစ်တာ များတယ် အစ်ကိုကွေးဝူ"

ကန်လျူကြူက ကြောက်လန့်တကြား ပြောသည်။

"အို ဒီအတိုင်းဆိုရင် ဖေဖေတော့ ဒုက္ခရောက်တော့မယ်"

မိန်းကလေး ချီက တစ်စုံတရာ စဉ်းစားတွေးတောနေပြီး ကန်လျူကြူကို မေးလိုက်သည်။

"မမလျူကြူကကော ဘာဘာလုချီကို ကယ်ချင်သလား"

ကန်လျူကြူက စိတ်ပျက် အားငယ်စွာနှင့်....

"ကယ်ချင်တာပေါ့ ညီမရယ်၊ မမမှာ ဒီဖေဖေကြောင့် စိတ်ဆင်းရဲနေရတာပါ၊ ပစ်ထားလို့ ဘယ်ဖြစ်ပါ့မလဲ"

"အင်းရော့ပေါ့လေ ဘာဘာလုချီက မမလျူကြူကို သမီးအဖြစ်ကစွန့်လွှတ်လိုက်ပေမယ့် သမီးက ဖအေကို ဘယ် သံယောဇဉ်ဖြတ်လို့ ရပါ့မလဲ၊ ကျွန်မ ကူညီချင်းစာပါတယ်"

မိန်းကလေးချီက ကန်လျူကြူနှင့် ကွေးဝူတို့ကို အားပေးစကားပြောပြီး ပြန်ထွက်သွားသည်။ ကန်လျူကြူက ကွေးဝူအား ပြောလိုက်သည်။

"အစ်ကို ညီမတော့ မိန်းကလေးချီကို အပူကပ်ရတာ အားနာစရာ ကောင်းနေပြီနော်"

"တို့အခြေနဲ့ လုပ်ရှားရင် အန္တရာယ်ရှိတယ်၊ ဒီ အခြေအနေမျိုးမှာ အစ်ကိုတို့ အားနာနေလို့ မဖြစ်ဘူး"

ကန်လျှံကြူက....

"ညီမမှာလဲ အကြံတစ်ခုရှိတယ်၊ဒီကိစ္စကို ညီမတို့ လျှို့ဝှက် စုံစမ်းရရင် မကောင်းဘူးလား"

"ကောင်းသားပဲ၊ တို့နှစ်ယောက် ခုလိုက်သွားကြမယ်"

ကန်လျှံကြူက စိုးရိမ်စိတ်နှင့်...

"အစ်ကိုမလိုက်နဲ့၊ လတ်တလောမှာ အပေါ အစ်ကို့ကို စိတ်ဆိုးနေတယ် မဟုတ်လား"

ကျွေးငူက ခေါင်းခါယမ်းပြီး....

"ညီမ ဒီလိုတော့မပြောပါနဲ့၊ဦးဦးရဲ့ကျေးဇူးတွေ အစ်ကို့ အပေါ်မှာ ဆပ်လို့မကုန်နိုင်ပါဘူး၊ ခုလို လူလူသူသူဖြစ်လာ နိုင်ခဲ့တာလဲ ဦးဦးရဲ့ကျေးဇူးကြောင့် မဟုတ်လား၊ ပြီးတော့ ညီမတစ်ယောက်တည်း အန္တရာယ်ကိုရင်ဆိုင်ရမှာ အစ်ကို စိတ် မချဘူး၊ ဒီတော့ သေရင်လဲ တို့ချစ်သူနှစ်ယောက် အတူတူပဲ သေပွဲဝင်လိုက်ကြတာပေါ့"

ကန်လျှံကြူမှာ ဝမ်းနည်းဝမ်းသာ ဖြစ်သွားသည်။

"အို အစ်ကိုရယ်"

ကျွေးငူက သူ့ရင်ခွင်ထဲဝင်ပြီး ငိုယိုနေသော ကန်လျှံကြူ ၏ ဆံနွယ်စလေးများကို အသာအယာ သပ်ပေးရင်း ပြော လိုက်သည်။

"ညီမရယ် ငိုမနေပါနဲ့၊ အချိန်လဲ သိပ်မရှိတော့ဘူး၊ တို့ သွားကြရအောင်"

ကွေးဝူနှင့် ကန်လျှံကြူတို့ အိမ်အတွင်းမှ တိတ်တဆိတ် ထွက်လာခဲ့ကြသည်။ သူတို့နှစ်ယောက် ထွက်ပေါက်ရှာမရဘဲ အိမ်ဝန်းကျင်၌သာ တဝဲလည်လည် ဖြစ်၍နေသည်။

"အစ်ကို ကျွန်မတို့တော့ မိန်းကလေးချီရဲ့ ဝက်ပါကို နင်းမိနေပြီနဲ့ တူဘယ်"

ကွေးဝူက ခေါင်းညိတ်ပြပြီး —

"ဖြစ်နိုင်တယ်၊ မိန်းကလေးချီဟာ သူ့ အလစ်မှာ တို့ နှစ်ယောက် ခိုးထွက်ပြေးမှာကို ကြိုသိထားပုံရတယ်၊ ဒါကြောင့် တို့ကို ဒီသို့ပိတ်ဆို့ထားတာပဲ ဖြစ်မယ်"

"အင်း ဒီကောင်မလေးဟာ တို့အပေါ်မှာ သဘောထား ပြည့်ပြည့်နဲ့ ကူညီနေတာတော့ အမှန်ပဲ"

"အင်း ဒါပေမယ့်"

ကန်လျှံကြူသည် ကွေးဝူ၏စကားကို လက်ခံသော်လည်း ဖခင်ကို ကယ်တင်ချင်သောဆန္ဒက ကြီးမားနေ၍စိတ်ဆင်းရဲ နေမိလေသည်။

သူသည် ဝက်ပါကွက်ထဲမှ ထွက်ခွာရန် မလွယ်ကူလှပေ။ တစ်နေရာအရောက်တွင် စာတမ်းတစ်ခုတွေ့၍ ကန်လျှံကြူနှင့် ကွေးဝူတို့ ဖတ်ကြည့်လိုက်ကြ၏။

"မမတို့ ဒီမှာပဲ စိတ်အေးလက်အေးနေကြပါ၊ ဘာလို့ အန္တရာယ်မကျရောက်အောင် ကျွန်မတို့ ကယ်တင်ပေးပါမယ်၊ စိတ်တိုင်းကျစားသောက်ဖို့ ကျွန်မ စီစဉ်ပေးထားပါတယ်"

ကန်လျှံကြူနှင့် ကွေးဝူတို့ သက်ပြင်း ချလိုက်မိကြသည်။ အစု လောလောဆယ် အကောင်းဆုံး လုပ်ဆောင်ချက်မှာ အပန်းဖြေနားနေရင်း စားသောက်ကြရန်ပင် ဖြစ်တော့သည်။

ကန်လျှံကြူက ကွေးဝူကို မဲ့ပြုံးပြုံး၍ကြည့်ကာ ကွေးဝူနှင့် အတူ သစ်ပင်တစ်ပင်အောက်၌ စိတ်ပျက် လက်ပျက် ထိုင်နေ လိုက်ကြသည်။

Scanned with ACE Scanner

## အခန်း ( ၃ )

အမှတ်တစ်ဆယ့်လေးမင်းသား၏ ဌေယာအတွင်းရှိ ဆရာ ဝေါက်မှာ အိပ်ခန်းထဲတွင် စိတ်မငြိမ်မသက်ဖြစ်၍ နေလေ သည်။ သူ့အဖို့ ထိုင်ရအခက် ထရအခက်နှင့် စိတ် ကယောက် ကယက် ဖြစ်နေသည်။ အကြောင်းမှာ သူလွှတ်လိုက်သည့် မွန်ဂို သွိုင်းသမားညီနောင်များ၏ သတင်းများကို နည်းနည်းအလေး ကော့် မကြားရသဖြင့် စိတ်ပျက်နေမိလေသည်။

'နိုဂိုသိုင်းသမား၏ အစွမ်းအစမှာ မသေးသဖြင့် သတင်း အနည်းအနကိုတော့ ရသင့်သည်။ သို့မှသာ အကျိုး အကြောင်း စီရင်၍ ဆက်လက် လုပ်ကိုင်သင့်သည်များကို ကြံဖန်ရဦးမည် မဟုတ်ပါလား။

Scanned with ACE Scanner

ယင်းသို့ ဆရာပေါက်သည် သူ့အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေစဉ် အစေခံတစ်ယောက်က လာရောက် သတင်းပို့သည်။

"ဆရာပေါက်ဆဲ ဆရာယဲလိန် ရောက်လာတယ်"

ဆရာပေါက် အားရဝမ်းသာ ဖြစ်သွားမိသည်။

"အေး ငါ့ဆီကို အမြန်ဆုံး ခေါ်လာခဲ့"

ဆရာပေါက်မှာ ဒုက္ခရောက်နေချိန်၌ ကယ်တင်ရှင် ရောက်လာသည့်အလား ယဲလိန်အား အမြန်ဆုံး စောင့်ရင်နေသည်။

"ဆရာပေါက်"

"အို ညီလေးယဲလိန်ပါလား၊ အစ်ကိုကြီးလဲ ညီလေးကို မျှော်နေတာ ခုမှပဲ ပေါ်လာတော့တယ်ကွာ"

ဆရာပေါက်က ယဲလိန်အား အားရဝမ်းသာ ခရီးဦး ကြို ဆို၍ နေရာထိုင်ခင်း ပေးနေသည်။

"ဘာတွေဖြစ်နေလို့လဲ ဆရာပေါက် ပြောပါဦး"

ယဲလိန်က မသိဟန်ဆောင်ကာ မေးသည်။ ဆရာပေါက်ကမူ ယဲလိန်အား သူ့စိတ်လှုပ်ရှားနေမှုကိုပင် မဖုံးကွယ်နိုင်ဘဲ အကူအညီ တောင်းလိုက်သည်။

"ညီလေးယဲလိန် တို့တော့ ဒုက္ခရောက်နေပြီ၊ မင်းကူညီပါဦး"

ယဲလိန်သည် ဆရာပေါက် ညည်းညူ ပြောကြားသမျှကို ခပ်ပြုံးပြုံးပင် နားထောင်နေသည်။ ဆရာပေါက်က မွန်ဂိုသိုင်းသမားများကို ရှန်ကျင်ဂေဟာသို့ မင်းသားလေးအတွက် ဖြေဆေးယူရန် လွှတ်လိုက်ကြောင်းနှင့် မွန်ဂိုသိုင်းသမားများ

တစ်ယောက်မှ ပြန်မလာသဖြင့် စိတ်ပူနေမိကြောင်းများကို
ယဲလိန်အား ပြောပြလိုက်သည်။
ယဲလိန်က အေးဆေးတည်ငြိမ်စွာဖြင့်....
"မွန်ဂိုသိုင်းသမားတွေဟာ သိုင်းပညာအဆင့် မြင့်မား
ကြတာပဲ၊ ဘာဖြစ်လို့ ပြန်မလာကြတာလဲ ဆရာပေါက်"
ဆရာပေါက်သည် ဆောက်တည်မရ ဖြစ်ဟန်နှင့် ထိုင်ရာမှ
ထလိုက်ပြီး၊ စိတ်ပျက်စွာပြောသည်။
"ငါ့အနေနဲ့ထင်တာကတော့ မွန်ဂိုတွေထက် သိုင်းပညာ
မြင့်မားတဲ့လူနဲ့တွေ့ပြီး အားလုံး အဖမ်းခံရပြီနဲ့တူတယ်၊ ဒုက္ခ
ပါပဲကွာ၊ အရေးထဲမှာ မင်းသားလေးတလဲ အဆိပ်သင့်နေ
သေးတယ်၊ ပြေဆေးမရရင် ငါတော့ ဘယ်လိုလုပ်ရမှန်း
တောင် မသိတော့ဘူး"
ယဲလိန်က ဆရာပေါက်အား အပြစ်တင်သောလေသံဖြင့်
ပြောသည်။
"ဒီကိစ္စကို ဆရာပေါက်က ဘာဖြစ်လို့ ကျွန်တော့်ကို ကြို
တင်ပြီး အသိမပေးရတာလဲ"
ဆရာပေါက်သည် ယဲလိန်နှင့်တွေ့မှ စိုးထိတ် ကြောက်ရွံ့
စိတ်များ အတော်အတန် သက်သာလာဟန်တူ၏။
"ငါ့အနေနဲ့ မင်းကို ဘယ်ရှာရမှာလဲ၊ ငါလဲ ဖြစ်မလာဖူး
ကြံမိကြံရာ လုပ်လိုက်မိတာပါ"
"ဒါဆို ကျွန်တော် ဘာလုပ်ပေးရမယ်လဲ"
ဆရာပေါက်မှာ ယဲလိန်၏စကားကြောင့် အနည်းငယ်
အားတက်လာသည်။

Scanned with ACE Scanner

"ဖြစ်နိုင်ရင်တော့ သူတို့ဂေဟာထဲက လူတစ်ယောက်ကို ဖမ်းပေးနိုင်ရင် အကောင်းဆုံးပဲ"

"ဒီမှာ ဆရာပေါက်၊ ဒီကိစ္စဟာ ပေါ့သေးသေးမဟုတ်ဘူး၊ တော်တော်ကြီးမားတဲ့ ပြဿနာပဲ၊ ခင်ဗျားကို သူတို့က ရန်ရှာနိုင်တယ်"

ဆရာပေါက်က သက်ပြင်းချရင်း....

"ကိစ္စမရှိပါဘူး၊ ခုအချိန်မှာ ငါ့အတွက် အရေးအကြီးဆုံးက ကိုယ်တော်လေး အဆိပ်သင့်နေတာကို ဖြေဆေးပေးနိုင်ဖို့ပဲလေ၊ ပြီးတော့မှ သူတို့ကိုတန်ပြန်နိုင်ဖို့ ငါကြိုးစားရမှာပေါ့"

ယဲလိန်သည် ဆရာပေါက်ထံမှ စကားများကိုကြားရသည်နှင့် အိပ်အတွင်းရှိ ဆေးကိုထုတ်ယူပြီး ဆရာပေါက်အား လှမ်းပေးလိုက်သည်။

"ရော့ ဖြေဆေး၊ အမှတ်တစ်ဆယ့်လေးမင်းသားလေးကို တိုက်လိုက်ပါ"

ဆရာပေါက်မှာ ယဲလိန်၏ လက်အတွင်းမှ ဖြေဆေးကို လှမ်းကြည့်ရင်း ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေမိတော့သည်။

"ညီလေး မင်း ဘယ်ကရလာတာလဲဟင်"

"ဆရာပေါက်သိချင်တာကို နောက်မှပဲမေးပါ၊ ခု ဖြေဆေးရပြီမဟုတ်လား၊ မင်းသားလေးရဲ့ဝေဒနာကို ကောင်းစေအောင် တိုက်လိုက်ပေါ့၊ အချိန်က သိပ်ရှိတာမဟုတ်ဘူး၊ ကျွန်တော်လဲ မင်းသားရှန်ကျင်ဆီ သွားရဦးမယ်"

Scanned with ACE Scanner

ဆရာပေါက်မှာ ဝမ်းသာလွန်း၍ လက်များပင် ကတုန်ကယင် ဖြစ်နေသည်။

"ဒါဖြင့်ရင် ညီလေးကို လိုက်မပို့တော့ဘူး၊ ဗိုလ်ဆောင်ကို တိုက်လိုက်မယ်နော်"

"စိတ်ချပြီးတိုက်ပါ၊ ကျွန်တော် လုံးဝ တာဝန်ယူပါတယ်"

\+ \+ \+

ယဲလိန်သည် အချိန်ဖြုန်းမနေတော့ဘဲ ရွှန်ကျင်ဂေဟာဆီ အလျင်အမြန် ပြေးလွှားသွားနေသည်။

ယဲလိန်အား မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် နင့်ကျမ်းဆောင်က ရယ်မောရင်း နှုတ်ဆက်လိုက်၏။

"အို ညီလေးယဲပါလား၊ ပျောက်ချက်သား ကောင်းနေလိုက်တာ ခုမှပဲ တွေ့ရတော့တယ်"

ယဲလိန်က လေသံအေးအေးဖြင့် ပြန်ပြောသည်။

"ကိုကြီးနင့် ကျွန်တော် ဒီကို တမင်သက်သက်လာခဲ့တာပါ၊ ဒီတစ်ခါလာရတာလဲ ကိုကြီးနင့်ရဲ့အကူအညီ လိုနေလို့ပါ၊ ကျွန်တော့်ကို ကူညီပါဦး"

နင့်ကျမ်းရောင်က တအံ့တသြ ဖြစ်သွားဟန်နှင့် ပြန်မေး လိုက်သည်။

"အို ဆန်းလှချည်လား၊ ဘာများလဲ ညီလေးယဲ့ရ"

"တခြားတော့ မဟုတ်ပါဘူး၊ ညတုန်းက ဒီဂေဟာမှာ လာပြီး သောင်းကျန်းတဲ့ ငမိုက်သားလေးယောက်ကို ပြန် ခေါ်သွားချင်လို့ပါပဲ"

နင့်ကျမ်းရောင်က နားမလည်ဟန်နှင့် မေးသည်။

"ညီလေးယဲ ဘာတွေပြောနေတာလဲ"

"မွန်ဂို သိုင်းသမား ညီနောင် လေးယောက် ကိစ္စပဲပေါ့ ကိုကြီးနင့်"

"ဪ ဒါလား၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ညီလေးယဲကို အပြစ်တင်ရတော့မှာပဲ"

ယဲ့လိန်က တခင်ဟန်လုပ်ရင်း လက်ကလေး တကာကာ နှင့်....

"ဒုက္ခပါပဲ ကိုကြီးနင့်ရာ၊ ဒီကိစ္စကို ကျွန်တော်လုံးဝမသိ ပါဘူး၊ ဒီနေ့မနက်မှပဲ ကျွန်တော်သိရတာပါ၊ ကိုကြီးနင့် အပြစ်တင်ရင်လဲ ကျွန်တော်ခံရမှာပါ"

ယဲ့လိန်က မသိကြောင်းပြောနေသဖြင့် နင့်ကျမ်းရောင်က မယုံမရဲပြန်မေးသည်။

"ဒါကို ညီလေးယဲမသိဘူးလား"

"ကျွန်တော်သာ ကြိုတင်သိရင် ဒီကောင်တွေကို ဘယ်လာ ခိုင်းပါ့မယ်လဲ၊ ဒီမှာကိုကြီးနင့်လို လူတော်သိုင်းသမား ရှိနေ

တာပဲဟာ၊ သူတို့ပဲ အရှက်ကွဲမှာပေါ့ဗျာ၊ ဒီလောက်ကြီး ကျွန်တော် မိုက်လုံးကြီးပါမလားလို့"

နင့်ကျမ်းဆောင်က ယဲလိန်၏စကားကို သဘောကျဟန်ဖြင့် ရယ်မောရင်း...

"ဟား ဟား ဟား၊ ညီလေးယဲကတော့ ငါ့ကိုမြှောက်ပင့် ပြောနေပြန်ပါပြီကွာ"

"ကျွန်တော်က မှန်တာပြောတာပါ၊ အလကား မြှောက်ပင့်ပြောလို့ ရတဲ့ကိစ္စမှ မဟုတ်တာဘဲလေ"

"ညီလေးယဲရာ မင်းစကားကို ယုံရမလို ဖြစ်နေပြီပေါ့၊ ဒါပေမယ့် မင်းနဲ့ ဘာမှ ပတ်သက်တာမှမဟုတ်ဘဲ"

"အင်း ဟုတ်တော့ဟုတ်တယ်၊ ကျွန်တော်နဲ့ မပတ်သက်ပေမယ့် ကိုကြီးနင့်သိတဲ့အတိုင်းပဲ၊ ကျွန်တော့်မှာ မေတ္တာ ရပ်ခံဖို့ တာဝန်ရှိတယ်လေ"

"မင်းပြောတော့ လွယ်လိုက်တာ၊ ကိုယ်တော်ကြီးရှန်ကျင် စိတ်ဆိုးနေတယ်"

"ဟင် ဒါဖြင့်"

"စိတ်မပျက်ပါနဲ့ဦး၊ မင်းကငါ့ဆီမှာအကူအညီတောင်းခံနေတော့ ငါ ကြိုးစားပေးပါ့မယ်၊ ဒီလိုလုပ်ကွာ.... မင်း ငါနဲ့လိုက်ခဲ့၊ ရှန်ကျင်ကို ငါတောင်းပန်ပေးပါ့မယ်"

နင့်ကျမ်းဆောင်က ယဲလိန်ကို ဆွဲခေါ်ကာ မင်းသား ရှန်ကျင်ရှိရာသို့ လျှောက်သွားသည်။

"ကိုယ်တော်ကြီး ယဲလိန်ရောက်လာပြီ"

"ဝင်ခဲ့ပါ"

အခန်းတွင်းမှ အသံခပ်အုပ်အုပ်ကြောင့် နှင့်ကျမ်းရောင်တို့ အခန်းတွင်းဝင်လိုက်ကြသည်။

ရှန်ကျင်၏မျက်နှာမှာ ခပ်တည်တည်ဖြစ်နေသည်။ ယဲလိန်က ရှန်ကျင်သူ့အပေါ် စိတ်ခုနေကြောင်း အကဲခတ်မိသော်လည်း သူရောက်လာရခြင်းအကြောင်းကို ဖွင့်ဟ ပြောကြားလိုက်သည်။

''ယဲလိန် မင်းအပေါ်မှာငါ့အပြစ်မတင်တာဘဲ မင်းအငါ့ကို ကျေးဇူးတင်ပါဦး''

''ကိုယ်တော်ကြီးက ကျွန်တော့်အပေါ် ဘယ်လိုများ အပြစ်မြင်နေလို့လဲ''

ရှန်ကျင်၏စကားသံက ခပ်ဆတ်ဆတ်ပေါ်လာသည်။

''ဘာလဲ မင်းကိုယ်မင်းအပြစ်မရှိဘူးလို့ ထင်နေသလား''

''ဒီမှာ ကိုယ်တော်ကြီးရှန်ကျင် ကျွန်တော်ဟာ ဗိုက်စွမပေါ်ခင်ကတည်းက ဆရာနှင့်ကျမ်းရောင်ကို ရှင်းလင်းပြောကြားဖူးပါတယ်၊ အဲဒါကိုကော ဆရာနှင့်ကျမ်းရောင်က ကိုယ်တော့်ကို ပြောမပြဘူးလား၊ ကျွန်တော့်သဘောထားဘယ်လိုရှိတယ်ဆိုတာပြောဖူးတယ်၊ အို ဘယ်သူ့ကိုမှကျွန်တော် အပြစ်မတင်တော့ပါဘူး''

ရှန်ကျင်က နားမလည်ဟန်နှင့်မေးသည်။

''ဘယ်လိုလဲယဲလိန်၊ ငါ ဘာမှမသိခဲ့ရပါလား''

''ကျွန်တော်ကြိုတင်သိရင် အနည်းဆုံး ကိုကြီးနှင့်ကိုသတိပေးခဲ့မှာပါ၊ သူတို့လုပ်ချင်သလိုလုပ်ခဲ့တာမို့ ကျွန်တော့်

ပယောဂမှုပါဘူး၊ ကျွန်တော့်အနေနဲ့ မွန်ဂိုသိုင်းသမားတွေကို သေစေချင်ရင် ခုလိုလာပြီး မေတ္တာရပ်ခံနေစရာမလိုပါဘူး"

"ယဲလိန် မင်းဟာတစ်ဖက်သားကို နားဝင်အောင်တော့ ဆောင်တော်ပြောတတ်တာပဲ"

"ကိုယ်တော်ကြီး ခုပြောနေတာ မုသားမပါပါဘူး၊ ကျွန်တော့်စကားဟုတ်မဟုတ်ကို အချိန်မရွေးစစ်ဆေးခံနိုင်ပါတယ်"

"ကဲ တော်ပါတော့ယဲလိန်ရာ၊ မင်းကဒီလိုလာပြီးမေတ္တာရပ်ခံနေမှတော့ ငါ လွှတ်ပေးရတော့မှာပေါ့ကွာ"

ယခုမှပင် ယဲလိန်၏ရင်ထဲ ပေါ့ပါးသွားရ၏။

"ကျေးဇူးပါပဲကိုယ်တော်"

မင်းသားရှန်ကျင်က နှုတ်ခမ်းကိုမဲ့လိုက်ပြီး ယဲလိန်ကိုခနဲ့တဲ့တဲ့ပြောသည်။

"ယဲလိန် ငါဟာနှုတ်ဖျားကကျေးဇူးတင်တာမျိုးကို မလိုချင်ဘူး"

ယဲလိန်က ကမန်းကတန်းပြောလိုက်သည်။

"ကိုယ်တော် ဒီလိုတော့ ပေါ့ပေါ့မပြောပါနဲ့ခင်ဗျာ၊ ကျွန်တော်တို့လို သိုင်းသမားတွေရဲ့နှုတ်ဖျားက ထွက်ပေါ်လာတဲ့စကားဟာ ဆိုခဲစေမြဲစေလို့သဘောထားပါတယ်"

ရှန်ကျင်က ယဲလိန်ကိုပြုံးကြည့်ရင်း....

"ဘယ့်နှယ်လဲ ယဲလိန်ပြောတဲ့စကားကို ဘယ်လိုမြင်သလဲ ကျိမ်းရောင်"

"ညီလေးယဲက အမှန်တွေပြောနေတာပါကိုယ်တော်"

နှင့်ကျွမ်းရောင်မှာ ယဲလိန်အား သူကတီပေးထားသည့်အတိုင်းပင် ထောက်ခံချက်ပေးလိုက်သည်။

မင်းသားရှန်ကျင်က မတိုးမကျယ် လက်ခုပ်တစ်ချက်တီးလိုက်သည်နှင့် အစောင့်နှစ်ယောက် အပြေးအလွှားရောက်ရှိလာတော့၏။

"မွန်ဂိုသိုင်းသမားလေးယောက်ကို ဒီခေါ်လာခဲ့ကြစမ်း"

အစောင့်များကဦးညွှတ်ပြီး ပြန်ထွက်မည်အပြုတွင် ယဲလိန်က လှမ်းတားလိုက်၏။

"နေပါဦး"

"ကိုယ်တော်ကြီး အဲဒီလေးယောက်ကို အပြင်မှာပဲလွှတ်လိုက်ပါ၊ ဒီကိုခေါ်မလာပါနဲ့တော့၊ ကျွန်တော်သူတို့ကိုမမြင်ချင်ဘူး"

ရှန်ကျင်က အံ့အားသင့်ဟန်နှင့်....

"ဘာဖြစ်လို့လဲ၊ ငါ သိပြီသိပြီ၊ အေး မင်းပြောသလိုပဲကောင်းပါတယ်"

ရှန်ကျင်က ယဲလိန်အားပြောနေရာမှ အစောင့်နှစ်ယောက်ဘက်သို့လှည့်၍ တစ်ဆက်တည်းပြောလိုက်သည်။

"ကဲ မင်းတို့နှစ်ယောက်ကပဲတာဝန်ယူပြီး သူတို့ကိုပြန်လွှတ်လိုက်ပေတော့၊ ပြီးရင်သာ ငါ့ဆီကိုပြန်ပြီးအကြောင်းကြားဒါပဲ"

အစောင့်နှစ်ယောက်ချက်ချင်းပင် အခန်းပြင်သို့ ထွက်သွားကြသည်။ ထို့နောက်ရှန်ကျင်က ယဲလိန်ကို ပြောပြန်သည်။

"ကဲ ယဲလိန် ဇီလိုဆို မင်း စိတ်ကျေနပ်သွားပြီမဟုတ်လား"

ယဲလိန်ကလည်း ဘည်ကြည်လေးနက်သောအသံနှင့် ပြောသည်။

"ကိုယ်တော်ကြီးကို ကျေးဇူးတင်တဲ့အကြောင်း ပြောပြီးပြီပဲ"

ရှန်ကျင်က ယဲလိန်၏အပြောကို သဘောကျဟန်နှင့် နင့်ကျမ်းရောင်အား ပြောလိုက်သည်။

"ကျမ်းရောင် ငါက သူ့အလိုလိုက်ပြီးတာတောင် ယဲလိန် ဆငါ့ကို မကျေနပ်ပုံမရသေးဘူးကွ"

နင့်ကျမ်းရောင်ကလည်း ရယ်ရယ်မောမောနှင့် ပြန်ပြောသည်။

"ပုတ်သားပဲ ကိုယ်တော်ကြီးကလဲ၊ ယဲလိန်က ကျေးဇူးတင်ပါတယ်လို့ ပြောပြီးပြီလေ"

ထိုစဉ် အခန်းအပြင်မှ ခြေသံခပ်လေးလေး လမ်းလျှောက်လာနေသော ခြေသံကြောင့် နင့်ကျမ်းရောင်က မင်းသား ရှန်ကျင်ကို ပြောလိုက်၏။

"ဦးရှိးတော်ရောက်လာပြီ"

ယဲလိန်က အလိုက်တသင့်နှင့်....

"ဒါဆို ကျွန်ုပ်တော်ရှောင်ပေးပါ့မယ်"

"ကိုယ့်လူအချင်းချင်းပဲ ဘာဖြစ်လို့ မင်းက ရှောင်ပေးရ မှာလဲကွ"

ရှန်ကျင်၏ စကားမဆုံးခင်မှာပင် ရှန်ကျင်၏ ဦးရီးတော် တုန်ကိုးတု ဝင်ရောက်လာတော့၏၊

တုန်ကိုးတုက ယဲ့လိန်သား စူးစိုက်အကဲခတ်ကြည့်နေသဖြင့် ရှန်ကျင်က ယဲ့လိန်ကိုပြောလိုက်သည်။

"ယဲ့လိန် ဒါ ငါ့ ဦးရီးတော်အရင်းပဲ"

ယဲ့လိန်က လက်သီးနှစ်ဘက်ဆုပ်ရင်း ဂါရဝပြုလိုက်လေသည်။

"ဪ....လူကြီးမင်း ကျန်းမာပါရဲ့လားခင်ဗျာ"

"ယဲ့လိန်ဆိုတာ မင်းလား"

"ဟုတ်ပါတယ် ခင်ဗျာ"

"အင်း မင်းကို ငါတော့ ခုမှပဲ မြင်ဖူးတော့တယ်၊ ငါ့တူကတော့ မင်းကို သိပ်ပြီးချီးကျူးတာပဲ၊ နင့်ကျွမ်းရောင်ကလဲ မင်းဆို ကျေနပ်လက်ခံပြီးသားပဲကွ၊ အလျှင်ကတော့ ငါ့အနေနဲ့ လက်မခံနိုင်ဘူး၊ ခုတော့ သူတို့အပြောမှန်တာ ငါ တွေ့ရတယ်ကွ"

ယဲ့လိန်က တလေးတစားပြန်ပြောသည်။

"ဒါကတော့ ကိုယ်တော်ကြီးနဲ့ ကိုကြီးနင့်တို့က ကျွန်တော့်ကို ချစ်လို့ခင်လို့ မြှောက်စားနေကြတာပါ ခင်ဗျာ"

ရှန်ကျင်က ဦးရီးတော် တုန်ကိုးတုကိုကြည့်ရင်း အကြောင်းမရှိဘဲ မသာဘတ်သောကြောင့် လှမ်းမေးသည်။

"ဦးရီးတော် လာရင်းကိစ္စကို ပြောပါဦး၊ ယဲ့လိန်က ကျွန်တော့်လူယုံတော်ပါ"

တုန်ကိုးတုက ရှန်ကျင်ကို ကောက်ကာငင်ကာ ပြောသည်။

"လူတစ်ယောက်က အမှတ် တစ်ဆယ့်လေး မင်းသားကို ဖြေဆေးပေးလိုက်ပြီ"

မင်းသားရှန်ကျင်မှာ ပါးစပ်အဟောင်းသားဖြစ်သွားကာ ထိတ်လန့်သွားမိသည်။

"ခင်ဗျာ၊ အမှတ် တစ်ဆယ့်လေးမင်းသားကို ဘယ်သူက ဖြေဆေးပေးလိုက်လို့လဲ"

"ဒါတော့ ငါလဲ သတင်းမရသေးဘူး"

ယဲ့လိန့်မှာလည်း မင်းသားရှန်ကျင်နည်းတူ အံ့ဩထိတ်လန့်သွားမိသည်။

"မြန်လိုက်တဲ့သတင်း၊ အံ့ဩရောပါလား"

မင်းသားရှန်ကျင်၏ ဦးရိုးတော်အား အံ့အားသရဲကြည့်ရင်း ယဲ့လိန့် ရင်ခုန်နေမိသည်။

တုန်ကိုးတုသည် အင်မတန် အဆက်အသွယ် ကောင်း၊ သလောက် ခြေလှမ်းသွက်သူဖြစ်ကြောင်း သတိပြုမိသည်။

ယဲ့လိန့်က ရှန်ကျင်အား ကြောင်တောင်တောင်နှင့် ကြည့်လိုက်ရင်း...

"ဒါက ဘယ်လိုကိစ္စပါလဲ ကိုယ်တော်"

ရှန်ကျင်က...

"အမှတ်တစ်ဆယ့်လေး မင်းသားကို ငါ ဆေးခတ်လိုက်တယ်၊ အဲဒါ မင်းမသိဘူးလား"

"သိပါတယ်၊ ဒါပေမယ့် ဘယ်လိုအဆိပ်ဆေးနဲ့ ခတ်လိုက်တယ်ဆိုတာတော့ ကျွန်တော်မသိဘူး၊ ခုကိစ္စက ဒီဖြေဆေးကို

ကိုယ်တော်နဲ့ အနီးကပ်ဆုံးလူရဲ့ လက်ချက် ဖြစ်နိုင်တယ်လို့ ကျွန်တော်ထင်တယ်"

ရှန်ကျင်မှာ စဉ်းစားမရ ဖြစ်နေသည်။

"ဘာဖြစ်လို့လဲ"

"ဒီဖြေဆေးကို ကိုယ်တော့်အနေနဲ့ တန်ဖိုးရှိရှိထားပြီး သိမ်းဆည်းထားတယ် မဟုတ်လား"

"အေး ဟုတ်တယ်"

"ဒီတော့ ဒီဖြေဆေးကို ကိုယ်တော် ဘယ်မှာဝှက်ထားသလဲ"

"ငါ့ရဲ့အိပ်ခန်းထဲမှာပဲ"

ယဲ့လိနီ့က ဦးခေါင်းကို ခါယမ်းရင်း....

"မဖြစ်နိုင်တာဘဲ၊ ကိုယ်တော်ကြီးရဲ့ အိပ်ခန်းဟာ ဒီဂေဟာကြီးရဲ့ အရေးကြီးတဲ့အခန်းပဲ၊ အပြင်လူဝင်လို့ ဘယ်လွယ်ပါ့မယ်လဲ၊ ခိုးသွားတယ်ဆိုရအောင်ကလဲ လွယ်တဲ့ကိစ္စ မဟုတ်ဘူးလေ၊ အစောင့်တွေ ဒီလောက်များနေတဲ့ကြားထဲက ဘယ်လိုလုပ် ခိုးယူနိုင်မှာလဲ၊ အထူးသဖြင့် ကိုကြီးနှင့်လို လူ တစ်ယောက်ရှိနေတဲ့ဟာ လွယ်တဲ့ကိစ္စမှ မဟုတ်တာဘဲ"

ရှန်ကျင်က....

"ယဲလိနီ့ ခင်းကသာ မယုံဘူးလို့ပြောနေတယ်၊ လက်တွေ့ကတော့ အခိုးခံလိုက်ရပြီကွ"

ယဲလိနီ့က နင်ကျမ်းရှောင်ကို လှမ်းကြည့်လိုက်၏။

"ညီလေးယဲ့ မင်းစကားကို ဆက်မပြောပါနဲ့တော့ကွာ ငါရှက်လွန်းလို့ပါ"

ယဲလိန်က မခံချိမခံသာဖြစ်ဟန်နှင့်—

"စိတ်မရှိပါနဲ့ ကိုကြီးနှင့်၊ ဒီကိစ္စကို ကျွန်တော် နည်းနည်းလေးမှမကျေနပ်ဘူး၊ ကျွန်တော်တို့ အရေးယူသင့်တယ်၊ ခပ်ပေါ့ပေါ့ထားလိုက်ရင် မှားမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီပြဿနာဟာအသားထဲက လော်ကထွက်တဲ့ ကိစ္စပဲ၊ အေးအေးနေလို့ မဖြစ်ဘူး"

တုန်ကိုးတုနှင့် နင့်ကျမ်းရောင်တို့မှာ ယဲလိန်၏ စကားကြောင့် ပို၍ ခံပြင်းစိတ်ဝင်လာကြသည်။

မင်းသားရှန်ကျင်မှာလည်း ဖြေဆေးအခိုးခံရမှုနှင့် ပတ်သက်၍ ယမ်းပုံမီးကျဖြစ်နေသည်။

"ဗိလျှိုဝှက်တဲ့ဆေးကို ငါတစ်ယောက်ပဲ သိတယ်၊ ငါ့အပြင် နောက်ထပ်လူတစ်ယောက်ကိုမှ အသိမပေးခဲ့ဘူး"

တုန်ကိုးတုကလည်း ခေါင်းတယမ်းယမ်းနှင့် စဉ်းစားမရဟန်ဖြင့် ရေရွတ်လိုက်သည်။

"ဒါဆို တော်တော်ဆန်းကြွယ်တဲ့ ကိစ္စပဲ"

နင့်ကျမ်းရောင်က စိတ်ပျက်လက်ပျက် ပြောသည်။

"ဆန်းမနေနဲ့၊ ပစ္စည်းလဲ သူများလက်ထဲ ရောက်သွားပြီ၊ ခုမှ ဆန်းနေလို့လဲ မထူးတော့ဘူး"

ယဲလိန်က စဉ်းစား တွေးတောမိဟန်နှင့်....

"ဟုတ်ပြီ၊ ဒီကိစ္စ တရားခံရှာလို့လွယ်ပါတယ်"

မင်းသားရှန်ကျင် စိတ်ဝင်စားသွားသည်။ သို့သော် သိပ်ပြီး မျှော်လင့်ထားပုံ မရပေ။

"မင်းက ဘယ်လိုမျှားကြံမိလို့လဲ"

Scanned with ACE Scanner

"အမှတ်တစ်ဆယ့်လေး မင်းသားဆီက ဆရာပေါက်ကို စစ်မေးရင် သိမှာပေါ့၊ လွယ်လွယ်ကလေးပါ၊ အဲဒီမြေဆေးဟာ ဘယ်သူဆီက ရသလဲဆိုတာ သိနိုင်တဲ့နည်းလေ"

ယဲလိန်က ခပ်တည်တည်နှင့် ပြောသည်။ သူ့ကဲ့သို့ပင် နှင့်ကျမ်းရောင်ကလည်း စဉ်းစားမိမည်ကို ကြိုတင်တွက်ဆမိသော ယဲလိန်က အလျှင်ဦးအောင် ပြောလိုက်ခြင်း ဖြစ်သည်။

"ဖြန်း"

တုန်ကိုးတုက စားပွဲကို လက်ဝါးနှင့်ရိုက်ရင်း ယဲလိန်၏ စကားကို ထောက်ခံလိုက်ခြင်းဖြစ်သည်။

"ကောင်းတယ်၊ ဒီအကြံကောင်းတယ်"

မင်းသားရှန်ကျင်ကလည်း ယဲလိန်၏စကားကို ထောက်ခံဟန်နှင့် ခေါင်းတဆတ်ဆတ်ညိတ် နေလေသည်။ နှင့်ကျမ်းရောင်က အံကြိတ်ရင်း ဒေါသသံနှင့် ပြောသည်။

"ကိုယ်တော်ကြီး အမိန့်ချလိုက်ပါ၊ ဆရာပေါက်ကို ဖမ်းခေါ်ပြီး စစ်ဆေးလိုက်မယ်"

ယဲလိန်က....

"ကိုကြီးနှင့်ရဲ့ ဇာရားခံဖော်တဲ့နည်း မဟုတ်သေးပါဘူး၊ ဘာလဲ ဆရာပေါက်ကို သတ်မလို့လား"

နှင့်ကျမ်းရောင်က နားမရှင်းသလို ပြန်မေးသည်။

"ညီလေးယဲ၊ မင်း ဘယ်လိုပြောလိုက်တာလဲ"

ယဲလိန်က ခပ်ယဲ့ယဲ့လေးပြုံးရင်း....

"ကိုကြီးနှင့်ကလဲဗျာ၊ ဆရာပေါက်က ကျွန်တော်တို့ ကိုယ်တော်ရှန်ကျင်တို့ကို သစ္စာခံနေတာမှ မဟုတ်တာ၊ တကယ်

လို့သာ ကိုယ်တော်ရှန်ကျင်ကို သစ္စာခံရင် ဒီပြေ...က တ
ဆယ့်လေး မင်းသားလေးဆီကို ဘယ်လိုလုပ် ရောက်မှာလဲ
ဒီကိုခေါ်ပြီး စစ်မေးတော့ကော ဆရာပေါက်က တရားခံ
ဖော်ထုတ်ပါ့မလား၊ သူ့ကို သတ်ပစ်ဖို့ပဲ ရှိတော့တာပေါ့

မင်းသားရှန်ကျင်၊ တုန်ကိုးတုနှင့် နင့်ကျမ်းရောင်တို့မှ
ယဲလိန်၏စကားကြောင့် နှုတ်ဆိတ်သွားကြသည်။ ယဲလိန်က
ဆက်ပြောပြန်သည်။

"အဲ ဆရာပေါက်လဲ့ သေရော တရားခံလဲ ခြေရာပျောက်
ဖြစ်သွားတော့မှာပေါ့"

ယဲလိန်က စကားဆုံးသည်နှင့် ရှန်ကျင်၊ တုန်ကိုးတုနှင့်
နင့်ကျမ်းရောင်တို့၏ မျက်နှာများကို အကဲခတ် ကြည့်ရှုလိုက်
လေသည်။

"ဒါဖြင့် ဒီကိစ္စကို..."

ရှန်ကျင်က ယဲလိန်ကိုကြည့်ရင်း စကားစလိုက်သည်။
ယဲလိန်က ရှန်ကျင်ကို တည်ကြည်လေးနက်သော မျက်နှာဖြင့်
ကြည့်ရင်း ပြန်ပြောလိုက်၏။

"ကိုယ်တော်ကြီးကသာ ကျွန်တော့်ကို ယုံကြည်မယ်ဆိုရင်
ဒီတရားခံကို ရှာဖွေပေးဖို့တာဝန် ကျွန်တော်ယူပါ့မယ်"

ရှန်ကျင်က ယဲလိန်ကို အားကိုးတကြီး ပြန်ပြောသည်။

"ယဲလိန်ရာ မင်းကို မယုံကြည်ရင် ဒီအခန်းထဲတော
ဝင်ခွင့်ပေးပါ့မလားကွာ"

ထိုအခါမှ ယဲလိန်က အားတက်သရောပြောသည်။

"ဒါဆို ဒီကိစ္စ ကျွန်တော် တာဝန်ယူမယ်၊ အကျိုးအကြောင်း သတင်းထူးရင် အမြန်ဆုံး သတင်းပို့ပါမယ်၊ ကျွန်တော် ခုပဲသွားမယ် ခွင့်ပြုပါဦး"

ရှန်ကျင်၏အခန်းထဲမှ ယဲလိန် ထွက်ခွာသွားသည်နှင့် တုန်ကိုးတုက....

"ဒီအတိုင်းဆိုတော့လဲ ယဲလိန်မှာ ဘာမှ သံသယ ဖြစ်စရာ မတွေ့ရပါလား"

ရှန်ကျင်က တွေးနေရာမှ ဝင်ပြောသည်။

"တစ်ခုခက်နေတာက ဒီနေပြည်တော်မှာ ပိုင်ထိုက်ကွန်ကို လွယ်လွယ်ကလေးနဲ့ အနိုင်ယူနိုင်တာ ယဲလိန် တစ်ယောက်ပဲ ရှိတယ်"

တုန်ကိုးတုမှာ ရှန်ကျင်၏ စကားကြောင့် မျက်မှောင်ကြီး ကြုတ်ရင်း....

"ဖြစ်နိုင်ပါ့မလား၊ ယဲလိန်ကို မင်းထျိက အရမ်း အထင် ကြီးနေတာနဲ့ တူပါတယ်"

နင့်ကျမ်းရောင်ကလည်း ဝင်ပြောပြန်သည်။

"ဒီကိစ္စကို ကျွန်တော်အသိဆုံးပဲ ဦးရီးတော်၊ပိုင်ထိုက်ကွန် ရဲ့ သိုင်းပညာဟာ ဒူတိုညီနောင်ထဲမှာ အဆင့် အမြင့်ဆုံးပဲ၊ ဒီလို အဆင့်အမြင့်ဆုံးလူကို သိုင်းကွက်တစ်ကွက်တည်းနဲ့ အနိုင် ယူနိုင်တာ ယဲလိန်တစ်ယောက်ပဲ ရှိနိုင်တယ်"

"ယဲလိန်အနေနဲ့တော့ ဘာမှ မသင်္ကာစရာ မတွေ့သေးဘူး၊ ဒီကောင်ဟာ အင်မတန် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်တာ တော့ အမှန်ပဲ"

ရှန်ကျင်ကလည်း စိတ်ပင်ပန်းစွာနှင့်....

"ဒီကိစ္စကို သူ့လက်ချက်ဆိုရင်လဲ သူ့အမြေကို ငါ စေ့ပြီး နားထောင်ချင်နေပြီ"

မင်းသားရှန်ကျင်၏ ဦးရိုးတော်တုန်ကိုးတုကလည်း ယဲလိုနှင့်ပတ်သက်ပြီး ထင်မြင်ချက် ပေးလိုက်ပြန်သည်။

"တူတော်မောင် ယဲလိန်နဲ့ ပတ်သက်ရင် နားနှစ်ဘက်ပါးစပ်တစ်ပေါက် ရှိတယ်ဆိုတာမျိုးလို ပမာထားပေတော့၊ သူ့ရှေ့မှာ များများ နားထောင် နည်းနည်းပဲ စကားပြောပေတော့၊ သူဟာ လက်ရုံးရည်နဲ့ ပြည့်ဝသလောက် ဉာဏ်အမြော်အမြင်လဲ အင်မတန်ကြီးတဲ့သူငယ်ကွ၊ သူ့ကိုသတိထားပေါ့ပေတော့၊ မင်းရဲ့ အောင်မြင်မှုဟာ သူ့လက်ချက်နဲ့ပျက်ချင်ပျက်၊ အဲ မပျက်ရင် သူ့ကြောင့်ပဲ မင်း၊ထီးနန်းကိုလွယ်လွယ်ကူကူ ရနိုင်တဲ့အဆင့်မှာ ရှိတယ်"

ရှန်ကျင်မှာ မြော်မြင်တွေးဆစွာပြောနေသော ဦးရိုးတော်တုန်ကိုးတု၏စကားကြောင့် ရင်တထိတ်ထိတ် ခုန်သွားမိသည်၊ နှင့်ကျမ်းရောင်က မဲ့ပြုံးတစ်ချက် ပြုံးရင်း...

"စိတ်ချပါ ဦးရိုးတော်၊ ကျွန်တော်တစ်ယောက်လုံး ရှိနေပါသေးတယ်၊ သူ့ကျွန်တော့်ကိုကျော်ရင် ကျော်သွားပေါ့၊ အဲ မကျော်နိုင်ရင် ငုံ့သွား"

နင့်ကျမ်းရောင်၏ လက်မထောင်သော စကားကြောင့် ဦးရိုးတော်တုန်ကိုးတုက ကျေနပ်အားရသလို ပြောလိုက်သည်၊

"အေး ဒါလဲဟုတ်တာပဲ၊ ကျွမ်းရောင် တစ်ယောက်လုံး ရှိနေတာပဲ၊ ငါလဲ မင်းကိုပဲ အားကိုးနေကာပါကွ"

သို့သော် ချန်ကျင်၏ မျက်နှာမှာမူ စိုးရိမ်စိတ်များ လွှမ်းခြုံ၍ နေသည်။

# ရိုးမြ

ဒီနဝင်း [illegible]

ယဲလိန်သည် အမှတ် တစ်ဆယ့်လေး ဂေဟာ အတွင်းသို့ ရောက်သည်နှင့် အစေခံတစ်ယောက်ကို လှမ်းမေးလိုက်သည်။

"မွန်ဂိုသိုင်းညီနောင်လေးယောက် ပြန်ရောက်ကြပြီလား"

"ဟုတ်ကဲ့ ပြန်ရောက်နေပါပြီ"

"သူတို့ ဘယ်မှာ ရှိကြသလဲ"

"ခုတော့ ဆရာပေါက်က သူတို့ကို ခေါ်တွေ့ မေးမြန်းနေပါတယ်"

"ဆရာပေါက်ကော ဘယ်မှာရှိသလဲ"

"သူ့ အိမ်ထဲမှာ ရှိနေပါတယ်"

ယဲလိန်သည် ဆရာပေါက်၏ အိမ်လေးရှိရာသို့ ခြေလှမ်းမှန်မှန်နှင့် လျှောက်လှမ်းသွားနေသည်။

ဆရာပေါက် အိမ်အဝင်အဝသို့ ရောက်သည်တွင် မွန်ဂိုသိုင်းညီနောင် လေးဖော်တို့ ပြန်ထွက်လာသည်နှင့် ကြုံကြိုက်သွားသည်။

ယဲလိနိကဘေးတစ်ဖက်သို့ ရှောင်တိမ်းပေးလိုက်၏။ မွန်ဂိုသိုင်းညီနောင်တို့၏ မျက်နှာမှာ ခပ်တင်းတင်းပင် ရှိနေသဲကို ယဲလိနိ မြင်တွေ့လိုက်ရသည်။

ဆရာပေါက်မှာ မွန်ဂိုသိုင်းညီနောင် လေးဖော် ပြန်ထွက်သွားသည်နှင့် အခန်းတွင်းသို့ ပြန်ဝင်သွားသည်။ ယဲလိနိက ခြေဖွနင်းကာ တံခါးကို ပြန်တွန်းဖွင့်လိုက်ရာ ဆရာပေါက်က ဝမ်းသာအယ်လဲ ခေါ်လိုက်၏။

"အို ညီလေးယဲပါလား၊ ဟိုကောင် လေးယောက် ပြန်ထောက်လာခဲ့ပြီလေ"

ယဲလိနိက ခပ်အေးအေးပင် ပြန်ပြောသည်။

"ကျွန်တော် သိပါတယ်"

"ညီလေးယဲက သူတို့နဲ့အတူ ဘာဖြစ်လို့ပြန်မလာခဲ့တာလဲ၊ သူတို့က မင်းကို သိပ်တွေ့ချင်နေတယ်၊ ပြန်ခေါ်ပေးရမလား"

"မလိုပါဘူး ဆရာပေါက်၊ ကျွန်တော့်မှာ အရေးကြီးတဲ့ ကိစ္စတစ်ခု ရှိနေတယ်၊ ဆရာပေါက်နဲ့ တိုင်ပင်ရမယ်"

"ဪ ပြောစမ်းပါဦး"

ယဲလိနိက မင်းသားရှန်ကျင်သည် တစ်ဆယ့်လေးမင်းသားလေး ဖြေဆေးရရှိသည့်အကြောင်း သိသွားပြီဖြစ်ကြောင်း ပြောပြသည်။

ဆရာပေါက်က....

"ညီလေးယဲရဲ့ ကျေးဇူးကတော့ကြီးပါပေတယ်၊ အဲဒီဖြေဆေးသာမရရင် မင်းသားလေးတော့ ရေတိမ်နစ်ပါပြီကွာ၊ ငါလဲ ဒုက္ခပင်လယ်ဝေပြီပေါ့"

Scanned with ACE Scanner

"ကျေးဇူးတင်နေစရာမလိုပါဘူး၊ အချင်းချင်းတွေပဲဥစ္စာ ဒီကိစ္စက ကျွန်တော်အနေနဲ့ မင်းသားရှန်ကျင်ကျေနပ်အောင် ဘယ်လိုပြန်ပြောရမလဲဆိုတာကို ဆရာပေါက်က အကြံပေးစမ်းပါဦးဗျာ"

"ဖြေဆေးကို မင်းကပဲပေးပါဘယ်လို့ မင်းဝန်ခံရဲသလား"

"အို ဒါတော့ ဘယ်ဖြစ်မှာလဲဗျာ"

ဆရာပေါက်မှာ အကျဉ်းအကျပ်ဖြစ်သွားပြီး ရုတ်တရက် ခေါင်းထဲပေါ်လာသည့်အတိုင်း ပြောလိုက်သည်။

"ဒီလိုလုပ်ကွာ မနေ့ညတုန်းက လူတစ်ယောက်က အမှတ်တစ်ဆယ့်လေး မင်းသားလေးရဲ့ ဂေဟာထဲဝင်လာပြီး စာတစ်စောင်နဲ့ ဖြေဆေးပေးသွားတဲ့အကြောင်း၊ ပြီးတော့ဒီလူကိုလဲ မင်းက မမြင်ဖူးဘူးလို့ပြောရင် ကောင်းမလား"

ယဲလိန် စိတ်ပျက်သွားမိသည်။

"ဖြစ်နိုင်ပါ့မလား ဆရာပေါက်ရာ၊ ဘုမသိဘမသိတဲ့ လူတစ်ယောက်က ခြံထဲလာချသွားတဲ့ဆေးကို မင်းသားလေးစာ သောက်ပါ့မလားဗျာ၊ ဖြစ်နိုင်တာများ ပြောပါတော့လား"

"ဖြစ်ပါတယ်၊ တို့မင်းသားဟာ အဆိပ်သင့်ပြီးမျောနေလို့ ငါကလဲ မျက်ကလဲဆန်ပျာဖြစ်နေတယ်ပေါ့ကွာ၊ ရောဂါကလဲ သည်းနေတဲ့အချိန် ဆေးဆရာကလဲမနိုင်တော့ ငါလဲမထူးတော့ဘူးဆိုပြီး အထိန်းတော်နဲ့တိုင်ပင်ပြီး အရဲစွန့်လိုက်ရတဲ့ အကြောင်း မင်းပြောပြပေါ့ကွာ"

Scanned with ACE Scanner

ယဲလိန်မှာ ဆရာပေါက်၏ ဆင်ခြေကို သဘောကျဟန်နှ
ပြုံးရင်း....

"အင်း ဖြစ်တော့ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ရွှန်ကျင်ဘ
ဘက်ကလူတွေဟာ သိမ်ပြီးစေ့စပ်သလောက် ဉာဏ်နီဉာဏ်နက်
များတယ်၊ ဒီတော့ ဆရာပေါက်က အထိန်းတော်နဲ့ဇာ
တိုက်ထားပါဦး၊ တော်ကြာ အလိမ်ပေါ်ကုန်ပါဦးမယ်ဗျာ"

"ဒီအတွက်တော့ မင်းသင်ပြီးပူမနေပါနဲ့လေ ငါ တာဝန်
ယူပါတယ်၊ မင်း နောက်ထပ်ဘာမေးချင်သေးလဲ"

"အဲဒီဖြေဆေး ဆရာပေါက်ယူသွားတုန်းက ဘယ်လူများ
မြင်မိသေးလဲ"

ယဲ့လိန်၏ မထင်မှတ်သောစကားကြောင့် ဆရာပေါက်မှာ
ကြောင်စိစိဖြစ်သွားမိသည်။

"ဒီကုလူတွေအပေါ် မင်း သံသယဝင်နေလို့လား"

"ဟုတ်တယ်"

"မင်းအလဲ့ရင် အတွင်းအစောင့်ပဲရှိတယ်"

ယဲ့လိန်က ချက်ချင်းပြန်ပြောသည်။

"ဒီလူတွေ ခုရှိသေးသလား"

"မရှိတော့ဘူး၊ တခါဝန်ချိန်ကုန်လို့ထွက်သွားကြပြီ"

"အဲဒီလူတွေကို ကျွန်တော်တွေ့ချင်တယ်"

"ရပါတယ်"

ဆရာပေါက်က ယဲလိန်ကိုခေါ်ကာ ဂေဟာ၏အရှေ့ဘက်
အဆောင်များရှိရာသို့ လျှောက်သွားကြသည်။

Scanned with ACE Scanner

အစောင့်များနေထိုင်ခဲ့သော အဆောင်တန်းလျားသို့ယဲလိန် ရောက်လာရာ စားသောက်ခန်းတစ်ခန်းတွေ့ရသဖြင့် ယဲလိန်က ဆရာပေါက်ကိုပြောလိုက်၏။

"ဆရာပေါက် ခင်ဗျားလူတွေကို ဒီအခန်းထဲအကြောင်း တစ်ခုခုပြုပြီး ခေါ်လာခဲ့ပါ"

"ကောင်းပြီ"

ယဲလိန်သည် စားသောက်ခန်းထဲတွင် ဆရာပေါက်နှင့် အစောင့်များအလာကို ထိုင်စောင့်နေလိုက်သည်၊

များမကြာမီ ခြေသံများကြားရပြီး ဆရာပေါက်နှင့် အစောင့်ငါးယောက် ရောက်ရှိလာကြ၏။ အစောင့်များမှာ အကြမ်းစားဖြင့် အသက်လေးဆယ်ခန့်ဝန်းကျင်ရှိ အသက်အရွယ်များဖြစ်ကြသည်။

ထို့ကြောင့် ဘဝအတွေ့အကြုံရင့်ကျက်ပြီးသူများကို ယဲလိန်က လေအေးအေးနှင့် ဆီးပြောလိုက်သည်။

"မိတ်ဆွေတို့ကို ခုလိုဖိတ်ခေါ်ရတဲ့ အကြောင်းကတော့ အကူအညီတောင်းခံချင်လို့ပါပဲ"

"ဩော် အားနာရမယ့်လူတွေမှ မဟုတ်တာဘဲ၊ ညီလေးယဲ မေးစရာရှိတာမေးပါ"

ဆရာပေါက်က ကြားဝင်ပြောသည်။

"ဟုတ်တယ်ခင်ဗျာ၊ ကျွန်တော်တို့ကို မေးစရာရှိရင်မေးနိုင် ပြောနိုင်ပါတယ်"

Scanned with ACE Scanner

အစောင့်တစ်ယောက်က ဦးဆောင်၍ပြောလိုက်သည်။

"ကျေးဇူးပါပဲဗျာ၊ ဒါဆိုရင် ကျွန်တော့်အနေနဲ့ လိုရင်းကိုပဲ ပြောပါမယ်"

ယဲလိန်က စကားဖြတ်ရင်း အစောင့်ငါးယောက်ကို အကဲခတ် ကြည့်လိုက်၏။

'ဒီဂေဟာထဲမှာ သစ္စာဖောက်ရှိနေလို့ပဲ"

"ခင်ဗျာ"

"သစ္စာဖောက် ဟုတ်လား"

ယဲလိန်က ကောက်ကာငင်ကာပြောလိုက်သဖြင့် အစောင့်ငါးယောက်မှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြတော့သည်။

အစောင့်ငါးယောက်သည် ယဲလိန်ကိုကြည့်လိုက်၊ အချင်းချင်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်နှင့် ဂနာမငြိမ်ကြတော့ပေ။

ဆရာပေါက်ပင်လျှင် ရင်တထိတ်ထိတ်ခုန်ကာ ယဲလိန်၏ လှုပ်ရှားမှုအား စိတ်ဝင်တစား ကြည့်နေမိတော့၏။

တဒင်္ဂအချိန်အတွင်း စားသောက်ခန်းလေးထဲ၌ တိတ်ဆိတ်ခြင်းက ကြီးစိုးသွားသည်။

ယဲလိန်က အားလုံးကိုခြုံကြည့်ပြီး၊ အေးဆေးတည်ငြိမ်စွာ ပြန်ပြောသည်။

"မှန်ပါတယ်ခင်ဗျာ"

အစောင့်တစ်ယောက်က....

Scanned with ACE Scanner

"အဲဒီသစ္စာဖောက်ကိုကော ဆရာယံက သိသလား"

ယံလိန်က အစောင့်၏အမေးကိုမဖြေဘဲ ရှင်းလင်းပြောကြားရန် ချောင်းဟန့်လိုက်သည်။

"ဒီကိစ္စကို ကျွန်တော် အလျင်ဆုံးရှင်းပြပါဦးမယ်၊ အမှတ်တစ်ဆယ့်လေး မင်းသားလေး အဆိပ်သင့်ခံရလို့ သစ္စာရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်က ဖြေဆေးကိုခိုးပေးတယ်၊ အဲဒီသတင်း ချက်ချင်းပဲ မင်းသားရှန်ကျင်ဆီ ရောက်သွားတယ်၊ ဒီတော့ ဒီကိစ္စကိုသိတဲ့ လူတွေထဲမှာ ကျွန်တော်အပါအဝင် ဆရာပေါက်နဲ့ မင်းသားလေးရဲ့ လူယုံတော်ကြီးတွေဖြစ်တဲ့ ဒီက မိတ်ဆွေတွေဟာ ဒီဖြေဆေးကို မြင်တွေ့ခဲ့ရတယ်မဟုတ်လား"

အစောင့်တစ်ယောက်က ယံလိန်အား စေ့စေ့ကြည့်လိုက်ကာ...

"ဪ လက်စသတ်တော့ ဆရာယံက ကျုပ်တို့ငါးယောက်ထဲက တစ်ယောက်ယောက်ကို မသင်္ကာဘူးလို့ ပြောချင်နေတာကိုး"

ယံလိန်က ခေါင်းတစ်ချက်ညိတ်ပြရင်း....

"ဒီအတိုင်းပါပဲခင်ဗျာ"

"ဆရာယံ ကျွန်တော်တို့တစ်တွေဟာ အမှတ်တစ်ဆယ့်လေး မင်းသားလေးရဲ့ လူယုံတော်ဟောင်းတွေပါ၊ ဒီကိစ္စကို ဆရာယံ သေသေချာချာ ပြန်ပြီး ဆန်းစစ်စေချင်ပါတယ်"

ယံလိန်က သူ့အား ပြောလာသူအစောင့်အား သေသေချာချာစိုက်ကြည့်ပြီး ဆရာပေါက်ကို လှမ်းကြည့်လိုက်၏။

Scanned with ACE Scanner

“အင်း ကျုပ်အနေနဲ့ကလဲ ဒီသစ္စာဖောက်ဟာ ဒီ ငါးယောက်ထဲက ဖြစ်နိုင်တယ်လို့ တစ်ထစ်ချ ယုံကြည်နေမိတော့ ခက်တာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီဆေးကို ကျုပ်ယူလာတော့ ခင်ဗျားတို့ပဲမြင်ကြတယ်လေ၊ ခင်ဗျားတို့ထဲက တစ်ယောက်ယောက် ကျူးလွန်ခဲ့ရင် ကျုပ်ကို ပွင့်ပွင့်လင်းလင်း ဝန်ခံစေချင်တယ်၊ ကျုပ်ကတော့ အသက်ညှာဆုံးဖြစ်အောင် စီစဉ်ပေးမယ်၊ ငကယ်လို့ ဒီကိစ္စမှာ တရားခံမပေါ်နိုင်ခဲ့ရင် ခင်ဗျားတို့ တွေးကြည့်ကြပေါ့၊ အမှတ်တစ်ဆယ့်သေး မင်းသားလေးရဲ့ အသက်အိုးအိမ် စည်းစိမ်ဟာ ဘယ်မှာလာပြီး လုံခြုံတော့မှာလဲ၊ ခင်ဗျားတို့အထဲက လူယုံတော် အစစ်အမှန်ဖြစ်တဲ့လူဟာလဲ ဒီသစ္စာဖောက်ကို ဝိုင်းဝန်းဖော်ထုတ်ဖို့ တာဝန်ရှိတယ် မဟုတ်လား”

ယဲလိန်၏ နောက်ဆုံးစကားမှာ အလွန် တန်ဖိုးရှိသွားခဲ့ပေသည်။

လူယုံတော်အစောင့်များသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မယုံသင်္ကာဟန်နှင့် ဖြစ်နေကြ၏။

“တို့အထဲက ဘယ်သူဟာ သစ္စာဖောက်တဲ့အလုပ်ကို လုပ်လိုက်တာလဲ၊ ယောကျ်ားပဲကွာ၊ လုပ်ရဲရင် ခံရဲရမှာပေါ့၊ ဝန်ခံလိုက်စမ်းပါ”

“ဟုတ်တယ်၊ ဒီအခြေအနေရောက်မှတော့ ရဲရဲကြီး ဝန်ခံလိုက်စမ်းပါ၊ ပြေးမလွတ်တော့ပါဘူး”

“[illegible]”

Scanned with ACE Scanner

"သစ္စာဖောက် ဘယ်သူလဲ"

"ဒီအလုပ်မျိုးကို ငါ အခုန်းဆုံးပဲကွ"

အစောင့်ငါးယောက်သည် တစ်ယောက်တစ်ခွန်းပြောရင်း ဆူညံနေကြတော့၏။ ယဲလိန်မှာသည်း တရားခံအစစ်ကို ခွဲခြား၍မရသေးပေ။

ယဲလိန်က ခြုံကြည့်ကာ အေးတိအေးစက် ပြောလိုက်၏။

"ကဲ ကျွန်တော်ပြောမယ်၊ ဒီသစ္စာဖောက်က အတော် ဟန်ဆောင်ကောင်းတယ်၊ အတွေ့အကြုံဝါရင့်တော့လဲ ဒီလို ပေါ့လေ"

"ဒါဖြင့် ဘယ်သူလဲ အမြန်ထွက်လာခဲ့စမ်း"

ဆရာပေါက်က မျက်နှာလား တင်းတင်းနှင့် လှမ်းပြော လိုက်သည်။

"ကဲ ကြာကြာရှိလား ဆရာပေါက်ပြောနေတာ၊ ခင်ဗျား တို့ထဲက ဘယ်သူလဲ သစ္စာဖောက်တာ"

အစောင့်တစ်ယောက်က ဒေါသတကြီးပြောသည်။

"သစ္စာဖောက်တဲ့လူက ဖွင့်ဟဝန်ခံလိုက်ပါ၊ ကျုပ် စိတ် တိုရင် သတ်မိလိမ့်မယ်နော်"

ယဲလိန်က အစောင့်များကို စေ့စေ့စပ်စပ် ကြည့်လိုက် ရင်း...

"ကဲ ကဲ ခင်ဗျားတို့အားလုံး စိတ် မလှုပ်ရှားကြပါနဲ့၊ ခုပဲ အဖြေပေါ်တော့မှာပါ၊ ဆရာပေါက်က ခင်ဗျားတို့ရဲ့ ကိုယ်ပိုင်ပစ္စည်းတွေကို သူ့ရဲ့ လူယုံတော်တွေလွှတ်ပြီး ရှာဖွေ ခိုင်းထားပါတယ်၊ သက်သေကို ကျွန်တော်တို့ ရလိုက်တာနဲ့

တရားခံ ပေါ်လာတော့မှာပါခင်ဗျာ၊ တရားခံမပေါ်မှာ မစိုးရိမ်ကြပါနဲ့''

ယဲလိန်၏ စကားကြားရိယာယ်ကို ဆရာပေါက် ရှုတ်ခြည်း အကဲခတ်မိကာ ဝင်ရောက် ခြိမ်းခြောက်လိုက်၏။

''ဟုတ်တယ် ခုဝန်ခံရင်သက်သာမယ်၊ တော်ကြာ ဟိုမှာ စစ်ဆေးလို့ မိရင် သေဒဏ်အထိ အပြစ်ပေးခံရလိမ့်မယ်၊ ဒါပဲ''

ယဲလိန့်က အေးတိအေးစက် ပြောသည်၊

''မိတ်ဆွေတို့ရဲ့အခွင့်အရေး သိပ်မရှိတော့ဘူး၊ စိတ်ကူး မလွဲကြပါနဲ့၊ ခု ဝန်ခံရင် သေဒဏ်ကလွတ်မယ်၊ ဒီအတွက် ကျွန်တော်တာဝန်ယူပါတယ်''

ယဲလိန်က အစောင့်များ၏မျက်နှာကို စေ့စေ့စပ်စပ်သေချာစွာ ကြည့်ရှုနေစဉ် အစောင့်တစ်ယောက်က ရုတ်တရက် ထွက် ပြေးရန် ကြံလိုက်သည်။

ကျန် လူယုံတော်အစောင့်များမှာ အံ့အားသင့်နေကြစဉ် ယဲလိန် ခုန်ထွက်လာပြီး ထိုလူ၏နောက်ကျောကို ဆတ်ခနဲ ဖမ်းကုတ်လိုက်တော့၏။

အစောင့်မှာ ယဲလိန်၏လက်မှ လွတ်မြောက်ရန် ကြိုးစား ခြင်းသည် အလဟဿ အချည်းနှီးသာဖြစ်ကြောင်း မသိ သေးပေ။

ထွက်ပြေးသော အစောင့်က ယဲလိန်၏ ဖမ်းကုတ်ခြင်းကို လွတ်ကင်းစေရန် ခန္ဓာကိုယ်ယို ရှုရှောင်ရင်း ယဲလိန်၏မျက်နှာ အား လက်သီးနှစ်ချက်လှမ်းထိုးလိုက်၏။

ယဲလိန်က ထိုလူ၏လက်သီးကို မရှောင်တိမ်းဘဲ ဓွန်ကုတ်လက်သီးပမာ ဖမ်းဆွဲပြီး ချိုးလိမ်ပစ်လိုက်သည်။

ကျန်အစောင့်များ သတိဝင်လာကြကာ သစ္စာဖောက်အား ဝိုင်းဝန်း ဖမ်းချုပ်လိုက်ကြ၏။

ယဲလိန်က ဆရာပေါက်အား မေးသည်၊

"ဆရာပေါက် ဒီလူရဲ့နာမည် ဘယ်သူတဲ့လဲ"

"ဝမ်ပိုတန်လို့ ခေါ်တယ်"

"ဘယ်လိုလဲဗျ၊ ရှန်ကျင်ဂေဟာမှာကော ဒီနာမည်ပဲပေးထားသလား"

ဝမ်ပိုတန်က ယဲလိန်အား မကျေမနပ်ကြည့်ရင်း အဖြေမပေးဘဲ ပေနေလိုက်လေသည်။

ယဲလိန်က ဝမ်ပိုတန်ကို အေးတိအေးစက်ကြည့်ကာ....

"ကျုပ်လက်ထဲကိုရောက်ရင် မေးတာဖြေ၊ ပြောတာကိုလုပ်မှကြိုက်တယ်၊ အာခံချင်ရင်တော့ ဒီမှာကြည့်"

ယဲလိန်က ဝမ်ပိုတန်၏ ပခုံးပေါ်ရှိ ချီချီသွေးကြောကွက်ကို လက်ငါးချောင်းနှင့် ဖမ်းကုတ်ဆွဲလိုက်သည်။ ဝမ်ပိုတန်၏မျက်နှာတစ်ခုလုံးမှာ ရှုတ်ခြည်းပင် အဖြူရောင်သန်းသွားပြီးချွေးသီးချွေးပေါက်များ ထလာတော့၏။

"ကျုပ်မေးတာ ဖြေစမ်း၊ ဘယ်လိုလုပ်ပြီး ချက်ချင်းသတင်းပို့နိုင်တာလဲ"

ယဲလိန်က လက်ငါးချောင်းကို လျှော့ပေးရင်း မေးလိုက်ခြင်း ဖြစ်၏။

Scanned with ACE Scanner

"နေ့စဉ် လူတစ်ယောက်က ကျွန်တော့်ဆီ သတင်းလာယူပါတယ်"

"ဘယ်လိုလုပ်ပြီး အဆက်အသွယ် လုပ်ကြသလဲ"

"ကျွန်တော်က ညစဉ် ထမင်းစားပြီးတိုင်း ဂေဟာအပြင်ကို ထွက်ပြီးတော့"

ယဲ့လိန်က မရယ်ချင့်ရယ်ချင် အေးတိအေးစက် ရယ်ကာ ဝမ်ပိုဟန်၏စကားကို ဖြတ်ပြောလိုက်သည်။

"မင်းဟာ ဒီဘဝရောက်နေတာတောင် ငါ့ကို လိမ်ချင်နေတာကိုး၊ တကယ်လို့ မင်းမှာ တာဝန်ကျနေခဲ့ရင် အဲဒီလူကို မင်း ဘယ်လိုစောင့်ပြောမှာလဲ"

အစောင့်က တုန်ယင်စွာ ပြန်ပြောသည်။

"ဟုတ်ပါတယ်၊ ချိန်းဆိုထားတဲ့နေရာကို ကျွန်တော်ရောက်သွားရင် ကျွန်တော် တာဝန်ကျနေလို့ဆိုတာ သူ သဘောပေါက်ပါတယ်"

"ကောင်းပြီ၊ အဲဒီလူနဲ့ မင်းဘယ်မှာချိန်းတွေ့ကြတာလဲ"

ယဲ့လိန်၏အမေးကို ဝမ်ပိုတန်ကမဖြေဘဲ အံကြိတ် နေလိုက်သည်။

"ကျုပ်ကို စိတ်တိုအောင် မလုပ်ချင်စမ်းပါနဲ့ဗျာ၊ ကောင်းကောင်းမေးရင် ကောင်းကောင်း ဖြေပါ၊ ခင်ဗျား တစ်ကိုယ်လုံး အရိုးတွေကို ကျုပ် ချိုးချေပြီးမှ ခင်ဗျား ဖြေမှာလား"

Scanned with ACE Scanner

သစ္စာဖောက် ဝမ်ပိုတန်က အသံတိမ်တိမ်နှင့် ပြန်ဖြေလိုက်သည်။

“အရှေ့မြို့က ထမင်းဆိုင်မှာ ချိန်းကြတာပါ”

ဝမ်ပိုတန်မှာ ခေါင်းမာခနလျှင် ယဲလိန်က ပြောသည့်အတိုင်း လုပ်တော့မည် ဖြစ်၍ အမှန်အတိုင်း ဖြေကြားလိုက်ရသည်။

တစ်ဆက်တည်းမှာပင် ယဲလိန်က ဆက်သွယ်ရမည့် လူ၏ပုံပန်းသဏ္ဌာန် အသက်အရွယ်များကို မေးမြန်းပြီး ဖြစ်နေတော့၏။

ယဲလိန်က ဝမ်ပိုတန်ကို ဆရာပေါက်လက် အပ်နှံလိုက်သောအခါ ဆရာပေါက်က မေးပြန်သည်။

“ညီလေးယဲ ဒီကောင့်ကို ဘယ်လိုရှင်းရမလဲ”

“လောလောဆယ် ချုပ်ထားလိုက်ပါ၊ သူပြောတဲ့အတိုင်း မမှန်ရင် ကောင်းကောင်း ဆုံးမရဦးမယ်”

ယဲလိန်က ပြောပြောဆိုဆို ဝမ်ပိုတန်၏သွေးကြောကွက်ကို ထိုးပိတ်ပေးလိုက်၏။

ကျန် လူယုံတော်အစောင့်များက ဝမ်ပိုတန်အား ဖမ်းချုပ်ခေါ်ဆောင်သွားကြ၏။

“ညီလေးယဲ ဒီကောင်ကို ဘယ်လိုဆက်ရှင်းရင် ကောင်းမလဲ”

“ဆရာပေါက်ပဲ ဆက်လုပ်ပြီး ကြည့်လုပ်ပါ၊ ကျွန်တော့်မှာ [illegible]ရှိန်မရှိတော့ဘူး”

Scanned with ACE Scanner

"ကောင်းပြီလေ၊ မင်းက ရှန်ကျင်ကို ဘယ်လို စကားပြန်မလဲ၊ စောစောက ပြောတဲ့အတိုင်းပဲလား"

"အင်း ခုအခြေအနေအရ နည်းနည်းပြင်ပြောရမယ်၊ ဒီလိုလုပ်ဗျာ ဆရာပေါက်ကို ကျွန်တော် လာပြီးတွေ့တယ်၊ ပြဿနာကိုစွ စုံစမ်းဘယ်ပေါ့၊ အဲ အမှတ်တစ်ဆယ့်လေးဂေဟာထဲက သစ္စာဖောက် ဝမ်ပိုတန်ဟာ သူ့ကိုယ်သူ လုပ်ကြံ သတ်ဖြတ်ဖို့ ကြံနေတုန်း အဖမ်းခံရတယ်၊ ဒီကိစ္စကို အမှတ် တစ်ဆယ့်လေး မင်းသားက ဖော်ထုတ် လိုက်တယ်လို့ ပြောရင် ရှန်ကျင် အနေနဲ့ ဘယ်လိုမြင်နိုင်မလဲ"

ဆရာပေါက်က ဝမ်းသာအားရ ပြန်ပြောသည်။

"ကောင်းတယ် ကောင်းတယ်၊ ဒါပေမယ့် ညီလေးယဲ့ကတော့ အလုပ်ပိုများလိမ့်မယ်"

"ကျွန်တော်အလုပ်များတာက ပြဿနာမဟုတ်ပါဘူးလေ၊ အဲဒီလိုပြောလို့ ဆရာပေါက်ရော အဆင်ပြေပါ့မလား"

"ရပါတယ်၊ ဝမ်ပိုဘန်က အမှတ်တစ်ဆယ့်လေးမင်းသားကို လုပ်ကြံဖို့ကြိုးစားတုန်း အဖမ်းခံရတယ်လို့ ညီလေးယဲ့က ပြောလိုက်ရင် ပြီးတာပါပဲ"

ယဲ့လီန်က သဘောကျစွာ ပြန်ပြောသည်။

"ကောင်းတယ်၊ အဲဒါမှ ကျွန်တော်တို့ နှစ်ယောက်လုံးရဲ့ တာဝန်ကလွတ်သွားမယ်၊ ပိုပြီးကောင်းသွားအောင် မင်းသားလေး ပြဿနာ ရပြီးတဲ့နောက် ဝမ်ပိုတန်က တစ်ဆယ့်လေးမင်းသားကို လုပ်ကြံဖို့ ကြိုးစားတယ်၊ အဲဒါ အဖမ်းခံထားရတယ်လို့ ဂေဟာထဲမှာလွှင့်ထားလိုက်ပေါ့ ဆရာပေါက်"

"အလွန်ကောင်းတဲ့ အကြံပဲ ညီလေးယဲ"

ယဲလိန်ပြန်သွားသည်နှင့် ဆရာပေါက်က ယဲလိန်ပြောသည့်အတိုင်း ဂေဟာအတွင်း၌ သတင်းလွှင့်လိုက်တော့၏။

ယဲလိန်သည် ဆရာပေါက်အား မှာကြားသင့်သည်များကို တိုးတိုး မှာကြား ပြောဆိုပြီးနောက် အပြင်သို့ အလျင်အမြန် ပြန်ထွက်သွားသည်။

ညနေ ထမင်းစားချိန်ကို ယဲလိန် စောင့်ရန် အရေးကြီးနေသည် မဟုတ်ပါလား။

ရှန်ကျင်ဂေဟာမှ လွှတ်လိုက်သောလူက အမှတ် တစ်ဆယ့်လေး မင်းသား၏ ဂေဟာရှိ ဝမ်ပိုတန်ထံမှ သတင်းများကို လာရောက် ယူချိန်မီရန် ယဲလိန်အဖို့ အရေးကြီးနေသည်။

ယဲလိန်မှာ စိတ်စောနေ၍သာ ထွက်လာခဲ့ခြင်းဖြစ်ကြောင်း လမ်းရောက်မှ သတိပြုမိသည်။

သူ့အဖို့ ရတုန်းရခိုက် အချိန်ကလေးကို ကိုးဖုန်ရှိအိမ်သို့ သွားရန်ဆုံးဖြတ်ပြီး အလျင်အမြန်လျှောက်လှမ်းသွားတော့၏။

○ ○

Scanned with ACE Scanner

## အခန်း ( ၄ )

လူပုလေးသည် ယဲလိန်အားမြင်တွေ့ လိုက်ရသည်နှင့်အား ဝမ်းသာ ဆီးကြိုပြောလိုက်သည်။

"ကိုယ်အောင်လေးကို တွေ့ချင်နေတာနဲ့အတော်ပဲ"

ယဲလိန်မှာ လူပုလေး၏ ထူးဆန်းသောစကားကြောင့် အဆောတလျင် ပြန်မေးလိုက်သည်။

"ဘာကိစ္စများလဲ ဦးလေးပု"

"အရှေ့တောင်သိုင်းညီနောင်ရှစ်ဖော်ထဲက လူသုံးယောက် ကို ရှန်ကျင်ဂေဟာက ဖမ်းသွားတာ ပြောမလို့ပါ ကိုယ်တော်လေး"

"ဟင် ထကယ်ပဲလားဦးလေးပု"

ယဲလိန်မှာ တအံ့တသြခံစားမိရင်း ပြန်မေးသည်။

Scanned with ACE Scanner

လူပုလေးက ခေါင်းညိတ်ပြသဖြင့် ယဲလိန်မှာ သက်ပြင်းချရင်း....

"ကဲ ဦးလေးပျကပဲ သတင်းအစုံအလင်ကို ပြောပြစမ်းပါဦး"

"ကျွန်တော်တို့ ဖွင့်လှစ်ထားတဲ့ စားသောက်ဆိုင်ထဲမှာ လူတစ်စု တိုင်ပင်ပြောဆိုနေကြတာ ကြားရတာပဲ၊ သူတို့ဟာ ရှန်ကျင်ဂေဟာထဲက သူတို့လူကို ပြန်ကယ်ကြမယ့်သဘောပါပဲ၊ ပြီးတော့သူတို့ကြည့်ရတာ ဒီ ပီကင်းမြို့ကလူတွေ ဖြစ်ဟန်မတူဘူး"

ယဲလိန်က အလောတကြီးမေးမြန်းလိုက်သည်။

"သူတို့ကိုကော နောက်ယောင်ခံလိုက်သေးလား"

လူပုလေးက ခေါင်းယမ်းပြရင်း...

"မလိုက်ပါဘူး၊ အထင်လွဲမှာစိုးလို့ပါ"

ယဲလိန်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပိုင်ထိုက်ကွန်၏ သစ္စာဖောက်မှုကြောင့် ပြဿနာပေါ်ပေါက်လာရကြောင်း တွေးမိသည်။

ယဲလိန် စရောက်ကတည်းက ငြိမ်၍နားထောင်မနေသော ကိုးဖုန်ရှီးက ဝင်ပြောသည်။

"အစ်ကို ကျွန်မတို့လူလွှတ်ပြီးစုံစမ်းရင် ကောင်းမလားဟင်"

"ညီမကလဲကွာ ရှန်ကျင်ဂေဟာက ပေါ့သေးသေးတွက်လို့မှ မရဘာ အထင်မသေးစမ်းပါနဲ့"

ယဲလိန်၏ သတိပေးစကားကို နားထောင်ရင်း...

"ဒီလိုဆို ကျွန်မတို့က ဒီအတိုင်း လက်ပိုက်ပြီးကြည့်နေရတော့မှာလား"

"ဘယ်ဟုတ်မလဲ၊ အခြေအနေကြည့်ပြီး လုပ်ရမှာပေါ့"

"ကျွန်မတို့ကကော ဘာအကူအညီပေးရမယ်လဲ"

ယဲလိန်က စဉ်းစားရင်းပြန်ပြောသည်။

"ဒီကိစ္စက လူများလို့အကျိုးမရှိနိုင်ဘူး"

"ဘာဖြစ်လို့လဲ ပြောပြပါဦးအစ်ကိုရဲ့"

"အန္တရာယ်များတဲ့ကိစ္စမို့ပေါ့ကွယ်၊ ဒီတော့ ညီမတို့က ဒီလိုလုပ်ပါ"

ယဲလိန်က ကိုးဖုန်ရှီးအား မှာကြားသင့်သည်များကို မှာကြား ပြောဆိုပြီး အချိန်ဖြုန်းနေလိုက်သည်။

အတန်ကြာလျှင် ယဲလိန်ကရုပ်ဖျက်ပြီး အရှေ့မြို့ရိုးတံခါးဘက်သို့ တစ်ယောက်တည်းထွက်သွားတော့၏။

\+ \+ \+

ယောင်လည်လည်လုပ်နေသော လူတစ်ယောက်က ထမင်းဆိုင်ဝန်းကျင်၌ လျှောက်သွားနေသည်။

Scanned with ACE Scanner

ယဲလိန်က ထိုလူအား အတော်ကြာသည်အထိ သေချာအောင် အကဲခတ်ကြည့်ပြီး၊ ချဉ်းကပ်သွားသည်။

ထိုလူ၏အနီးသို့ရောက်သည်နှင့် ယဲလိန်က မတိုးမကျယ်ပြောလိုက်သည်။

"မိတ်ဆွေ ဝမ်ပိုတန်က မှာလိုက်လို့"

ထိုလူက ယဲလိန်ကို တအံ့တဩကြည့်သည်။

"ဩော် ဩော်"

ယဲလိန်သည် ဝမ်ပိုတန်ပြောသောလူ ဒီအစစ်အမှန်ဖြစ်နေကြောင်း တွေ့ရှိရ၍ ကျေနပ်သွားမိသည်။

ယဲလိန်က သူ့လက်တစ်ဖက်ကို ထိုလူ၏ပခုံးပေါ်တင်လိုက်ပြီး အရေးကြီးသောလျှို့ဝှက်ချက်အား ပြောမည့်ဟန်မျိုး လုပ်ပြသည်။

"ကျွန်တော်ပြောစရာရှိတယ်၊ ဖိဘက်ကိုသွားပြီး တိုင်ပင်ကြမယ်"

လူသွားလူလာ ပြတ်လပ်သောနေရာသို့အရောက်၌ ထိုလူက ယဲလိန်အား ပြန်ပြောသည်။

"ကဲ ဘာစကားများ ပြောစရာရှိလို့လဲမိတ်ဆွေ၊ ပြောစမ်းပါဦး"

ထိုလူ၏ပခုံးပေါ်သို့တင်ထားသော ယဲလိန်၏ လက်ဝါးကဆတ်ခနဲလျှပ်ရှားကာ ချင်ကျုံးသွေးကြောမကြီးကို ဖမ်းချုပ်လိုက်သည်။

Scanned with ACE Scanner

ထိုလူသည် ကျောရိုးတစ်လျှောက် စိမ့်အေးသွားကာ လှုပ်ရှားနိုင်ခြင်း မရှိတော့ချေ။

သူ့မျက်နှာသည် ကြောက်ရွံ့ထိတ်လန့်ခြင်းကြီးစွာ ခံစားနေရသည်။

"ဒါ ဒါ"

ယဲလိန်က စိတ်မရှည်နိုင်ဟန်နှင့် အေးစက်စက် ပြန်ပြောလေသည်။

"စကားရှည်မနေနဲ့၊ မေးတာကိုဖြေစမ်း"

ထိုလူက ပေကတ်ကတ်လုပ်ပြီး ယဲလိန်အား မကျေမနပ်ကြည့်နေသဖြင့် ယဲလိန်၏လက်က ဖြတ်ခနဲ လှုပ်ရှားကာ ထိုလူ၏နားထင်ပေါ်ရှိ ချားကြည်သွေးကြောကို ဖမ်းထောက်လိုက်တော့၏။

"အား မလုပ်ပါနဲ့၊ မလုပ်ပါနဲ့ ပြောပါ့မယ်"

"ကဲ မြန်မြန်ပြောစမ်း"

"ဟုတ်ပါတယ် ခင်ဗျာ၊ ပိုင်ထိုက်ကွန်ရဲ့ သတင်းပေးချက်အရ ရှောက်အင်းနဲ့ လေ့စုလျှ တို့အပြင် သူတို့ရဲ့တပည့်ဖြစ်တဲ့ ဥခွန်ကိုပါ ဖမ်းထားပါတယ်"

ထိုလူကပင် ပိုင်ထိုက်ကွန်၏ အကြံအစည်နှင့် လုပ်ဆောင်ချက်များကို ဖွင့်ဟဝန်ခံပြောကြားလိုက်သည်။

ယဲလိန်သည် သူ့ခေါင်းထဲမှ အကြံအစည်ကြောင့် မျက်နှာမှုန်ကုတ်ချိတ်ကာ ထိုလူအား ပြောလိုက်သည်။

Scanned with ACE Scanner

"ဒီမှာ မင်း၊ ငါ့ကိုကြည့်စမ်း၊ ငါ ဘယ်သူလဲဆိုတာ မှတ်မိရဲ့လား"

ထိုလူသည် ယဲလိန်၏မျက်နှာအား ငေးကြောင်၍ကြည့်ကာ ပါးစပ်အဟောင်းသားနှင့် ဖြစ်နေတော့သည်။

"ဟင် ဆရာယဲပါလား၊ ဘယ်လိုဖြစ်တာလဲဗျာ၊ ရှပ်တော့ကုန်ပါပြီ"

ထိုလူက ,,နားမလည်နိုင်ဟန်နှင့် ယဲလိန်အား မေးလိုက်လေသည်။

"ဒီမှာ မင်းဟာ သေဒဏ်သင့်နေပြီဆိုတာရော သိရဲ့လား"

ယဲလိန်၏ အေးစက်စက်စကားသံကြောင့် ထိုလူမှာ ခြေဖျားလက်ဖျားများ အေးစိမ့်ကာ ကတုန်ကယင်ပင် ဖြစ်သွားတော့၏။

"ကျွန်တော့်မှာ ဘာအပြစ်များရှိလို့လဲဗျာ"

ယဲလိန်က အံ့ကြိတ်ပြီး....

"ဘာအပြစ်ရှိလို့လဲ ဟုတ်လား၊ ဒီလိုဆိုလဲ ငါကပဲ ပြောရမှာပေါ့၊ နဂါးကျွမ်းရှောင်ရဲ့လုပ်ရပ်ကို မင်းသိသလား"

"သိပါတယ်"

"ဒါဆို ရှင်းနေတာပဲ၊ ဝမ်ပိုတန်ကိုဖမ်းပြီး ရှင်းပစ်ရမယ်"

ထိုလူမှာ ယဲလိန်သည် သူတို့ဘက်သားအထင်နှင့် နားမလည်နိုင်သလို ပြန်မေးသည်။

"တာဖြစ်လို့လဲဗျာ၊ ဝမ်ပိုတန်ဟာ အတော်ကြိုးစားပြီး တာဝန်ထမ်းတဲ့လူပါ၊ ဆုလာဘ် ချသင့်ပါတယ်၊ သတ်စရာ အကြောင်းမရှိပါဘူး"

"အင်း ဝမ်ပိုတန်ရဲ့ အကြံအစည်ကိုသိလို့ ဆရာပေါက်က ဝမ်ပိုတန်ကို ဖမ်းထားလိုက်ပြီ"

"ဟင်"

"ယင်မနေနဲ့ကိုယ့်လူ၊ ဒီတစ်ခါတော့ မင်းအလှည့်ပဲ"

ယဲ့လိန်က ထိုလူ၏ ဆံ့အစေသော သေနတ်ကြောက်ကို ဖမ်း ပိတ်လိုက်စဉ် လူပုလေး ပြေးထွက်လာတော့သည်။

"ဦးလေးပု...ရောက်အင်း၊ လေစုလျှံနဲ့ ဥခုန်တို့ အဖမ်းခံထားရတာ တကယ်ပဲ၊ ဒီကောင့်ကို ဖမ်းချုပ်ထားလိုက်ပါ"

လူပုလေးနှင့် ယဲ့လိန်တို့သည် လှည်းပေါ်သို့ ထိုလူအား တင်ပြီး အလျင်အမြန် မောင်းထွက်သွားကြသည်။

ရှန်ကျင်ဂေဟာနှင့် နီးသောနေရာသို့အရောက်၌ ယဲ့လိန် ဆင်းနေရစ်က ရှန်ကျင်ဂေဟာဘက်သို့ လျှောက်လှမ်းထွက် သွားတော့သည်။

\+ \+ \+

အချိန်မှာ ခမှောင်ရီပျိုးစဖြစ်၍ မြို့တွင်း၌ မီးများပင်ထွန်း ညှိထားကြပြီ ဖြစ်သည်။

ယဲလိန်သည် ကိုယ်ဖော့အတတ်အားကိုသုံးကာ ဂေဟာနှင့်နီးသော သစ်ပင်ကြီး၊ တစ်ပင်ပေါ်သို့ ခုန်တက်လိုက်တော့သည်။

ယဲလိန်မှာ ထိုသစ်ပင်ပေါ်မှနေ၍ စိတ်ရှည်စွာ ထိုင်စောင့်နေလိုက်သည်။

တစ်နာရီခန့်အကြာတွင် ဂေဟာဝန်းကျင်သို့ လူတစ်ယောက် မယောင်မလည်နှင့် ရောက်ရှိလာတော့သည်။

ထိုလူမှာ ယဲလိန်နှင့် ရှောက်ရှန်ယွင်တို့ လမ်းခပေါ်တွင် တွေ့ကြုံခဲ့သော ဗေဒင်ဆရာကြီးဖြစ်ကြောင်း ယဲလိန်တွေ့လိုက်ရသည်။

ဗေဒင်ဆရာယောင်ဆောင်သူက ရှန့်ကျင်ဂေဟာကို အသေအချာ လေ့လာနေကာ ရှောက်အင်းတို့လူစုအား ကယ်တင်ရန် အကြံရှိပုံရလေသည်။

ယဲလိန်က ဗေဒင်ဆရာယောင်ဆောင်သူ တစ်ဖက်သို့ လှည့်လိုက်သည်နှင့် သစ်ပင်ပေါ်မှ ခုန်ဆင်းလိုက်သည်။

အမြင့်ပေ သုံးဆယ်အထက်မှ ချော်ရွက်ဝါလေးအလား ပေါ့ပါးစွာ မြေပြင်ပေါ်သို့ ကျလာတော့သည်။

ဗေဒင်ဆရာယောင်ဆောင်သူက ရှန့်ကျင်ဂေဟာ အတွင်းဝင်ရန်သာ ဆန္ဒစောနေ၍ ယဲလိန် အနီး ကပ်လာသည်ကို သတိ မပြုမိလိုက်ချေ။

ယဲလိန်က ဗေဒင်ဆရာယောင်ဆောင်သူ ရှေ့ ဦးရပ်ကာ ပြုံးရွှင်သောမျက်နှာထားနှင့် ပြောလိုက်သည်။

Scanned with ACE Scanner

"ပီကင်းမြို့ကလေးဟာ တယ်လှသေးငယ်ပါလား၊ ကျုပ်တို့ ဆုံရပြန်ပြီ၊ တစ်ယောက်တည်းပဲလား မိတ်ဆွေ"

ဗေဒင်ဆရာယောင် ဆောင်သူကလည်း ယဲလိန်အား ပြုံးရယ်ပြီး နှုတ်ဆက်လိုက်သည်။

"ဆရာလေးက တယ်လဲ မှတ်ဉာဏ် ကောင်းတဲ့သူ ပါပဲ တလေး"

ယဲလိန်က အပြုံးနှင့် ပြန်ပြောလိုက်သည်။

"ကျွန်တော်က တစ်ခါဆုံဖူးရင် မေ့တတ်တဲ့ လူစားမှ မဟုတ်ဘဲဗျာ၊ မိတ်ဆွေဆို ပိုပြီးမမေ့နိုင်ပါဘူး"

ယဲလိန်၏စကားမှာ အဓိပ္ပာယ်နှစ်မျိုးထွက်နေသဖြင့် ဗေဒင်ဆရာယောင် ဆောင်သူက မချိပြုံးပြုံးရင်း ပြန်ပြောသည်။

"ကျေးဇူးပါပဲ၊ ကျုပ်အနေနဲ့ ဆရာလေးကို မသိကျွမ်းခဲ့ရပေမယ့် ကျုပ်ရဲ့ ရန်သူတော့ မဖြစ်နိုင်ဘူး၊ အဖြစ်နိုင်ဆုံးကတော့ ကျုပ်အတွက် မိတ်ဆွေကောင်းဖြစ်ဖို့များတယ်၊ ကျုပ်ခန့်မှန်းတာ မှန်ရဲ့လား"

"မှန်ပါတယ်၊ ဘာကိစ္စပဲဖြစ်ဖြစ် ကျွန်တော်နဲ့တိုင်ပင်ရင် အကျိုးမယုတ်ပါဘူး"

"ကောင်းတယ်၊ စိတ်ချရတဲ့ တစ်နေရာမှာသွားပြီး ဆွေးနွေး တိုင်ပင်ကြတာပေါ့"

ယဲလိန်နှင့်ဗေဒင်ဆရာယောင် ဆောင်သူတို့သည် လူအသွားအလာ နည်းပါးသော ကွင်းပြင်ကြီးတစ်ခုဆီသို့ လျှောက်လှမ်းသွားကြပြီး အေးဆေးစွာ ထိုင်လိုက်ကြသည်။

Scanned with ACE Scanner

"ဒီနေရာက အေးချမ်းတယ်၊ အနှောင့်အယှက်ပေးမယ့်လူ မရှိတော့ အေးအေးဆေးဆေး ပြောဆိုလို့ရတယ်"

ယဲလိန်က ခပ်အေးအေး ခေါင်းညိတ်ပြပြီး ဗေဒင်ဆရာ ယောင်ဆောင်သူ၏မျက်နှာကို စေ့စေ့ကြည့်ကာ နာမည်ကို မေးလိုက်သည်။

"ဆရာချောက်"

ဗေဒင်ဆရာအယောင်ဆောင်သူမှာ ယဲလိန်၏ မျက်နှာအား အံ့ဩထူးဆန်းသလို ကြည့်ရင်း ပါးစပ်အဟောင်းသား ဖြစ်နေသည်။

ယဲလိန်၏ တည်ငြိမ်အေးဆေးသော စကားသံမှာ ထပ်မံ ထွက်ပေါ်လာပြန်သည်။

"ဆရာချောက်ရဲ့ မျက်နှာက ညှိုးနေပါလား၊ စောန္တ တော့ မိတ်ဆွေ အပေါင်းအသင်းအတွက် သောကရောက်နေပြီနဲ့ တူတယ်"

ဆရာချောက်မှာ အံ့အား သင့်သွားသော်လည်း ယဲလိန်အား ဂရုမပျက် ပြန်ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ်မိတ်ဆွေတွေ အချုပ်အနှောင်ခံနေရတယ်၊ အဲဒီအတွက် ကျုပ် ဘယ်လိုလုပ်ပြီး ပျော်ရွှင်နိုင်မှာလဲ ဆရာလေးရဲ့"

"အင်း သူတို့ အနှောင်အဖွဲ့ ခံရတာလဲ အမှန်ပဲ၊ ဆရာချောက်လဲ အသက် ဘေးအန္တရာယ် ကျရောက်ဖို့ ကျွန်တော်မြင်တယ်"

ဆရာချောက်က ယဲလိန်အားစိုက်ကြည့်ကာ သူ့အတွက်ယုံ ထည့်မစဉ်းစားဘဲ ချက်ချင်းပင် ပြန်ပြောလိုက်သည်။

"ကျုပ် အစ်ကိုကြီး ရှောက်ဇင်နဲ့ ညီလေး ထွန်းလေ တို့ဟာ သိုင်းပညာညံ့လို့ ခံရတာ မဖြစ်နိုင်ဘူး"

ယဲလိန်က ခေါင်းတစ်ချက် ဆတ်မြရင်း ပြန်ပြော၏။

"မှန်ပါတယ်၊ သိုင်းပညာညံ့လို့ ခံရတာ မဟုတ်ပါဘူး"

"ဒါဆို ဗိုကောင်တွေက ဉာဏ်နီဉာဏ်နက်သုံးပြီး ဖမ်းဆီးတာကို ဆရာလေးကလဲ လက်ခံတယ်ပေါ့"

"လက်ခံရုံတင်ဘယ်ကမလဲဗျာ၊ ဗိုကောင်တွေက အဲဒီလို မိန်းမဉာဏ်နဲ့ လုပ်သွားကြတာပါ"

"ကျုပ်လဲ အထဲဝင်ပြီး ကိုယ့်လူတွေကို ကယ်တင်ဖို့ကြံနေတုန်း ဆရာလေးနဲ့တွေ့တာပဲ"

ယဲလိန်က—

"ဆရာချောက်ကို ကျွန်တော်လဲ အဲ ဗိုကိစ္စနဲ့ပတ်သက်ပြီး အကြံပေးချင်နေတာပါ၊ ရှန်ကျင်ဂေဟာရဲ့အင်အားကို ဆရာချောက် အထင်မသေးပါနဲ့၊ လူအင်အား အတော်ကြီးမားတယ်"

ဆရာချောက်က ယဲလိန်၏စကားကို ထိမထင်ဟန်နှင့်ကြည့်ကာ—

"ကျုပ်က ရှန်ကျင်ဂေဟာကို အထင်သေးနေတာ မဟုတ်ပါဘူး၊ ဆရာလေးက အထင်ကြီးနေတာ ဖြစ်ပါလိမ့်မယ်။ ပွင့်ပွင့်လင်းလင်းပြောရင် ရှန်ကျင်ဂေဟာထဲက လူတွေကို အချိန်မရွေး ကျုပ် စိန်ခေါ်ဝံ့ပါတယ်"

Scanned with ACE Scanner

ယဲလိန်က သက်ပြင်းမောကို ကျိတ်ချရင်း...

''ကောင်းပြီလေ၊ ဒီဂေဟာထဲက ကျွန်တော်သိသလောက် သိုင်းသမားတွေကို ပြောပြမယ်၊ နင့်ကျမ်းရောင်၊ ကန့်လုချို ပြီးတော့ ဆရာချောက်ရဲ့ညီနောင် ပိုင်ထိုက်ကွန်၊ ကဲ ဘယ်နှယ်လဲ၊ ဒီလူတွေကို ဆရာချောက်က တစ်ပြိုင်တည်း အနိုင်ယူလို့လွယ်ပါ့မလား၊ ဒါ့အပြင် ရှန်ကျင်ရဲ့ဦးရီးတော် တုန်ကိုးတုန့် အမည်မသိ လက်ပါးစေတွေ ရှိနိုင်သေးတယ်၊ ကျုပ်က ခင်ဗျားအတွက် ပြောနေတာပါ''

ဆရာချောက်က ဟာင်စုံတစ်ရာတွေ့မိဟန်နှင့် ပြန်မေး၏။

''ဆရာလေးရဲ့သဘောက အဖမ်းခံထားရတဲ့ လူတွေကို မကယ်တင်ပါနဲ့လို့ ကျုပ်ကို ပြောချင်တာလား''

''ကျွန်တော်ပြောချင်တာက အဲဒီသဘော မဟုတ်ပါဘူး၊ ဆရာချောက်က စိတ်လိုက်မာန်ပါလုပ်ရင် သူတို့ထောင်ချောက်ထဲဝင်မိပြီး ရှန်ကျင်ရဲ့လက်ထဲမှာ အဖမ်းခံထားရတဲ့ လူတစ်ယောက် ပိုသွားမှာစိုးရိမ်လို့ပါ''

ဆရာချောက်က ယဲလိန်၏စေတနာကို နားလည်ဟန်နှင့် တလေးတစား ပြန်ပြောသည်။

''ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျုပ်ကတော့ ဒီအတိုင်း လက်ပိုက်ကြည့်မနေနိုင်ဘူး''

''ဟုတ်တယ်၊ ကိုယ့်ရဲ့ သွေးသောက်ညီနောင်တွေ ဒုက္ခရောက်တာ ကယ်သင့်တာပေါ့၊ ဒါပေမယ့် ကျွန်တော်သာဆို ဒီလိုမလုပ်ဘူး''

Scanned with ACE Scanner

ယဲလိန်၏အပြောကို ဆရာချောက်က စိတ်ဝင်စားစွာ ပြန်မေးလိုက်သည်။

"ဆရာလေးရဲ့ သဘောက ဘယ်လိုပါလဲ"

"ကျွန်တော့်ကို အချိန်ပေးပါ၊ ဒီကိစ္စကို ကျွန်တော် တာဝန်ယူပါတယ်"

"ဆရာလေးမှာ ပိုင်ကွက်ရှိလို့လား"

ယဲလိန်က မပွင့်တစ်ပွင့်ပြုံးပြီး ပြောလိုက်သည်။

"သိုင်းပညာနဲ့ ပတ်သက်ရင် နင့်ကျူမ်းရောင်၊ ကန်လုချိန်နဲ့ ပိုင်ထိုက်ကွန်တို့ကို အချိန်မရွေး နေရာမရွေး အနိုင်တိုက်နိုင်ပါတယ်၊ အဲ ဉာဏ်ချင်း ယှဉ်တိုက်မယ်ဆိုရင်လဲ သူတို့ကို ကျွန်တော်က အရုပ်ကလေးတွေလို ကစားပစ်နိုင်ပါတယ်"

ဆရာချောက်မှာ သွေးသောက် ညီနောင်များအတွက် အသက်စွန့်ပြီး ကယ်တင်ရန်ကြံမိသော်လည်း ရှန်ကျင်ဂေဟာ၏ သတင်းများအရ အဆင့်မြင့်သိုင်းသမားများ များပြားလှကြောင်း သိပြီးဖြစ်ပေသည်။

ယဲလိန်က ယခုကဲ့သို့ ခပ်ပေါ့ပေါ့ ခပ်လွယ်လွယ်ပြောလာသဖြင့် ယဲလိန်အား ဆရာချောက်က စူးစိုက်ကြည့်လိုက်လေသည်။

"ကျွန်တော်ပြောတာ ဆရာချောက်က မယုံဘူးနဲ့တူတယ်"

"ဆရာလေးက ကိုယ့်ကိုယ်ကို သိပ်ပြီး အထင်ကြီးလွန်းမနေဘူးလား"

"ကျွန်တော်က မပိုင်ရင် ဘာမှ မလုပ်တတ်ပါဘူး ဆရာချောက်ရယ်၊ ခင်ဗျား မယုံကြည်တော့လဲ ကျွန်တော်က

လက်တွေ့ပြရမှာပေါ့၊ ကဲ ဒီတိုက်ကွက်ကို ဆရာချောက် ဖြိုဖျက်နိုင်သလား"

ယဲလိန်က ထိုင်ရာမှမထဘဲ လျှို့ဝှက်သိုင်းကျမ်းထဲမှ တိုက်ကွက်တစ်ကွက်ကို ကစားပြလိုက်သည်။

"သိပ်တော့ အခက်အခဲမရှိနိုင်ပါဘူး"

"ဒါဆို လက်တွေ့စမ်းကြည့်ရအောင်"

ယဲလိန်က ပြောပြောဆိုဆို ဆရာချောက်အား တိုက်ခိုက်လိုက်သည်။

ယဲလိန်၏ လက်ချောင်းငါးချောင်းသည် ဆရာချောက်၏ ရင်ဝဆီသို့ တရကြမ်း တိုးဝင်သွားတော့သည်။

ဆရာချောက်က ညာလက်သို့ အတွင်းအားပို့လွှတ်ကာ ယဲလိန်၏ ရှေ့နဂါးလက်သည်းကုတ်ချက်ကို လက်ဝါးစောင်းဖြင့် ဝါးဘိုးဝါး ခုတ်လှဲကွက်နှင့် တန့်ပြန်လိုက်သည်။

ယဲလိန်၏ လက်ချောင်းငါးချောင်းသည် ဆရာချောက်၏ လက်ဝါးစောင်းနှင့် ထိတွေ့လုချိန်တွင် အပေါ်သို့ ရုတ်ခြည်းပင့်ထောင်သွားကာ ဆရာချောက်၏ လက်ကောက်ဝတ်ကို ဖမ်းဆုပ်ပြီးဖြစ်လေသည်။

ယဲလိန်က ဖမ်းဆုပ်မိသောလက်ကောက်ဝတ်ကို ဆက်တိုက်ဆောင့်ဆွဲကာ ဘယ်လက်မှ လက်ချောင်းငါးချောင်းက ဆရာချောက်၏ရင်ဝကို တော့ထားလိုက်၏။

ယဲလိန်၏ လှုပ်ရှားမှုသည် လျှပ်ပြက်သလို မြန်ဆန်လှကြောင်း ဆရာချောက် အတွေးမဆုံးခင်မှာပင် ယဲလိန်၏

ဘယ်လက် ကုတ်ဆွဲချက်ကြောင့် ကျောမှိုးတစ်လျှောက် ဗိုး
အေးသွားမိသည်။

ဆရာချောက်မှာ မည်ကဲ့သို့မျှ ခုခံရန် ကြံစည်စိတ်ကူးမျှ မရခင်မှာပင် ယဲလိန်က နောက်ဘက်သို့ ခြေလှမ်းသုံးလှမ်း ခုန်ဆုတ်သွားပြီး ဖြစ်နေလေသည်။

ယဲလိန်၏ မြန်ဆန်လှသော လှုပ်ရှားမှုကြောင့် ဆရာချောက်၏ရင်ထဲ၌ တလှပ်လှပ် ခံစားသွားမိရသည်။

ကြုံနေရာ၌ ယဲလိန်သာ သူ၏ရန်သူ ဖြစ်ခဲ့လျှင်ဟူသော အတွေးက ထိတ်လန့်တုန်လှုပ် ချောက်ချားခြင်းကြီးစွာ ခံစားလိုက်ရပြန်သည်။

ထိုအခါ သူ့ဘ၀ သူ့အခြေအနေသည် မည်ကဲ့သို့ ဖြစ်ပျက်သွားမည်ကို မတွေးဝံ့အောင် ဖြစ်နေသည်။

ယဲလိန်က ဆရာချောက်အား လေးနက်တည်ကြည်သော မျက်နှာထားနှင့်ကြည့်ရင်း....

"ဒီလိုပညာမျိုးနဲ့ ဆရာချောက်ကို ကူညီလို့တော့ရနိုင်တယ် မဟုတ်လား"

ဆရာချောက်က တုန်လှုပ်မိသောစိတ်ကို ထိန်းချုပ်ပြီး ပြန်ပြောသည်။

"ဆရာလေးရဲ့ သိုင်းပညာကတော့ [illegible]ခန်းပါပဲ၊ ဒါပေမယ့်...."

"နေဦး၊ ကျွန်တော်စကားမပြတ်သေးဘူး၊ ဒီလိုအရေးတော်ပုံ သိုင်းညီနောင်ရှစ်ဖော်ရဲ့ ရဲဘော်ရဲဘက်စိတ်ကို ကျုပ်လေးစားပါတယ်၊ ကမ္ဘာ့ရှုးထိုးလုပ်ရင် ရှန်ကျင်ဂေဟာမှာ

မှချဆုံးရှုံးရမှာကို ကျွန်တော်မမြင်ရက်ဘူး။ ကျွန်တော်တို့ဟန်လူမျိုးတွေဘက်ကကြည့်ရင် ကိုယ့်အင်အားကို လျှော့နည်းအောင်လုပ်တာလို့ ကျွန်တော်ထင်တယ်၊ ဒြော် ဒါနဲ့ ဆရာဏန်ဖုန်ချီတစ်ယောက် နေပြည်တော်ကပြန်သွားတာ ဆရာချောက် သိလိုက်ယလား”

ယဲလိန်၏စကားကြောင့် ဆရာချောက် အံ့ဩသွားမိသော်လည်း ဟန်မပျက်ပြန်ပြောသည်။

“သိပါတယ်”

“သူက ဆရာချောက်ကိုဘယ်လို ထွေထွေထူးထူးတာတင်းများ ပြောခဲ့သေးသလဲ”

ဆရာချောက်၏မျက်နှာကိုပ်သည် ဆတ်ခနဲလှုပ်လှုပ်ရှားရှားဖြစ်သွားပြီး မျက်လုံးမှအလင်းရောင်များ ထူးထူးခြားခြားတောက်ပလာတော့သည်။

“ဆရာလေး ဆရာလေးဟာ နေလကိုယ်တော်လား”

သူ့အသံသည် ကတုန်ကယင်နှင့် အလျင်စလိုနိုင်လှ၏။

ယဲလိန်က နှုတ်ဖြင့်မဖြေဘဲ သူ၏ အိတ်ထောင်အတွင်းမှ နေလအာမိန့်ပေးအလံကို ထုတ်ပြလိုက်သည်။

ဆရာချောက်က ယဲလိန်အား ကမန်းကတန်း အရိုအသေပေးရင်း...

“ကျွန်တော့်စိတ်ထဲတော့အထင်သား၊ ပြည်ထဲအရေးက ပေါက်နဲ့ကျေးလို တော်ရုံနဲ့ခွဲမရလို့ ၈၀၀၈၀ ဖြစ်နေမိတာပါ၊ ကျွန်တော်ချောက်ရင်ပုက ကိုယ်တော်လေးကို ရိုင်းပျသလို ဖြစ်မိရင် ခွင့်လွှတ်ပါခင်ဗျာ”

ဆရာချောက်က ယဲလိန်အား တောင်းပန်၍မဆုံး ဖြစ်ရသည်။

ယဲလိန်က နေလအမိန့်ပေး၊ ဆလံကိုပြန်သိမ်းရင်း ပြန်ပြောလိုက်သည်။

"မသိလို့ဖြစ်ကြတာပဲ၊ တောင်းပန်စရာမလိုပါဘူး ဆရာချောက်"

"ကိုယ်တော်ကအမိန့်ပေးနေတော့ ကျွန်တော်နာခံရမှာပေါ့၊ ဒါပေမယ့်..."

ချောက်ရင်ပုနှုတ်ဆွံ့ကာ မဝံ့မရဲဖြစ်နေခြင်းကို ယဲလိန်က စကားထောက်ပေးလိုက်သည်။

"ဆရာချောက်စိတ်ထဲရှိတာသာ ပြောပါ၊ ပွင့်ပွင့်လင်းလင်း ပေါ့ဗျာ"

"ကျွန်တော်တို့ရဲ့ ညီနောင်တွေအကြောင်းကို ကိုယ်တော်လေး သိပြီးပြီလို့ ထင်ပါတယ်"

"ဟုတ်ကဲ့ သိပါတယ်"

"ကျွန်တော့်ရဲ့ညီ ကန်ဖုန်ချီက ကိုယ်တော်လေးကို မေတ္တာရပ်ခံထားတဲ့ကိစ္စ...."

ချောက်ရင်ပုက စကားဆုံးအောင်မပြောဘဲ ယဲလိန်၏ မျက်နှာရိပ်မျက်နှာကဲကို ကြည့်လိုက်သည်။

"စိတ်ချပါ ဆရာချောက်၊ ဟန်လူမျိုးတွေရဲ့ တော်လှန်ရေးမှာ သိုင်းပညာရှင် လူတော်လူကောင်းတွေကို အင်မြောက်

အမြား အလိုရှိနေပါတယ်၊ ကျွန်တော်တို့အနေနဲ့ လူတစ်ယောက်ကို လွယ်လွယ်နဲ့ မသေစေချင်ပါဘူး၊ အင်မတန်ကို မလွဲမရှောင်သာမှ လုပ်ဆောင်ကြမှာပါ”

ချောက်ရင်ပုက သက်ပြင်းမျှဉ်းမျှဉ်းချရင်း....

“ပိုင်ထိုက်ကွန် သစ္စာဖောက်တာကို ကျွန်တော်တို့ ညီနောင်ကစ်တွေအနေနဲ့ ခွင့်မလွှတ်နိုင်ပါဘူး၊ ဒီလို မထင်မှတ်ဘဲ ကိုယ်ကျိုးရှာ အခွင့်အရေးသမား ပေါ်ပေါက်လာတာကိုလဲ ကျွန်တော်တို့ရှက်ပါတယ်၊ အထူးသဖြင့် ညီမလေးလှေ့စုလျှံဆို စိတ်အဆင်းရဲဆုံးပါပဲ”

ချောက်ရင်ပု၏ မှန်ကန်သောရင်ဖွင့်စကားကြောင့် ယဲလိန်ပင် စိတ်မကောင်းဖြစ်သွားမိသည်။

“လောကကြီးမှာ တစ်ခါတရံ မထင်မှတ်တာတွေလဲ ပေါ်ပေါက်လာတတ်ပါတယ်၊ အဲဒီအဆိုးထဲက အကောင်းဆုံးဖြစ်အောင် ကျွန်တော်တို့ ကြိုးစားကြည့်သေးတာပေါ့ ဆရာချောက်”

“ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ မေးပါရစေ ကိုယ်တော်လေး”

ယဲလိန်က ခပ်ပြုံးပြုံးပင် ပြန်ပြောသည်။

“မေးပါ”

“ကိုယ်တော်လေးအနေနဲ့ ဗီညမှာပဲ ကျွန်တော်တို့ညီနောင်တွေကို ကယ်တင်ဖို့အစီအစဉ် ရှိပါသလား”

“ရှိတယ်၊ ဒါကြောင့် ကျွန်တော့်ရဲ့အလုပ်မှာ အနှောင့်အယှက်ဖြစ်မှာစိုးလို့ တားနေရတာပါ”

ချောက်ရင်ပုက အားမလိုအားမရဟန်နှင့် ပြောပြန်သည်။

"ကိုယ်တော်လေး၊ တစ်ယောက်တည်း ဗီဂေဟာထဲကိုဝင်ပြီး ကျွန်တော်တို့ရဲ့ ညီနောင်တွေကို ကယ်တင်မယ်ဆိုတာ ကျွန်တော်ကသိလျက်နဲ့ ဒီအတိုင်း ထိုင်ကြည့်နေရတော့ မှာလား"

ယဲလိန်က...

"ဟုတ်ပါတယ်၊ အဲဒီသဘောအတိုင်းပါပဲ၊ ဒါနဲ့ ဗီညူလူကယ်ဖို့ကိစ္စမှာ ဆရာချောက်က တစ်ခြားလူတွေကိုကော အကူအညီတောင်းထားသေးသလား"

ချောက်ချင်ပုမှာ ယဲလိန်၏စကားကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

ယဲလိန်၏ ထူးဆန်းသောအမေးကြောင့် နောက်သို့ ကမျာကယာ လှည့်ကြည့်ပြီး...

"ဘယ်သူမှလဲ မရှိပါလား၊ ကျွန်တော် ဘယ်သူ့မှ အကူအညီ မတောင်းခဲ့ပါဘူး"

"ဟိုဘက်ကိုကြည့်လေ ဆရာချောက်ရဲ့၊ ဘာတွေမြင်ရသလဲ"

ယဲလိန်ညွှန်ပြရာသို့ ချောက်ရင်ပုကြည့်လိုက်ရာ မယုံကြည်နိုင်အောင် အံ့သြဘနန်း ခံစားလိုက်မိသည်။

ရှန်ကျင်ဂေဟာ၏ မှောင်ရိပ်ဘက်နေရာ၌ လူသုံးယောက် လှုပ်ရှားနေကြသည်ကို ချောက်ရင်ပု စိုက်ကြည့်နေမိသည်။

ချောက်ရင်ပုမှာ အမြင်အကြား အာရုံ စူးရှထက်မြက်လှ၍ သော နေလကိုယ်တော်အား သူ့စိတ်ထဲမှ ချီးကျူး၍မဆုံး နိုင်အောင် ဖြစ်နေလေသည်။

"ကျွန်တော် ဘယ်သူ့ကိုမှ အကူအညီ မတောင်းခဲ့ပါဘူး ကိုယ်တော်လေး"

ယဲလိန်ငြိမ်နေသဖြင့် ချောက်ရင်ပုက ထပ်မံပြောကြား လိုက်ခြင်း ဖြစ်သည်။

ယဲလိန်၏စိတ်ထဲ၌လည်း မှောင်ရိပ်မှ လှုပ်ရှားမှုကို အကဲ ခတ်ကာ တွေးတောနေမိ၏။

"ဒါဆိုရင် ကိုးဖုန်ရှီးတို့လူသိုက် ဖြစ်နိုင်တယ်"

ယဲလိန်တွေးတောနေစဉ် ချောက်ရင်ပုက သိလိုစိတ်ပြင်းပြ နေ၍ ယဲလိန်အား မေးမြန်းလိုက်သည်။

"ဒီလူတွေဟာ ဘယ်သူတွေဖြစ်နိုင်သလဲ ကိုယ်တော်လေး"

"ကျွန်တော့်အထင်ပြောရရင် ဒီလူသုံးယောက်ဟာ ဆရာ ချောက်ရဲ့သမီးနောင်တွေကို ကယ်တင်ဖို့ ကြိုးစားကြံစည်နေကြ တာပဲ"

ချောက်ရင်ပုက....

"အင်း နေပြည်တော်က မိတ်ဆွေတွေထင်ပါရဲ့"

ယဲလိန်က ချောက်ရင်ပုအား ပြောလိုက်သည်။

"ကဲ အချိန်မီ ကျွန်တော်တို့သွားကြရအောင်"

ယဲလိန်က မျက်နှာဖုံးစွပ်ကို ပြန်လည် တပ်ဆင် လိုက် ရာ ချောက်ရင်ပုက ယဲလိန်အား မေးလိုက်သည်။

Scanned with ACE Scanner

"ကိုယ်တော်လေး ကျွန်တော်လဲ ရုပ်ဖျက်ဖို့ လိုဦးမလား"

"မလိုဘူး၊ ကျွန်တော်က ဇီမှာ လျှို့ဝှက်လှုပ်ရှားရဦးမှာ ဆိုတော့ လူတိုင်းကို အသိပေးလို့ မဖြစ်သေးဘူး၊ ပြီးတော့ ဟိုသုံးယောက်ထဲမှာ လူအမျိုးမျိုး စိတ်အထွေထွေမို့ ကျွန်တော့်ရဲ့ မူလရုပ်ကို မပြချင်သေးတာပါ"

ယဲလိန်နှင့် ချောက်ရင်ပုတို့သည် ကိုယ်ဖော့ပညာကိုသုံး၍ ထာ လူစုရှိရာသို့ တိုးကပ်သွားကြသည်။

အနီးသို့ရောက်သည်နှင့် အားလုံးပေါင်းရှစ်ယောက် ဖြစ်ကြောင်း ယဲလိန်တွေ့လိုက်ရ၏။

လူရှစ်ယောက်လုံး အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားကြပြီး လူငယ်က ပိုများကာ လူလတ်ပိုင်းက နှစ်ယောက်သာ ပါဝင်ကြောင်း ယဲလိန်သတိပြုမိသည်။

ယဲလိန်မှာ ထိုလူစု၏လှုပ်ရှားမှုကို အကဲတော်ဆာ လူလတ်ပိုင်းနှစ်ယောက်ဆီသို့ ခြေလှမ်းကျဲကျဲနှင့် လျှောက်လှမ်းသွားလိုက်သည်။

ယဲလိန်မှာ ထိုလူစုကို အကဲတော် ကြည့်ရှုခြင်းအားဖြင့် ကိုးဖုန်ရှီးတို့လူစု မဟုတ်သော်လည်း ရည်ရွယ်ချက်ချင်း တူညီနေသဖြင့် ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်သည်။

"ဇီမှာမိတ်ဆွေ၊ ဇီပုဂ္ဂိုလ်က အရှေ့တောင် သိုင်းညီနောင်ရှစ်ဖော်ထဲက ဆရာချောက်ပါပဲ"

ခေါင်းဆောင်ဖြစ်ဟန်တူသောလူက မယုံမရဲစိတ်နှင့် အကဲခတ်ရင်း....

"ဒီကမိတ်ဆွေက ဆရာချောက်ဟုတ်ရဲ့လား"

Scanned with ACE Scanner

ယဲလိန်က ကြားဝင်ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ ဆရာချောက်ပါပဲ"

ချောက်ရင်ပုက ရွှေတစ်လုမ်းတိုးရင်း....

"ဒါကိုမြင်ရင်တော့ ယုံကောင်းပါရဲ့"

လူစုမှာ ချောက်ရင်ပု၏ နာမည် ကျော်ကြားလှသော သံမဏိယပ်တောင်ခုနစ်လှာကို ဖြတ်ခနဲမြင်လိုက်ရသဖြင့် ဝမ်းသာအားရ ပြန်ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ ဆရာချောက် အစစ်အမှန်ပါပဲ၊ ကျွန်တော်တို့ ယုံကြည်ပါပြီ"

"မိတ်ဆွေတို့က ရှန်ကျင် ဂေဟာအနီးမှာ ညဥ့်အချိန်မတော်ကြီး လှုပ်ရှားနေကြတာဟာ ကျွန်တော်တို့ညီနောင်တွေကို ကယ်ဘင်ဖို့ပဲလား"

"ဟုတ်ပါတယ် ခင်ဗျာ"

ယဲလိန်က...

"ဒါဖြင့် မိတ်ဆွေတို့က ဘယ်ကပါလဲ၊ ဖြစ်နိုင်ရင် ကျွန်တော်တို့ကို အသိပေးပါလား"

"ကျွန်တော်တို့က မန်ချင်ဖြိုအသင်းအဖွဲ့ကပါ"

ချောက်ရင်ပုက ယဲလိန်အား လှမ်းကြည့်လိုက်သည်။ သူ၏အကြည့်မှာ ယဲလိန်အနေဖြင့် ဤမန်ချင်ဖြိုအသင်းအဖွဲ့ကို သိသလားဟူသော အမေးလက္ခဏာပါရှိနေ၏။

ယဲလိန်က မည်သို့ပြန်မပြောဘဲ မန်ချင်ဖြိုအသင်းသားများအား လေ့လာအကဲခတ်နေလေသည်။

မန်ချင်ဖြို့ အသင်းသားများ၏ မျက်နှာသည် ပြင်းထန်သောစခံယူချက်ကြောင့် တင်းကြနေဟန်ရှိ၏။

ထိုအခိုက် အနက်ရောင်ဝတ်စုံဝတ်ထားသော သိုင်းသမားကြီးက ဆက်ပြောလိုက်သည်။

"ကျွန်တော်တို့ရဲ့အဖွဲ့က လျှို့ဝှက်တည်ထောင်ခဲ့တာ သုံးနှစ်လောက်ပဲ ရှိပါသေးတယ်၊ အလွှာအသီးသီးက လူတန်းစား၊ အမျိုးမျိုး ပါဝင်ကြပါတယ်၊ ဖွဲ့စည်းတည်ထောင်တာ သိပ်မကြာသေးတော့ လူသိနည်းပါတယ်ခင်ဗျာ"

ယဲလိနိုက တည်ကြည်လေးနက်သော လေသံနှင့်....

"မိတ်ဆွေတို့ရဲ့အဖွဲ့ကို ကျွန်တော်တို့ အများကြီးလေးစားပါတယ်၊ ကိုယ့်မြေကိုယ့်ရေကို ကာကွယ်စောင့်ရှောက်တဲ့ အဖွဲ့ပါပဲ၊ ဒါနဲ့မိတ်ဆွေတို့ရဲ့အဖွဲ့ချုပ်ကို ဘယ်မှာတွေ့နိုင်မယ်လဲ"

ဦးဆောင် ပြောကြားနေသူက ယဲလိနို၏ စကားကြောင့် တွန့်ဆုတ်ဆုတ်ဖြစ်သွားကာ ယဲလိနိုအား စူးစိုက်လေ့လာရင်း ပြန်မေးလိုက်သည်။

"မိတ်ဆွေမှာ ဘယ်လိုအရေးကိစ္စရှိလို့ တွေ့ချင်ရတာလဲ"

"အရေးကြီးတဲ့ ကိစ္စရှိနေလို့ပေါ့ဗျာ"

ထိုလူက ရိုးသားပွင့်လင်းစွာပင် ပြန်ပြောသည်။

"အဖွဲ့ချုပ်ကတော့ ဒီနားမှာ ရှိမနေပါဘူး၊ လောလောဆယ် တွေ့ချင်ရင်တော့ အဖွဲ့ခွဲမှူးတော့ရှိပါတယ်"

ထိုလူက ယဲလိနိုအား ပြန်ပြောအပြီး ချောက်ရင်ပုကို လှမ်းကြည့်လိုက်သည်။

သူ့အကြည့်ကို ယဲလိနိုက ရိပ်မိသည်။

လတ်ဘသော အခြေအနေအထားအရ ချောက်ရင်ပုကိုသာ ထိုလူက ယုံကြည်စိတ်ချပြီး ယဲလိန်အား အကဲခတ်လေ့လာနေဟန် မရှိ၍ ယဲလိန်ပြုံးမိသည်။

သို့သော် ယဲလိန်က ထိုလူအား စိတ်ကွက်ခြင်း၊ အပြစ်ယူခြင်းမရှိဘဲ ချောက်ရင်ပုကိုသာ ပြန်ကြည့်လိုက်သည်။

ချောက်ရင်ပုက ယဲလိန်နှင့် ထိုလူအကြား ဝင်ရောက်ပြောကြားပေးလိုက်သည်။

"မိတ်ဆွေတို့က ကျွန်တော့်ကို ယုံကြည်စိတ်ချသလို ကျွန်တော့်မိတ်ဆွေကိုလဲ ယုံကြည်စိတ်ချနိုင်ပါတယ်"

"ကောင်းပြီလေ၊ ဒါဆိုရင် ဒီကမိတ်ဆွေက ကျွန်တော်တို့ရဲ့ အဖွဲ့ခေါင်းနဲ့ လိုက်တွေ့နိုင်ပါတယ်"

ယဲလိန်က အနည်းငယ်စဉ်းစားပြီး....

"ဆရာချောက်ပါ လိုက်ခဲ့ပါ"

ချောက်ရင်ပုက ခေါင်းညိတ်ပြပြီး ယဲလိန်နှင့်အတူ လိုက်ပါသွားသည်။

\+ + +

ရှန်ကျင်ဂေဟာ မျက်မှောင်းထိုး၌ ပြတ်လမ်းကလေး တစ်ခုရှိနေသည်။

ယဲလိန် အမြဲတမ်း ရောက်ရှိနေကျ လမ်းကလေး ဖြစ်၍ အထူးတလည် လေ့လာရန်ပင် မလိုတော့ချေ။

လမ်းထဲသို့ဝင်ပြီး အတန်ကြာ လျှောက်မိကြလျှင် အထပ် ကြီးစရာ လုံးဝမရှိသော အိမ်တစ်အိမ်၏တံခါးကို အနက်ရောင် ဝတ်စုံနှင့်လူက အချက်ပေးခေါက်လိုက်သည်။

တံခါးဖွင့်ပေးသူမှာလည်း အနက်ရောင်ဝတ်စုံနှင့်ပင်ဖြစ်ပြီး ယဲ့လိန်နှင့် ချောက်ရင်ပုကို မြင်လိုက်ရသည်တွင် နောက်သို့ ခြေတစ်လှမ်းဆုတ်ရင်း အကဲခတ် နေလိုက်သည်။

လမ်းပြလာသူက အခန်းထဲသို့ လှမ်းဝင်ပြီး ယဲလိန်တို့နှင့် မိတ်ဆက်ပေးလိုက်သည်။

"သူတို့ကတော့ အရှေ့တောင်သိုင်းညီနောင်ရှစ်ပေါ်ထဲက ဆရာ ချောက်ရင်ပုနဲ့ သူ့မိတ်ဆွေပါ"

"ဪ"

တံခါးဖွင့်ပေးသူက အံ့ဩသလို နှုတ်ဆက်ဟန်ပြုရင်း ပြန် ပြောလိုက်သည်။

"ဆရာချောက်နဲ့ ခုလိုတွေ့ရတာ ဝမ်းသာပါတယ်၊ ဆရာ ချောက်ရဲ့ သံမဏိယပ်တောင် ခုနစ်လှုံ့ကတော့ တကယ် နာမည်ကျော်ကြားတာပါပဲ၊ ခုလို တွေ့ဆုံသိကျွမ်းရတာ ဝမ်း သာ ဂုဏ်ယူမိတာ အမှန်ပါပဲခင်ဗျာ"

သိုင်းလောကအတွင်း၌ တစ်ဦးနှင့်တစ်ဦး လူချင်း မသိ ကျွမ်းကြသော်လည်း လူတစ်ယောက်၏ ကောင်းသတင်းကို အဖြူရောင်သိုင်းသမားတို့မှာ အလွန်တရာ တန်ဖိုးထား လေး စားကြသည်။

လမ်းပြလာသူက ဝင်ပြောပြန်သည်။

"ဒါနဲ့ အဖွဲ့ခွဲမှူးကြီး ရှိနေသလား"

"ရှိပါတယ်"

အိမ်တံခါးဖွင့်ပေးသူက ယဲလိနိုတို့ကို ဧည့်ခန်းအတွင်းသို့ ခေါ်ဆောင်သွားသည်။

ဧည့်ခန်းအတွင်းထိုင်ကြ၍ မကြာမီမှာပင် ပါးမြိုင်းမွေး စားကား အရပ် ထောင်ထောင် မောင်းမောင်းနှင့် လူကြီး တစ်ယောက် ရောက်ရှိလာ၏။

ဧည့်ခန်းအတွင်းမှ ယဲလိနိုနှင့် ချောက်ရင်ပုတို့ကို စူးစိုက် ကြည့်ကာ လှမ်းမေးလိုက်သည်။

"ကျုပ်ကိုတွေ့ချင်တာ ဘာကိစ္စများ ရှိလို့လဲ"

ချောက်ရင်ပုက ထိုင်ရာမှထပြီး အရိုအသေပေးစာ နှုတ် ဆက်လိုက်သည်။

"အဖွဲ့ခွဲမှူးကြီးခင်ဗျာ ကျွန်တော်ကတော့ အရှေ့တောင် သိုင်းညီနောင်ရှစ်ဖော်ထဲက ချောက်ရင်ပုပါ"

ချောက်ရင်ပု၏လက်အတွင်းမှ ရွှေရောင်တဖိတ်ဖိတ်တောက် နေသော ယပ်တောင်ခုနစ်လွှာမှာ ချောက်ရင်ပု၏ အကောင်း ဆုံးသော အမှတ်အသားဖြစ်၍ နေလေသည်။

"ဩော် ဆရာချောက်ကို လာရောက်ပြီး မကြုံဆိုမိတာ ခွင့်လွှတ်ပါဗျာ"

ချောက်ရင်ပုက....

"ကိစ္စမရှိပါဘူးခင်ဗျာ၊ အဖွဲ့ခွဲမှူးကြီးရဲ့ အမည်နာမကို တော့ သိခွင့်မရှိဘူးလား ခင်ဗျာ"

Scanned with ACE Scanner

အဖွဲ့ခွဲမှူးကြီးက အားပါးတရ ပြုံးရယ်ပြရင်း ...

"သိရပါတယ် သိရပါတယ်၊ ကျုပ်ရဲ့အမည်ကတော့ နဂါးစိမ်း ကြူးချိန်လို့ခေါ်တယ်၊ အဲ သူကတော့ ကျွဲဖြူ ဟန်ကွေးပါပဲ"

အဖွဲ့ခွဲမှူးကြီး နဂါးစိမ်းကြူးချိန်က သူ့ဘေးတွင် အေးဆေးစွာ ရပ်နေသည့် လူမြင့်လျှင် ဗလထင်ကြီးဟန် မရှိသော လူဘစ်ယောက်နှင့်ပါ မိတ်ဆက်ပေးလိုက်၏။

ချောက်ရင်ပုက လက်သီးနှစ်ဘက်ဆုပ်၍ ဂါရဝပြုကာ...

"မိတ်ဆွေတို့ရဲ့အဖွဲ့က ကျွန်တော်တို့ရဲ့ ညီနောင်တွေကို ခုလို ဂေ ာနာ့ထားပြီး ကူညီကယ်တင်ပေးတာကို ကျေးဇူးတင် မဆုံးပါဘူး"

နဂါးစိမ်းကြူးချိန်က လက်ကာပြပြီး....

"ဒီသို့အော့ မပြောပါနဲ့ခင်ဗျာ၊ ဒါဟာ ကျွန်တော်တို့ မန်ချင်ဖြိုအဖွဲ့ရဲ့ အဓိက တာဝန်တစ်ရပ်ပါ၊ အခုလို ကူညီဆောင်ရွက်ခွင့်ရတာကိုပဲ ဝမ်းသာလှပါပြီ၊ အခန့်သင့်တာက ဆရာချောက်လဲ ရောက်နေတုန်း အခု ကယ်ဆယ်ရေးလုပ်ငန်းကို ဆရာချောက်က ဦးဆောင်ဦးရွက် ပြုပေးစေချင်ပါတယ်"

ချောက်ရင်ပုက မျာမျာသလဲ ငြင်းလိုက်သည်။

"အို မဟုတ်တာဗျာ"

ကြူးချိန်က....

- "အားနာစရာမဟုတ်ပါဘူး၊ ဒီလို အရေးအခင်းမျိုးမှာ ဆရာချောက်က တာဝန်အရှိဆုံးပါပဲ၊ အတူတကွ ပူးပေါင်း

ဆောင်ရွက်မှုဟာ အောင်မြင်မှု ပန်းတိုင်ကို အလွယ်တကူ လှမ်းကိုင်နိုင်ပါတယ်"

ချောက်ရင်ပုက ဇာကျိုးသင့်အကြောင်းသင့် ရှင်းပြလိုက်ပြန်သည်။

"အဖွဲ့မှူးကြီးအနေနဲ့ ကျွန်တော့်အပေါ် သံသယတော့ မဝင်စေချင်ပါဘူး၊ ဇီကိစ္စကို ကျွန်တော်ဦးဆောင်လို့ မဖြစ်နိုင်ပါဘူးခင်ဗျ"

ချောက်ရင်ပု၏စကားမှာ နဂါးစိမ်းကြူးချိန်နှင့် ကျားဖြူဟန်ကွေးတို့အား တအံ့တဩဖြစ်စေသည်။

ကြူးချိန်က ချောက်ရင်ပုမျက်နှာအား မယုံကြည်နိုင်ဟန်ဖြင့် ကြည့်ရင်းမေးလိုက်သည်။

"ဆရာချောက်က ဒီကိစ္စမှာ မပါဝင်ချင်ဘူးလို့ ဆိုလိုတာလားခင်ဗျာ"

ချောက်ရင်ပုမှာ ကြူးချိန်အား မည်ကဲ့သို့ ပြန်လည်ပြောဆိုရမည်ကို စဉ်းစားမရနိုင်ဟန်နှင့် ငေးကြောင်ကြည့်နေစဉ်ယံလိန်က ကြားဝင်ပြောလိုက်သည်။

"ဇီကိစ္စကို ကျွန်တော်ကပဲ ဆရာချောက်ရဲ့ကိုယ်စား ရှင်းလင်း ပြောကြားပါရစေခင်ဗျာ"

"ပြောပါ"

နဂါးစိမ်းကြူးချိန်က မကျေမနပ်ဟန်နှင့် တိုတောင်းပြတ်သားလွန်းစွာ ပြောလိုက်သည်။

"ဆရာချောက်ဟာ ရှန်ကျင်ဒေသဟာထဲက အင်အားကြီးမားတဲ့ အဆင့်မြင့်သိုင်းသမားတွေ များပြားနေတဲ့အတွက်

မလိုအပ်ဘဲ အရဲစွန့်တိုက်တာမျိုး မလိုလားလို့ဖြစ်ပါလိမ့်မယ်၊ အရေးကြီးဆုံးက အဖမ်းခံထားရတဲ့လူတွေ ဘေးမသီရန်မခ ဘဲ ပြန်လည်ကယ်ဆယ်နိုင်ဖို့ပါပဲ။ ခုလိုအကြမ်းဖက်ပြီးတိုက် ရင် အကျိုးမရှိတဲ့အပြင် ပိုပြီးအခက်အခဲဖြစ်နိုင်တာကို ဆရာ ချောက်က စိုးရိမ်လို့ပါပဲခင်ဗျာ”

နဂါးစိမ်းကြူးချိန်နှင့် ကျားဖြူဟန်ကွေးတို့၏ စူးရှသောအကြည့်က ယဲလိန်အပေါ် ကျရောက်သွားသည်။

ကျားဖြူဟန်ကွေးက ဘဝင်မကျနိုင်ဟန်နှင့် အေးစက်စက် မေးလိုက်သည်။

“မိတ်ဆွေက ဘယ်သူပါလဲ”

ချောက်ရင်ပုက အလျင်စလို ကြားဝင်ပြောသည်။

“ဩော် သူကကျွန်တော့်မိတ်ဆွေပါ”

ကျားဖြူဟန်ကွေးကပင် ထပ်၍ပြောပြန်သည်။

“ရှန်ကျင်ဂေဟာမှာ အဆင့်မြင့်သိုင်းသမားလူတော်တွေ ရှိတာ ကျွန်တော်တို့သိပြီးသားပါ၊ ဒီလိုအန္တရာယ်တွေမရှိရင် ကျွန်တော်တို့က အပင်ပန်းခံပြီး အစီအစဉ်တွေရေးဆွဲနေဖို့ တောင် မလိုဘူး၊ ဒီလိုကြမ်းကြမ်းတမ်းတမ်းလုပ်ကြံမှရနိုင်မှာ ပေါ့၊ ခင်ဗျားပြောတဲ့သဘောထဲမှာ ရှန်ကျင်က စေတနာ ရေစီးကမ်းပြိုလိုက်ပြီး အလကားပြန်ပေးမယ်လို့ ခင်ဗျားထင် နေသလား”

ဟန်ကွေး၏စကားသံမှာ အနည်းငယ်ဒေါသသံပါလာပြီး ယဲလိန်အား ရိတိတိနှင့် ခနဲ့ခနဲ့ပြောလိုက်ခြင်းဖြစ်ပေသည်။

ယဲ့လိန်က စိတ်မဆိုးနိုင်ဘဲ ကျားဖြူဟန်ကွေး သဘောပေါက် နားလည်စေရန် ထပ်မံရှင်းပြလိုက်သည်။

"ဒီကမိတ်ဆွေပြောတဲ့စကား မှန်ပါတယ်၊ အန္တရာယ်ပြွမ်းတဲ့ ကြားက လူကိုကယ်တင်ရမယ်ဆိုတာ ကျွန်တော်သဘောပေါက်ပါတယ်၊ ဒါပေမယ့် အစီအစဉ်တွေ ချွတ်ချော် တိမ်းစောင်းခဲ့ရင် မလိုလားအပ်တဲ့ သွေးထွက်သံယိုမှုကိစ္စကို ပေါ်ပေါက်လာနိုင်လို့ ပြောနေတာပါခင်ဗျာ"

"ကျွန်တော်တို့လဲ တိတိကျကျတော့ စီစဉ်ထားပါတယ်၊ ဒါပေမယ့် အခြေအနေအရ မိတ်ဆွေပြောသလို မဖြစ်လာနိုင်ဘူးလို့ ကျွန်တော်တို့ အာမမခံနိုင်ဘူး"

"အလုပ်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်မရှိရင် ဒီလိုပဲ စိုးရိမ်ကြောင့်ကြစိတ် ကြီးမားနေရမှာပါ၊ ဒီပြဿနာကို အစအဆုံးကျွန်တော်ခန့်မှန်းနိုင်ပါတယ်"

ယဲ့လိန်က ပိုင်နိုင်တိကျဟန်နှင့် ပြောလိုက်သည်ကို ကျားဖြူဟန်ကွေးမှာ စိတ်လှုပ်ရှားသွားသော်လည်း ဟန်မပျက် ပြန်မေးလိုက်သည်။

"ဘယ်လိုလဲမိတ်ဆွေရဲ့ ခင်ဗျားစကားတွေက တိကျသေချာလှချည်လားဗျ၊ ဒီထက်ရှင်းအောင်ပြောစမ်းပါဦး"

"ကောင်းပြီလေ၊ ခင်ဗျားမေးတာကို ကျွန်တော်ဖြေပါ့မယ်"

ယဲ့လိန်က နဂါးစိမ်းကြိုးချိန်နှင့် ကျားဖြူဟန်ကွေးတို့ကို စိုက်ကြည့်ကာ လေသံကိုနိမ့်ချပြီး ပြောလိုက်သည်။

"ချန်ကျင် ဂေဟာထဲမှာ နင့်ကျမ်းရောင်အပြင် သိုင်းလောကထဲမှာ ဝါရင့်နေတဲ့ကန်လုချို၊ မားဝိဇ္ဇာပိုင်ထိုက်ကျန်နဲ့ တိဘက်ပဲ့ပါးမားတွေလဲ ရှိနိုင်တယ်၊ ပြီးတော့ အဆောင့်အစောင့်အင်အားတွေဟာ ခြေချင်းလိမ်အောင် အနမ္မတဂ္ဂ များတယ်၊ ဒီတော့ ကျွန်တော်တို့ဆီက တိုက်ပွဲဝင်မယ့် အင်အားနဲ့ နှိုင်းဆလိုက်ရင် ဆင်နဲ့ဆိတ် လိုဖြစ်နေတယ်၊ ကျွန်တော်တို့ စွန့်စားရကျိုးမနပ်တဲ့အပြင် အကျိုးနည်းဖို့ပဲရှိတာပေါ့"

"ဟင်"

ကျားဖြူဟန်ကွေးက ယဲလိန်အား တစ်စုံတစ်ရာပြန်ပြောရန် ဟန်ပြင်လိုက်၍ ယဲလိန်က လက်သီးကာပြကာ ထပ်မံပြောလိုက်သည်။

"ကျွန်တော့်စကားကို ကျေးဇူးပြုပြီး ဆုံးအောင်နားထောင်ပါဦး၊ ကျွန်တော့်စကားဆုံးတော့ ကြိုက်သလို ဝေဖန်နိုင်ပါတယ်"

"ကောင်းပြီ ဆက်ပြောပါမိတ်ဆွေ"

"ခုနေခါမှာ ရှန်ကျင်ဂေဟာကိုဝင်မိတဲ့ လူဆယ်ယောက် ပြန်ပြေးနိုင်ရင် တစ်ယောက်စ၊ နှစ်ယောက်စပဲ ရှိနိုင်ပါတယ်၊ ဒါကိုလဲ ကံကောင်းတယ်လို့ မှတ်ယူပါခင်ဗျာ"

ကျားဖြူဟန်ကွေး၏ မျက်နှာမှာ မခံချင်စိတ် ကြောင့် နီမြန်းသွားတော့သည်။

"မိတ်ဆွေက ကျွန်တော်တို့ရဲ့ မန်ချင်ဖြို အသင်းကို အကြောင်းမဲ့သက်သက် အထင်သေးနေတာနဲ့တူတယ်"

ယဲလိန်က လေသံအေးအေးနှင့် ပြန်ပြောလိုက်သည်။

"ကျွန်တော့်မှာ အဲဒီလိုသဘောမျိုး လုံးဝ မရှိပါဘူး၊ ခုလိုပြောရတာကလဲ ကိုယ်ဘက်က အထိနာ ဆုံးရှုံးမှုခံရတဲ့ သဘောပါပဲ၊ ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသားနဲ့ အရှိကို အရှိအတိုင်း သိထားကြမှ ကြိုတင်ကာကွယ်နိုင်မယ် မဟုတ်လား"

ယဲလိန်၏စကားများသည် စေတနာပါမှန်းသိသော်လည်း ကျားဖြူဟန်ကွေးမှာ မျက်နှာပျက်သွားသည်။

စကားဝိုင်းသည် အတန်ကြာ တိတ်ဆိတ်သွားသေးသည်။ ယဲလိန်ကလည်း နဂါးစိမ်းကြူချိန်နှင့် ကျားဖြူဟန်ကွေးတို့၏ အရိပ်အကဲသဘောထားကို နားစွင့်နေလိုက်သည်။

ကျားဖြူဟန်ကွေးက မခံချင်စိတ်နှင့် ယဲလိန်အား ပြန်ပြောလိုက်သည်။

"ဒီမှာမိတ်ဆွေ၊ ကျွန်တော်တို့က တခြားအဖွဲ့တွေလို နာမည်မကျော်ကြားပေမယ့် လူကြောက်လူပျော့တွေလို့တော့ မထင်လိုက်ပါနဲ့"

ယဲလိန်က ဟန်မပျက် တည်ငြိမ်စွာပြောလိုက်သည်။

"ကျွန်တော့်သဘောက အဲဒီလိုပြောတာ မဟုတ်ပါဘူး၊ သတိဆိုတာ ပိုဘယ်မရှိဘူး၊ ရန်သူကို အထင်သေးဖို့ မဟုတ်သလို အထင်ကြီး ကြောက်ရွံ့ဖို့ပြောနေတာမှ မဟုတ်တာဘဲ၊ အခုပွဲက ရန်ငြိုးကြောင့်မဟုတ်သလို တိုက်ပွဲရိုးရိုးလဲ မဟုတ်

ဘူး၊ ဉာဏ်ကိုလွှာသုံးမှ အောင်ပွဲခံနိုင်မယ့်ပွဲမျိုး ဖြစ်တယ်၊ အရေးကြီးဆုံးက လှုပ်ရှားနေတဲ့စိတ်ကို အတတ်နိုင်ဆုံး ချုပ်တည်းပြီး ကြံဆောင်လုပ်ကိုင်ရင် ကောင်းပါတယ်၊ မန်ချင်ဖြို အဖွဲ့ရဲ့အင်အားကို လုံးဝမပျက်စီးစေချင်ဘူး''

''ဒီလိုဆိုရင်....''

ကျားဖြူဟန်ကေ့းမှာ စကားမဆက်နိုင်တော့ပေ၊ ယဲလိ က ဟန်ကေ့း၏စကားအဓိပ္ပာယ်ကို နားလည်သဘောပေါက် ဟန်နှင့် ဆက်ပြောသည်။

''ဟုတ်ပါတယ်၊ ကျွန်တော်တို့ဘက်က တစ်စုံတစ်ရာ မဆုံး ရှုံးစေဘဲနဲ့ အောင်မြင်အောင် စွမ်းဆောင်နိုင်ဖို့ အရေးကြီး တယ်ဆိုတာ ပြောချင်တာပါပဲ''

နဂါးစိမ်းကြူးချိန်က....

''ဆရာချောက်ဟာ ဒီကိစ္စမှာ မပါဝင်တဲ့အကြောင်းရင်း ကလဲ မိတ်ဆွေရဲ့ သဘောဆန္ဒအရပဲလား''

ယဲလိန်က အေးဆေးတည်ငြိမ်စွာ ပြန်ပြောသည်။

''ဟုတ်ပါတယ်၊ မိတ်ဆွေတို့ကိုလဲ တားမြစ်နေတာပါ၊ ဒီပြဿနာကို တစ်ရက်နှစ်ရက်လောက် အချိန်ယူပြီး စဉ်းစား စားစား လုပ်စေချင်တာပဲ''

နဂါးစိမ်းကြူးချိန်၏ ပါးမြိုင်းမွေးများပင် ဒေါသကြောင့် ထောင်တက်လာကာ မျက်လုံးအစုံသည်လည်း အရောင် တောက်လာသည်။

"ဘာပြောတယ်၊ ခင်ဗျားက ကျုပ်တို့ကို ဓားမြစ်ဟန့် တားနေတယ် ဟုတ်လား"

"လုံးဝမလုပ်ဖို့ တားမြစ်နေတာမျိုး မဟုတ်ပါဘူး၊ အလောသုံးဆယ်လုပ်ရင် အကျိုးမဲ့ပျက်စီးမှာမို့ ရက်ရွှေ့ဆိုင်းဖို့ ပြောနေတာပါ"

လတ်တလော အခြေအနေမှာ တင်းမာလာတော့မည့် အရေးကြောင့် ချောက်ရင်ပုက ဝင်ရောက်ပြောလိုက်သည်။

"ဆရာကြီးနဲ့ ဆရာကွေးခင်ဗျား၊ အခု အဖမ်းခံနေတာ ကလဲ ကျွန်တော့်ရဲ့ သွေးသောက်ညီနောင်တွေပါပဲ၊ မိတ်ဆွေ ကောင်းပီသစွာကူညီတဲ့ ဆရာကြီးနဲ့ ဆရာကွေးတို့က ဒီက ကျွန်တော့်မိတ်ဆွေ မေတ္တာရပ်ခံတာကို လိုက်နာစေချင်ပါ တယ်"

နဂါးစိမ်းကြီးချိန်က ချောက်ရင်ပုကို နားမလည်နိုင်သလို တစ်ချက်ကြည့်ရင်း ယဲလိနီအား မကျေမနပ်နှင့် ပြန်ပြော လိုက်သည်။

"ခင်ဗျားပြောတဲ့အတိုင်းဆိုရင် ခင်ဗျားကလဲ လက်ရှောင် နေတယ်၊ ကျုပ်တို့ကိုလဲ နောက်ဆုတ်နေပါလို့ ပြောတယ်၊ အဖမ်းခံရတဲ့လူတွေကို ဘယ်သူကယ်တင်ပေးမှာလဲ၊ ရန်သူ့ လက်ထဲက ကျုပ်တို့မိတ်ဆွေတွေကို ရှန်ကျင်က ခြင်းထဲက ကြက်ကို အလွယ်လေး သတ်ဖြတ်လိုက်သလိုလုပ်မှာကို ကျုပ် တို့ ဒီအတိုင်း လက်ပိုက်ကြည့်နေရတော့မှာလား"

"ဒီလိုလဲ မထင်ပါနဲ့ဗျာ၊ ကျွန်တော့်မှာ အစီအစဉ်တွေ ရှိပါတယ်၊ ကျွန်တော် တာဝန်ယူပါရစေလို့ ပြောတာပါ"

ယဲလိန်၏ တိကျပြတ်သားသော စကားသံနှင့် တည်ငြိမ်မှုကြောင့် နဂါးစိမ်းကြူးချိန်နှင့် ကျားဖြူဟန်ကွေးတို့ အံ့အားသင့်နေကြသည်။

ကြူးချိန်က မယုံမရဲဟန်နှင့်....

"ခင်ဗျား တစ်ယောက်တည်းနဲ့ ဒီပြဿနာကို ရှင်းမယ် ဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်တော် တစ်ယောက်တည်းနဲ့ပဲ လုံလောက်နေပါပြီ၊ ဆရာကြူးနဲ့ ဆရာကွေးတို့က ကျွန်တော့်နောက်က အားပေးဖို့ပဲ လိုအပ်ပါတယ်"

ချောက်ရင်ပုကလည်း အာမခံသလို ဝင်ပြောသည်။

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော့်မိတ်ဆွေရဲ့ အစီအစဉ်ကို လက်ခံပါလို့ ကျွန်တော် မေတ္တာရပ်ခံပါရစေ"

ဟန်ကွေးက ယဲလိန်အား စကားပြောရန် ဟန်ပြင်လိုက်စဉ် နဂါးစိမ်းကြူးချိန်က လက်ကာပြပြီး ပြော၏။

"အင်း ဆရာချောက်ကတောင် ဒီလိုပဲ ဆန္ဒရှိနေတော့ ကျွန်တော်တို့အနေနဲ့ လက်ခံသင့်တဲ့ အနေအထားမှာ ရှိပါတယ်၊ ဒါပေမယ့် အဖွဲ့ချုပ်ရဲ့ အမိန့်အရ ဒီကိစ္စ မဖြစ်မနေ ဆောင်ရွက်ရမယ်လို့ အမိန့် ရထားပြီးပါပြီ၊ ဆရာချောက်လဲ ကျွန်တော်တို့နေရာက ဝင်ပြီး စဉ်းစားကြည့်စမ်းပါဦး၊ အဖွဲ့ချုပ်ရဲ့အမိန့်ကို ကျွန်တော်တို့ ဆန့်ကျင်ရမလား"

ချောက်ရင်ပုက နဂါးစိမ်းကြူးချိန်အား မျက်လုံးအဝိုင်းသားနှင့် ကြည့်နေရင်း ကျဉ်းထဲကျပ်ထဲ ရောက်နေသည်။ သူ့အနေဖြင့် ဘာပြောရမည်မသိအောင် ဖြစ်နေ၍ ယဲ့လိန်ကို သာ အားကိုးတကြီး လှမ်းကြည့်လိုက်သည်။

ချောက်ရင်ပု၏ သဘောဆန္ဒမှာ ယဲ့လိန်က နေလအမိန့်ပေး အလံပြ၍ ကြူးချိန်အား တားမြစ် ဟန့်တားစေချင်သည်။ ယဲ့လိန်က ချောက်ရင်ပု၏ဆန္ဒကို သိသည့်အလား ခေါင်းတစ်ချက် ညိတ်ပြကာ....

"ဒီကိစ္စနဲ့ပတ်သက်ပြီး ဆရာကြူးက အဖွဲ့ချုပ်ကို အစီရင်ခံလိုက်ပါ၊ ကျွန်တော် မေတ္တာရပ်ခံတဲ့အကြောင်း ပြောပြပေါ့၊ ဆရာကြူးတို့ရဲ့ အဖွဲ့ချုပ်သဲ ဒီလို အင်အားကြီးမားတဲ့ အဖွဲ့ကို အုပ်ချုပ်နိုင်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲ၊ သူ့အနေနဲ့ အကောင်းအဆိုးကို ခွဲခြားသိနိုင်ပါတယ်"

နဂါးစိမ်းကြူးချိန် သက်ပြင်းချရင်း ယဲ့လိန် ပြောသလို လုပ်ဆောင်ရန် ဆုံးဖြတ်ချက် ချလိုက်တော့၏။

"ကောင်းပါပြီ၊ ဒီကိစ္စကို အမြန်ဆုံး အဖွဲ့ချုပ်ဆီကို ကျွန်တော် အကြောင်းကြားပါမယ်၊ အဖွဲ့ချုပ်က အပြစ်မြင်ရင်လဲ ကျွန်တော် ခံရုံပေါ့"

ယဲ့လိန်က ကျေနပ်ဟန်ဖြင့် ပြန်ပြောသည်။

"ဒါဆိုလဲ ဆရာကြူးက မြန်မြန်အစီရင်ခံလိုက်ပါ၊ မြန်လေ ကောင်းလေပါပဲဗျာ၊ အပြင်မှာ ကြေသံကြားတယ်၊ မိတ်ဆွေတို့ရဲ့ အဖွဲ့သားထဲက လူနှစ်ယောက်ထင်တယ်"

ယဲလိနီသည် ကြူးချိန်အား စကားပြောနေစဉ် အပြင်ဘက်မှ ခြေသံသဲ့သဲ့ကြောင့် ကြူးချိန်ကို အသိပေးလိုက်သည်။

ကြူးချိန်နှင့်ဟန်ကိုးတို့ အံ့အားသင့်သွားကြသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့အနေနှင့် အခန်းအပြင်မှ မည်သည့်အသံမျှ မကြားရသောကြောင့် ဖြစ်သည်။

သို့သော် ကြူးချိန်တို့ရှိရာအခန်းတွင်းသို့ အနက်ရောင်ဝတ်စုံဆင်မြန်းထားသော မိန်းကလေးနှစ်ယောက် မေးရှည်ကိုယ်စီလွယ်ကာ ရောက်ရှိလာကြ၏။

နဂါးစိမ်းကြူးချိန်က ယဲလိန်အား ကျေနပ် အားရသောဟန်နှင့် ချီးကျူးပြောလိုက်၏။

"မိတ်ဆွေရဲ့ အမြင် အကြား အာရုံက တယ်လဲ့ စွမ်းပါလား"

နဂါးစိမ်းကြူးချိန်နှင့် ကျားပြူဟန်ကွေးက မိန်းမပျိုနှစ်ယောက်အား အရိုအသေ ပေးလိုက်၏။ ဟန်ကွေးကပင် မိန်းမပျိုအား ယဲလိန်၏ကိစ္စကို ပြောကြားလိုက်သည်။

ဟန်ကွေး ပြောကြားသမျှကို မိန်းမပျိုနှစ်ယောက်က ဖွင့်အဆုံး နားထောင်သည်။ တစ်ဆက်တည်း ခေါင်းရင်ပုအားဂါခဝပြုရင်း ဦးဆောင်လာသူ မိန်းမပျိုက ကြည်လင်သောအသံနှင့် ပြောလိုက်သည်။

"ဆရာချောက်ရဲ့ မိတ်ဆွေဟာ သိုင်းလောကမှာ အဆင့်လွန် သိုင်းသမား ဖြစ်နိုင်ပေတယ်၊ ငါက မိတ်ဆွေရဲ့ တကယ့်ရုပ်လွှာကို မြင်ခွင့်မရတာ ဝမ်းနည်းပါတယ်"

ချောက်ရင်ပု နှုတ်ဆွံ့သွားမိသည်။ မိန်းမပျိုအား ရှိခင်မင်သောအပြုံးမျိုး ပြုံးပြအော ယဲလိန်ဘက်သို့ လှည့်ကြည့်လိုက်လေသည်။

ယဲလိန်က ..

"ဟဲ့ ဟဲ ဟဲ၊ အခုလို ကျွန်တော့်အပေါ် အထင်အမြင်ကြီးခံရတာ ဝမ်းသာရောပါပဲ၊ တကယ်တော့ ကျွန်တော်ဟာ သိုင်းလောကထဲက လူသိနည်းတဲ့ လူငယ်ယောက်ပါ ခင်ဗျာ"

အရပ်ပိုမြင့်သော မိန်းမပျိုက ယဲလိန်အား ခပ်ညည်းညည်းလေး ပြောလိုက်သည်။

"အင်း ဒီကိစ္စကို ကျွန်မဆက်ပြီး မပြောချင်ပါဘူး၊ ခက်နေတာက ကျွန်မတို့အဖွဲ့က ဆုံးဖြတ်ချက် ချပြီးသားကိစ္စကို ဘယ်တော့မှ ပြန်ပြင်လို့ မရတာပါပဲ၊ ဒီကမိတ်ဆွေကို ကျွန်မအနေနဲ့ ဘယ်လိုလုပ်ပြီး ကျေနပ်အောင် ရှင်းပြရမလဲဆိုတာ အခက်တွေ့နေပါတယ်ရှင်"

ချောက်ရင်ပုမှာ အတော်ပင် စိတ်လှုပ်ရှားနေသည်။ သူ့ရင်ထဲမှ သိချင်စိတ် ပြင်းပြလွန်းသဖြင့် မေးလိုက်သည်။

"မိန်းကလေးပြောသလိုဆိုရင် ညှိနှိုင်းလို့ မဖြစ်နိုင်ဘူးပေါ့နော်"

မိန်းမပျိုက ကြည်လင်ချိုသာသော စကားသံနှင့် ပြန်ပြောလိုက်သည်။

"ဟုတ်ပါတယ်ရှင်၊ ဒီအတွက် စိတ်မရှိပါနဲ့"

ယဲလိန်က မိန်းမပျို၏ ပြောသွားသော စကားကြောင့် ခေါင်းတစ်ချက်ဆတ်ပြီး ပြောသည်။

"ကျွန်တော့်ကို စကားပြောခွင့်ပေးပါ"

"ပြောပါ ရပါတယ်"

"မိန်းကလေးတို့က အဖွဲ့ချုပ်ရဲ့ဘမန်တော်ဆိုတော့ အဖွဲ့ချုပ်ရဲ့ကိုယ်စား ယာယီဘာဝန် ယူနိုင်ပါသလား"

အရပ်ပုံမြင့်သောမိန်းမပျိုက ယဲ့လိန်၏စကားဆန်းကြောင့် ယဲ့လိန်အား စူးစိုက်ကြည့်ကာ ပြတ်သားတိကျစွာ ပြန်ပြောသည်။

"ဖြစ်ပါတယ်ရှင်"

"မိန်းကလေးက "

ယဲ့လိန်က စကားပြောနေစဉ် ချောက်ရင်ပုက ကြားဖြတ်ပြောကြားလာသဖြင့် ယဲ့လိန်က လက်ငွေ့ယမ်းပြပြီး တားမြစ်လိုက်သည်။

"အခု ဒီမှာ မိန်းကလေးက တာဝန်ယူနေတယ် ဆိုတော့ ကျွန်တော့်မှာလဲ စည်းကမ်းချက်တစ်ခု ရှိပါတယ်"

"ပြောပါ"

"ဒီပြဿနာကို မိန်းကလေးက မဖြစ်မနေလုပ်ရမှ ကျေနပ်မယ်ဆိုရင် လုပ်ပါ၊ ဒါပေမယ့် ကျွန်တော့်ကို ယှဉ်ပြိုင်ပြီး အနိုင်ရမှ ကျွန်တော်ကတော့ ခွင့်ပြုနိုင်ပါတယ်"

ယဲ့လိန်၏ အေးတိအေးစက် စကားကြောင့် ချောက်ရင်ပုနှင့်တကွ ကျန်လူများ အကြီးအကျယ် တုန်လှုပ် ချောက်ချားသွားကြသည်။ နဂါးစိမ်း ကြူးချိန်က ခက်ထန် တင်းမာစွာ ယဲ့လိန်အား ပြောလိုက်သည်။

"မိတ်ဆွေဟာ ဆရာချောက်ရဲ့မိတ်ဆွေမို့ ကျုပ် သည်းခံလိုက်ပါတယ်၊ ဆရာချောက်ရဲ့မိတ်ဆွေဟာ ကျုပ်တို့ကို ဒီလို မစော်ကားသင့်ပါဘူး"

ချောက်ရင်ပုမှာ ယဲ့လိန်၏ စကားကြောင့် နားဝေ တိမ်တောင်ဖြစ်ကာ မျက်ကလဲဆန်ပျာ ဖြစ်နေသည်။ ယဲ့လိန်ကမူ ကြူးချိန်အား တစ်ချက်မျှစိုက်ကြည့်ရင်း ပြောသည်။

"မိတ်ဆွေတို့က ကျွန်တော့်အပေါ် အထင်အမြင် လွဲနေကြတာကိုး၊ ကျွန်တော့်ရဲ့ စိတ်ရင်း မှန်ကတော့ ခင်ဗျားတို့ဘစ်တွေကို နှမ်းစေ့ပမာဏလောက်တောင် စော်ကားချင်တဲ့ စိတ်မရှိပါဘူး၊ တစ်ခုတော့ ရှိတာပေါ့ဗျာ.... ကျွန်တော့်ကို မနိုင်ခဲ့ရင်ဆိုတဲ့သဘောကို လက်တွေ့ပြချင်လို့ပါ"

မိန်းမပျိုကမူ ယဲ့လိန်အား စိုက်ကြည့်နေဆဲပင် ရှိသေး၏။ သူမ၏ ပါးလွှာသော နှုတ်ခမ်းနှစ်လွှာသည် တိကျပြတ်သားမှုကို အထင်းသား ဖော်ပြသလို ရှိနေ၏။

ထိုစဉ် ယဲ့လိန်က ဆက်ပြောသည်။

"အေး ကျွန်တော့်ကို နိုင်ရင် ရွှန်ကျင်ဂေဟာက သိုင်းသမားတွေကိုလဲ အလွယ်တကူနိုင်မှာပါပဲ၊ အဲ ကျွန်တော့်ကို ရှုံးလျက်နဲ့ ရွှန်ကျင်ဂေဟာထဲဝင်ပြီး လာကယ်ရင် ဆုံးရှုံးမှု ဘယ်လို ခံစားရမယ်ဆိုတာ တွေးကြည့်လို့ ရနိုင်တာပေါ့၊ ကျွန်တော်က ဒီသဘောကို ပြောနေတာပါ"

မိန်းမပျိုက တိကျပြတ်သားစွာ ပြန်မေးသည်။

Scanned with ACE Scanner

"ရှင့်ကို အနိုင်တိုက်နိုင်ရင် ရှန်ကျင်ဂေဟာက လူတွေကို ကျွန်မ ကယ်တင်နိုင်မယ်လို့ ရှင် ဆိုလိုတာလား"

"ဒီလို တထစ်ချပြီးတော့ ကျွန်တော် မပြောနိုင်ပါဘူး၊ ကျွန်တော် ပြောရဲတာကတော့ ကျွန်တော့်ကိုနိုင်ရင် ရှန်ကျင်ဂေဟာမှာ ဖြစ်ပေါ်တွေ့ကြုံရမယ့် အန္တရာယ်ကို အနည်းဆုံး ကိုယ့်ကိုယ်ကိုတော့ ကာကွယ်နိုင်ပါလိမ့်မယ်"

နဂါးစိမ်းဘြူးချိန်နှင့် ကျွားဖြူဟာန်ကွေးတို့မှာ ယဲလိုန်၏ စကားကြောင့် သွေးကြွနေကြသည်။ ကျွားဖြူ ဟာန်ကွေးက လက်ရှည် စမ်းသပ်ချင်ဟန်နှင့် ရှေ့တစ်လှမ်းတက်ရင်း တက်ကြွစွာ ပြောလိုက်သည်။

"ဒီပွဲမှာ ကျွန်တော် ပထမဆုံး ပါဝင်ချင်ပါတယ်"

အနက်ရောင်ဝတ်စုံနှင့်မိန်းမပျိုက မျက်နှာထား ခပ်တည်တည်နှင့် ဟာန်ကွေးကို ဟန့်သလို ပြောလိုက်သည်။

"ဆရာချောက်ကို စော်ကားသလို ဖြစ်စေမယ့် အပြုအမူမျိုးကို ရှောင်ရှားပါ"

မိန်းမပျိုမှာ ချောက်ရင်ပုအား လေးစားခင်မင်ဟန်ရှိပြီး အားနာနေပုံ ရနေသည်။ ယဲလိုန်နှင့် အနက်ရောင် ဝတ်စုံဝတ် မိန်းမပျိုလေးကြား၌ နေရထိုင်ရခက်နေသောချောက်ရင်ပုမှာ အိုးတိုးအမ်းတမ်း ဖြစ်နေသည်။

ယဲလိုန်က ချောက်ရင်ပုအား ပြုံးရယ်ပြရင်း—

"ဆရာချောက်က ကျေးဇူးပြုပြီး ခွင့်ပြုလိုက်ပါ"

ချောက်ရင်ပုက ယဲလိန်၏စကားကို ကြားလိုက်ရသည်နှင့် အနက်ရောင်ဝတ်စုံဝတ် မိန်းမပျိုအား ပြောကြားလိုက်သည်။

"မိန်းကလေး ဒီမိတ်ဆွေ့ရဲ့ဆန္ဒကို ကျွန်တော် လိုက်နာနေရတာက သူ့ရဲ့စေတနာကို အကြွင်းမဲ့ ယုံကြည်နေလို့ပါ"

မိန်းမပျိုကလည်း အားကျမခံ ချောက်ရင်ပုအား ပြန်ပြောသည်။

"ကျွန်မတို့ကလဲ ကိုယ်ကျိုးကိုမကြည့်ဘဲ အသေခံ စွန့်စားပြီး အကျဉ်းကျခံနေရတဲ့လူကို ကယ်တင်မယ် ဆိုတာကလဲ စေတနာအရင်းခံနဲ့ပါပဲရှင်"

အခြေအနေတင်းမာနေ၍ ချောက်ရင်ပုမှာ မျက်နှာပူစရာ ဖြစ်နေသည်။ ထို့ကြောင့်နှင့် ယဲလိန်နှင့် အနက်ရောင်ဝတ်စုံဝတ် မိန်းမပျိုကြားတွင် ကျီးကြည့် ကြောင်ကြည့် ဖြစ်ကာ ပါးစပ်ထဲရှိရာ ပြောချလိုက်တော့၏။

"ကျွန်တော်ကတော့ အားလုံးကို ကျေးဇူးတင်ပါတယ်၊ အဲဒီစကားဟာ ရင်ထဲကလာတဲ့စကားလို့ပဲ ပြောပါရစေ"

မိန်းမပျိုက ပုံချင်းကို သိလိုဟန်နှင့် ချောက်ရင်ပုအား ခပ်ပြတ်ပြတ် မေးလိုက်၏။

"ဆရာချောက်ရဲ့သဘောက ဘယ်လိုလဲရှင့်"

ချောက်ရင်ပုက အသံတိမ်တိမ်နှင့် ပြောသည်။

"နှစ်ဘက်လုံးရဲ့ စေတနာကို ကျွန်တော် တန်ဖိုးထား လေးစားပါတယ်၊ ဒါပေမယ့် ကျွန်တော့်မှာ ဘယ်လိုဆုံးဖြတ်ရမှန်းတောင် မသိတော့ပါဘူး"

အနက်ရောင်ဝတ်စုံဝတ် မိန်းမပျိုက စိတ်မရှည်ဟန်ဖြင့် ချောက်ရင်ပုအားကြည့်ကာ ကျားဖြူဟန်ကွေးကို အသံမြင့် နှင့် ပြောလိုက်သည်။

"ဆရာဟန်"

ကျားဖြူဟန်ကွေးမှာ သိုင်းလောက အတွေ့အကြုံနှံ့ပြီးသူ ဖြစ်၍ မိန်းမပျို၏စကားကို ချက်ဆို နားခွက်ကမီးတောက်ပြီး ဖြစ်နေလေသည်။

ထို့ကြောင့် ဟန်ကွေးက ယဲ့လိန်ရှိရာသို့ တည်ငြိမ်စွာ လျှောက်လှမ်းသွားပြီး ...

"မိတ်ဆွေ ကျွန်တော့်ကိုစစ်ဆေးပါ"

ယဲ့လိန်၏ ဟန်အမူအရာမှာ တည်ငြိမ်အေးဆေးလွန်းလှ သည်။

"ဒါဆို မိတ်ဆွေက ကျွန်တော့်ကို တိုက်ခိုက်နိုင်ပါပြီ"

ဟန်ကွေးကား တွေဝေစဉ်းစားခြင်း အလျဉ်းမရှိဘဲ အကြိုက်တွေ့ဟန်နှင့် ပြောလိုက်၏။

"ကောင်းပြီ၊ ဒါဆို ကျွန်တော်စတိုက်မယ်"

ကျားဖြူဟန်ကွေး၏ စကားပင်မဆုံးသေး။ သွက်လက် မြန်ဆန်သော တိုက်ကွက်များက ကြောက်ခမန်းလိလိ ထွက် ပေါ်လာတော့၏။

ကျားဖြူဟန်ကွေးက တရကြမ်းတိုက်စစ်ဆင်သည်။ ယဲ့လိန် မှာလည်း ကျားဖြူဟန်ကွေးတို့လူတစ်စုအား ဦးချိုလှည့် တစ်စက်ကလေးမျှပင် အလျှော့ပေးခြင်းမရှိ။

ကျားဖြူဟန်ကွေး၏ မာန်ဘင်းကြုံးဝါးသံက ကျားရဲတစ်ကောင်၏ မာန်ဖီသံအလား ကျယ်လောင်စူးရှလွန်းလှသည်။

ဟန်ကွေး၏ ညာဘက်လက်ငါးချောင်းသည် သံမဏိချောင်းများအလား ကျားရဲကုတ်ချက် သိုင်းကွက်နှင့် ယဲလိန်၏ မျက်စိအစုံအား သုံးချက်ဆင့်ကုတ်လိုက်သည်။

ယဲလိန်က မရှောင်ရှားဘဲ သူ့မျက်နှာပေါ်သို့ ဝဲပျံရောက်ရှိလာသော ဟန်ကွေး၏လက်ချောင်းများကို ညာလက်ဖမိုးနှင့် ပင့်ရိုက်ချလိုက်သည်။

"ဖြန်း"

ကျားဖြူဟန်ကွေးမှာ ခြေနှစ်လှမ်းခန့်ဆုတ်ခွာပေးလိုက်ရသည်။ လက်ငါးချောင်းမှ လက်မောင်းရင်းအထိ ကျဉ်တက်လာသောဒဏ်ကြောင့် ကျားဖြူဟန်ကွေးမှာ တုန်လှုပ်ချောက်ချားသွားမိသည်။

"ဆရာဟန် ပညာကုန်သုံးပါ၊ နို့မဟုတ်ရင် အခွင့်အရေးဆုံးရှုံးလိမ့်မယ်"

ယဲလိန်၏ အေးတိအေးစက်စကားကြောင့် ဟန်ကွေးမှာ စိတ်မထိန်းနိုင်တော့ချေ။ ထို့ကြောင့် မာန်တင်းသံပေးကာ သူ၏ပွဲဘိုင်းကျော် ဝံပုလွေလက်ဝါးကုတ်ချက်နှင့် ခပ်ကြမ်းကြမ်း တိုက်လိုက်၏။

သို့သော် ကျားဖြူဟန်ကွေးမှာ သိုင်းကွက်နှစ်ကွက်သာ သုံးရသေးသည်။ ယဲလိန်က နေလနတ်သမီး ကိုယ်ဖော့ကွက်

နှင့် လျှပ်စီးပြက်သကဲ့သို့ရှောင်ရှားပြီး ဟန်ကွေး၏လက်ကို ဖမ်းချုပ်လိုက်တော့၏။

တစ်ဆက်တည်းမှာပင် ယဲလိန်က အတွင်းအားဖြင့်ဆော၍ ဆွဲပြီး ဟန်ကွေး၏လက်မောင်းကို နောက်ပြန်ချိုး၍ ကိုင်းညွှတ်ပင်လိုက်ပြန်သည်။

ဤနေရာ၌ ယဲလိန်ကသာဟန်ကွေးကဲ့သို့ မညှာတာ အသေအကြေ တိုက်ခိုက်မည်ဆိုပါက ဟန်ကွေးမှာ ပွဲချင်းပြီး သေဆုံးသွားပေလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် ဟန်ကွေး၏ရင်ဝရှိ ကြယ်သီးတစ်လုံးကို ယဲလိန်က ဖြိုးခနဲပြတ်ခနဲဆွဲဖြုတ်ယူ၍ လက်ဝါးကို ဖြန့်ပြလိုက်သောကြောင့် ဖြစ်ပေသည်။

ကျားဖြူဟန်ကွေးမှာ ရင်ထဲဟာလှပ်လှပ်ဖြစ်ကာ ယဲလိန်ကိုင်ပေါက်လိုက်သည့်အတိုင်း မြေပေါ်သို့ ကျားတစ်ကောင်အလား ပေါ့ပေါ့ပါးပါးကျသွားတော့၏။

ကျားဖြူ ဟန်ကွေးအား ယဲလိန်က ခမ်လွယ်လွယ်နှင့် တစ်ခဏအတောအတွင်း အနိုင်ယူလိုက်သဖြင့် နဂါးစိမ်းကြူးချိန်၏မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

သို့သော် နဂါးစိမ်းကြူးချိန်၏ခန္ဓာကိုယ်က လေထဲမြောက်တက်သွားကာ နဂါးတစ်ကောင်အလား ယဲလိန့်ရှေ့သို့ ရောက်ရှိသွားတော့သည်။

ထိုစဉ် အနက်ရောင်ဝတ်စုံဝတ်မိန်းမပျို၏ ချိုလွင်ကြည်မြသောအသံက ပြတ်သားစွာပေါ်လာပြန်သည်။

"ဆရာကြီးနဲ့ဆရာဟန် နောက်ဆုတ်လိုက်ပါ"

ကြူးချိန်တို့အား တားမြစ်ဟန့်တားပြီး မိန်းမပျိုက ယဲလိန်အား လှမ်းပြောလိုက်သည်။

'အကြည်တော်ရဲ့လက်စွမ်းလက်စက အံ့မခန်းမြန်ဆန်လှပါတယ်၊ ကျွန်မဖြင့် ဒီလိုအဆင့်မျိုးရှိတဲ့ သိုင်းသမားမျိုးနဲ့ တွေ့ကြုံရမယ်လောင် မထင်ထားခဲ့ပါဘူး"

ယဲလိန်က ယခုပွဲများနှင့် အချိန်ကုန်ရန်ကို လှို့လားဟန်မရှိပေ။

ထို့ကြောင့် မိန်းမပျိုနှစ်ယောက်အား လှမ်းပြောလိုက်လေသည်။

"မိန်းကလေးနှစ်ယောက်လုံး လက်နက်ကိုင်ပြီး တိုက်ပွဲကွင်းထဲ ဝင်စေချင်ပါတယ်၊ ကျွန်တော့်မှာအချိန်သိပ်မရှိတော့ဘူး"

ယဲလိန်က ပွဲကိုအမြန်ဆုံးအပြီးသတ်ချင်၍ ရိုးရိုးသားသားပြောလိုက်သော်လည်း အနက်ရောင်ဝတ်စုံဝတ် မိန်းမပျိုမှာ သူမအား ယဲလိန်က အလွန်အကျူး စော်ကားသည်ဟုအထင်ရောက်သွားသည်။ ဒေါသလည်း အလွန်အမင်းဖြစ်သွားမိလေသည်။

မိန်းမပျို၏ညာလက်ဝါးက ဗိုးခနဲမြည်ဟည်းကာ ယဲလိန်၏ဘယ်ဘက်ပါးပြင်သို့ တရကြမ်းဝင်ရောက်သွားတော့၏။

ယဲလိန်က ကိုယ်ဖော့ ရကြေလေပွေ့ကွက်ဆန်းနှင့် ဖြတ်ခနဲရှောင်ရင်း ပြောလိုက်သည်။

"မိန်းကလေး လက်နက်ကိုသုံးပါ"

မိန်းမပျိုက အံကြိတ်ရင်း....

"လိုအပ်ရင်သုံးမှာပါ၊ ရှင် ပူမနေပါနဲ့"

မိန်းမပျိုတစ်ယောက်ကပါ ယဲလိန်နောက်ဘက်သို့ ခုန်ဝင်လာပြီး ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်ကြသည်။

မိန်းမပျို နှစ်ယောက်မှာ အတင်းအား အပြည့်အဝကို တယ်ညာလက်ဝါးအစုံသို့ ပို့လွှတ်ပြီး ယဲလိန်အား တရစပ် တိုက်ခိုက်ကြသည်။

ယဲလိန်က မထိတရိပ္ပြုံးလိုက်သည်။ သူမတို့၏ အညာအတာ ကင်းမဲ့သော တိုက်ကွက်များကို ရှောင်ရှားခြင်းမပြုဘဲ ယ် ကြမ်းကြမ်းပင် ဝင်ဆွဲပြီး ဖမ်းချုပ်လိုက်၏။

ယဲလိန်က အေးတိအေးစက်ကြည့်ရင်း မိန်းမပျိုနှစ်ယောက် ကို ဆောင့်တွန်းကာ....

"သွား ဓားမြန်မြန်ထုတ်ပြီး ထပ်တိုက်"

ချောက်ရင်ပုံမှာ ယဲလိန်၏ အံ့သြဖွယ်ရာ အေးဆေး တည် ငြိမ်မှုနှင့် သိုင်းပညာမြင့်မားမှုကို ရင်သပ်ရှုမော မြင်တွေ့ရသည်။

သူ့အမြင်၌ ယဲလိန်သည် မိန်းမပျိုနှစ်ယောက်အား သိုင်း ပညာသင်တန်း ပေးနေသည်ဟုပင် ထင်နေမိ၏။ မိန်းမပျို နှစ်ယောက်သည် အံကြိတ်၍ ဆောင်ဓားများကို ရုတ်ခြည်း ဆွဲထုတ်ကာ ယဲလိန်ရှိရာသို့ ခုန်ဝင်လာကြပြန်သည်။

သူမတို့၏ မြန်ဆန်လှသော ခြေ ရိပ်သည် တဝိုးဝိုး တဝှစ်ဝှစ်နှင့် နှင်းပွင့်မြေသိုင်းကွက်ကို အပေးအယူလုပ်ကာ ယဲ့လိမ့်၏ သေကွင်း သေကွက် များဆီသို့ တရကြမ်း ထိုးနှက် တိုက်ခိုက်နေကြသည်။

ယဲ့လိမ့်သည် ခြေအစုံကို မရွှေ့လျားစေဘဲ ဘယ်ညာ ယိမ်းနွဲ့ သိုင်းကွက်နှင့် ရှောင်ရှားရင်း၊ ရှေ့မှမိန်းကလေး၏ ခါး ကိုင်လက်ကို လျှပ်တစ်ပြက် ဖမ်းချုပ်လိုက်၏။

တစ်ဖန်ထိုမိန်းကလေး၏ခါးနှင့်ပင် မိမိနောက်မှတရကြမ်း ဝင်လာသောဓားကို ခံဆောင်ပေးလိုက်ပြန်သည်။

သံသံချင်းထိခတ်မှုကြောင့် ခွမ်းခနဲမြည်ဟည်းကာ မီးပွင့် မီးစက်များ ဖြာထွက်သွားသည်။ တစ်ဆက်တည်း ယဲ့လိမ့်၏ ညာခြေထောက်က ရှတ်တရက် နောက်ဘက်သို့ မြောက်တက်သွားတော့၏။

"အင့်"

မိန်းမပျိုထံမှ နာကျင်လွန်း၍ ညည်းညူသံက ရှတ်ခြည်း ထွက်ပေါ်လာသည်။ ယဲ့လိမ့်၏ မဟာရာတောင်မှ နှင်းပွင့်ပမာ ခြေပျံကွက်သည် မိန်းမပျို၏ရင်ဝကိုထိမိကာ မိန်းမပျို၏လက်မှ ဓားလွတ်သွားသည်။ သူမ၏ ခန္ဓာကိုယ်မှာလည်း၊ နောက်သို့ လွင့်စဉ် လဲကျသွားတော့၏။

ယဲ့လိမ့်၏လက်အတွင်းမှ မိန်းမပျိုမှာသည်၊ သူမ၏ လက်မောင်း တစ်ခုလုံး ထုံကျဉ်နေ၍ ယဲ့လိမ့်အား မည်သို့မျှ ပြန်လှန် မတိုက်ခိုက်နိုင်တော့ချေ။

ယဲလိန်ဆွဲခေါ်ရာနောက်သို့ ပါရတော့မည့် အနေအထား မျိုး ဖြစ်နေ၍ သူမနှင့်ပြင်၌ ချွေးစများ သီးထလာသည်။

သို့သော် ယဲလိန်က မိန်းမပျိုအား ပြန်လွှတ်ပေးပြီး ဈေး ဆေးစွာ ပြောလိုက်သည်။

"ကဲ မိန်းကလေး ခင်းတို့ နစ်ယောက်လဲ ဗီလောက်ဆို ကျေနပ်လောက်ရောပေါ့"

မိန်းမပျိုက ယဲလိန်အား ပြန်မပြောပေ။

သူမတို့အား ယဲလိန်က ကြက်ကလေးငှက်ကလေးဖမ်းသည့် နှယ် အနိုင်ယူသွားသဖြင့် အလွန်ရှက်စိတ်ဝင်နေမိတော့သည်။

အတန်ကြာမှ မိန်းမပျိုက ကြူးချိန်တို့လူစုအားကြည့်လာ

"တို့အားလုံး ပြန်ကြမယ်"

အနက်ရောင်ဝတ်စုံနှင့် မိန်းမပျိုတို့ ပြန်လည် ဆုတ်ခွာသွား ကြပြီးသောအခါ ချောက်ရင်ပုက ယဲလိန်အား အံ့ဩသလို ကြည့်ကာ ချီးကျူးနေမိသည်။

"ကျွန်တော့်အဖ တစ်သက်တာမှာ ဒီလို အဆင့်မြင့် သိုင်း သမားမျိုးကိုမမြင်မတွေ့ဖူးသေးပါဘူး ကိုယ်တော်လေး၊ ခုလို ကြည့်ခွင့်မြင်ခွင့်ရတာပဲ ကျွန်တော့်အဖို့ တော်တော် အကျိုးရှိ ပါတယ် ခင်ဗျာ"

ယဲလိန်က ချောက်ရင်ပုကို ပြုံးပြုံးပြီး ခပ်ပေါ့ပေါ့ပြန်ပြော သည်။

"အလကားပါဗျာ၊ ကျွန်တော် သူတို့ကို ချောက်လှန့် လိုက်တာပါ"

ချောက်ရင်ပုက ကျေနပ်အားရသလို ပြောသည်၊

"တခြားလူတွေတော့ မပြောတတ်ဘူး၊ ကျွန်တော့်အနေနဲ့ ကိုယ်တော်လေးရဲ့ သိုင်းကွက်စွမ်းရည် မြင့်မားတာကို မြင်မိပါတယ်"

ယဲလိန်က ပြန်မပြောဘဲ အသာပင် ပြုံးနေလိုက်သည်။

"ကိုယ်တော်လေးခင်ဗျား ကျွန်တော် သဘော မပေါက်တာ ရှိနေပါတယ်၊ မေးပါရစေခင်ဗျား"

"မေးပါ"

"ကိုယ်တော်လေးက သူတို့ကို ဘာဖြစ်လို့ နေလအမိန့်ပေး အလံပြပြီး မတားတာလဲဆိုတာ ကျွန်တော်တွေးလို့မရအောင် ဖြစ်နေပါတယ်"

ယဲလိန်က ခပ်သဲ့သဲ့ ပြုံးသည်။

"သူတို့ အဖွဲ့ဟာ သာမန်အားဖြင့် ကျေနပ်စရာ ကောင်းပါတယ်၊ ဒါပေမယ့် ဒီအလံကိုတကယ်တမ်း စိတ်ချယုံကြည်ရတဲ့လူမျိုးမှ ကျွန်တော်ကထုတ်ပြပြီး အသုံးပြုတာပါ၊ ကဲ ကယ်တော့ ကျွန်တော်လဲ ဘယ်တိုက်ချင်ပါ့မလဲ၊ ဒီအဖွဲ့ထဲမှာ သစ္စာရှိသူ ရှိသလို၊ အတုအယောင်တွေလဲ ပါဝင်နေတယ် ဆရာချောက်၊ ဒါကြောင့် ကျွန်တော့်အနေနဲ့ အတော်ကို သတိထားပြီး လှုပ်ရှားရပါတယ်၊ ပြီးတော့ ကျွန်တော့်ရဲ့ ကျိုင့်ချက်ကို အခုအချိန်မှာ ဖုံးဖိထားရဦးမယ် မဟုတ်လား၊ အချိန်မတန်သေးဘူးလေ"

ချောက်ရင်ပုက ကျေနပ်အားရသလို ပြန်ပြောသည်။

"ဖြေဘ် ဒါကြောင့်ကိုး၊ ကျွန်တော်ဦးနှောက်က ဒါတွေ မတွေးမိဘူးဗျာ၊ ဒီလိုဆိုတော့လဲဟုတ်သားပဲ"

ယဲလိန်က ချောက်ရင်ပုနှင့်စားဖြတ်တာ အချိန်ကို ခန့်မှန်းပြီးပြောသည်။

"ကဲ ဆရာချောက်ရေ အချိန်တော့စေ့ပြီ၊ ကျွန်တော်က ဂေဟာထဲဝင်ပြီးလှုံကိုကယ်မယ်၊ ဆရာချောက်က နောက်ပိုင်းပြဿနာတွေ ရှင်းထားပေးပါ၊ ခပ်ရှင်းရှင်းပြောရရင် ဂေဟာထဲကိုခုချိန်ကစပြီး ဘယ်သူမှအဝင်မခံနဲ့၊ နို့မဟုတ်ရင် ကျွန်တော့်လုပ်ငန်းမှာ အနှောင့်အယှက်ပေးလာနိုင်တယ်၊အဲဒီအချက်ကိုတော့ အထူးဂရုစိုက်ပြီး ဆောင်ရွက်ပေးပါဆရာချောက်"

"ဟုတ်ကဲ့၊ ကိုယ်တော်လေးရဲ့အမိန့်ကို နာခံလျက်ပါခင်ဗျာ"

"ကောင်းပြီ၊ လာ သွားကြမယ်"

ဂေဟာနှင့် မနီးမဝေးသို့ရောက်သည်နှင့် ယဲလိန်က ချောက်ရင်ပုအား ထပ်မံပြောကြားလိုက်သည်။

"ဆရာချောက် ဒီသစ်ပင်အမြင့်ပေါ်က မျက်ခြည်မပြတ်စောင့်ကြပ်ပေးပါ၊ အဲဒီပေါ်က ဂေဟာအတွင်းပျော အပြင်ရောမြင်ရတယ်၊ ကျွန်တော်မှာတာမမေ့နဲ့"

"ဟုတ်ကဲ့ပါကိုယ်တော်လေး"

ချောက်ရင်ပုက ယဲလိန်အား တလေးတစား၊ ပြန်ပြော လိုက်သည်။

"ကဲ ကျွန်တော်သွားလိုက်ဦးမယ်"

ယဲလိန်မှာ စကားမဆုံးမီ ချောက်ရင်ပု၏မျက်စိအောက်မှ ရိပ်ခနဲ ထွက်ခွာသွားတော့၏၊

ပြန်လိုက်သည့် လှုပ်ရှားမှုပဲဟု ချောက်ရင်ပု စိတ်ထဲမှ ထုံအားသာရဲ ခံစားလိုက်မိသည်။ ချောက်ရင်ပုသည် ယဲလိန် ပြဆထားသော သစ်ပင်ပေါ်သို့တက်ကာ အရိပ်အခြည်စောင့် ကြည့်ရင်း ပတ်ဝန်းကျင်အား အကဲခတ်နေလိုက်သည်၊

## ရှိုးဖြူ ☆

+ ၁၇၆၀

ဒိနံဝန်းရှုပ် - ဆောင်ပြီ

ယဲလိန်သည် အဆင့်လွန်ကိုယ်ဖော့ပညာဖြင့် ဝိညာဉ်ငွေ ဗမာ ဂေဟာအတွင်းပိုင်းသို့ တိတ်ဆိတ်စွာဝင်ရောက် လာခဲ့ လေသည်၊

ယဲလိန်သည် အချောတောင် သိုင်းညီနောင်ရှစ်ဖော်ထဲမှ အစ္စာဖောက် ပိုင်ထိုက်ကွန်အား အလျင်ဆုံးဖမ်းဆီးလိုသဖြင့် ပိုင်ထိုက်ကွန်ရှိရာသို့ ဦးတည်သွားနေသည်၊

သူ့အဖို့ ရန်ကျင်ဂေဟာသည် နှံ့စပ်ကျွမ်းဝင်ပြီးဖြစ်၍ အထူးတလည် စုံစမ်းနေရန်ပင် မလိုတော့ချေ။ ပိုင်ထိုက်ကျွန်၏ အိမ်ဝန်းကျင်အား လေ့လာဆင်ခြင်စဉ်တွင် ပိုင်ထိုက်ကျွန် ရှိရာသို့ ကြည့်လိုက်သည်။

ပိုင်ထိုက်ကျွန်ရှိရာအခန်းထဲမှ မီးရောင်မြင်ရသဖြင့် ယဲလိန် စိတ်ကျေနပ်သွားမိသည်။

ယဲလိန်သည် ပိုင်ထိုက်ကျွန်ရှိရာ အခန်းအနီးသို့တိုးကပ်ပြီး နားစွင့်လိုက်၏။ အခန်းထဲ၌ပိုင်ထိုက်ကျွန်သည် ဂနာမငြိမ် ဖြစ်ဟန်နှင့် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလေ သည်။

ထိုစဉ် ပိုင်ထိုက်ကျွန်၏ မကျေမနပ်ပြောကြားသံက တိုးတိုး ထွက်ပေါ်လာ၏။

"ညီမလေး.... မင်းသိပ်ပြီး ခေါင်းမာတယ်ကွာ၊ အစ်ကို့ ဆန္ဒကို သာသာကြည်ကြည်နဲ့လိုက်လျောပြီး ပျော်ပျော်ပါးပါးနဲ့ ချမ်းချမ်းသာသာနေကြရအောင်လားကွာ"

ထိုစကားသံကြောင့် ယဲလိန် အံ့အားသင့်သွားမိသည်။ သူ့ဦးနှောက်ထဲ၌ တွေးတောမရနိုင်ဟန်နှင့် ခေါင်းခြောက် နေမိသည်။

ထိုအချိန်မှာပင် ပိုင်ထိုက်ကျွန်၏စကားသံက ထပ်မံထွက် ပေါ်လာပြန်သည်။

"ညီမရယ် ဒီအတိုင်းပဲ မင်းခေါင်းမာနေရင် မင်းမော် အာစ်ကိုရော စိတ်ညစ်ရုံအပြင် အကျိုးထူးမလာပါဘူး၊ ဒီရန်ကျင် ဂေဟာထဲက ညီမ လွတ်မြောက်ဖို့တော့မစဉ်းစားနဲ့တော့

"ရှင်ဟာ အမေကျော်ပြီး ဖွေးဒေါ်လွမ်းတဲ့လူစားပဲ၊ ကျွန်မဘာသား စိတ်ညစ်ညစ် ရှင်နဲ့ဘာမှမဆိုင်ပါဘူး၊ ရှုပ်အမှု လဲ မပါပါဘူး၊ ရှန်ကျင်ဂေဟာကထွက်မရအောင် ရှင့်ဂေဟာ က ဘာမို့လဲ"

လေ့စုလျှံအသံမှန်း ယဲလိန်အကဲခတ်မိသည်။ ပိုင်ထိုက်ကွန် မှာ လေ့စုလျှံ စကားကြောင့် မထိတရိချယ်မေးနေသည်။

ယဲလိန် ဘုန်လှုပ်သွားမိ၏။ အကြောင်းမှာ ယခုကြားရ သည့်အတိုင်းဆိုလျှင် လေ့စုလျှံက ပိုင်ထိုက်ကွန်အား လုံးဝ ကြည်ဖြူဟန်မရှိပေ။

ပိုင်ထိုက်ကွန်က သူ့ပိုင်နက်အတွင်း ရောက်နေသော လေ့စုလျှံအား အနိုင်အထက် စော်ကားလိုက်ပြီလားဟု ယဲလိန် တွေးပူနေမိခြင်းဖြစ်၏။

ထိုအခိုက် ပိုင်ထိုက်ကွန်က လေ့စုလျှံအား စိတ်မရှည်နိုင် ဟန်ဖြင့် ပြောဆိုသံထွက်ပေါ်လာပြန်သည်။

"အခုအချိန်ထိ ညီမကို မှဲ့တစ်ပေါက်မစွန်းအောင်ထား ခဲ့တာ ညီမကို အစ်ကိုချစ်လွန်းလို့ပဲ၊ ညီမရဲ့အချစ်ကိုလဲအစ်ကို က ကြည်ကြည်ဖြူဖြူပဲရယူချင်တယ်၊ ဒါပေမဲ့ ညီမကအ အစ်ကို့ကိုနှုတ်နဲ့ အမျိုးမျိုးစော်ကားခဲ့တယ်၊ ညီမ မင်းသိပ် လွန်နေပြီနော်"

လေ့စုလျှံက ပိုင်ထိုက်ကွန်အား ခါးခါးသီးသီးပြန်ပြော လေသည်။

"ကျွန်မ ဒီစကားတွေမကြားချင်ဘူး၊ အစ်ကိုသာကျွန်မတို့ ညီနောင်အပေါ် သစ္စာကြီးမားမယ်၊ စေတနာထားမယ်ဆိုရင် အစ်ကိုကြီးရှောက်အင်းနဲ့ ကျွန်မတို့ကို ပြန်လွှတ်လိုက်ပြီးတော့ အစ်ကိုလဲ ကျွန်မတို့နဲ့အတူ ပြန်လိုက်ခဲ့ပါ၊ ဒါပဲ"

"ညီမရယ် အစ်ကိုညီမကို ဘယ်နှယ်ခါ ပြောရမယ်လဲ၊ အချိန်နှောင်းနေပါပြီလို့လေ"

"နောက်မကျသေးပါဘူး၊ မနက်ဖြန်ထက်စာရင် ဒီနေ့ပြုပြင်တာဟာ အချိန်စောတာပဲ၊ အလကား ဆင်ခြေပေးနေတယ်"

ပိုင်ထိုက်ကွန်ကလည်း ညည်းညူပြီး ပြန်ပြောသည်။

"အစ်ကို့အနေနဲ့တော့ အဲဒီလိုမမြင်တော့ဘူး"

လေ့စုလျှံက ပိုင်ထိုက်ကွန်အား စည်းရုံးပြောကြားပြန်လေသည်။

"အစ်ကို့အနေနဲ့ ဒီနောက်ဆုံးအခွင့်အရေးကို လက်လွှတ်ပစ်တော့မှာလားဟင်"

ပိုင်ထိုက်ကွန်ကလည်း သူလိုရာဆွဲပြောသည်။

"ညီမရယ် အစ်ကို့အနေနဲ့ ညီမကို နားမလည်နိုင်တော့ဘူး၊ ညီမအနေနဲ့ ခေါင်းလေးတစ်ချက် ညိတ်လိုက်တာနဲ့ အသက်ချမ်းသာရာ ရမယ့်အပြင် အစ်ကိုနဲ့ ပျော်ပျော်ရွှင်ရွှင်ချမ်းချမ်းသာသာ နေရမယ်မဟုတ်လား၊ ဘာဖြစ်လို့ မိုက်ချင်ရတာလဲကွာ"

"တော်စမ်းပါ၊ ရှင် ဆက်မပြောနဲ့၊ ရှင့်စကားတွေ လုံးဝ မကြားချင်ဘူး၊ သစ္စာဖောက်ရဲ့ ကြည့်ရှုစောင်မတာလဲ ကျွန်မ မလိုချင်ဘူး"

လွှေစုလျှံ၏ ဒေါသသံက အနည်းငယ် ကျယ်လောင်လာသည်။

ပိုင်ထိုက်ကွန်က မချိတင်ကဲဟန်နှင့် အံ့ကြိတ်ပြီး ဆေးစက်စက်ပြောသည်။

"မင်း မင်း တကယ် ခေါင်းမာနေပါလားဟင်၊ ငါက ရက်စက်မိတော့မယ် သိရဲ့လား"

လွှေစုလျှံက မာန်မလျော့ဘဲ ခံပြောသည်။

"တော်စမ်း၊ ကျွန်မဟာ အသက်နဲ့လှုလုပ်တာမဟုတ်ဘူး၊ အရှက်နဲ့ လှုလုပ်တာရှင့်၊ ရှင့်လို သစ္စာဖောက်မျိုးကို ကျွန်မ့တကြည်ဖြူရမှာလား၊ ရှင့်ဟာရှင် တစ်ကိုယ်ရေကောင်းစားဖို့အတွက် ကိုယ့်အမျိုးသားတွေကို ဒုက္ခပေးနေတဲ့လူပဲ၊ ရှင့်ကို ကျွန်မမုန်းတယ် သိပ်မုန်းတယ်"

ယဲလိန်သည် နားစွင့်နေရင်းမှ....

"ဩော် လွှေစုလျှံဟာ သွေးကြောကွက်တွေ အပိတ်ခံထားရလို့ စကားပြောသံကြားရပြီး သူ့လှုပ်ရှားသံ လုံးဝ မထွက်တာဘဲကိုး"

ပိုင်ထိုက်ကွန်မှာ လွှေစုလျှံအား စည်းရုံး၍ မရသဖြင့် ဒေါသဖြစ်လာကာ ရမ္မက်ထွေးမျှားလည်း ဆူဝေလာသည်။

ထို့ကြောင့် လွှေစုလျှံအားစိုက်ကြည့်ကာ....

Scanned with ACE Scanner

"ဖြစ်ချင်ရာဖြစ်တော့၊ အစ်ကိုက မင်းကို ပြေရာပြေ ကြောင်း ပြောမနေချင်တော့ဘူး၊ ဘယ်သူလဲဟေ့"

ပိုင်ထိုက်ကွန် အရိုင်းစိတ်နှင့် မုန်ယိုနေစဉ် ဟူးနေဲအသံနှင့် အတူ သူ့မျက်နှာရှေ့မှ အလံဘစ်ချောင်းဖြတ်သန်းကာ နံရံတွင် စိုက်ဝင်နေလေသည်။

ပိုင်ထိုက်ကွန်က ဒေါသပြစ်ဖြစ်နှင့် အလံကိုဆွဲနုတ်ယူရန် ကြံလိုက်စဉ် သွားကြားမှ လေသံမျိုးနှင့် အေးတိအေးစက် ပြောကြားသံက ရှေ့တရက်ထွက်ပေါ်လာ၏။

"ပိုင်ထိုက်ကွန် မင်းသတ္တိရှိရင် မေ်းကြည့်လိုက်စမ်း"

ပိုင်ထိုက်ကွန်က သူ၏ဆောင်ခေါးကို ဆွဲယူလိုက်သော်လည်း သူ့မျက်လုံးအိမ်ထဲ၌မူ ကြေစက်၌ စိုးထိတ်မှုများ အရိပ်ဖြာ နေကြောင်း လွှစုလျ တွေ့လိုက်မိသည်။

အနက်ရောင်ဝတ်စုံနှင့် လူတစ်ယောက်က တည်ငြိမ်အေး ဆေးစွာ လျှောက်လှမ်းလာပြီး ပိုင်ထိုက်ကွန်အား ကြိမ်း မောင်းလိုက်ကြောင်း လွှစုလျ တွေ့လိုက်ရပြန်၏။

"ပိုင်ထိုက်ကွန် မင်း အတော် သတ္တိကောင်းနေပါလား၊ ဟင်၊ ကိုယ့်ရဲညီနောင်တွေအပေါ် သစ္စာဖောက်ရုံတင် အား မရသေးဘူး၊ ယုတ်ယုတ်မာမာ စော်ကားချင်သေးတယ်၊ မင်း မှာ လူစိတ်ကော ရှိသေးရဲ့လား"

ပိုင်ထိုက်ကွန်သည် အနက်ရောင်ဝတ်စုံနှင့် ယဲလိန် အား တွေ့မြင်လိုက်ရသည်နှင့် သူ့ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ် နှင့် တုန်ယင်နေတော့၏။

ယဲလိန်က အေးစက်စက်လေသံနှင့် မေးမြန်းသည်။

"ရှောက်အင်းကို မင်းတို့ ဘယ်မှာချုပ်ထားသလဲ ပြောစမ်း၊ ဘာလဲ မင်းကငါ့ကို အကွက်ချောင်းပြီး တိုက်ချင်သေးလို့လား လုပ်လိုက်စမ်းပါ၊ ငါ့ထက် မင်းကမြန်မယ်ထင်ရင် မင်းကြိုးစားကြည့်ဦးပေါ့၊ မင်း ဘယ်လိုခံစားသွားရမယ်ဆိုတာ လက်တွေ့သိလာမှာပေါ့ကွာ"

ယဲလိန်စကားပြောနေစဉ် ပိုင်ထိုက်ကွန်က အလစ်ထွက်ပြေးရန် ကြံလိုက်၏။ သို့သော် သူ့ထက်ပိုမြန်သော ယဲလိန်က ကိုယ်ဖော့ပညာနှင့် ရုတ်ခြည်းရွေ့လျားကာ သိမ်းငှက်စွန်ချီသိုင်းကွက်နှင့် ပိုင်ထိုက်ကွန် မျက်နှာဆီသို့ လှမ်းထိုးလိုက်လေသည်။

မြန်လိုက်သည့်ဖြစ်ခြင်း။

လျှပ်ပြက်သည်ထက်ပင် မြန်ပေလိမ့်ဦးမည်။

ပိုင်ထိုက်ကွန်က ကြိုးစား၍ ရှောင်တိမ်းလိုက်သော်လည်း အရိပ်သဖွယ် ကပ်ပါလာနေသော ယဲလိန်၏လက်သီးကွက်ကို မရှောင်သာဘဲ အထိခံလိုက်ရ၏။

"စွပ်"

"အင့်"

"ဘုန်း"

မတိုးမကျယ်အသံများ ဆက်တိုက်ပေါ်လာသည်။

ပိုင်ထိုက်ကွန်၏မျက်လုံးထဲ၌ ကြယ်တွေလတွေ မြင်လာကာ ယဲလိန်၏ ဒုတိယလက်သီးကိုပင် မခံနိုင်တော့ဘဲ ခွေလဲကျသွားတော့၏။

Scanned with ACE Scanner

ပိုင်ထိုက်ကွန်မှာ မလှုပ်ရှားနိုင်ဘဲ အရုပ်ကြိုးပြတ် ဖြစ်နေတော့သည်။ ယဲလိန်က ပိုင်ထိုက်ကွန်၏ ဇက်ကြောကို ကုတ်ဆွဲ၍ ဖမ်းချုပ်ကာ ကြောင်ကလေးတစ်ကောင် ကိုင်မြှောက်သလို ဆွဲမလိုက်၏။

"ဒီမှာ ပိုင်ထိုက်ကွန်၊ ဒီအံလုံးကို သေသေချာချာကြည့်ဖမ်း၊ မင်း အသေဆိုးနဲ့ မသေချင်ရင် ငါ့အမိန့်ကို နာခံစမ်း၊ ဒူးချက်ချင်း ဒူးထောက်လိုက်"

ယဲလိန်က ပြောပြောဆိုဆိုနှင့် သူ၏ညာခြေကိုမြှောက်ကာ ပိုင်ထိုင်ကွန်၏ခြေအစုံကို ခပ်ပြင်းပြင်းခတ်လိုက်သည်။

"ဝုန်း"

ပိုင်ထိုက်ကွန်မှာ ကြမ်းပြင်ပေါ်သို့ ပုံကျသွားပြန်သည်၊ ယခုတော့ ပိုင်ထိုက်ကွန်သည် စက်ရုပ်တစ်ရုပ်အလား ဒူးထောက်ပြီး ခေါင်းငုံ့ဆိုင်နေသည်။

လှေ့စုလျှံမှာ ပိုင်ထိုက်ကွန်သည် အဘယ်ကြောင့် အမိန့်နာခံရမည်ကို သိနေသည်။ ပိုင်ထိုက်ကွန်ကား ယခုအခါ၌ လုံးဝ ခုခံနိုင်စွမ်းရှိတော့ချေ။

ယဲလိန်က ပိုင်ထိုက်ကွန်၏သွေးကြောကွက်ကို ထိုးပိတ်ပြီး ဖြစ်ကြောင်း လှေ့စုလျှံသိလိုက်သည်။ ထို့ပြင် နေလအမိန့်ပေးဇလံကို မြင်လိုက်သည်နှင့် မျက်နှာဖုံး စွပ်ထားသူမှာ မည်သူမည်ဝါဖြစ်ကြောင်း သိလိုက်ရသဖြင့် ဝမ်းသာအားရ ဖြစ်နေမိသည်။

ယဲလိန်က သူမ၏ ပိတ်နေသော သွေးကြောကွက်ကို ထောက်လိုက်သည်နှင့် လွေ့စုလျှံမှာ လှုပ်ရှားလာနိုင်သည်။

လွေ့စုလျှံသည် ခုတင်ပေါ်မှ အလျင်အမြန်ဆင်းကာ ဒူးစုံထောက်၍ ပြောလိုက်သည်။

"ကျွန်မ လွေ့စုလျှံက ကိုယ်တော့်ကို ဂါရဝပြုပါတယ်ရှင်"

ယဲလိန်က ခေါင်းဆတ်ပြပြီး မေးမြန်းသည်။

"ကိစ္စမရှိပါဘူး စုလျှံ၊ ဒါနဲ့ မင်းအစ်ကိုကြီး ချောက်အင်းကို ဘယ်မှာ ချုပ်နှောင်ထားတယ်ဆိုတာကိုကော မင်းသိသလား"

လွေ့စုလျှံက ခေါင်းလေးခါယမ်းရင်း....

"ကျွန်မ မသိပါဘူးကိုယ်တော်"

"အင်း ဒါဆို ပိုင်ထိုက်ကွန်ကိုပဲ ဒုက္ခပေးရတော့မှာပဲ"

ယဲလိန်က ပြောပြောဆိုဆို ပိုင်ထိုက်ကွန်၏ စကားပြောဆိုနိုင်သော သွေးကြောကွက်ကို ပြန်ဖွင့်ပေးလိုက်သည်။

ပိုင်ထိုက်ကွန်သည် ယဲလိန်အား မစံ့မရဲကြည့်ကာ လေသံပျော့ပျော့နှင့်....

"ကိုယ်တော်လေး ပိုင်ထိုက်ကွန် အမှားပြုလုပ်ခဲ့တာ မှန်ပါတယ်၊ ဒါပေမယ့် အချစ်ကြောင့် မျက်ကန်းတစ္ဆေ မကြောက် အမှားပြုမိတာပါခင်ဗျာ"

ပိုင်ထိုက်ကွန်သည် စကားဆုံးသည်နှင့် ခေါင်းငုံ့လိုက်တော့၏။

“မင်းရဲ့မိုက်မဲမှုကို လောလောဆယ် ငါ ဘာမှမပြောချင်သေးဘူး၊ မင်းဟာ လွှစုလျှံ တစ်ယောက်တည်းကို ဖမ်းလိုက်ရင် အချစ်ကြောင့်လို့ မင်းငြင်းချင် ငြင်းလို့ ရနိုင်သေးတယ်၊ ခုတော့ ရှောက်အင်းနဲ့ သူ့တပည့်ကို လုပ်ကြံဖမ်းတာကိုတော့ မင်း ဘယ်လို ဆင်ခြေပေးဦးမှာလဲ၊ ရှောက်အင်းတို့ကို ဘယ်မှာ ချုပ်ထားတယ်ဆိုတာ မင်းအသာတကြည်ပြောမလား၊ ဒါမှမဟုတ် အသားအနာခံပြီးမှ ပြောမလား”

ပိုင်ဆိုက်ကွန်က မျက်နှာသေလေးနှင့်....

“ကျွန်တော် တကယ်မသိလို့ပါ ကိုယ်တော်လေး၊ အဲဒီကိစ္စကို ရှန်ကျင်က ကျွန်တော့်ကို အသိမပေးခဲ့ပါဘူး”

“ကောင်းပါပြီ၊ လွှစုလျှံရဲ့မျက်နှာကို ထောက်ထားပြီး ငါ မင်းကို မရက်စက်တော့ပါဘူး”

ယဲလိန်က ပိုင်ဆိုက်ကွန်အား စကားပြောနိုင်သော သွေးကြောကွက်ကို ပြန်ပိတ်လိုက်သည်။

“စုလျှံ မင်း ငါ့နောက်လိုက်ခဲ့၊ အပြင်မှာ ဆရာချောက် တစ်ယောက် စောင့်နေတယ်”

လွှစုလျှံမှာ ချောက်ရင်ပုဏ္ဏားမည်ကို ကြားလိုက်ရသည်နှင့် သူမ၏မျက်နှာလေးက ကြည်စင်ဝင်းပသွားသည်။

“ဟယ် အစ်ကိုရင်ပုလဲ ရောက်နေတယ်...ဟုတ်လား ကိုယ်တော်၊ ဝမ်းသာလိုက်တာ”

“ဟုတ်တယ်”

“ဒါဆို ကျွန်မအစ်ကိုကြီး ရှောက်အင်းကောဟင်”

"စိတ်မပူပါနဲ့၊ ဗီကိစ္စကို ငါ့အစီအစဉ်အတိုင်း ကယ်တင်မှာပေါ့၊ ကဲ အချိန်ရှိတုန်း အပြင်ပြန်ထွက်ကြရအောင်"

"အစ်ကိုကြီးရှောက်အင်းကို ကယ်တင်တဲ့အခါ ကျွန်မလဲ လိုက်ချင်တယ် ကိုယ်တော်၊ ကျွန်မကို ခွင့်ပြုပါ"

"အချိန်မရှိဘူး စုလျှ၊ အပြင်ရောက်မှ ပြောပေတော့၊ အန္တရာယ်ရှိနေသေးတယ်"

ယဲလိန်က ပိုင်ထိုက်ကွန်ကိုဆွဲယူလိုက်ရင်း လေ့စုလျှအား လေသံခပ်တင်းတင်း ှင့် ပြောလိုက်၏။

နံရံတွင်စိုက်ထ းသောအလုံကို ခြေတစ်ဖက်နှင့် ကလော်တင်လိုက်ရာ ေ လအမိန့်ပေးအလုံက လေထဲ မြောက်တက်သွားတော့၏။

လေထဲမှပြန်ကျလာသော နေလအမိန့်ပေးအလုံကို ယဲလိန်က လက်တစ်ဖက်နှင့် ဆီးဖမ်းကာ အိပ်ထောင်ထဲ ပြန်ထည့်ပြီး အပြင်သို့ ခြေလှမ်းသွက်သွက်လှမ်း၍ ထွက်လာခဲ့တော့၏။

ယဲလိန်သည် လာလမ်းအတိုင်းပြန်လာခဲ့ရာ တစ်လမ်းလုံး အတားအဆီးပင်မတွေ့ရဘဲ ချောချောမောမောပင် အပြင်သို့ ပြန်ရောက်လာခဲ့သည်။

\+ + +

ချောက်ရင်ပုက ဆီးကြိုနေသည်။

သူ ဝမ်းသာလွန်း၍ စကားပင် တော်တော်နှင့် မပြောနိုင်ဘဲ ဖြစ်နေ၏။ လှေစုလျံက ချောက်ရင်ပုကို တွေ့လိုက်ရသည်နှင့် ဝမ်းသာအားရ လှမ်းခေါ်လိုက်၏။

"အစ်ကိုရင်ပု"

"ညီမ မင်း ဘယ်လိုမှ ဖြစ်မသွားဘူးနော်"

ချောက်ရင်ပု၏ စကားအဓိပ္ပာယ်မှာ နက်ရှိုင်းလွန်းလှ၏၊ စကားအသွားအလာ ဆိုလိုရင်းကို လှေစုလျံက နားလည်လိုက်သဖြင့် သူမမျက်နှာမှာ ရှက်သွေးဖြာသွား၏။

"ဘာအန္တရာယ်မှ မဖြစ်ပါဘူး အစ်ကိုရင်ပု"

လှေစုံလျံ၏ စကားသံလေးက တိုးတိမ်နေသည်။

"အင်း တော်ပါသေးရဲ့၊ အန္တရာယ်တွေမှာ ငြိုးဘေးကင်းရန်ကင်းဖြစ်တယ်ဆိုတော့ သူတော်ကောင်း နတ်ကောင်းစောင်မတာပေါ့လေ"

ယဲလိန်က ပတ်ဝန်းကျင်အား အကဲခတ်ကြည့်ရှုရင်း သတိပေးစကား ပြောကြားလိုက်သည်။

"ကဲ ကျွန်တော်တို့ ဒီမှာနေလို့ မသင့်တော်ဘူး၊ ပိုင်ထိုက်ကွန်ကိုလဲ ဆရာချောက်လက်ထဲ ကျွန်တော်အပ်လိုက်တယ်"

ထိုအခါမှပင် ဆရာချောက်ရင်ပု၏ ဒေါသမီးက ဟုန်းဟုန်း တောက်လောင်လာကာ မီး ဝင်း ဝင်း တောက် သောမျက်လုံးအစုံနှင့် ပိုင်ထိုက်ကွန်အား ကြည့်လိုက်ပြီး ဓားမြှောင်ကို ရုတ်ခြည်းထုတ်၍ ပြေးထိုးလိုက်တော့၏။

Scanned with ACE Scanner

ယဲလိန်၏လှုပ်ရှားမှုက ဆရာချောက်ထက်ပင် ပို၍ မြန်ဆန်စွာ ဆရာချောက်၏ လက်မောင်းကို ဖြတ်ရဲ ဖမ်းဆွဲထားလိုက်သည်။

“ဆရာချောက် ဒီလို စိတ်နောက် ကိုယ်ပါ ဒေါသအလျောက် မလုပ်ပါနဲ့၊ အရှေ့တောင် သိုင်းညီနောင်တွေစုမိမှ တရားသဖြင့် အပြစ်ပေးရင် ပေးပါ၊ ဒါဟာ အမိန့်ပဲ”

ယဲလိန်၏ သတိပေးစကားကြောင့် ချောက်ရင်ပုမှာ အသိတရားများဝင်လာကာ သက်ပြင်းမောကို မှုတ်ထုတ်ရင်း ပြန်ပြောသည်၊

“အမိန့်အတိုင်းပါ ကိုယ်တော်၊ လတ်တလော ဒေါသစိတ်ကို မချုပ်တည်းနိုင်လို့ ခုလို ဖြစ်သွားရတာ ခွင့်လွှတ်ပါခင်ဗျာ”

လူသတ္တဝါတို့သည် ဒေါသ၊ မောဟ၊ လောဘလွှမ်းကဲလာသည့်အခါ ရှုတ်ခြည်း အမှားအမှန်ကို ခေဖန်ပိုင်းခြားနိုင်ခြင်းမရှိကြချေ။

ယဲလိန်သည် ချောက်ရင်ပုအား စာနာစိတ်နှင့် ခေါင်းတစ်ချက် ညိတ်ပြရင်း....

“ကဲ ကျုပ်ခတော့သွားမယ်၊ အချိန်မရှိတော့ဘူး၊ ကျုပ်တဲ့လူကို ဆက်ပြီး ကယ်တင်စရာ ရှိသေးတယ်”

ချောက်ရင်ပုက ယဲလိန်အား မေတ္တာရပ်ခံလိုက်သည်။

“ဒီတစ်ခေါက် ကျုပ်တော့်ကို လိုက်ခွင့်ပေးပါကိုယ်တော်”

''မဖြစ်သေးပါဘူး၊ စုလျှံကို စောင့်ရှောက်ရမယ့်လူ ရှိသေးတယ်၊ အရေးကြုံရင် ပိုင်ထိုက်ကွန်ကို ခေါ်ပြီး ဆက်သွယ်ပါ၊ ချောက်က ရှောင်တိမ်းနေပါ၊ လောလောဆယ် ဇရပ်ဖြူ စီကျောင်းမှာ ပြန်တွေ့ကြတာပေါ့''

ချောက်ရင်ပုက ခေါင်းညိတ်လိုက်သည်။ ယဲလိန်က ဆက် ပြောခဲ့၏။

''အဲ ပိုင်ထိုက်ကွန်ရဲ့ သွေးကြောကွက်ကို ပြန်ဖွင့်မပေးနဲ့၊ ကျွန်တော့်ရဲ့ လျှို့ဝှက် သွေးကြောကွက်ပိတ်နည်းနဲ့ ချုပ်ထားတာ၊ သွားဖွင့်ပေးမိရင် သူ့အတွက် အန္တရာယ်ရှိနိုင်တယ်''

ချောက်ရင်ပုနှင့် လေ့စုလျှံက ယဲလိန်အား ဂါရဝပြုလိုက်ကြသည်။

''ခင်ဗျားတို့အားလုံး သတိဝီရိယနဲ့နေကြပါ၊ ကျွန်တော် သွားမယ်''

ယဲလိန်သည် ချွန်ကျွင်ဂေဟာထဲသို့ နောက်တစ်ကျော့ ပြန်ဝင်သွားတော့၏။

ယဲလိန်၏ နောက်ကျောရိပ်ကို ကြည့်ရင်း လေ့စုလျှံ၏ ဝမ်းပန်းတနည်း ငိုရှိုက်လိုက်သည်။

* * *

ချောက်ရင်ပုက လေ့စုလျ့်အားစိုက်ကြည့်ရင်း အားပေး နှစ်သိမ့်လိုက်သည်။

"ညီမလေးစုလျ့် ငိုမနေပါနဲ့ကွာ၊ မင်း ဝမ်းနည်းသလို အစ်ကိုလဲ ဝမ်းနည်းကြေကွဲရပါတယ်၊ မင်းရဲ့ရင်ထဲမှာ ဘယ်လောက်ကြီး ဒုက္ခခံစားနေရတယ်ဆိုတာ အစ်ကို စာနာကြည့်မိပါတယ်၊ ပိုင်ထိုက်ကွန် သစ္စာဖောက်ပြီးတဲ့ နောက်ပိုင်းမှာ အရှေ့တောင် သိုင်းညီနောင်ရှစ်ဖော်ရဲ့ဂုဏ်သိက္ခာဟာ ရစရာမရှိအောင် ကျဆင်းခဲ့ရတယ်၊ တို့များလဲ လူပုံအလယ်မှာ မျက်နှာမပြရဲအောင် ဖြစ်ခဲ့ရတယ် မဟုတ်လား"

ချောက်ရင်ပု၏စကားကြောင့် လေ့စုလျ့် ခေါင်းငုံ့သွားမိသည်။

"ဒါပေမယ့် နေလကိုယ်တော်က တို့ညီနောင်တွေရဲ့ ဂုဏ်သရေကို ပြန် ဆယ်တင်ပေးသလိုမို့ ဝမ်းသာရသေးတယ် ညီမစုလျ့်"

လေ့စုလျ့်က....

"အစ်ကိုရင်ပု မသိလို့သာပါ၊ အစ်ကို ပိုင်ထိုက်ကွန် ခုလိုဖြစ်ရတာ ညီမရဲ့တာဝန်လဲ မကင်းပါဘူး"

ချောက်ရင်ပုက ဒေါသသံနှင့် ပြန်ပြောသည်။

"ညီမနဲ့ ဘာမှမဆိုင်ဘူး၊ သူဟာ ညီမကို လှိမ့်နေတာ၊ ဇီကောင် လူလိမ်ပဲ"

"မဟုတ်ဘူး အစ်ကိုရင်ပု"

ချောက်ရင်ပုက စိတ်မရှည်နိုင်ဟန်နှင့် ပြောလိုက်ပြန်သည်။

"မင်း တယ်လဲခက်နေပါလား စုလျှံ၊ဒီလို ရေစုန်မျောတဲ့ အခြေအနေ ရောက်နေတာတောင် မင်းက သူ့အတွက် ခုခံ ကာကွယ်နေသေးသလား ဟင်၊ ဖာယ် ငါလေ မပြောလိုက် ချင်ဘူး၊"

လွှစုလျှံက ခေါင်းတယမ်းယမ်းနှင့် ပြန်ရှင်းပြရန် ကြံ လိုက်သည်။

"ကဲ မင်း ဘာမှပြောမနေနဲ့ဦး၊ အစ်ကို ရှင်းရှင်းပဲ ပြော မယ်၊ ညီမစုလျှံဟာ တို့အထဲမှာ အငယ်ဆုံးပါ၊ မင်း တို့ဆီ မရောက်ခင်ကတည်းက အစ်ကိုကြီးရွှောက်အင်းပြောခဲ့ဖူးတယ် ဒီကောင်ဟာ စိတ်မချရဘူးတဲ့၊ သူ့ကြောင့် တို့တစ်တွေ တစ် နေ့နေ့မှာ အရှုက်ရစေလိမ့်မယ်တဲ့၊ အဲဒီ အချိန်တုန်းကတော့ အစ်ကိုနဲ့ ကန့်ဖုန်ချီက သူ့အတွက် ထောက်ခံပေးခဲ့ကြတယ်၊ တို့နှစ်ယောက်ရဲ့ မျက်နှာကို ထောက်ထားပြီး အစ်ကိုကြီး ရွှောက်အင်းက သူ့ကို ညီနောင်အဖြစ် လက်ခံခဲ့တာပဲ"

ချောက်ရင်ပုဇ်စကားကို သူမနားနှင့် ပြတ်ပြတ်ထင်ထင် ကြားလိုက်မိသော်လည်း လွှစုလျှံမှာ မယုံမရဲစိတ်နှင့် ပြန် မေးသည်။

"တကယ်ပါ၊ အစ်ကိုကြီးရွှောက်အင်းနဲ့ ကန့်ဖုန်ချီကိုမေး ကြည့်ပေတော့၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ညီမတစ်ယောက်ကို တော့ တို့အားလုံးက ပြောမပြခဲ့ဘူးလေ"

"ဟုတ်တယ်၊ ညီမလဲ ဒီကိစ္စကို လုံးဝမသိသေးဘူး"

"ဒီလို လျှို့ဝှက်ထားခဲ့ရတာကလဲ တို့တစ်တွေက သူ့ကို စောင့်ကြည့်မယ်ဆိုတဲ့ သဘောပေါ့၊ ညီမအနေနဲ့ သူ့ကိုစိတ် မကုန်သေးဘူးလားဟင်"

ချောက်ရင်ပုက လှေ့စုလျှံ အတွက် မမှားသင့်သည် ဆက်မမှားစေရန် ပြောလိုက်ခြင်း ဖြစ်ပေသည်။ သို့တိုင် လှေ စုလျှံ၏ မျက်နှာကလေးမှာ ရွာတော့မည့်မိုးနှယ် ညှိုးမှောင် နေတော့သည်။

"စိတ်တော့ ကုန်ပါပြီ၊ သူ့အတွက် ညီမ သိပ်ရှက်တယ်၊ ဒါပေမယ့် သူ့ကို သူ့ကို"

ဒလှေ့စုလျှံမှာ ဆက်ပြောရန်ပင် ခွန်အား ကင်းမဲ့သ အလား စကားသံသည် ဆို့နင့်ပျောက်ကွယ်၍သွားတော့၏။

ချောက်ရင်ပုကာ ပိုင်ထိုက်ကွန်အား တစ်ချက်မျှ စိုက်ကြ ရင်း ပြောလိုက်သည်။

"ညီမအနေနဲ့ ဘာမဆို ခွင့်လွှတ်လို့ ရနိုင်ပါတယ်၊ ခု ကိုယ့်တပ်ကိုယ်ကောင်းစားရေးအတွက် ကိုယ့်ရဲ့သွေးသော အစ်ကိုကြီးကို မညှာမတာစိတ်နဲ့ သေမင်းလက်ထဲ ဝ အပ်တာမျိုးတော့ လုံးဝ ခွင့်လွှတ်လို့ မဖြစ်ဘူး"

"ဒါတော့ သိမှာသိပါတယ် အစ်ကိုရင်ပု၊ ဒါပေမယ့် ညီမ အနေနဲ့ သူ့ကို ရက်စက်ဖို့တော့..."

ဇလှေ့စုလျှံ၏ စကားမဆုံးခင်မှာပင် ချောက်ရင်ပုက ဖြတ် ပြောလိုက်သည်။

"ဒီကိစ္စက တို့ညီနေဖစ် ရှစ်ပေါ်ချည်း ဆုံးဖြတ်လို့ မနိုင်တော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ တို့တစ်တွေဟာ နေလကိုယ်တော်ရဲ့ အဆုံးအဖြတ်ကိုလိုက်နာကြရမယ်၊ တကယ်တမ်း တို့တစ်တွေရဲ့ ဆရာမကြီးရှိနေခဲ့ရင်လဲ သူ့အနေနဲ့ နေလကိုယ်တော်ရဲ့အမိန့်ကို မလွန်ဆန်ဝံ့ဘူး မဟုတ်လား"

လွှစုလျှ နှုတ်ဆိတ်သွားသည်။ သူမ၏ ရီဝေ မှိုင်းမှုန်နေသော မျက်လုံးများသည် ပိုင်ထိုက်ကွန်ရှိရာသို့ တစ်ချက် ဝေ့ကြည့်ကာ သက်ပြင်းမောကို ချလိုက်တော့၏။

\+ \+ \+

ယွဲ့လိန်သည် ချောက်ရင်ပု၏တောင်းဆိုချက်ကို လက်မခံပေ။

လွှစုလျှအား ပိုင်ထိုက်ကွန်နှင့် ဆက်တွေ့ခွင့်ထားခဲ့ပါက သူမသည် အချစ်နှင့်ပတ်သက်၍ အသိတရား ကင်းလွတ်ကာ ပိုင်ထိုက်ကွန်အား လွှတ်ပေးလိုက်မည်ကို စိုးရိမ်နေမိသည်။

ထို့ပြင် သူစွန့်စားရမည့် ကိစ္စအတွက်လည်း ချောက်ရင်ပု၏ အကူညီရ မရောက်ဘဲ အနှောင့်အယှက်ပေးရန် ရှိမည်ကို တွေးပူမိခဲ့သည်။

ယခု သွားရမည့်နေရာမှာ အန္တရာယ် ပြွမ်းသောကြောင့် ယဲ့လိန်ကိုယ်တိုင်ပင် သတိကြီးစွာ ထားနေခဲ့ရ၏။ ဂေဟာ အတွင်း အချက်အချာကျနေသော နေရာတိုင်းတွင် လက်နက် မျိုးစုံ အသင့်ကိုင်ဆောင်ထားကြသော အစောင့်များက နိုးနိုး ကြားကြား စောင့်ကြပ်နေကြသည် မဟုတ်ပါလား။

ယဲလိန်က အစောင့်များ၏ အင်အားကို စစ်ဆေးကြည့်ပြီး မည်သို့မည်ပုံ လုပ်ဆောင်ကြရမည်ကို အကြံထုတ်နေသည်။

သိုင်းသမားအင်အား ဆယ်ယောက်ခန့်ရှိသော ကင်းအဖွဲ့ သည် မီးပုံးများကိုဆွဲကိုင်၍ ကင်းလှည့်စစ်ဆေးနေကြကြောင်း ယဲလိန်တွေ့မိသည်။

ဤသည်ကိုပင် ယဲလိန်က သူ့အတွက် အခွင့်အရေးတစ်ရပ် ဟု ယူဆကာ အချိန်ကောင်းကို စောင့်နေလိုက်သည်။

ယဲလိန် စောင့်ကြည့်နေသော အစောင့်မှာ တာဝန်ချိန် ကုန်ဆုံး၍ နောက်ရောက်လာသည့် အစောင့်အား တာဝန် လွှဲပြောင်းပေးကာ လှည့်ထွက်သွားသည်ကို တွေ့လိုက်ရလေ သည်။

ယဲလိန်က ကိုယ်ဖော့ပညာကို အသုံးပြုကာ ထိုလူ့နောက်မှ အသာ လိုက်သွားသည်။ လူရှင်းသည့် နေရာအရောက်တွင် ယဲ့လိန်က အစောင့်အား အသံပေးလိုက်၏။

“ဟေ့ ပြန်တော့မလို့လား”

အစောင့်က ဝါးခနဲ သမ်းရင်း....

Scanned with ACE Scanner

"ဘယ်မှ သွားချင်စိတ်လဲ မရှိတော့ပါဘူးဗျာ၊ သိပ် ပင်ပန်းနေပြီ၊ ပြန်အိမ်တော့မယ်"

"အေး အိပ်ဘာ အားရှိတာပေါ့ကွာ"

ယဲလိန်က ပြောပြောဆိုဆို အစောင့်အနီးသို့ တိုးကပ်သွားပြီး ဖြတ်ခနဲ လှုပ်ရှားလိုက်သည်။

အစောင့်မှာ လန့်ဖျပ်သွားပြီး အိပ်ချင်စိတ်ပင် ပြေပျောက်သွား၏။

"အို အို ဘာလုပ်တာလဲဗျ"

"တိုးတိုးပြောစမ်း၊ မင်းရဲ့လည်ပင်းပေါ်မှာ ဘာမြင်ရသလဲ"

အစောင့်က အသံတုန်ယင်စွာနှင့်....

"ဓား ...ဓားပါခင်ဗျာ"

"ဒီလိုတော့လဲ သိသားပဲ၊ ဓားဟာ လူတစ်ယောက်ကို ဖြတ်လမ်းကနေပြီး သေရွာကို ပို့ပေးနိုင်တယ်၊ အဲ သေရွာ မသွားချင်ရင် ငါမေးတာကိုဖြေစမ်း"

အစောင့်၏ မျက်လုံးမှာ ပြူးကျယ် ဝိုင်းစက်သွားကာ မျက်ကလဲဆန်ပျာနှင့် ပြန်ပြော၏။

"ဖိတ်ချပါခင်ဗျာ၊ ကျွန်တော်သိသမျှ အားလုံး ဖြေပါ့မယ်၊ ကျွန်တော့်အသက်ကိုတော့ ချမ်းသာပေးပါခင်ဗျာ၊ ကျွန်တော့်မှာ အမေအိုကြီးတစ်ယောက်ကို ပြုစုစောင့်ရှောက်ရဦးမယ်"

ယဲလိန်က အံ့ကြိတ်ရင်း ခက်ထန်တင်းမာစွာ ပြန်မေးလိုက်လေသည်။

"အမွှေတောင် သိုင်းညီနောင် ရှစ်ဖော်ထဲက ရှောက်ဆင်းကို မင်းတို့ ဘယ်မှာချုပ်နှောင်ထားကြသလဲ"

အစောင့်၏မျက်လုံးမှာ ယဲလိန်၏ စကားကို ကြားလိုက်သည်နှင့် ပြူးကျယ်ဝိုင်းစက်သွားတော့၏။

"ကျွန် ကျွန်တော် လုံးဝမသိပါဘူးခင်ဗျာ"

"ဩော် ဟုတ်လား"

ယဲလိန်က သူ့လက်အတွင်းမှဓားကို အားကုန်လိုးမြှတ်မည့်ဟန် ပြုလိုက်သည်။

"အား မလုပ်ပါနဲ့ ကြောက်ပါပြီ၊ ကျွန်တော်ပြောပါ့မယ်၊ ပြောပါတော့မယ်"

"အဲဒီလို လိမ္မာစမ်းပါကွာ"

ယဲလိန်က အစောင့်၏လည်ပင်း အရေပြားပေါ်သို့ နစ်ဝင်နေသော ဓားဦးကို အသာအယာ နောက်ပြန်ဆုတ်ရင်း အသင့်ကိုင်ထားလိုက်သည်။

"မင်း ယီးတီးယားတားမလုပ်နဲ့၊ မင်း သေသွားချင်ရင်လဲ ငါက နောက်ဘာစ်ယောက် ထပ်မေးလို့ရတယ်ဆိုတာ မင်းမှတ်ထားဦး"

ယဲလိန်၏ ခြိမ်းခြောက် အသံကြောင့် အစောင့်၏ ခြေဖျားလက်ဖျားများ အေးစိမ့်ကုန်တော့၏။

"မနောက်ဘက်ပန်းခြံထဲက မြေအောက် အချုပ်ခန်းထဲမှာ ချုပ်ထားပါတယ်"

"မင်း ထကယ်ပြောတာလား၊ ဒါပဲနော် မင်းလိမ်ညာရင် ငါဆ မင်းကို သတ်ပစ်ရမှာပဲ"

"စိတ်ချပါ ကျွန်တော် လူမိုက်အလုပ် မလုပ်ဝံ့ပါဘူး"

"အစောင့် ဘယ်နှယောက်ရှိသလဲ"

"ရှစ်ယောက်ရှိပါတယ်"

"ဝင်ပေါက်ကော ဘယ်မှာထားသလဲ"

"နှင်းဆီပန်းအိုးအောက်မှာ လျှို့ဝှက်ခလုတ်ရှိတယ်ခင်ဗျာ"

ယဲလိန်က သေချာစေရန် ထပ်မေးလိုက်ပြန်သည်။

"အစောင့်ကို ဘယ်လိုချထားသလဲ"

"အပြင်ခလေးယောက်၊ ဇတွင်းလေးယောက်ပါ"

"အစောင့်ခေါင်းဆောင်ဘယ်သူလဲ"

"တိဘက်လဗားမားတွေပဲ"

"သိုင်းပညာအဆင့်ကကော"

"ကျွန်တော်လဲ သူတို့နဲ့မယှဉ်ဘူးတော့ မသိဘူး၊ ဒါပေမယ့် သူတို့က အရပ်အမောင်းကောင်းတယ်"

"ဒါပဲလား"

"သူတို့က ဘင်္ဂလီမြစ်ဝှမ်းအလိုပဲ၊ ကျွန်တော်တို့ကို စကားလုံးဝ မပြောဘူး"

"ကောင်းပြီ၊ ငါကတော့ ခုလောလောဆယ်မှာ မင်းရဲ့ သွေးကြောကွက်တွေကို ပိတ်ထားပေးရမယ်၊ မင်းပြောတာတွေမှန်ရင် နောက်တစ်နာရီမှာ မင်းရဲ့သွေးကြောကွက်ကို

ပြန်ဖွင့်ပေးမယ်၊ အဲ လိပ်ခွင်တော့ ဒီမောစာဖြစ်မှာပဲ၊ ဒီတော့ မင်းရဲ့စကားထဲမှာ မဟုတ်မမှန်တာပါခဲ့ရင် ခုနေ ပြင်ဖို့အချိန်ရှိသေးတယ်''

''ကျွန်တော့်စကားတွေဟာ အမှန်ချည်းပါပဲ''

''ဒါဆိုရင် ဒီမှာပဲနေလိုက်ဦး''

ယဲလိန်က အစောင့်၏ သေးကြောကွက်မှ စကားဆွဲအစေသည့် သွေးကြောကွက်ကိုထိုးပိတ်ကာ အဝတ်အစားချင်း လဲလှယ်ဝတ်ဆင်လိုက်သည်။

ယဲလိန်သည် တည်ငြိမ်သောခြေလှမ်းများနှင့် အစောင့်ပြောကြားသည့်ပန်းခြံဘက်သို့ လျှောက်လှမ်းသွားနေသည်။

နှင်းဆီပန်းအိုးကြီးတစ်လုံးကို မြင်တွေ့လိုက်ရသဖြင့် ယဲလိုန်ကျေနပ်သယောင် ဖြစ်သွားမိသည်။ ယဲလိန်သည် ရှန်ကျင်ဂေဟာအတွင်း ဤနေရာသို့လည်း ရောက်ခဲ့ပူးသည်။

သို့သော် ဤနေရာတစ်ဝိုက်တွင် ယခုကဲ့သို့ အခိုင်အမာ ထားရှိသော လျှို့ဝှက်အချုပ်ခန်းရှိလိမ့်မည်ဟု မထင်မိခဲ့ပေ။

ယဲလိန်၏ မှင်မောင်းကောင်းမှုကြောင့်လည်းကောင်း၊ ရှန်ကျင်ဂေဟာ အစောင့်တစ်ယောက်၏ အဝတ်အစားများကြောင့်လည်းကောင်း ယဲလိန်အား မည်သူကမျှ စစ်ဆေးမေးမြန်းခြင်းမရှိခဲ့ချေ။

ရှန်ကျင်ဂေဟာ၏ ပန်းခြံသည် အပန်းဖြေနားနေရန်မဟုတ်တော့ဘဲ ကြောက်စရာအလွန်ကောင်းသော ငရဲခန်းတစ်ခု

ပမာ ဖြစ်နေလေသည်။ လေ့ဘာသာ ကောင်းချွန်ကျင်၍ အလုပ်ဆုံးသော လျှို့ဝှက်ငရဲခန်းပင် ဖြစ်တော့၏။

မင်းသားရှန်ကျင်သည် ယခုကဲ့သို့ လျှို့ဝှက်ကြံစည်ကာ အကွက်ချလုပ်ကိုင်နိုင်ခြင်းကပင် မင်းသားများထဲမှ ဉာဏ် အများဆုံး မင်းသားတစ်ပါးဖြစ်ကြောင်း ယဲလိန် တွေးမိ လေသည်။

ယခုကဲ့သို့ ကြံရည်ဖန်ရည်ဇာစွမ်းထက်လှသော ရှန်ကျင်၏ အကွက်များကို တစ်ခုချင်းဖြို့ဖျက်ပစ်ခြင်းဖြင့် ကျန်မင်းသား များနှင့် လက်ခြည်တူညီလာနိုင်ကြောင်း ယင်ထင်ပယ်လိန် ကြံစည်ခြင်းဖြစ်၏။

မြေအောက်လျှို့ဝှက်အချုပ်ခန်း အပြင်ဘက်ရှိ အစောင့် လေးယောက်က ယဲလိန်အားမြင်တွေ့လိုက်ရ၍ အပြင်သို့ထွက် လာကြသည်။

ယဲလိန်သည် သူ့ထံသို့ဦးတည်လာနေသော အစောင့် လေးယောက်ကိုကြည့်ရင်း မည်ကဲ့သို့ရင်ဆိုင်ရမည်ကို ကြံစည် တွေးတောနေလိုက်သည်။

ယဲလိန်က ဟန်မပျက်ဆက်လှမ်းရင်း အစောင့်လေးယောက် အား အပြတ်ရှင်းလျှင် အစောင့်အင်အား လျော့နည်းသွား နိုင်ကြောင်း အကြံပေါ်လာမိသည်။

သို့မဟုတ် ဥပါယ်တံမျဉ်နှင့် အစောင့်လေးယောက်အား လှည့်ဖြားရန်လည်း စဉ်းစားမိပြန်၏။ အစောင့်လေးယောက် သည် တိဘက်ပြည်မှ ဓိကြိုးသိုင်းသမားများ ဖြစ်ကြသည်။

ပြည့်မသိုင်းပညာနှင့် ကွာဟမှုရှိကာ သိုင်းပညာဆန်းပြား လွန်းပေသည်။

ဖဝေါင့်လေးယောက်လုံးမှာ အသက်သေးဆယ်ဝန်းကျင် ခန့်သာရှိကြပြီး သိုင်းလောကအတွေ့အကြုံ ရင့်ကျက်သူများ ဖြစ်ကြကြောင်း ယဲ့လိန် ရိပ်စားမိသည်။

အဝေါင့်လေးယောက်ထဲမှ အော်မေးသံက ထွက်ပေါ် လာသည်။

''ဘယ်သူလဲ ရပ်လိုက်စမ်း''

ယဲ့လိန်သည် ပျာယာခတ်ခြင်း အလျဉ်းမရှိဘဲ အေးအေး ဆေးဆေး ရပ်နေလိုက်သည်။

''ဘာကိစ္စနဲ့ ဒီဘက်ကိုလာရတာလဲ''

နောက်တစ်ယောက်၏ အမေးစကားကြောင့် ယဲ့လိန်တ သူ့အား ရှန်ကျင်ပေးထားခဲ့သော အမှတ်တံဆိပ်ကို ခပ် တည်တည်နှင့် ပြလိုက်သည်။

''ဒီမှာကြည့်စမ်း''

''ဩော်''

ယဲ့လိန်က သူ့ကိုယ်သူ တာဝန်ရှိသူ တစ်ယောက်အလား ဝန်းကျင်အား အကဲခတ်ကြည့်ရင်း မေးမြန်းသည်။

''နေစမ်းပါဦး၊ ခင်ဗျားတို့ ဒီမှာ အေးအေးချမ်းချမ်း ပဲလား''

''ဟုတ်ပါတယ်''

''ရှောက်အင်းကို မင်းတို့ စောင့်နေတာ သူ့ အခြေအနေ ဘယ်လိုရှိသေးသလဲ၊ တို့ကို သစ္စာခံမယ်လို့ ပြောသေးသလား''

Scanned with ACE Scanner

အစောင့် တစ်ယောက်က ပြန်ပြောသည်။

"ဒီလူ တော်တော် ခေါင်းမာတာပဲ၊ ဘယ်လိုမှ စည်းရုံးသိမ်းသွင်းလို့မရဘူး ဖြစ်နေတယ်"

"ကြည့်စမ်း၊ ဒီရှောက်အင်းဟာ ကောင်းစေချင်လို့ အမြင့်ကို တင်တာယ်၊ အေးဘယ်ဆိုပြီး ခုန်ချတဲ့ လူစားမျိုးပါလား၊ သေချင်ပြီနဲ့တူတယ်၊ ဩော် ဒါနဲ့ ဆရာ နင့်ကျမ်းရောင်ကော ရှောက်အင်းနဲ့ တွေ့ပြီးပြီလား"

"ခုနကပဲ ပြန်ထွက်သွားပါတယ်"

ယဲ့လိန်က ဟိတ်ဟန် အပြည့်နှင့် ခပ်တည်တည် ဆက်ပြောလိုက်သည်။

"ငါသိပါတယ်၊ ငါဆိုလိုတာက ဒီလူ့ကို ဆရာနင့်က စည်းရုံးမရရင် ဒီညပဲ အစ ဖျောက်ပစ်ရလိမ့်မယ်၊ ဒီတော့ ငါက ဒီကောင့်ကိုနောက်ဆုံးလာတွေ့ပြီး စည်းရုံးကြည့်မယ်၊ ကောင်းကောင်းမွန်မွန်ပြောလို့ မရရင်တော့ ကိုယ်တော်ခွဲရန်ကျင်တာ သူ့ကို သတ်မိန့်ပေးထားတယ်"

"ဒါဆိုလဲ အထဲဝင်ပြီး ပြောကြည့်ပါ"

"ကောင်းပြီ၊ နှင်းဆီအိုးကိုမ,ပြီး လျှို့ဝှက်ခလုတ်ကို ဖွင့်လိုက်စမ်း"

ယဲလိန်သည် ဂေဟာအတွင်းရှိ လျှို့ဝှက်ချက်အားလုံးကို သိနေသော အတွင်းလူတစ်ယောက်၏ အမူအရာမျိုးနှင့် အမိန့်ပေးလိုက်၏။

အစောင့်တစ်ယောက်က လျှို့ဝှက်ခလုတ်ကို ဖွင့်ပေးလိုက်သည်တွင် သူနှင့် ဆယ်လှမ်း အကွာအဝေး တစ်နေရာမှ မြေကြီးသည် ရှဘ်တရက် အက်ကွဲသွားသည်။ တစ်ဆက်တည်း လူနှစ်ယောက် တစ်ပြိုင်တည်း ဝင်နိုင်သော အပေါက်ကြီး တစ်ပေါက် ပေါ်လာတော့၏။

ယဲလိန်အား လားမားအစောင့်တစ်ယောက်က လမ်းပြပြီး ကျန်သုံးယောက်က ဆက်လက်ပုန်းအောင်း၍ စောင့်ဆိုင်းနေလိုက်ကြသည်။

သူတို့နှစ်ယောက် ဆင်းသွားပြီး ကျောက်လှေကားထစ်ပေါင်းတစ်ဆယ့်ငါးထစ်အရောက်၌မြေအောက်လျှို့ဝှက်အချုပ်ခန်းကို ယဲလိန် ရောက်ရှိလာတော့၏။

ယဲလိန်က မျက်နှာဖုံးကို ချွတ်လိုက်သည်နှင့် အစောင့်များထဲမှ တစ်ယောက်က လှမ်းမေးသည်၊

“ဘယ်သူလဲ”

“[illegible]”

“မသိဘူး၊ ဘယ်က ယဲလိန်လဲ”

အစောင့်လားမား၏ စကားသံက မောကျော့ ပြတ်သားလှသည်။ လားမားသည် လူကောင် ကြီးမား ထွားကျိုင်းသည်နှင့်အမျှ သူတို့အသံကလည်း ကြောက်မက်ဖွယ် ကောင်းလှန်းလှ၏။

သာမန်လူတစ်ယောက်ကို အချိန်မရွေးကုတ်ဆွဲပြီး အလွယ်တကူ ကိုင်ပေါက်သတ်နိုင်လေသည်၊ ယဲလိန်က အေးစက်စက်

Scanned with ACE Scanner

ပြန်ပြောရင်း ရှန်ကျင်ပေးထားသော အမှတ်တံဆိပ်ကို ပြလိုက်သည်။

''မသိရင် ဒီမှာကြည့်စမ်း''

''ဘာကိစ္စလဲ''

ယဲလိန်၏အကြည့်က ရဲရဲတောက်နေသော မီးဖိုမှတစ်ဆင့် လားမားကြီးကို စိုက်ကြည့်လိုက်သည်။

ယဲလိန် ဒေါသဖြစ်သွားသလို အာဏာသံနှင့် ငေါက်ငမ်းလိုက်သည်။

''ဟေ့ကောင် ဒါဟာ မင်းမေးရမယ့်စကားလား၊ ငါ့ကို ဘာကောင်ထင်လို့လဲ၊ ဖယ်စမ်း၊ တရားခံနဲ့ စကားပြောပြီးရင် ငါ သွားစရာရှိနေသေးတယ်၊ ဒီနေရာမျိုးကို ငါက သိပ်ပြီး လာချင်တာ မဟုတ်ဘူး''

ယဲလိန်က အတွင်းအား အပြည့်နှင့် လားမား လူ့ဘီလူးကြီးကို အသာအယာ တွန်းဖယ်လိုက်သည်။

သို့သော် လားမားကြီးမှာ ယဲလိန်က ''ဖြည်းဖြည်း''ဟုလ၊ တွန်းလိုက်သော်လည်း ကိုယ်ဟန်မထိန်းသိမ်းနိုင်ဘဲ ခြေလှမ်း သုံးလှမ်းမျှ နောက်သို့ ဒယီးဒယိုင်နှင့် ဆုတ်သွားရသည်။

ကျန် လားမားများသည် ယဲလိန်၏အစွမ်းအစကို မြင်တွေ့ လိုက်ရသည်နှင့် ကြောက်ရွံ့တုန်လှုပ်ကာ တရိုတသေ ပြန် ပြောလိုက်သည်။

''ဝင်တွေ့နိုင်ပါတယ် ခင်ဗျား၊ ဒီလူဟာ တော်တော်ခေါင်း မာတဲ့ လူပါပဲ၊ နည်းနည်းတော့ ဆုံးမပေးလိုက်ပါဦး''

ယဲလိန်က ဟိတ်ဟန်တစ်ချက်ပေးပြီး ဆေးတိုဆေးစက် ထပ်ပြောလိုက်သည်။

"ဒီကောင့်အကြောင်းကို မင်းတို့သိဘာထက် ငါက ပိုသိတယ်၊ ဒီကောင့်ကို နောင်ကျဉ်အောင် ဆုံးမရဦးမယ်၊ ငါ စကားပြောကြည့်လို့ ဒီကောင် လိုက်နာမယ်ဆိုရင် ဒီကောင့်ကို ငါ ခေါ်သွားရမယ်၊ ဒါကိုလဲ မင်းတို့သိထားဦး"

လားမားတစ်ယောက်ကလည်း ရှောက်အင်း၏အကြောင်းကို သိပြီးဖြစ်ဟန်နှင့် ပြောသည်။

"သိပါတယ်၊ ဒါပေမယ့် ခင်ဗျားသူ့ကို စည်းရုံးဖို့ သိပ်မလွယ်ပါဘူး၊ စမ်းကြည့်ဦးပေါ့လေ"

"ဒါက မင်းတို့အလုပ်မဟုတ်ပါဘူး၊ ငါလုပ်သမျှဟာ ငါ့တာဝန် ငါထမ်းဆောင်နေတာပဲ၊ ခု မင်းတို့ကိုပြောနေတာလဲ ငါ့တာဝန်အရ ပြောနေတာကွ"

လားမားကြီးများက ခေါင်းညိတ်ပြလိုက်သည်။

ယဲလိန်က....

"တံခါးဖွင့်လိုက်စမ်း"

လားမားကြီး တစ်ယောက်က အချုပ်ခန်းတံခါးကို ကပျာကယာ ပြေးဖွင့်ပေးလိုက်သည်။

ကြီးမားသောတံခါးကြီး ပွင့်သွားသည်။

အချုပ်ခန်းထဲတွင် တင်ပျဉ်ခွေထိုင်နေသော ရှောက်အင်းသည် မျက်လုံးစုံမှိတ်ကာ အတွင်းအား လှည့်ပတ်နေသည်။

ယဲလိန်က လားမားသိုင်းသမားများကို အမိန့်ပေးလိုက်လေသည်။

"ဒီမှာဟေ့ ဒီလူကိုခေါ်လာခဲ့ကြစမ်း၊ သူ့ကို ငါစစ်မေးစရာတွေ ရှိနေတယ်"

ရှောက်အင်းကား တုတ်တုတ်မျှပင် မလှုပ်ချေ၊ ယဲလိန်၏ စကားကို မကြားဟန်နှင့် ထိုင်မြဲထိုင်နေလိုက်သည်။

လားမားကြီးများမှာလည်း ရှောက်အင်းရှိရာသို့ မကပ်ဝံ့ကြပေ။ ယဲလိန်က ရှောက်အင်းနှင့် သူသာ နားလည်သော စကားနှင့် လှမ်းပြောလိုက်သည်။

"ဧရပ်ဖြူမှာတွေ့တုန်းက ခင်ဗျားဟာ ဒီလိုမဟုတ်ပါဘူး၊ ခု ဘာလို့ စကားမပြောရတာလဲ"

ယဲလိန့် တွေးထင်သည့်အတိုင်းပင် ရှောက်အင်း၏ မှေးမှိတ်ထားသော မျက်လုံးအစုံက တဖြည်းဖြည်းပွင့်လာသည်။

"ခင်ဗျား ဘယ်သူလဲ"

"ကျုပ်နာမည် ယဲလိန်"

ရှောက်အင်း လှုပ်ရှားလာသည်။ သူ ထိုင်ရာမှထကာ ယဲလိန်အား အကဲခတ်သလို တစ်ချက်ကြည့်ရင်း လျှောက်လာသည်။

"ခင်ဗျားတို့အထဲမှာ ယဲလိန် ဘယ်နှယောက်ရှိသလဲ"

ယဲလိန် တစ်ချက်ကြောင်သွားသည်။ သို့သော် ချက်ချင်း ပြန်ပြောသည်။

Scanned with ACE Scanner

"နှစ်ယောက် အဲ သုံးယောက်ရှိတယ်၊ ဒါက အရေးမကြီးပါဘူး၊ ခင်ဗျား ကျုပ်နဲ့လိုက်ခဲ့ရမယ်"

ယဲ့လိန်က လားမားများကြားအောင် အသံကျယ်ကျယ်နှင့် ပြောသည်။ ရှောက်အင်းမြင်သာအောင် နေလအမိန့်ပေးအလံကို မသိမသာ ထုတ်ပြလိုက်၏။

ရှောက်အင်း၏မျက်လုံးများ ပြူးကျယ်ဝိုင်းစက်သွားကာ ယဲ့လိန်ကို တအံ့တသြကြည့်လိုက်သည်။

"ကျုပ်ပြောတဲ့စကားဟာ အမိန့်ပဲ၊ ခင်ဗျား ကျုပ်အမိန့်ကို မနာခံရင် ခင်ဗျားကို သတ်ပစ်ပိုင်ခွင့်ရှိတယ်၊ ကျုပ်ရှင်းရှင်းပဲပြောမယ်၊ ကျုပ်နဲ့ လိုက်မလား၊ မလိုက်ဘူးလားဒါပဲပြော"

ရှောက်အင်းက ဇဝေဇဝါဖြစ်ဟန်နှင့်...

"ကောင်းပြီ ကျုပ်လိုက်မယ်၊ ကျုပ် ရှန်ကျင်နဲ့တွေ့မှဖြစ်မယ်"

"ရှန်ကျင်ကိုယ်တော်နဲ့ မတွေ့လို့လဲ မရပါဘူးလေ၊ တွေ့ကိုတွေ့ရမှာပါ မပူပါနဲ့၊ ဟော့ သူ့ကို တံခါးဖွင့်ပေးလိုက်ကြစမ်း"

ယဲ့လိန်နှင့် ခပ်လှမ်းလှမ်းတွင် ကြည့်ရှုနေကြသော လားမားများမှာ တအံ့တသြဖြစ်ကုန်ကြသည်။

ယဲ့လိန်၏ တင်းမာသော လေသံများအောက်တွင် မာကျောခက်ထန်လှသော ရှောက်အင်းတစ်ယောက် ပျော့ကျသွားရခြင်းကို သူတို့မတွေးတတ်အောင် ဖြစ်နေကြသည်။

Scanned with ACE Scanner

ယဲလိန်ပြောသည့်အတိုင်း ပင် လားမခေါ်းမျှားက အူကြောင်ကြောင်နှင့် တံခါးဖွင့်ရန် သော့ကိုကိုင်ရင်း ယဲလိန်အား မေးမြန်းလိုက်သည်။

"ခင်ဗျားက သူ့ကိုချုပ်ပြီးမှ ခေါ်သွားမှာလား"

"မလိုအပ်ဘူး၊ ကျုပ်က သူ့ကို အချိန်မရွေး ချုပ်ကိုင်နိုင်တယ်၊ ကဲပါ ဒါတွေ တွေးပူမနေစမ်းပါနဲ့၊ တံခါး မြန်မြန်ဖွင့်လိုက်၊ အချိန်သိပ်မရှိတော့ဘူး"

ယဲလိန်က စိတ်မရှည်နိုင်ဟန်နှင့် အားစောင့်လားမားကြီး အား လောဆော်လိုက်သည်။

လားမားကြီးက တံခါးသော့ကို အလျင်အမြန် ဖွင့်ပေး လိုက်သည်။ ယဲလိန်က ရှောက်အင်းကို ခပ်ကြမ်းကြမ်းဆွဲထုတ် ပြီး ခေါင်းကို တစ်ချက်ပုတ်လိုက်၏။

ကျွဲနေရာတွင် မလှုပ်မရှားနိုင်သော ကျီချင်သွေးကြောကွက်ရှိသည်။ သို့သော် အပုတ်ခံလိုက်ရသော ရှောက်အင်း သာ သိလိုက်သည်။

အများအမြင်၌ ရှောက်အင်းအား ကျီချင်သွေးကြော ကွက်ကို ထိုးပိတ်ပစ်သည်ဟု အသေအချာ ယုံကြည်သွား စေသည်။

ယဲလိန်၏ ခပ်ဖွဖွရှိုးပုတ်လိုက်ခြင်းကို ရှောက်အင်းက မှင် သေသေနှင့် စိတ်ထဲမှ သဘောပေါက် နားလည်လိုက်သည်။

ရှောက်အင်းမှာ အဘွင်းအားများကို ရုတ်ခြည်း တစ်ချက် ထုတ်လိုက်သည်နှင့် သူ့တစ်ကိုယ်လုံး ချွေးစီးချွေးပေါက်များ ယိုစီးကျလာတော့၏။

ရှောက်အင်းမှာ သင်္ဘောခန်လုပ် သရုပ်တူစေရန် ဖုံကျိတ်လိုက်သည်။ နာကျင်စူးရှလွန်းသော ဝေဒနာကို ခံစားရဟန်နှင့် မျက်နှာရှုံ့မဲ့ပြနေသည်။

အစောင့်လားမားတို့သည် ယဲလိန်အား အထင်ကြီးယုံကြည်မှုရှိသာကြသည်။ စောစောကထက်ပင် ပိုမို ရိုကျိုးလှသည်ပြတော့၏။

"ကျုပ် ဒီတရားခံကို ခေါ်သွားမယ်၊ ခင်ဗျားတို့ ဒီမှာပဲနေခဲ့ကြ၊ တစ်ယောက်နှစ်ယောက်က ကျုပ်ကို အပြင်လိုက်ပို့ပေး၊ ကြားရဲ့လား"

ယဲလိန်၏ ပညာစွမ်းနှင့် ဟိတ်ဟန်ကို အထင်ကြီး ကြောက်ရွံ့နေကြသော လားမားတို့က ခေါင်းတဆတ်ဆတ် ညိတ်လိုက်ကြသည်။

"ဟုတ်ကဲ့ ဆရာယဲလိန်"

"ဆရာနှင့်ကျမ်းဂျောင် ရောက်လာခဲ့ရင် ကျုပ် ခေါ်သွားမယ်လို့ပြောဖို့ မမေ့နဲ့ ကြားရဲ့လား၊ လာ သွားကြမယ်"

ယဲလိန်သည် အစောင့်နောက်မှလိုက်ရင်း ရှောက်အင်းအား မျက်ရိပ်ပြကာ ကြိမ်းမောင်းဟန် ပြုလိုက်ပြန်သည်။

"ဒီမှာကိုယ့်လူ ကျုပ်က ကောင်းကောင်းမွန်မွန် ဆက်ဆံရင် ကောင်းကောင်းမွန်မွန်လိုက်ခဲ့၊ ဒါပဲပြောမယ်၊ နောက်ပြီး ကျုပ်ကို အဆိုးမဆိုနဲ့"

ယဲလိန်က အစောင့်လားမား အလစ်တွင် ခါးပိုက်ထဲမှ အထုပ်တစ်ထုပ်ကို လျှပ်ပြက်သကဲ့သို့ဆွဲထုတ်ပြီး မီးပုံထဲသို့ ပစ်ထွင်းလိုက်တော့သည်။

Scanned with ACE Scanner

လားမားများ ဓမြင်လိုက်ကြရေ။ ယဲလိန်က ရှောက်အင်း ကြားသာရုံမျှသာ ပြောသည်။

"ဘာဖြစ်လို့ အသက်ပြင်းပြင်းရှုနေရတာလဲ၊ သေချင်လို့ လား"

သေချင်လို့လား...ဟူသော စကားကို ယဲလိန်က ခပ်ကျယ် ကျယ် ပြောလိုက်ခြင်းဖြစ်သည်။ ရှောက်အင်းမှာ သူ ဂရုမမူ မိသောကိစ္စအတွက် နောင်တရစွာ အသက်ရှူ အောင့်ထား လိုက်သည်။ ခြေလှမ်းမှန်မှန်နှင့်ပင် ဆက်လက် လျှောက်လှမ်း သွားနေသည်။

အပြင်သို့ ရောက်သည်နှင့် လျှို့ဝှက်တံခါးပေါက်ကို လား မားကြီးက ပြန်ပိတ်လိုက်သည်။ ယဲလိန်က ပန်းခြံထဲကိုဝေ့ ကြည့်ပြီး လားမားကြီးအား ပြောလိုက်၏။

"ဒီမှာ ခင်ဗျားတို့လူ သုံးယောက်ကို ခေါ်လိုက်ပါ၊ ကျုပ် ပြောစရာစကား ရှိနေသေးတယ်"

လားမားကြီးက ပုန်းအောင်း စောင့်ဆိုင်း နေ ကြသော လားမားသုံးယောက်ကို အချက်ပေး ခေါ်ယူလိုက်သည်။

ယဲလိန်က လားမားသိုင်းသမား လေးယောက်စလုံးကို အရေးတကြီး မှာကြားပြောဆိုလိုဟန်နှင့် အနားရောက်လာ ကြသော လားမားများကို သူ့ဓားဖြင့် ရှတ်တရက် ဆွဲထုတ်ပြီး ခုတ်ချလိုက်သည်။

ယဲလိန်၏ဓားချက်သည် တစ်ချက်တည်းမျှသာဟု ရှောက် အင်း ထင်လိုက်ရသည်။

ပြန်ဆန် သွက်လက်လှန်းလှသည်။ လားမားသုံးယောက် အသံပင် မထွက်နိုင်ဘဲ အတုန်းအရှုန်း လဲကျသွားကြတော့သည်။

ယဲလိန်နှင့်ဝေးသော လားမားကြီးကမူ ရုတ်ခြည်း အံ့အား သင့်သွားပြီး အခြေအနေ မကောင်းမှန်းသိ၍ ကိုယ်လွတ် ရုန်းပြေးရန် ကြံလိုက်သည်။

သို့သော် ရှောက်အင်းက အလွတ်မပေး၊ သူ၏လက်ဝါးကို အတွင်းအားအပြည့်နှင့် ရိုက်ချဟန်ထားလိုက်သည်။ ထိုအချိန်၌ ယဲလိန် ရောက်ရှိလာပြီး ဓားတစ်ချက် ပြောက်တက်သွားရာ လားမားကြီး ငြိမ်ကျသွားတော့၏။

ယဲလိန်က ရှောက်အင်းအား မေးလိုက်သည်။

“ဆရာရှောက် ခင်ဗျားတပည့် ဥခုန် ဘယ်မှာရှိသလဲ”

ရှောက်အင်းမျက်နှာ တစ်ချက်ပျက်သွားသည်။

“သူတို့နှိပ်စက်လို့ ဆုံးသွားရှာပြီ”

ယဲလိန် စိတ်မကောင်း ဖြစ်သွားသည်။

“ဩော် ဒါဖြင့်လဲ သွားကြစို့၊ အချိန်မရှိတော့ဘူး၊ အပြင်မှာ ဆရာချောက်နဲ့ စုလျှံတို့ စောင့်ရတာကြာရင် စိတ်ပူနေလိမ့်မယ်”

ရှောက်အင်းက ကြောင့်ကြစိတ်နှင့် ယဲလိန်အား ပြန်မေး လိုက်သည်။

“အထဲက လားမားလေးယောက်ကို ဒီအတိုင်းလွှတ်ထား ခဲ့မလား”

"ပူမနေနဲ့ ခုလောက်ဆို အဆိပ်သင့်ပြီ၊ သေကုန်ကြရော ပေါ့"

"အင်း ထင်တော့ ထင်သား"

ယဲလိန်နှင့် ရှောက်အင်းတို့က ဂေဟာအပြင်သို့ ပြေးထွက်ရန်ကြံနေချိန်၌ ဂေဟာကင်းလှည့်အဖွဲ့ကို ယဲလိန်မြင်လိုက်ရလေသည်။

ယဲလိန်က ရှောက်အင်းကို ကမန်းကတန်းဆွဲကာ မျက်ကွယ်ရာ၌ ပုန်းအောင်းနေလိုက်ကြ၏။

ထိုအဖွဲ့၌ နင့်ကျမ်းရောင်နှင့်တုန်ကိုးတုတို့ ပါဝင်နေသဖြင့် ယဲလိန်ပင် ရန်တုန်ပန်းတုန် ဖြစ်သွားမိသည်။

"အင်း ဘော်ပါသေးရဲ့၊ နို့မဟုတ်ရင် ငါ့လုပ်ကွက်တွေ ပေါ်ကုန်တော့မလို့၊ ဟူး"

ယဲလိန် ကျိတ်၍ သက်ပြင်းချမိသည်။

နင့်ကျမ်းရောင်တို့ လူစုသည် ပန်းခြံဆီသို့ ခြေဦးလှည့်ထား နေကြသဖြင့် ယဲလိန်က ပြေးလမ်းရှာလိုက်သည်။

"သူတို့ ရှောက်အင်းကိုတွေ့ဖို့ လာကြတာပဲဖြစ်မယ်၊ ဒီလို ဆိုရင် လားမားအလောင်းတွေကို တွေ့တော့မှာပဲ"

ယဲလိန်သည် ရှောက်အင်းအား မျက်ရိပ်ပြကာ....

"သွားကြစို့၊ ကျုပ်တို့ကို တရကြမ်း ရှာကြလိမ့်မယ်"

ယဲလိန်က ဦးဆောင် ပြေးထွက်လိုက်သည်။ ရှောက်အင်းမှာ ယဲလိန်နောက်မှ ဒရောသောပါးနှင့် မမိမကမ်း ပြေးလိုက်နေရသည်။

သူတို့နှစ်ယောက် ဂေဟာအပြင်သို့ရောက်သည်နှင့် ဂေဟာ အတွင်းမှ အရေးပေါ် ခေါင်းလောင်းသံက အဆက်မပြတ် ထွက်ပေါ်လာတော့၏။

အပြင်သို့ရောက်သည်နှင့် ရှောက်ဆင်းက မြေပြင်ပေါ်၌ ဒူးစုံထောက်၍ ဂါရဝ ပြုလိုက်သည်။

"နေလကိုယ်တော်ကို ကျွန်တော်ရှောက်ဆင်းက လေးစား ရှိသေစွာ ဦးခိုက်ပါတယ်"

ယဲလိန်က....

"ကဲ ဒီနေရာက အန္တရာယ်မကင်းသေးဘူး၊ ကျုပ်နောက် လိုက်ခဲ့ဦး၊ စုလျှတို့ စိတ်ပူနေလိမ့်မယ်"

ယဲလိန်သည် သူ၏မျက်နှာဖုံးကို ပြန်တပ်ပြီး ဂေဟာနှင့် ဝေးရာသို့ ပြေးထွက်သွားကြသည်။

\+ \+ \+

ဂေဟာအတွင်းမှ အရေးပေါ် ခေါင်းလောင်းသံမှာ ဆူညံစွာ မြည်ဟည်းနေဆဲပင် ရှိသေး၏။

ယဲလိန် တွေးပူသကဲ့သို့ပင် ချောက်ရင်ပုနှင့် လွှေစုလျှံတို့မှာ ခေါင်းလောင်းသံကြောင့် ရင်ခုန်ကာ စိတ်မောလူမော ဖြစ်နေကြ၏။

လွှေစုလျှံတို့သည် ဂေဟာနှင့် ခပ်လှမ်းလှမ်း တစ်နေရာ၌ ပုန်းအောင်းနေကြခြင်း ဖြစ်၏။ လွှေစုလျှံက မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ထီးတိုးပြောလိုက်သည်။

"ကိုယ်တော်လေးတော့ ပြဿနာ တက်နေပြီ ထင်တယ်၊ အစ်ကိုရင်ပု"

ချောက်ရင်ပုက ရှန်ကျင်ဂေဟာကို လှမ်းမျှော်ကြည့်ရင်း၊

"အင်း ဖြစ်နိုင်တယ်"

ချောက်ရင်ပုမှာလည်း လွှေစုလျှံကဲ့သို့ပင် သောကမအေးနိုင်ဘဲ ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေသည်။ ထိုအခိုက် ဂေဟာအပြင်ရှိ လူရိပ်နှစ်ရိပ်ကို မြင်လိုက်ရသဖြင့် ချောက်ရင်ပုက ဝမ်းသာအယ်လဲ ပြောလိုက်သည်။

"အစ်ကိုကြီးရှောက်အင်းတို့ ပြန်လွတ်လာပြီ ညီမ"

လွှေစုလျှံက အပြင်သို့ ခုန်ထွက်ပြီး ရှောက်အင်းအား ဆီးကြိုလိုက်သည်။

ရှောက်အင်းသည် ညီမငယ် လွှေစုလျှံ၏ လက်ကလေးကို အားပေးနှစ်သိမ့်သလို ဆုပ်ကိုင် ဖျစ်ညှစ်လိုက်တော့သည်။

လွှေစုလျှံက ဘစ်ငုံတရာ သတိရဟန်နှင့်....

"ဟုင် ဥခုန်ကော"

ရှောက်အင်း မျက်နှာညှိုးသွားသည်။ လွှေစုလျ၏အမေး ကို ပြန်မပြောနိုင်ပေ။ ရှန်ကျင်ဂေဟာ၏ အနိဋ္ဌာရုံများကို ပြန်ပြောင်း တွေးနေဟန်ရှိ၏။

ယဲလိန်က ကြားဝင်ပြောသည်။

"ဆုံးသွားပြီ စုလျ"

ယဲလိန်က သူ၏ မျက်နှာပိုးကို ပြန်ချတ်လိုက်စဉ် ရှောက် အင်းက ပြောပြန်သည်။

"ရန်သူရဲ့ ညှဉ်းပန်းနှိပ်စက်မှုနဲ့ သေဆုံးသွားရှာပြီ ညီမ စုလျရယ်"

ရှောက်အင်း၏အသံမှာ ကြေကွဲ ဆို့နင့်နေသည်။

"ရှင် "

လွှေစုလျ အံကြိတ်ရင်း ဆောင်မားကို ဆွဲထုတ်လိုက်သည်။ တစ်ဆက်တည်း ရှန်ကျင်ဂေဟာဆီသို့ တရကြမ်း ပြေးလွှား ထွက်သွားတော့၏။

ချောက်ရင်ပုကလည်း လွှေစုလျနှင့် ကပ်ပါသွားကာ လွှေ စုလျ၏ လက်မောင်းကလေးကို ဖမ်းဆွဲရင်း—

"ညီမ စိတ်နောက်ကိုယ်ပါမလုပ်နဲ့လေ၊ကိုယ်တော်လေးလဲ တို့ညီနောင်တွေအတွက် ပင်ပန်းရပြီ"

လွှေစုလျက ချောက်ရင်ပုလက်မှ ရုန်းထွက်ရင်း အေး စက်စက် ပြန်ပြောလိုက်သည်။

'ဖယ်ပါ အစ်ကိုရင်ပု၊ ကျွန်မ ရှန်ကျင်ကို မသတ်ရရင် အခဲမကျေနိုင်ဘူး"

Scanned with ACE Scanner

ချောက်ရင်ပုက လေသံအေးအေးနှင့် ပြောဆိုသည်။

"ဦးခုန်ကိုသတ်တဲ့ ဇာရေးခံဟာ ရှန်ကွမ်မဟုတ်ပါဘူးကွယ်၊ အသားထဲက လောက်ထွက်တဲ့ တို့ညီနောင်ထဲက လူကြောင့်ဆိုတာ ညီမ မေ့နေပြီလားဟင်"

လေ့စုလျှံက အံကြိတ်ကာ မီးဝင်းဝင်းတောက်သော မျက်လုံးအစုံဖြင့် ပိုင်ထိုက်ကွန်ရှိရာသို့ စူးစူးဝါးဝါးကြည့်လိုက်သည်။

"ပိုင်ထိုက်ကွန် သစ္စာဖောက်၊ ကိုယ်ကောင်းစားဖို့အတွက် ညီနောင်တွေကို သတ်ဖို့ကြံတဲ့ကောင် နင်ဟာဆယ်ပြန်ဆယ်ခါ ပြန်သေသင့်တယ်၊ ငါ နင့်ကိုသတ်မယ်၊ ကိုယ်တော်လေး သူ့ကို သေဒဏ်ပေးလိုက်ပါရှင်"

ချောက်အင်းကလည်း....

"ဟုတ်ပါတယ်ကိုယ်တော်လေး ကျွန်တော်လဲသဘောတူပါတယ်၊ လူမိုက်လက်စ ဖြတ်တာအေးပါတယ်"

ယဲလိန်ပင် တစ်ချက်တွေဝေသွားသည်။

"ဒီကိစ္စကို ကျုပ်အနေနဲ့ဘယ်လိုမှ အမိန့်မပေးချင်ဘူး။ ဟစ်ခုတော့ရှိတယ်၊ သူ့ကိုပြုပြင်လို့ရရင်တော့ ပြုပြင်ပေးစေချင်ပါတယ်၊ အဆင့်မြင့် သိုင်းသမားကောင်းတစ်ယောက်ဖြစ်ဖို့ရာ မလွယ်ပါဘူး၊ စိတ်လိုက်မာန်ပါမလုပ်ကြပါနဲ့၊ လုပ်သင့်လုပ်ထိုက်တာကိုတော့လုပ်ပါ၊ ဒီကိစ္စဟာ ခင်ဗျားတို့ ညီနောင်တစ်တွေကိစ္စပဲ ကျွန်တော်အပ်နှံပါတယ်၊ သင့်တော်သလို အရေးယူအပြစ်ပေးကြပါ"

ယဲလိန်၏ လေးနက်တည်ကြည်သောစကားများကို ကြားလိုက်ရသော ရှောက်အင်းနှင့် ချောက်ရင်ပုတို့က ယဲလိန်ကို ဂါရဝပြုလိုက်ကြသည်။

"ကျေးဇူးတင်ပါတယ်ကိုယ်တော်၊ ညီမလေးစုလျံ ဘာငေးနေတာတုန်း"

"မြော် ခွင့်လွှတ်ပါကိုယ်တော်လေးရှင့်"

ရှောက်အင်းက ယဲလိန်ရှေ့မှာပင် လွှေစုလျံအား ပြောလိုက်သည်။

"ဒီမှာညီမ ကိုယ်တော်လေးက တို့ညီနောင်အပေါ်ကို အတော် သဘောထားကြီးတာပဲ၊ ဒါပေမယ့် အင်ကိုတို့အနေနဲ့ကတော့ ပိုင်ထိုက်ကွန်ကို အကြီးမားဆုံးအပြစ်ပေးရမယ်၊ တကယ်တမ်း တို့ညီနောင်က သူ့ကိုခွင့်လွှတ်ဦး သူ့ရဲ့သစ္စာဖောက်မှုကို သိုင်းလောကကြီးတစ်ခုလုံးက ဘယ်လိုခွင့်လွှတ်ကြမှာလဲ"

လွှေစုလျံမှာ ရှောက်အင်း၏ ထိကျပြတ်သားလှသောစကားကြောင့် တွန့်ခနဲဖြစ်သွားကာ မျက်နှာကလေးညိုသွားလေသည်။

ချစ်သူဘဝ၌ ကြီးမားလှသောအပြစ်ကိုပင် မြူမှုန်ကလေးတမျှ ထင်တတ်ကြပေသည်။ ချောက်ရင်ပုက လွှေစုလျံ၏ သံယောဇဉ်ကို သတိပြုမိဟန်နှင့် ဝင်ပြောသည်။

"ညီမက သူ့အပေါ် တကယ်ချစ်နေတာလား၊ သူကတော့ ညီမကိုခုတုံးလုပ်ပြီး အသုံးကောင်းယစ်နေတာ၊ တကယ်တမ်းကျတော့ သူ့ကိုယ်ကျိုးကိုပဲကြည့်နေတာ၊ ညီမခုထိမသိသေး

ဘူးသားဟင်၊ သူဟာ တိုင်းပြည်နဲ့လူမျိုးအပေါ် မကြည့်တတ်တဲ့ တစ်ကိုယ်ကောင်းသမားသက်သက်ပဲ''

လေ့စုလျာ၏မျက်ဝန်းရိပ်တွင် မျက်ရည်ဥများ ရစ်ဝိုင်း၍လာနေသည်။ သူမက အံကြိတ်လိုက်ပြီး မချိတင်ကဲအသံနှင့်ပြော၏။

''ဟုတ်ပါတယ်ရှင်၊ ဥခုန်သေရတာ သူ့စနက်ကြောင့်ပါ၊ ညီနောင်တွေရဲ့သွေးကို ခြေဆေးဖို့ကြိုးစားခဲ့တဲ့ တစ်ကိုယ်တည်းသမားအဖို့ သေသင့်ပါတယ်''

ရှောက်အင်းက ယဲလိန်ကို လှမ်းကြည့်လိုက်သည်။

''ဆရာရှောက် ဒီနေရာက ရန်သူတွေတွေ့သွားနိုင်တယ်၊ စိတ်ချရတဲ့နေရာကိုပြောင်းပြီး ပြောဆိုတိုင်ပင်ကြရင်ကောင်းလိမ့်မယ်''

ထိုစဉ် လူပုကလေးဦးဆောင်၍ ယဲလိန်၏လူများ ရောက်ရှိလာကြသည်။

''ကိုယ်တော်လေးယဲ၊ ကျွန်တော်တို့ရဲ့လူတွေကို တပ်ခေါက်ခိုင်းလိုက်ရတော့မလား''

ယဲလိန်က လူပုကလေးနှင့် ရှောက်အင်းတို့ကို မိတ်ဆက်ပေးလိုက်ပြီး တပ်ခေါက်ရန်အမိန့်ပေးလိုက်၏။

ရှောက်အင်းက အားနာဟန်နှင့်....

''ကိုယ်တော်လေးကို ကျွန်တော် တောင်းပန်စရာရှိနေပါတယ်''

ယဲလိန်က စဉ်းစားမရနိုင်ဟန်နှင့် ပြန်မေးသည်။

''ဘယ်လိုကိစ္စများလဲဗျာ''

"ခြေဘ် တစ်ခြားတော့မဟုတ်ပါဘူး၊ ငရပ်ဖြူစံကျောင်းမှာ ကျွန်တော်တို့က ကိုယ်တော်လေးရဲ့အကြောင်းကိုမသိလို့ ရှိုင်းရှိုင်းစိုင်းစိုင်း ဆက်ဆံမိခဲ့တာ ခွင့်လွှတ်ဖို့ပါပဲခင်ဗျာ"

ယဲလိန်က ကျေနပ်ခွင့်လွှတ်ဟန်နှင့် ပြုံးနေရင်း...

"ကိစ္စမရှိပါဘူး၊ ဒါက မသိလို့ ပြောမှားဆိုမှားဖြစ်ခဲ့ကြတဲ့ ကိစ္စတွေပါ၊ အပြစ်ယူလို့ဘယ်ဖြစ်ပါ့မလဲ"

ယဲလိန်က စကားအဆုံးတွင် ရှောက်အင်း၏မျက်နှာကို စေ့စေ့ကြည့်ကာ မေးလိုက်ပြန်သည်။

"ဒါနဲ့ ဆရာရှောက်ရဲ့မျက်နှာက ပြောစရာစကားထပ်ရှိနေပုံရတယ်"

ယဲလိန်ကား အကင်းပါးသူဖြစ်၍ ရှောက်အင်းအတွက် လမ်းစပေးကာ စကားခေါ်လိုက်ခြင်းဖြစ်သည်။

"ခွင့်ပြုနိုင်မယ်ဆိုရင် မေးခွင့်ပြုပါ"

"ပြောပါ"

"ကိုယ်တော်လေးဟာ မင်းနေပြည်တော်မှာ လျှို့ဝှက်လှုပ်ရှားနေတာဟာ မန်ချူဘုရင်ကြီးကို လုပ်ကြံဖို့ပဲလား"

ယဲလိန်က ရှောက်အင်း၏ အမေးကို တုံ့ပြန်မဖြေဘဲ ချက်ချင်း ပြန်မေးလိုက်သည်။

"ဆရာချောက် ကျွန်တော်တို့ရဲ့ အရေးကြီးဆုံးဟာ ဘာတာဝန်လဲဆိုတာ သိရဲ့လား"

"လွတ်လပ်ရေးရဖို့ပါပဲ၊ အထူးသဖြင့် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်အရှင်သခင်နဲ့ဖြစ်ဖို့ပါ"

"ဒါဆို ရှင်းနေပြီပဲ၊ ဒါပေမယ့် မန်ချင်နန့်ဂို ဘုရင်ကို လုပ်ကြံလို့ရရုံနဲ့ မန်ချင်တွေအားလုံးကို ကျုပ်တို့မြေပေါ်က နှင်ထုတ်လို့ရပါ့မလား"

"မဖြစ်နိုင်ပါဘူး၊ သွားတော်တွေက ရှိသေးတယ်"

"ဘုရင်သာ ပြောင်းပြီး မလွတ်လပ်တဲ့ ဘဝမျိုးဖြစ်မယ့် အတူတူ အပင်ပန်းခံပြီး လုပ်လို့လဲ အလကားပါပဲ၊ အရေး အကြီးဆုံးက...."

ရှောက်အင်း ကြားဖြတ်ပြောသည်။

"ကျွန်တော် သဘောပေါက်ပါပြီ ကိုယ်တော်၊ ကိုယ်တော်ရဲ့ အမြော်အမြင်ကြီးမှုကို ကျွန်တော်ရှောက်အင်း မျက်ခြည်ပြတ်သွားပါတယ်"

"ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲဗျာ၊ ဆရာရှောက်တို့လို မျိုးချစ် ပုဂ္ဂိုလ်တွေစုစည်းပြီးမှ ဟန်လူမျိုးတွေ လွတ်လပ်ရေးရလာ မှာပါ"

ရှောက်အင်းကလည်း အားတက်သရော ပြန်ပြောလိုက် လေသည်။

"ဒါဆို ကျွန်တော်တို့ထစ်တွေက ကိုယ်တော်လေးရဲ့အမိန့်ကို စောင့်မျှော်နေပါ့မယ်၊ ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါ၊ ကဲ... ညီမတော်နဲ့ညီတော်တို့ သွားကြရအောင်"

ချောက်ရင်ပုက လက်သီးနှစ်ဘက်ကိုဆုပ်၍ ဂါရဝပြုလိုက် လေသည်။

"ခုလို ကယ်တင်စောင့်မခဲ့တဲ့ ကျေးဇူးကို ကျွန်တော် ချောက်ရင်ပုက တစ်သက်လုံး မမေ့ပါဘူးခင်ဗျာ"

Scanned with ACE Scanner

ယဲလိန်ကအပြုံးနှင့် ခေါင်းဆတ်ပြရင်း လျှင်မြန်သွက်လက်သော ခြေလှမ်းများဖြင့် ပြေးလွှားပျောက်ကွယ် သွားလေတော့သည်။

လျိုးမြေ

ယဲလိန် ပြေးလွှားသွားနေရင်းမှ မျက်နှာပုံးအတုကို ပြန်ခွပ်လိုက်သည်။

ယဲလိန်၏ ခြေဦးတည့်ရာကား အမှတ်၃စ်မင်းသားဂေဟာ သို့ပင် ဖြစ်ပေ၏။

ယဲလိန်ကခြေလှမ်းကို ရုတ်ခြည်းရပ်တန့်လိုက်သည်။ အဘယ်ကြောင့်ဆိုသော် သူ့ရှေ့မလှမ်းမကမ်း၌ အနက်ရောင်ဝတ်စုံနှင့် သိုင်းသမားဆယ်ယောက်တို့က ယဲလိန် သွားရာလမ်းကို ပိတ်ဆို့ထားလိုက်ကြ၍ ဖြစ်ပေသည်။

ယဲလိန် အသေအချာ ကြည့်ရှုလိုက်သောအခါ နဂါးစိမ်းကြူးချိန်နှင့် ကျားဖြူဟုန်ကွေးတို့ဖြစ်ကြောင်း တွေ့လိုက်ရတော့လေသည်။

"အို မိတ်ဆွေတို့ကိုး၊ ကျုပ်က ဘယ်သူများလဲလို့၊ ပြန်တွေ့ကြပြန်ပြီပေါ့နော်"

နဂါးစိမ်းကြူးချိန်က....

"မိတ်ဆွေလေးကို ကျွန်တော်တို့စောင့်နေတာ ကြာပါပြီ"

ကြူးချိန်၏ ထူးဆန်းသောစကားကြောင့် ယဲလိန်က ချက်ချင်းပင် ပြန်ပြောလိုက်သည်။

"ဘာဖြစ်လို့များလဲ"

"အဖွဲ့ချုပ်နဲ့တွေ့ရင် သိမှာပေါ့မိတ်ဆွေ"

ယဲလိန်က ငြင်းဆိုလိုက်၏။

"အချိန်လဲလင့်နေပြီ၊ ပြီးတော့ ကျုပ် သိပ်ပင်ပန်းနေတယ်၊ မလိုက်ချင်တော့ဘူး"

ကျားဖြူဟန်ကွေးက ရှေ့တစ်လှမ်းတက်ပြီး —

"မိတ်ဆွေ"

ယဲလိန်က စိတ်မရှည်ဟန်နှင့် ကြားဖြတ်ပြောလိုက်သည်၊

"ဒီမှာ မိတ်ဆွေတို့ ခင်ဗျားတို့က အရှေ့တောင် သိုင်းညီနောင်ရှစ်ဖော်ကို ကယ်တင်ဖို့ကိစ္စ မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဆို ဘာပြဿနာမှ မရှိတော့ပါဘူး၊ ကျုပ် ကယ်တင်ပေးလို့ ခုလောက်ဆို ဖရောက်အင်းနဲ့ လွှေစုလျ တို့ဟာ သူတို့ တည်းခိုစခန်းကိုတောင် ပြန်ရောက်နေလောက်ပြီ"

နဂါးစိမ်းကြူးချိန်နှင့် ကျားဖြူဟန်ကွေးတို့ အံ့ဩနေကြသော်လည်း မတုန်မလှုပ် ရှိနေကြသေးသည်။

ယဲလိန်က ခပ်ပြတ်ပြတ် မေးလိုက်၏။

"ခင်ဗျားတို့က ကျုပ်ကို ဘာများရန်ရှာချင်သေးလဲ"

"ကျွန်တော်တို့က ခင်ဗျားကို ရန်မရှာပါဘူး"

"ရန်မရှာဘူးလို့သာ ခင်ဗျားတို့ ပြောနေကြတယ်၊ သာကိစ္စနဲ့ ကျုပ်ကို မရမက ခေါ်နေကြတာလဲ"

"ဒါကတော့ ကျွန်တော်တို့က တာဝန်အရခေါ်ရတာပါ"

"ကျုပ် ရှင်းရှင်းပြောပြီးပြီပဲ၊ ကျုပ်မင်ပန်းခံနေပြီ၊ မလိုက်ချင်တော့ဘူး"

"မိတ်ဆွေ မလိုက်ချင်လို့မဖြစ်ဘူး"

လူတစ်ယောက်၏ အေးတိအေးစက်ပြောသံက ရုတ်တရက်ထွက်ပေါ်လာသည်။

ကျားဖြူဟန်ကွေးက....

"ဩော် အဖွဲ့ဆရာကြီး ရောက်နေပါလား"

ယဲလိန်က လှမ်းမေးသည်။

"ဩော် ခင်ဗျားတို့ရဲ့အဖွဲ့ဆရာလား၊ ကဲ ဆိုစမ်းပါဦး၊ ကျုပ်ကမလိုက်ချင်ဘူးဆိုတာကို အကြမ်းဖက်မလို့လားဗျာ"

အဖွဲ့ဆရာက ယဲလိန်အား အေးတိအေးစက်နှင့် ပြန်ပြောလိုက်သည်။

"ဒီမှာမိတ်ဆွေ ကျုပ်တို့အဖွဲ့ချုပ်က ခင်ဗျားရဲ့သဘောကို ကြိုတင်ရိပ်မိတယ်နဲ့တူတယ်၊ ခင်ဗျားဟာ ကောင်းကောင်းခေါ်လို့ လိုက်မယ့်လူမဟုတ်ဘူးဆိုတာ အဖွဲ့ချုပ်ကသိပုံပဲဗျ"

ယဲလိန်က အဖွဲ့ဆရာကြီးမခံချင်အောင် ခနဲ့ခနဲ့လှမ်းပြောလိုက်သည်။

"ခင်ဗျားတို့အဖွဲ့ချုပ် ဒီတစ်ခါတော့ အတွက်မှားသွားပြီဗျ၊ ကျုပ်ဆိုတဲ့ကျုပ်ကလဲ ကျုပ်ဆန္ဒမရှိရင် ဘယ်သူကခေါ်ခေါ် မလိုက်ဘူးဆို မလိုက်ဘူးပဲ"

အဖွဲ့ဆရာက ယဲလိန်အား မျက်ထောင့်နီနှင့်ကြည့်ရင်း

"ခုကြောင့် မိတ်ဆွေရှဲလသံက တယ်မာပါလား"

"မမာပါဘူးဗျာ၊ ကျုပ်သိပ်ပင်ပန်းနေလို့ မလိုက်ချင်တဲ့ သဘောပြောတာပါ၊ ကျုပ်တို့ဟာ မိတ်ဆွေတွေဖြစ်ပြီးသား ဆိုတော့ ရန်သူလိုလဲမဆက်ဆံချင်ပါဘူး"

"ဒါတော့ဘယ်တတ်နိုင်မလဲ"

အဖွဲ့ဆရာ၏ အေးစက်တင်းမာသော စကားမဆုံးခင်မှာပင် သူ၏ခန္ဓာကိုယ်က လေထဲသို့မြောက်တက်လာပြီး ယဲလိန်အား ရန်စေလိုက်သည်။

ယဲလိန်ကား နေရာမှမရွေ့။ ရပ်မြဲရပ်တန့်နေပြီး ခြေအစုံကို မြေတွင်သံမှိုစွဲထားသည့်အလား ရပ်နေသည်။ အဖွဲ့ဆရာ၏ တိုက်ကွက်ကိုသာ စူးစိုက်ကြည့်နေလိုက်၏။

ဟူးခနဲ ကျယ်လောင်သော လေဟပ်သံတစ်ချက်ကြောင့် သူ့ခန္ဓာကိုယ်ကို ရုတ်တရက် အနည်းငယ်စောင်းပေးလိုက်ရလေသည်။

တစ်ဆက်တည်းမှာပင် သူ့လက်ဝါးအစုံကို အပေါ်သို့ ပင့်မြှောက်၍ လေလှေ့ဝှေ့ဟန်သိုင်းကွက်နှင့် ပင့်တွန်းထုတ်လိုက်သည်။

အနက်ရောင်ခန္ဓာကိုယ်ကြီးက လေထဲမှာပင် လွင့်စဉ် မြောက်တက်သွားပြီး ကျွမ်းတစ်ပတ်ထိုးကာ ယဲလိန်နှင့် ခြေလှမ်းဆယ်လှမ်းအကွာ၌ လှပစွာပြန်ကျသွားတော့၏။

ယဲလိန်၏တိုက်ကွက်မှာ လူတစ်ယောက်အား သေစေနိုင်သည်။ သို့တည်းမဟုတ် အတွင်းဒဏ် ပြင်းထန်စွာရနိုင်သည်။

Scanned with ACE Scanner

သို့သော် ယဲလိန်က အဘွင်းအား အချိန်အဆမှန်ကန်စွာနှင့် တန်ပြန်ခုခံလိုက်၍သာ အဖွဲ့ဆရာမှာ သက်သာရာရရှိသွားခြင်းဖြစ်၏။

ဤသည်ကို မန်ချင်ဖြိုအဖွဲ့ဆရာက စိတ်ထဲမှသိလိုက်၍ ဝ ့ လှုပ်သွားမိသည်။

ယဲလိန်က သူ၏ပြင်းထန်သောတိုက်ကွက်ကို ဖြိုဖျက်ရုံမျှမကဘဲ သူ့ကိုပင် ကိုင်ပေါက်သလို ခံစားလိုက်ရသည်။

သူ၏ခြေအစုံ မြေပြင်ပေါ်ပြန်ကျသွားသည့်အခါ၌လည်း လူတစ်ယောက်က သူ့ကို အသာအယာဆွဲယူပြီး မြေပေါ်သို့ ပြန်ချပေးလိုက်သလို ခံစားရလိုက်သည်။ ထို့ကြောင့် ာဖွဲ့ဆရာ၏ ရင်ထဲကျောထဲမှ အေးစိမ့်သွားမိသည်။

သူရင်ဆိုင်လိုက်ရသောသူမှာ သိုင်းပညာအဆင့်၌ ထိပ်တ ်းအုံသြဖွယ် ကောင်းလောက်အောင် မြင့်မားနေကြောင်းသိလိုက်ရပြီဖြစ်၏။

"အင်း သူဟာ ငါ့အပေါ်ရက်စက်တဲ့သဘော လုံးဝမရှိပါလား"

အဖွဲ့ဆရာ တွေဝေစဉ်းစားနေစဉ် ယဲလိန်က အေး ား တည်ငြိမ်စွာ ပြန်ပြောလိုက်သည်။

"မိဘ်ဆွေ ဒီလောက်ဆို ခင်ဗျားသဘောပေါက်လော က်ရောပေါ့၊ ခင်ဗျားတို့အဖွဲ့ချုပ်ကိုပြောလိုက်ပါ၊ အခွင့် ာ တဲ့ဘစ်နေ့မှာ ကျုပ်လာခဲ့ပါ့မယ်"

အဖွဲ့ဆရာက ခေါင်းတစ်ချက်ဆတ်ပြကာ နဂါးစိမ်းကြူချိန်တို့လူစုအား လှမ်းပြောရင်း လှည့်ထွက်သွားတော့၏။

“သွားကြမယ်”

အဖွဲ့ဆရာတို့ထွက်ခွာသွားသော ကျေးဒိုင်တို့ကိုငိုက်ကြည့်ရင်း ယဲလိုနီဟာ နောက်ယောင်ခံ၍လိုက်သွားတော့၏။

၀ ၀

Scanned with ACE Scanner

## အခန်း ( ၅ )

တုန်လောက်ဇရပ် နတ်ဘုရားကျောင်း။

ဤဇရပ်သည် ယခုကဲ့သို့ ညဥ့်အချိန်မဆိုထားဘိ နေ့ခင်းကြောင်တောင်ပင် လူသူကင်းမဲ့နေတတ်သည်။

အကြောင်းမှာ ဤပတ်ဝန်းကျင်တစ်ဝိုက်သည် သင်္ချိုင်းသုသာန်မြေ ဖြစ်သောကြောင့်ပင်တည်း။

ဇရပ်အဝင်ပေါက်မှ ရုပ်တုကြီးကပင် သာမန်လူတို့အား ချောက်ချားစေလေသည်။

မန်ချင်ဖြို အဖွဲ့သားများနောက်သို့ အရိပ်သဖွယ်ကပ်၍ ပါလာသော ယဲလိန်စွာ မည်သည့် အတားအဆီး အဟန့်အတားကိုမျှ မကြုံတွေ့ခဲ့ရပေ။

မန်ချင်ဖြို့အဖွဲ့သားများသည် ဤဇရပ်သို့ အကာလ ညှို့အခါ၌ မည်သူမျှ လာရဲမည်မဟုတ်ဟု တွက်ဆထားဟန်နှင့် အစောင့်များပင် မထားခဲ့ကြချေ။

တန်းလျားဇရပ်ထည်ဇရပ်ဟုသာဆိုရသော်လည်း အလွန်တရာ ကြီးမားသော အဆောက်အဦးကြီး၊ တစ်ခုပင် ဖြစ်ပေသည်။

ယဲလိန်မှာ ဇရပ်အနီးကပ်မိသည်နှင့် အကြားအာရုံ ထူးကဲလှသော သူ့နားတွင်းသို့ စကားပြောသံသဲ့သဲ့ကို ကြားလိုက်ရသည်။

အဖွဲ့ဆရာကြီးက ယဲလိန်နှင့် ဖြစ်ပျက်သမျှကို ရှင်းပြပြီး ထပ်မံပြောကြားလိုက်သည်။

"ကျွန်တော့်ရဲ့ ညံ့ဖျင်းမှုကြောင့် တာဝန်မကျေပွန်ခဲ့ပါဘူး၊ ဒီတော့ ကျွန်တော့်ကို အပြစ်ပေးပါခင်ဗျာ"

နတ်ဘုရားကျောင်း၏ ဗဟိုခန်းမဆောင်ကြီးကိုမြင်လောက်သောနေရာတွင် ယဲလိန်က ကိုယ်ဖျောက်ပညာနှင့် ဝင်ရောက်ပုန်းအောင်းနေလိုက်သည်။

ခန်းမဆောင်၏ အလယ်ဗဟို၌ စားပွဲတစ်လုံးရှိနေသည်၊ ရှေးဟောင်း ကုလားထိုင်တစ်လုံးပေါ်တွင် အနက်ရောင်ဝတ်စုံဝတ် မိန်းမပျိုတစ်ယောက်က မျက်နှာဖုံးစွပ်၍ ထိုင်နေသည်၊

အနက်ရောင်ဝတ်စုံဝတ် အဖွဲ့သားကမူ မတ်တတ်ရပ်၍ အမိန့်နာခံရန် အသင့်စောင့်ဆိုင်းနေကြသည်။

Scanned with ACE Scanner

မန်ချင်ဖြိုအဖွဲ့ချုပ်သည် မိန်းမသားတစ်ယောက် ဖြစ်ကြောင်း ယဲ့လိန်မြင်တွေ့လိုက်ရ၍ အံ့ဩစိတ်နှင့် ငေးကြည့်နေမိသည်။

မိန်းမပျို့ထိုင်နေသော အနေအထားမှာ နန်းဆန်သည်နှင့်အမျှ အဝတ်အစားများမှာလည်း ထို့အတူပင်ဖြစ်၏။

"ငါက မန်ချင်ဖြို အဖွဲ့ချုပ်ဟာ အသက်ကြီးရင့်တဲ့ယောက်ျားသား၊ ဒါမှမဟုတ် သိုင်းလောကထဲက နာမည်ကြီးတဲ့ ပုဂ္ဂိုလ်တစ်ယောက်ယောက် ဦးဆောင်ခဲ့တာလို့ ထင်မိခဲ့တယ်၊ ခုတော့ ငါထင်တာနဲ့ လွဲနေပါလား"

မိန်းမပျို့ထိုင်နေရာ၏ နောက်တစ်ဖက်တစ်ချက်၌ ခါးရှည်ကိုယ်စီနှင့် မိန်းမပျို လေးယောက်တာ အသင့်ရပ်စောင့်နေကြသည်ကို ယဲ့လိန် အကဲခတ်မိလိုက်သည်။

ထိုစဉ် မိန်းမပျို့ထံမှ ကြည်လင်အေးမြသော်လည်း ခန့်ထည်လှန်းသော စကားသံ ထွက်ပေါ်လာသည်။

"ဘယ်လိုလဲ ဒီလူကိုဖိတ်ခေါ်လို့မရဘူးလား"

အဖွဲ့ဆရာက တလေးတစားပြန်ပြောသည်။

"ဟုတ်ပါတယ်အဖွဲ့ချုပ်"

"တို့တစ်တွေဟာ ရန်သူမဟုတ်ပါဘူးလို့ကော ရှင်းမပြကြဘူးလား"

"ပြောပြပါတယ်ခင်ဗျာ၊ ဆရာကြူးချိန်နဲ့ ဆရာဟန်ကွေးတို့လဲ သူ့ကိုပြောပြကြပါတယ်"

အဖွဲ့ချုပ်မိန်းမပျို၏အသံက လေးနက်ခိုင်မာသလို ယဲ့လိန်ကြားလိုက်ရပြန်သည်။

"ဒါနဲ့ ရှင်က သူနဲ့ခိုက်ရန်ဖြစ်ပွားခဲ့တယ်လို့ ပြောတယ် မဟုတ်လား"

"မှန်ပါတယ်အဖွဲ့ချုပ်၊ ဒါပေမယ့် ကျွန်တော် သူ့ကို လုံးဝမယုံကြည်နိုင်ပါဘူးခင်ဗျာ"

"အို ခုနေခါလိုက်သွားရင်လဲ သူ့ကိုတွေ့မှာမဟုတ်တော့ဘူး နောက်ကျသွားပြီ၊ ကဲ အမိန့်နာခံပါအဖွဲ့ဆရာ"

အဖွဲ့ဆရာ၏ခန္ဓာကိုယ်မှာ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"မှန်ပါ"

"ရှင် အခုပဲလိုက်သွားပါ၊ ရှောက်အင်းနဲ့လေ့စုလျှံ တို့ကို ဟိုလူက တကယ်ပဲကယ်တင်လိုက်သလားဆိုတာ သတင်းတိတိကျကျစုံစမ်းပြီး အမြန်ဆုံးအကြောင်းကြားပါ၊ ဒီလူဘယ်မှာနေသလဲဆိုတာကိုလဲ စုံစမ်းရမယ်"

"ဟုတ်ကဲ့ အမိန့်အတိုင်းဆောင်ရွက်ပါ့မယ်"

အဖွဲ့ဆရာသည် အဖွဲ့ချုပ်၏စကားကိုနာခံ၍ ဆောင်ရွက်ရန်အတွက် အလျင်အမြန်ထွက်ခွာသွားတော့၏။

ယဲလိန်သည် ဇရပ်ခေါင်မိုးပေါ်မှ တိတ်တဆိတ်ချောင်းမြောင်းကြည့်ရှုနေခဲ့ခြင်းဖြစ်၏။

"ဒုက္ခပါပဲ၊ ဒီလူတွေတော့ ဒုက္ခရောက်တော့မယ်၊ ရှန်ကျင်ဂေဟာမှာ ငါမွေ့ခဲ့လို့ ရှန်ကျင်တစ်ယောက် ဒေါသမီးဟုန်ဟုန်းတောက်နေရောပေါ့၊ အဖွဲ့ဆရာတို့ဟာ မသိနိုးနားနဲ့ လှုပ်ရှားရင် အဖမ်းခံရမှာ သေချာနေပြီ၊ ငါတားမှဖြစ်တော့မယ်"

ယဲလိန်မှာ အတွေးနှင့်ယောက်ယက်ခတ်နေစဉ် မနီချင်ဖြို အဖွဲ့ချုပ်က ယဲလိန်ရှိရာဘက်သို့ တစ်ချက်ငဲ့ကြည့်လိုက်သည်။ တစ်ဆက်တည်း ကြည်လင်ပြတ်သားသောစကားသံနှင့် လှမ်းပြောလိုက်၏။

"ပုန်းအောင်းနေတဲ့လူ အပြင်ထွက်ခဲ့ပါ၊ ဘာဖြစ်လို့ ခိုးကြောင်ခိုးဝှက်အလုပ်ကို လုပ်နေရတာလဲ၊ ဒီလောက်တော့ ရှင်သဘောထားသေးဖို့ မကောင်းပါဘူး"

အဖွဲ့ချုပ်၏စကားကြောင့် ယဲလိန်မှာ ဆက်လက် ပုန်းအောင်းနေ၍ မဖြစ်တော့ကြောင်း စဉ်းစားမိ၏။

"အဖွဲ့ချုပ်ရဲ့ သိုင်းပညာအဆင့်ကလဲ့ မသေးပါလား"

ယဲလိန်က ခန်းမဆောင်အလယ်သို့ ပေါ့ပါးစွာခုန်ချပြီး အဖွဲ့ချုပ်အား လက်သီးနှစ်ဘက်ဆုပ်၍ ဂါရဝပြုလိုက်သည်။

"လာရောက်တွေ့ဆုံဖို့ နောက်ကျသွားရတာကို ခွင့်လွှတ်ပါခင်ဗျာ"

အဖွဲ့ချုပ်ထာ....

"ရှင်ဟာ အတော်ဘဝင်မြင့်တာပဲကိုး"

"ဒါက အဖွဲ့ချုပ်အထင်ပါ၊ ကျွန်တော်ဟာ အဲဒီလို လူစားမျိုး လုံးဝမဟုတ်ပါဘူး၊ ခုချိန်အထိ အဖွဲ့ချုပ်နဲ့ ကျွန်တော်ဟာ မိတ်ဆွေဘဝထ မပျက်ပြယ်သေးပါဘူး"

"ကျွန်မကတော့ စိတ်မကောင်းဖြစ်မိပါတယ်"

"ရှင်းလင်းခွင့်ကော မရှိတော့ဘူးလား"

“မရှင်းလင်းပါနဲ့ ရှင့်ရဲ့ထောက်လှမ်းရေး သိမ်းမှုနဲ့တော့ မဘာန်သလို ကျွန်မတို့အပေါ်ဆက်ဆံဝပ်လို့ ကြောင်းတွေကို ကျွန်မပြန်ရုပ်သိမ်းပါတယ်၊ ဒါဖြင့် ရှင်ကျေနပ်ရောပေါ့”

“အို အဖွဲ့ချုပ်ကြီးက ကျွန်တော့်အပေါ် စိတ်ရှတာ မပြေပျောက်နိုင်သေးဘဲကိုး၊ ထားပါတော့လေ ဟား ဟား ဟား”

အဖွဲ့ချုပ်က ယဲလိန်အား စူးစိုက်ကြည့်ကာ ချီးကျူးသလို ပြောလိုက်သည်။

“ရှင့်ရဲ့သိုင်းပညာက အလွန်အဆင့်မြင့်မားသလို စကား ပြောလဲ တယ်ကောင်းပါလား”

“ဟဲ ဟဲ ဒါကတော့ အဖွဲ့ချုပ်က ကျွန်တော့်အပေါ် လွှဲမှားတဲ့ အထင်ကြီးမှုပဲဖြစ်မှာပါ၊ ကျွန်တော်ပြောတဲ့စကား တွေကတော့ ရင်ထဲကလာတဲ့ စကားတွေပါ”

အဖွဲ့ချုပ်က ဘဝင်မကျနိုင်ဟန်နှင့် ပြန်ပြောသည်။

“ရှင်ဟာ ကျွန်မတို့ကို နဂိုမျက်နှာနဲ့ဘာဖြစ်လို့ ခုထိမတွေ့ သေးတာလဲ၊ ကျွန်မတို့ဟာ ရှင့်အတွက် ယုံကြည်စိတ်ချရတဲ့ အဆင့်ကို မရောက်သေးလို့လား”

ယဲလိန်မှာ အဖွဲ့ချုပ်၏စကားကြောင့် ရယ်ချင်ချင်ဖြစ် သွားမိသည်။ သို့သော် ယဲလိန်က အဖွဲ့ချုပ်စကားကို ပြန် မပြောဘဲ နှုတ်ဆိတ်နေလိုက်သည်။

အဘယ်ကြောင့်ဆိုသော် ယဲလိန်ကိုသာ အပြစ်တင်ဟန် နှင့် ပြောနေသော မန်ချင်ဖြို့အဖွဲ့ချုပ်ကိုယ်တိုင်ပင် မျက်နှာဖုံး အတု တပ်ထားသည်မဟုတ်ပါလား။

Scanned with ACE Scanner

ယဲလိန်က သူမအား မယုံကြည်၍ပြောလိုက်လျှင် သူမက လည်း ယဲလိန်ကို ယုံကြည်မှုမရှိကြောင်းပြောကြားနေသကဲ့သို့ ပင် ဖြစ်နေသည်။

ဤသည်ကို ရိပ်စားမိလိုက်သည့် အဖွဲ့ချုပ်က ယဲလိန်အား ဖြေရာမြေရာကြောင်း၊ ရှင်းလင်းပြောကြားလိုက်တော့၏၊

“ကျွန်မအပေါ်မှာတော့ သံသယမဝင်ပါနဲ့ရှင်၊ ရန်သူရဲ့ နယ်မြေမှာ လှုပ်ရှားလုပ်ကိုင်နေရတော့ ကျွန်မရဲ့ မှုသရှပ်လွှာ ကို ပြဖို့မသင့်တော်ပေါ်ပါ”

ယဲလိန်က အဖွဲ့ချုပ်အား အဆိုက်အလျောက် ပြန်ပြော သည်။

“မှန်ပါတယ်၊ ကျွန်တော့်အနေနဲ့လဲ အကြည်တော် အဖွဲ့ ချုပ်ကို ကိုယ်ချင်းစာနာမိပါတယ်ခင်ဗျာ”

ယဲလိန်၏ စကားအသွားအလာကို သဘောပေါက်ဟန်ရှင့် အဖွဲ့ချုပ်က မေးပြန်သည်။

“ဩြော် ဒီလိုဆိုရင် ဒီကမိတ်ဆွေမှာလဲ အထူးတာဝန်ရှိ နေလို့လား”

အဖွဲ့ချုပ်အမျိုးသမီး ' စကားထဲတွင် ယဲလိန်အား အထင် အမြင်သေးသော သဘောဆောင်နေသည်။

“အထူး တာဝန်လို့ သတ်မှတ်လောက်တဲ့ အရာရှိ တစ် ယောက်လဲ မဟုတ်ပါဘူး၊ ဒါပေမယ့် ကျွန်တော့်အဖို့ ဥစ္စာ က်ခောင့်၊ အသက် ဥာဏ်စောင့်ဆိုတာကို မေ့လို့ မဖြစ်ဘူး လေ”

အဖွဲ့ချုပ် အမျိုးသမီးမှာ ယဲလိန်၏ပါးနပ်လှသော စကား ကြောင့် ကျိတ်၍ပြုံးလိုက်မိသည်။

"အင်း ရှင်နဲ့ အရှေ့တောင် သိုင်းညီနောင်ရှစ်ဖော်တို့က ခင်မင်ရင်းချာ မိတ်ဆွေတွေဆိုတော့..."

"ဩော် ဒါကတော့ သူတို့က ကျွန်တော့်အပေါ် ခင်မင်မှု အရင်းခံပြီး ပေါင်းသင်းကြတဲ့ ကိစ္စပါဗျာ"

အဖွဲ့ချုပ်သည် ယဲလိန်အား တစ်ခွန်းချင်းမေးကာ အကဲထိ လေ့လာနေသည်။

"ဆရာချောက်ကတော့ ရှင့်အပေါ်မှာ တကယ် စိတ်ချ ယုံကြည်ပုံရတယ်နော်"

"မိတ်ဆွေဆိုတဲ့သဘောက ဒီလိုပဲ၊ စိတ်တူကိုယ်တူ တစ်သား တည်းရှိမှပေါ့၊ ဆရာချောက်တို့နဲ့ ကျွန်တော်ဟာ တစ်ဦးကို တစ်ဦး အပြန်အလှန် ယုံကြည်မှုအရင်းခံတဲ့ မိတ်ဆွေတွေပါ၊ တစ်ဦးဒုက္ခရောက်ရင် ကျန်တစ်ယောက်က ဒီအတိုင်းကြည့် နေလို့ မသင့်တော်ဘူးလေ၊ တစ်ဦးရဲ့အခက်အခဲကို တစ်ဦးက အသက်ပေးပြီး ကယ်တင် ဖြေရှင်းပေးရမှာပဲပေါ့၊ ခုဆို ချောက်အုင်းနဲ့ လွေ့စုလျှံတို့ကို ကျွန်တော် ကယ်တင်ပေးလိုက် ပါပြီ"

"သူတို့နှစ်ယောက်မှာ ထိခိုက်ဒဏ်ရာ မရဘူးလားရှင့်"

"သူတို့ကိုယ်ပေါ်မှာ ခြစ်ရာ ရှရာလေးတောင် မရလိုက်ပါ ဘူး"

အဖွဲ့ချုပ်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားရှာ၏။

"အို မယုံကြည်နိုင်စရာပါဘဲ၊ ရှင့် စကားက တကယ်ပဲလား၊ရှင့်"

အဖွဲ့ချုပ်၏စကား၊မှာ ယဲလိန်အပေါ်၌ လုံး၀အယုံအကြည်ရှိပုံမရပေ။ ယဲလိန်က တည်ငြိမ်အေးဆေးစွာပင် ပြန်ပြောလိုက်သည်၊

"အဖွဲ့ချုပ်ကြီး လူလွှတ်ပြီး စုံစမ်းနိုင်ပါတယ်၊ မုသားစကားဟာ ထာ၀ရတာရှည်မခံတတ်ပါဘူး၊ မီးကျည်ခဲတစ်ခုကိုစက္ကူနဲ့ထုပ်လို့ မရသလိုပါပဲ"

"ရှင်တစ်ယောက်ထဲ ၀င်ကယ်တာလား"

"အင်း ကျက်တွေ့ကတော့ ဒီအတိုင်းပဲ"

"ဒါဆို ရှင့်ရဲ့ သိုင်းပညာဟာ မှန်းဆလို့ မရနိုင်လောက်အောင် မြင့်မားနေမှာပေါ့နော်"

"ကျွန်တော် တော်လွန်းလို့တော့ ဟုတ်မယ်မထင်ပါဘူး၊ သူတို့ညံ့ဖျင်းလို့ ဖြစ်နိုင်ပါတယ်၊ အဲ ဒါပေမယ့် အဖွဲ့ချုပ်စိတ်မဆိုးဘူးဆိုရင် အမှန်အတိုင်းပဲ ပြောပါရစေ"

ယဲလိန်က ခွင့်တောင်းလိုက်သည်။ အဖွဲ့ချုပ်ကလည်း စိတ်ဝင်စားဟန်နှင့် ချက်ချင်းပြန်ပြောသည်။

"ပြောပါ"

"အဖွဲ့ချုပ်ရဲ့ လူတွေထဲမှာရော၊ ရှန်ကျင်ဂေဟာမှာကော ကျွန်တော့်ကို ယှဉ်ပြိုင်နိုင်မယ့် ပြိုင်ဘက်မရှိသေးပါဘူး"

အဖွဲ့ချုပ်အမျိုးသမီးက ထိုင်ခုံတွင်ပြန်ထိုင်ရင်း စူးစမ်းသလို ပြောသည်။

"ဗြဲဘ် ကျွန်မတို့အဖွဲ့ထဲကလူ ဘယ်နှယောက်နဲ့ တွေ့ဖူးသေးလဲ"

ယဲ့လိဒ်က အမှန်အတိုင်း ပြောပြသည်။

"မများလှပါဘူး၊ ဒါပေမယ့် သူတို့ရဲ့ရာထူးတွေကတော့ မနိမ့်ကျလှပါဘူးဗျာ"

"အခွင့်ကြုံရင် ကျွန်မတို့အဖွဲ့ထဲက သိုင်းပညာရှင်တွေနဲ့ ရှင့်ကို တွေ့ပေးရဦးမယ်"

"ဒီလို အကြောင်းမဲ့သက်သက်တွေ့ဖို့ကိုတော့ ကျွန်တော် ဆန္ဒမရှိဘူးဗျ"

အဖွဲ့ချုပ်အမျိုးသမီး အံ့ဩသွားသည်။

"ဘာဖြစ်လို့လဲ"

"မိတ်ဆွေအဖွဲ့သားတွေ ဖြစ်နေလို့ပါပဲ"

"ဟွန်း ဒါပေမယ့် ရှင်ကတော့ ကျွန်မတို့အဖွဲ့ကို စော်ကားပေါင်းများနေပြီရှင့်၊ အဲဒါကိုတော့ ရှင် သတိပြုမိရဲ့လား"

"ကိုယ့်ရဲ့မိတ်ဆွေတစ်ယောက် အလဟဿ အသက်မဆုံးရှုံးအောင် စေတနာအရင်းခံပြီး ပြုလုပ်ခဲ့တဲ့ကိစ္စကို စော်ကားတယ်လို့မြင်ရင် မိတ်ဆွေမပီသဘူး ပေါ့ဗျာ၊ အဲဒါအပြင် နောက်ထပ် သွေးထွက်သံယိုမှုကိစ္စတွေပါ ဖြစ်ပေါ်လာနိုင်တယ်လေ"

ယဲ့လိဒ်၏ ပြောစကားများကို အဖွဲ့ချုပ်က ငြိမ်၍နား ထောင်နေသည်။

"ဆရာချောက်လို အရွှေတောင် သိုင်းညီနောင် ရှစ်ပေါ်ထဲက နာမည်ကြီး သိုင်းသမားကိုပဲ ကြည့်ပါဦး၊ ကျွန်တော်က

အကျိုးသင့်အကြောင်းသင့် ပြောပြတာကို သူ လက်ခံတယ်၊ နားယူတယ်၊ အကြည်တော်ရဲ့ အဖွဲ့သားတွေကိုလဲ မိတ်ဆွေ တစ်ယောက်လို သဘောထားပြီး၊ တားမြစ်ခဲ့တာပါပဲလေ၊ ဒါဟာ စိတ်သိုးစဆု ဂုဏ်ငယ်စရာ မဟုတ်ပါဘူး၊ တစ်ခြား သူတွေကို ထားလိုက်ပါတော့၊ အဖွဲ့ချုပ်ကြီးလို အမြော်အမြင် ရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်က စေတနာရဲ့လုပ်ရပ်ကို ခွဲခွဲခြားခြား မသိဘူး၊ ဆိုတာတော့ ကျွန်တော် ဝမ်းနည်းလို့ မဆုံးပါဘူး"

"ရှင်ဟာ ကျွန်မရဲ့အဖွဲ့သားတွေအပေါ်မှာ အထင်အမြင် သေးပြီး အပေါ်စီးက ဆက်ဆံတာကိုပဲ သူတို့အားလုံးက ရှင့်အပေါ်ကို ကျေးဇူးတင်ရတော့မှာလား"

"ကျွန်တော်က ဒီလိုရည်ရွယ်ချက်နဲ့ ပြောနေတာ မဟုတ်ပါဘူး၊ ခုပြီးခဲ့တဲ့အရေးကိစ္စဟာ ခုလိုမှမလုပ်ရင် အဖမ်းခံ ထားရတဲ့ ကျွန်တော်တို့ မိတ်ဆွေတွေကို အသက်အန္တရာယ် ပေးရာ ရောက်နေပါတယ်၊ နောက်ပြီး ကျွန်တော်ဟာ ကိုယ် ကျိုးမစွက်တဲ့ အများအတွက် လုပ်ကိုင်ဆောင်ရွက်နေတဲ့ ကျွန်တော့် လှုပ်ရှားမှုကိုလဲ အနှောင့်အယှက်ပေးရာ ရောက်နေ ပါတယ်....။

"ဒီနည်းမှမသုံးရင် မဖြစ်တော့လို့ပါ၊ အချိန်ကလဲ မရှိတော့ ဘူး၊ ကျေနပ်အောင် ရှင်းပြနေလို့ လူ ကယ်တင်တဲ့ကိစ္စမှာ အခွင့်အရေး ဆုံးရှုံးသွားရင် ဒီနစ်နာမှုကို အကြည်တော်တို့က ဘယ်လိုပေးဆပ်ကြမှာလဲ၊ ကျွန်တော့်ရဲ့အခက်အခဲကို မြင်လာ ရင် ကျွန်တော့်အပေါ် ဒီလို မြင်တော့မှာ မဟုတ်ပါဘူး။

တကယ်တမ်း ကျွန်တော်ကယ်ဘင်ခဲ့တဲ့ လူတွေဟာတဲ့ အကြည်တော်တို့ရဲ့မိတ်ဆွေပဲ မဟုတ်လား"

အဖွဲ့ချုပ်က တဟင်းဟင်း ရယ်သွမ်းသွေးပြီး...

"ရှင်ဟာ အတော် အပြောကောင်းပါလား၊ အမှန်တော့ ရှင်ဟာ သိုင်းသမားလုပ်စားဖို့ မကောင်းတော့ဘူး၊ စာပေဆရာလုပ်စားဖို့ သင့်နေပြီရှင့်"

အဖွဲ့ချုပ်အမျိုးသမီးသည် ယဲ့လိနီနှင့် စကားပြောနေရာမှ တစ်စုံတစ်ရာ သတိရဟန်နှင့်....

"ဒါနဲ့နေစမ်းပါဦးရှင့်၊ နဂါးစိမ်းအဖွဲ့မှူးကို ရှင်ပြောခဲ့တဲ့ စကားတစ်ခွန်း ရှိပါသေးတယ်၊ ရှင့်ကို သူတို့ကနိုင်မှ လူကို ကယ်ခွင့်ပေးမယ်ဆိုတာ ဘာသဘောလဲ"

"ဒါကလဲ ကျွန်တော့်ရင်ထဲက စေတနာအရင်းခံပါဗျာ၊ ကျွန်တော် ရှန်ကျင်ဂေဟာ၀တ်ဝင်ပြီး လူကယ်ချင်တယ်၊ အဖွဲ့မှူးအဖွဲ့ကလဲ သူတို့ဝင်ပြီး ကယ်ချင်တယ်လေ၊ ဒီလို အခြေအနေမှာ ကျွန်တော့်ကိုနိုင်ရင် ကျွန်တော့်ထက် သိုင်းပညာမြင့်မားတာမို့ ရှန်ကျင်ရဲ့လက်ပါးစေတွေကို ရင်ဆိုင်နိုင်မှာပေါ့၊ ပြီးတော့လဲ ကိုယ့်ကိုယ်ကို ကာကွယ်နိုင်မယ်၊ ဒီလို ကာကွယ်စောင့်ရှောက်နိုင်ရင် အကြည်တော်အဖွဲ့ချုပ်ရဲ့လူတွေ အသက်မဆုံးရှုံးတော့ဘူးပေါ့ဗျာ....။

"ကျွန်တော့်ရဲ့ဆန္ဒကတော့ အဖွဲ့ချုပ်ရဲ့အဖွဲ့သားတွေ အလဟာသ မဆုံးရှုံးစေချင်တဲ့ ဆန္ဒကြောင့်ပါပဲဗျာ"

Scanned with ACE Scanner

"ဩော် ရှင်စကားက အလာကြီးပါလားဟင်၊ ပိုင်လှချည်လား၊ ရှင့်ကိုယှဉ်ပြိုင်မယ့် ပြိုင်ဘက်မရှိတော့ဘူးလို့ ထင်နေသလားဟင်"

"ရှင်းရှင်းပြောရရင် ကျွန်တော် ဘဝင်မမြင့်တတ်ပါဘူး၊ ပညာဆိုတာ ဆုံးခန်းတိုင်တဲ့အရာမှ မဟုတ်တာဘဲ၊ ကိုယ့်ထက် သိုင်းပညာသည့်တဲ့လူတွေ အများကြီးရှိနေသလို ကိုယ့်ထက် တော်တဲ့လူတွေလဲ မရေမတွက်နိုင်အောင်ပါပဲ၊ အဲ ဒါပေမယ့် ခုလက်တွေ့မှာတော့ ကျွန်တော့်ကို နိုင်မယ့်လူ မရှိသေးဘာ အမှန်ပါပဲ....။

"အဲဒီလို ယှဉ်ပြိုင်ပွဲကလေး လုပ်ရတာကလဲ ကျွန်တော် ရှုံးရင် ဆရာကြီးတို့က သွားကြယ်ပါ၊ ကျွန်တော်နိုင်ရင်တော့ ကျွန်တော့်အစီအစဉ်အတိုင်း လိုက်ကြယ်မယ်၊ လိုရင်းကတော့ အချုပ်အနှောင်ခံထားရတဲ့ လူတွေကို ဘေးမသီ ရန်မခဘဲ တယ်တင်နိုင်ဖို့ပါပဲ၊ အဲဒီအချိန်မှာ ကျွန်တော့်အဖို့ အခက်အခဲ ရှိနေတယ်...။

"တကယ်တော့ ကျွန်တော်ဟာ တိုင်းပြည်နဲ့လူမျိုးအတွက် ကျုရာတာဝန်ကို စိတ်ဓာတ်တက်ကြွစွာနဲ့ ထမ်းဆောင်နေတာ ဖြစ်ပါတယ်"

"ဘာအခက်အခဲများလဲရှင့်"

"ရန်ကျင်ဂေဟာထဲကလူကို ကယ်တင်တဲ့နေရာမှာ သေချာဖို့လိုတယ်၊ ချတ်ချော်တိမ်းစောင်းခဲ့ရင် နောက်တစ်ကြိမ် အခွင့်အရေး မရနိုင်တော့ဘူး၊ ကျွန်တော်တို့ဘက်က ပိုင်နိုင်

ပြတ်သားမှ ရန်သူတွေ တုန်လှုပ်ချောက်ချားသွားနိုင်တယ်၊ ကျွန်တော်တို့ဘက်က တစ်ဦးတစ်ယောက်ကို ဖမ်းမိသွားခဲ့ရင်ပဲ ဒီပွဲဟာ အကျိုးမရှိတော့ဘူးလို့ ကျွန်တော်ခံယူတယ်၊ လူကယ်လို့မအောင်မြင်ခဲ့ရင် အကျဉ်းချခံရတဲ့လူအဖို့ အသက်ရှင်လမ်းမရှိနိုင်တော့ဘူး"

အမှန်စင်စစ်တွင်မူ သူတို့နှစ်ဦး၏ ရည်ရွယ်ချက် အတူတူပင်ဖြစ်၏။

သို့သော် တစ်ဦးနှင့်တစ်ဦး မာန်ပြိုင်သလို ဖြစ်နေခဲ့ကြခြင်းကြောင့် ဦးတည်ချက်ချင်း စပ်ဟပ်မရနိုင်အောင် ဖြစ်ခဲ့ရခြင်းဖြစ်သည်။

တိုင်းပြည်အား အကျိုးပြုရာတွင် မိမိသာလျှင် အဓိကကျသည်၊ မိမိသာလျှင် အရေးပါသည်ဟု စိတ်တွင် စွဲသန်ထားမှုကြောင့်သာ ဤသို့ဖြစ်ခဲ့ရခြင်း ဖြစ်၏။

ထိုသို့မဟုတ်ပါဘဲ တိုင်းပြည်နှင့်လူမျိုး အကျိုးဆောင်ရာတွင် လူတိုင်းလူတိုင်းသည် မိမိတို့၏ ကျရာတာဝန်၊ ကျရာအခန်းကဏ္ဍမှနေ၍ အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ ကျေပွန်စွာထမ်းဆောင်နိုင်ရေးသည်သာ အဓိကပင် မဟုတ်ပါသလား။

အဖွဲ့ချုပ်က တွေးတွေးဆဆနှင့် တစ်လုံးချင်း ပြန်ပြောလေသည်။

"ဒီလိုဆိုတော့လဲ ရှင့်စကားတွေဟာလက်ခံနိုင်စရာ ကောင်းသားပဲ၊ ဒါပေမယ့် ခုအချိန်အထိ ရှင်နဲ့ကျွန်မတို့အဖွဲ့က ရန်သူလား မိတ်ဆွေလားဆိုတာ ခွဲခြားရခက်နေတာပဲရှင့်"

"ကောင်းပြီ၊ အကြည်တော်အဖွဲ့ချုပ်တို့က အရှေ့တောင်သိုင်းညီနောင်ရှစ်ဖော်နဲ့ မိတ်ဆွေအဆင့်မှာရှိသလား၊ ရန်သူတွေလား"

"သူတို့နဲ့ကဖူးတော့ မိတ်ဆွေပဲပေါ့"

"ဒါဆိုရင် အဖွဲ့ချုပ်မေးတဲ့မေးခွန်းကို အထူးတလည်ပြန်ဖြေစရာ မလိုတော့ပါဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်ဟာ ရန်သူတစ်ယောက်ကို အဆက်စွန့်ပြီး ထယ်တင်ရမှာလားဗျ"

"ဒါကတော့ ရှင့်အနေနဲ့ သူတို့သိုင်းညီနောင်ကိုကယ်တင်ရတဲ့အကြောင်းရင်းဟာ၊ ဘယ်လိုဘယ်ပုံ ကယ်တင်ခဲ့ရသလဲဆိုတာ ကိုယ်တွေ့မျက်မြင်မှုမဟုတ်ဘဲ၊ ကျွန်မတို့က ရှင်ပြောတဲ့စကားကိုသာ ကြားနေရတာပဲလေ၊ ရှင်ရှင်းပြပေးကြည့်ပါဦး"

အဖွဲ့ချုပ်အမျိုးသမီး၏ နှုတ်ရေးကြွယ်မှုကြောင့် ယဲလ်မှာ မည်သို့ပြန်ပြောရမည်ကိုပင် မသိနိုင်အောင် ဖြစ်သွားပါလေသည်။

ထိုသော် တဒင်္ဂအချိန်အတွင်း သူ့ခေါင်းထဲ၌ လျှပ်တစ်ပြက်အကြံ ပေါ်လာသဖြင့် ပြန်မေးလိုက်သည်။

"ခုနစမ်းပါဦး၊ အကြည်တော်ရဲ့ လက်အောက်ခံတွေ... အကြည်တော့်အပေါ် သစ္စာရှိကြရဲ့လား"

"ရှိကြပါတယ်"

"ဒါဆို ဘာဖြစ်လို့ ကျွန်တော်နဲ့ဆရာချောက်တို့ ဆက်ဆံပုံကို ပြန်မပြောကြတာလဲမသိဘူး"

"အားလုံးပြောပြကြတယ်၊ ဒါပေမယ့် ရှင်က ဆရာချောက်ကို စကားအချိုသပ်ပြီး လိမ်ညာထားမှန်းမှမသိတာ ဘဲကိုး"

"ကျွန်တော့်အပေါ် ဒီလိုမြင်တာ ဝမ်းနည်းပါတယ်၊ အကြည်တော်ဟာ ကျွန်တော့်အပေါ် မယုံသင်္ကာစိတ်နဲ့ မေးမြန်းနေတာဟာ ကျွန်တော့်သိက္ခာကို စော်ကားသလို ဖြစ်နေပါတယ်"

ယဲလိန်၏ ပြတ်သားသောစကားကြောင့် အဖွဲ့ချုပ်၏ ခန္ဓာကိုယ်လေးမှာ ဆတ်ခနဲတုန်ခါသွားတော့၏။

ယဲလိန်မှာလည်း သူ၏စေတနာကို အစော်ကားခံရသည့်အပြင် တရားခံကဲ့သို့ စစ်မေးနေခြင်းကြောင့် အဖွဲ့ချုပ်အပေါ် စိတ်မရှည်နိုင်အောင် ဖြစ်လာမိသည်။

ထို့ကြောင့် အဖွဲ့ချုပ်အား သာသာနှင့်နာနာနှက် ဆိုသကဲ့သို့ ဆက်ပြောလိုက်သည်။

"ကျွန်တော့်ရဲ့ အမြင်ကတော့ ခင်ဗျားတို့အဖွဲ့ရဲ့ဦးတည်ချက်ဟာ ဘာဖြစ်မှန်း စဉ်းစားလို့တောင် မရတော့ပါဘူး။ ခင်ဗျားရဲ့အမြင် အတွေးအခေါ်ဟာလဲ ကျဉ်းမြောင်းလွန်းနေတယ်၊ ဒီတော့ ခင်ဗျားတို့အဖွဲ့ရဲ့အမည်ကို ပြောင်းလဲလိုက်ရင် ကောင်းမယ်ထင်တယ်"

"ရှင် ရှင် ကျွန်မတို့အဖွဲ့ကို စော်ကားဝံ့သလား၊ ရှင့်စကားကို ခုချက်ချင်းပြန်ရုပ်သိမ်းလိုက်စမ်းပါ"

Scanned with ACE Scanner

အဖွဲ့ချုပ်၏ဒေါသစကားကို ယဲလိန်က အေးအေးဆေး ဆေးပင် ပြန်ပြောသည်။

"မန်ချင်ဖြို့....စကားအဓိပ္ပာယ်ကဘာလဲ၊ ကျုပ်ကို ရှင်းပြ စမ်းပါဦး၊ ခင်ဗျားတို့ရဲ့ လက်တစ်ဆုပ်စာ လူတစ်စုကလေး က ဒီလောက်ဖွင့်အားကြီးမားလှတဲ့ မန်ချင်တွေကို ဖြိုခွဲလို့ ကော ရနိုင်ပါမလား"

ယဲလိန်၏စကားအဆုံးတွင် အဖွဲ့ချုပ်၏နှုတ်မှ ဂက်ထန်တင်း မာသော စကားသံများ ထွက်ပေါ်လာတော့၏။

"ဘာရှင့် ရှင် စော်ကားလှချည်လား"

ယဲလိန် ပြန်မပြောခင် အဖွဲ့ချုပ်၏နောက်မှ ကိုယ်ရံတော် အမျိုးသမီး လေးဦးက ကြုံးဝါးသံပေးကာ ယဲလိန်ရှိရာသို့ ခုန်ပျံရောက်ရှိလာကြ၏။

တစ်ဆက်တည်းမှာပင် ယဲလိန်အား ဝိုင်းဝန်းထားပြီးဖြစ် နေတော့၏။ ကိုယ်ရံတော် အမျိုးသမီးတစ်ယောက်က....

"ရှင်ဟာ ကျွန်မတို့မန်ချင်ဖြို့အဖွဲ့ကို စော်ကားဝံ့ သလား"

ယဲလိန်က ပကတိတည်ငြိမ်အေးဆေးစွာနှင့်....

"ဒီမှာအဖွဲ့ချုပ် ကျုပ်စကားတွေ ကြမ်းတမ်းကောင်း ကြမ်းတမ်းလိမ့်မယ်၊ ကျုပ်အပေါ်မှာထားရှိတဲ့ ခင်ဗျားရဲ့ သဘောထားကလဲ တယ်ပြီးကျဉ်းမြောင်းတာပဲကိုး၊ တကယ် တော့ ခင်ဗျားတို့ဟာ တော်လှန်ရေးလုပ်ဖို့မကောင်းဘူးဗျ။ ကိုယ့်အိမ်ကိုယ်ပြန်နေတာ အကောင်းဆုံးပဲ"

အဖွဲ့ချုပ်မှာ ယဲလိန်၏ ရိုးရင့်တည်ကြည်သော အမူအရာများကြောင့် မျက်မှောင်တစ်ချက်ကြုတ်ရင်း…

"ဒီမှာရှင့် ရှင့်ကိုကျွန်မကခွင့်လွှတ်နိုင်ပေမယ့် ကျွန်မရဲ့ နောက်အောက်ခံ အဖွဲ့သားတွေကတော့ ရှင့်ကိုခွင့်မလွှတ်နိုင်ဘူး၊ ဒါကိုကောရှင်သိရဲ့လား"

"ဒီမှာအဖွဲ့ချုပ် ကျုပ် နောက်ဆုံးစကားတစ်ခွန်းပြောမယ်"

"ပြော"

"ခင်ဗျားတို့အဖွဲ့ဟာ ကျုပ်အပေါ်မှာ ဒီလိုသေးသိမ်တဲ့ အမြင်မျိုးရှိမယ်လို့ ကျုပ်မထင်ဘူး၊ ကျုပ်က မှန်တာပဲ ပြောဘာတယ်၊ ကဲ ဒီကမိတ်ဆွေတို့ လုပ်ငန်းစကြရအောင်"

ယဲလိန်သည် အဖွဲ့ချုပ်အားပြောနေရာမှ သူ့အစား ဝိုင်းဝန်းထားကြသော ကိုယ်ရံတော်အမျိုးသမီးလေးယောက်အား တစ်ဆက်တည်း ပြောလိုက်ခြင်းဖြစ်သည်။

ကိုယ်ရံတော်အမျိုးသမီးတစ်ယောက်က—

"ဒါဆိုရင်လဲ ရှင့်ရဲ့ဓားကိုထုတ်လိုက်ပါ"

ယဲလိန်က မခိုးမခန့် ရယ်သွမ်းသွေးရင်း….

"ခင်ဗျားတို့အဖွဲ့ထဲမှာ ကျုပ်နဲ့ယှဉ်ပြိုင်ဖူးတဲ့ ပုဂ္ဂိုလ်ရှိနေတယ်၊ ကျုပ်အကြောင်းကိုလဲ သူတို့သိနေသားပဲ၊ ခင်ဗျားတို့ စိတ်ချလုံခြုံ မေးကြည့်ပါဦး၊ ကျုပ် ဓားထုတ်လိုက်ရင် ခင်ဗျားတို့အတွက် ဝမ်းနည်းစရာတွေ ဖြစ်လာလိမ့်မယ်"

အနက်ရောင်ဝတ်စုံဝတ် ကိုယ်ရံတော် အမျိုးသမီး တစ်ယောက်က မခံချိမခံသာဖြစ်ဟန်နှင့် ပြန်ပြောသည်။

"ရှင်ဟာ အခေဘာ်ဘခင်မြင့်တဲ့လူစားပဲ၊ ရှင့်လိုလူမျိုးကို ဆုံးမချင်နေတာကြာပြီ"

ကိုယ်ရံတော်အမျိုးသမီး လေးယောက်သည် ဓားများကို ဝင့်လိုက်ကြသည်နှင့် နှင်းပွင့်များ မြာထွက်သွားသည့်အလား ဓားရောင်များ တစ်လက်လက်ထွက်ပေါ်လာတော့၏။

ကိုယ်ရံတော် အမျိုးသမီး လေးယောက်က ယဲလိန်အား ညှပ်ပူးညှပ်ပိတ် တိုက်သည်၊ သူမတို့၏ ဓားကွက်များသည် တစ်ယောက်နှင့် တစ်ယောက် အပေးအယူရှိနေသာ အကွက် စေ့စေ့ တိုက်ခိုက်လိုက်ခြင်းဖြစ်ပေသည်။

ယဲလိန်သည် ကိုယ်ရံတော် အမျိုးသမီး လေးယောက်၏ ဓားချက်များကို ခုန်ပျံရှောင်တိမ်းခြင်းမပြု၊ နှင်းပွင့်လှုပ်ချေ သိုင်းကွက်နှင့် ဓားများကို အတင်းဝင်လုလိုက်သည်။

တစ်ဆက်တည်းမှာပင် သူမတို့၏ ခေါးကိုင်လက်များကို နှင်းပွင့်ဇာခြည် သိုင်းကွက်ဟန်နှင့် ဆက်တိုက် ရိုက်ချလိုက် တော့၏။

ကိုယ်ရံတော် အမျိုးသမီးလေးဦးမှာ ယဲလိန်၏ ခပ်သာ သာ ရိုက်ချက်ကြောင့် ဒယီးဒယိုင်ဖြစ်နေကာ နောက်သို့ ခြေ လှမ်းသုံးလှမ်းစီ ဆုတ်ခွာပေးလိုက်ကြသည်။

"ဟင်"

မန်ချင်အဖွဲ့ချုပ်မှာ အံ့အားသရဲခံစားမိရင်း ယဲလိန်အား စိုက်ကြည့်နေလိုက်သည်။

တိုက်ပွဲမှာ ကာရှည်ခြင်းမရှိပေ။

Scanned with ACE Scanner

ကိုယ်ရံတော်အမျိုးသမီး လေးယောက်၏ နှင်းပွင့်ဖွေးဖွေး ဓားသိုင်းကွက်ကို တော်ရုံလူ ယှဉ်နိုင်စွမ်းမရှိခဲ့ပေ။

ယခုတော့ လူကြီးက လူငယ်အား ကစားသည့်ပမာ ယဲ့လိန်က ချက်ချင်းအနိုင်ယူသွားခဲ့၏။

ယဲ့လိန်ကဲ့သို့မင် အဆင့်မြင့်သူနှင့် ရင်ဆိုင်ယှဉ်ပြိုင်လိုက်ရခြင်းကြောင့် သူမတို့၏နှင်းပွင့်ဝေဝေ ဓားသိုင်းကွက်များသည် အကွက်များ ပျက်ပြား၍ ရှုပ်ထွေးကုန်သည်။

တိုက်ကွက် ဆယ်ကွက်အတွင်းမှာပင် သူမတို့၏လက်ထဲ၌ ဓားများမရှိကြတော့ဘဲ ယဲ့လိန်၏လက်တွင်းသို့ ဓားများ ရောက်ရှိကြကုန်တော့၏။

"ချွမ်း"

ယဲ့လိန်က ဓားလေးလက်ကို ကြမ်းပြင်ပေါ်သို့ပစ်ချလိုက်ရင်း—

"ခုလို လက်စွမ်းပြခွင့်ရတာ ကျေးဇူးတင်ပါတယ်ဗျာ"

မန်ချင်ဖြိုအဖွဲ့ချုပ်သည် ခြေဖျားလက်ဖျားများပင် အေးစိမ့်ကာ တစ်ခဏမျှကုတုန်ကယင် ဖြစ်သွားမိသေး၏။ သူမ၏ နှုတ်မှလည်း ဖွင့်ဟချီးကျူးမိလိုက်သည်။

"ကောင်းလိုက်တဲ့ သိုင်းပညာစွမ်းပါပဲရှင့်"

ထိုအခိုက် ညွှန်ခန်းကြီး၏နောက်ဘက်ဆီမှ အသံခပ်အုပ်အုပ်နှင့် စူးရှလွန်းသော အသံတစ်သံက ရုတ်ခြည်းထွက်ပေါ်လာတော့၏။

"ဘယ်သူလဲကွ၊ အပြင်မှာသောင်းကျန်းနေတာ"

အသံမှာ ခပ်အုပ်အုပ်ပင် ဖြစ်သော်လည်း အတွင်းအား မြင့်မားသော ပုဂ္ဂိုလ်ဖြစ်၍ ကြားရသူတို့၏ နားအတွင်း၌ စူးရှသွားတော့၏။

ယဲလိန်က အသံလာရာဆီသို့ လှမ်းကြည့်လိုက်သည်။

ရှပ်ရည်ကြမ်းတမ်းလှပြီး အဖြူရောင်ဝတ်စုံနှင့် အသက် ခြောက်ဆယ်ကျော် အဘိုးကြီးတစ်ယောက်ကို ယဲလိန် မြင်တွေ့လိုက်ရလေသည်။

မျက်နှာတစ်ပြင်လုံးနီရဲနေကာ ကျားဖြူကြီးတစ်ကောင်၏ မျက်နှာပေါက်မျိုး ဖြစ်နေသည်။ ထိုကျားဖြူအဘိုးကြီးအား ယဲလိန်မြင်တွေ့လိုက်ရသည်နှင့် ပြုံးရယ်လိုက်မိ၏။

ထိုစဉ် အဘိုးကြီး၏ ကျားဟိန်းသံအလား ကျယ်လောင်သော စကားသံကို ယဲလိန်ကြားလိုက်ရပြန်သည်။

"ဟိတ်ကောင်လေး မင်း အဲဒီတော့ကို မာန်ထောင်နေပါလား၊ ကြားရတာနဲ့တောင် ငါ့အဖို့ ဒေါသ အခံရခက်တယ်"

"ဟဲ ဟဲ ဟဲ လူကြီးမင်းက ခုလို စိတ်ထိန်းနိုင်တာဟာ အင်မတန်တော်တဲ့ ပုဂ္ဂိုလ်မို့ပေါ့ဗျာ၊ တော်ပါပေတယ်"

"ဘာကွ၊ မင်းကများ ငါ့ကို ခနိုးခနဲ့စကား ပြောဝံ့သလား၊ ငါ ဘာကောင်လဲဆိုတာကိုကော မင်းသိရဲ့လား"

ယဲလိန်က အဘိုးကြီးအား တစ်ချက်စိုက်ကြည့်ကာ—

"နှင်းဖြူတောင်က သိုင်းဘုရင်လေဗျာ၊ ဘာများအဆန်းတကြယ်ဖြစ်စရာ ရှိနေလို့လဲ"

ယခုအံ့သြသွားမိသူမှာ နှင်းဖြူတောင်မှ သိုင်းဘုရင်ခေါ် အဘိုးကြီးပင် ဖြစ်ပေသည်။

"ဟင် မင်း မင်း၊ ငါ့ကိုသိနေတယ် ဟုတ်လား၊ မင်းဟာ ဘယ်သူလဲ ပြောစမ်း"

"ကျွန်တော်က နောက်ပေါက်လူငယ်လေး တစ်ယောက် ပါ၊ ကျွန်တော့်နာမည်ပြောပြလဲ ခင်ဗျားသိမှာမဟုတ်ပါဘူး၊ ဒီတော့ မပြောတာဘဲ ကောင်းပါတယ်ဗျာ"

ယဲလီန်က ဆရာအမည်မထုတ်ဖော်လိုသေး၍ ဗလုံးဗထွေး ပြောလိုက်ခြင်းဖြစ်သည်။

မန်ချင်ပြို အဖွဲ့ချုပ်မှာလည်း အခွင့်ကြုံတုန်း ယဲလီန်၏ ဇာတ်မြစ်ကိုသိရတော့မည်ဟု အားခဲထားခဲ့သော်လည်း မသိလိုက်ရ၍ မဆတ်တငံ့ ဖြစ်သွားရသည်။

နှင်းဖြူတောင် သိုင်းဘုရင်ကြီးက မကျေမနပ်ဟန်နှင့် ပြန်ပြောသည်။

"နောက်ပေါက် သိုင်းသမားလေးမှာလည်း နာမည်မရှိရအောင် မင်းက ဘာကောင်လဲကွ"

"ကျွန်တော်က နာမည်လူတစ်ယောက်ပါလို့ ပြောပြီးပါ လေကောလား၊ ခင်ဗျား တော်တော်စော်ကားတဲ့လူပဲ၊ ကျွန်တော့်နာမည်ကို မပြောချင်လို့ပေါ့ဗျာ၊ ဘာဖြစ်လို့ အတင်း မေးနေရတာလဲ"

နှင်းဖြူတောင် သိုင်းဘုရင်က ယဲလီန်အား မျက်နှာထားကြီးနှင့် မေးလိုက်သည်။

"ဘာလဲ မင်းက ငါ့မေးတာကို မဖြေချင်တဲ့သဘောလား"

Scanned with ACE Scanner

ယဲလိန်က မထိဘာရိရယ်ခမောရင်း ပြန်ပြောသည်။

"ဟဲ ဟဲ ဟဲ ခုမှပဲ လူကြီးမင်းဟာ သဘော ပေါက်သွား တော့တာပဲကိုး"

ယဲလိန်၏ ရိသဲ့သဲ့ လှောင်ပြောင် ပြောစကားကို နှင်းဖြူ တောင် သိုင်းဘုရင်က မာန်မျက်လုံးနှင့် စူးစူးဝါးဝါးကြည့်ကာ ဒေါသတကြီး ဟိန်းဟောက်လိုက်၏။

"မင်း အတော် သတ္တိကောင်းနေပါလား ကွ ဟင်၊ ငါ အဘိုးကြီးရှေ့မှာတောင် မင်းက မလိမ့်တပတ် လုပ်ချင်နေတာ ကိုး၊ သိရသေးတာပေါ့ ဟင်း ဟင်း"

နှင်းဖြူတောင် သိုင်းဘုရင်က ရုတ်ခြည်းပင် သူ၏ ဖက်ကျိစ ရှည်ကြီး လှုပ်ယမ်းရင်း ယဲလိန်အား လှမ်းရိုက်လိုက်တော့၏၊

အလွန် အရှိန် ပြင်းထန်လွန်းသော ဖဲတွင်းလေပီအားက ယဲလိန်၏ကိုယ်ပေါ်သို့ တရကြမ်း တိုက်ခတ်လာတော့သည်။ ယဲလိန်မှာ အသက်ပြင်းပြင်းတစ်ချက် ရှူရှိုက်ပြီး နောက်ပြန် ခုန်ဆုတ်လိုက်သည်။

နှင်းဖြူတောင်သိုင်းဘုရင်က သူ၏တိုက်ကွက်ကို ယဲလိန်က အရှယ်တကူ ခုန်ရှောင်သွားနိုင်သဖြင့် တစ်ခဏမျှ မှင်သက် မိကာ ငေးငိုင်သွားသေးသည်။

ယဲလိန်က အပြုံးသဲ့သဲ့နှင့် လှမ်းပြောလိုက်သည်။

"ဘယ်လိုလဲ လူကြီးမင်းရဲ့၊ ခင်ဗျားဟာ တွေ့တွေ့ချင်း ဆောက်နဲ့ထွင်း ဆိုတာလို ဒီလိုပဲ မိတ်ဆက်ထတ်တဲ့ အကျင့် ရှိနေသလား၊ တော်သေးတာပေါ့၊ တခြားလူဆို လူကြီးမင်းရဲ့ သံမဏိအက်ကျိစရိုက်ချက်ကို ခံနိုင်ကြမှာ မဟုတ်ဘူးဗျ"

ယဲလိန်၏ စကားဆုံးသည်နှင့် ဘယ်ယိမ်းညာ၍ ခြေလှမ်းကွက်နှင့် အခန်းအပြင်သို့ ရှောင်တိမ်းထွက်လိုက်ပြီး တစ်ချိုးတည်း ထွက်ပြေးသွားလေတော့သည်။

"တယ် ဒီကောင်...."

ကျားရုပ်ပေါက်နေသော သိုင်းဘုရင်ကြီးက ယဲလိန်အား လိုက်လံတိုက်ခိုက်ချင်နေသည်။

သို့သော် လူကြီးနှင့်လူငယ် ဖြစ်နေသည့်အပြင် ယဲလိန်က ရင်မဆိုင်ဘဲ ထွက်ပြေးသွားသဖြင့် မချင့်မရဲ ဖြစ်ကျန်ရစ်ခဲ့၏။

"ဘဘကလဲရှင် သူကမှ ရင်မဆိုင်ချင်လို့ပဲဟာ၊ စိတ်ဆိုးစရာ မဟုတ်ပါဘူး၊ သွားပါစေတော့"

"မိန်းကလေး နင်...."

နှင်းဖြူတောင်သိုင်းဘုရင်အဘိုးကြီးမှာအသံကြားရာဆီသို့ ရှတ်ခြည်း လှည့်ကြည့်ပြီး စကားပြောရန် ဟန်ပြင်လိုက်သည်၊

အသံရှင်မိန်းကလေးအား မြင်တွေ့လိုက်ရသည်နှင့် နှင်းဖြူတောင် သိုင်းဘုရင်၏ ကျားမျက်နှာကြီးမှာ ဒေါသများ ကင်းစင်ကာ ပြုံးပြုံးရွှင်ရွှင် ဖြစ်သွားတော့သည်။

ဧည့်ခန်းမဆောင်ကြီးထဲသို့ မည်သည့်အချိန်ကရောက်နေမှန်း မသိသော မိန်းမပျိုတစ်ယောက်နှင့် ယောကျ်ားလေး တစ်ယောက်တို့သည် ဓားရှည်များ ကိုယ်စီ လွယ်ထားကြသည်ကို လူအားလုံး မြင်တွေ့လိုက်ရ၏။

မိန်းမပျိုက နှင်းဖြူတောင် သိုင်းဘုရင်ကြီးအား ပြုံးပြလိုက်သည်။

Scanned with ACE Scanner

သူတို့နှစ်ယောက်မှာ အခြားသူများမဟုတ်ကြဘဲ စာန်လျှံကြူ နှင့် ကျေးဝူတို့အား ဝက်ပါကျက်ထဲတွင် ချုပ်ထားခဲ့သည့် မိန်းကလေးချီနှင့် မောင်လေးယိတို့ပင် ဖြစ်ကြသည်။

မန်ချင်ဖြိုအဖွဲ့၏ အဖွဲ့ချုပ်ကြီးက မိန်းကလေး ချီအား တွေ့မြင်လိုက်ရသည်နှင့် ကိုယ်ရံတော်အမျိုးသမီးလေးယောက်ကပါ အနီးသို့ တိုးကပ်လာပြီး ဂါရဝပြုနှုတ်ဆက်လိုက်ကြ၏။

"အဖွဲ့ချုပ်ကြီး ဘယ်အချိန်က ရောက်နေပါသလဲရှင်၊ ကျွန်မတို့လဲ မတွေ့လိုက်ရပါလား"

မိန်းကလေးချီက....

"ခုနကလိုပဲ နေလိုက်ကြပါ"

မန်ချင်ဖြို အဖွဲ့ချုပ်နှင့် ကိုယ်ရံတော် အမျိုးသမီး လေးယောက်တို့သည် မိန်းကလေးချီ၏အမိန့်အတိုင်း မူလနေရာသို့ပြန်သွားနေကြသည်။

မိန်းကလေးချီသည် အဖွဲ့ချုပ်အစစ်ဖြစ်ဟန်ရှိပြီး မန်ချင်ဖြိုအဖွဲ့ချုပ်မှာ ရုပ်ပြအဖွဲ့ချုပ်အဖြစ် တာဝန်ယူရသူဖြစ်ပေသည်။

နှင်းဖြူတောင် သိုင်းဘုရင်ကြီး၏ မိန်းကလေး ချီအား ဒေါသသံ ရောနှောကာ မကျေမနပ်ဖြင့် ပြောဆိုလိုက်သည်။

"ဒီမှာ ကြုံးစွန်ချီနဲ့ ကြုံးစွန်ယိတို့ မောင်နှမနှစ်ယောက်နင်တို့ဘယ်သွားနေတာလဲ၊ ဒီမှာ အကြီးအကျယ် ပြဿနာတွေ တက်ကြတော့မလို့ သိကြရဲ့လား"

မိန်းကလေးချီက ခပ်ပြုံးပြုံးပင် ပြန်ပြောသည်။

"သိပါတယ် ဘာဘရယ်"

နှင်းဖြူ ထောင် သိုင်းဘုရင်က တအံ့တဩ ပြန်မေးလိုက် လေသည်။

"ဒါဆို ခုနက ကိစ္စ နင် အစအဆုံး မြင်လိုက်တာပေါ့ ဟုတ်လား"

"ဟုတ်တယ် ဘဘ၊ ဒီလူဟာ ကျွန်မတို့ရဲ့မိတ်ဆွေပါ၊ ရန်သူ မဟုတ်ပါဘူး၊ အင်း ဒီလို လူမျိုးခြားတွေမင်းမူနေတဲ့ အချိန် မှာ ထူးခြားထက်မြက်တဲ့ သိုင်းသမားလူတော်တွေ ပေါ်ပေါက် လာတာ ဝမ်းသာစရာပါပဲ"

မိန်းကလေးချို၏စကားကြောင့် ကျားရုပ်ပေါက်နေသော နှင်းဖြူထောင်သိုင်းဘုရင်ကြီး၏ မျက်နှာကြီးမှာ ရွှန်းရွှန်းရွှာ ရွှား ဒေါသထွက်လာတော့၏။

"ဘာ နင်ကပါ. သူ့ကို သဘောကျနေပုံရတယ် ဟုတ် လား၊ ကိုယ့်အပေါ်မှာ ဒီလောက်စော်ကားတဲ့လူကို နင်က ချီးကျူးနေတယ်ပေါ့လေ"

မိန်းကလေးချိုက လေသံအေးအေးနှင့် ပြန်ပြောသည်၊

"ဘဘရယ် တစ်ခေါက်မှာ တစ်ယောက် ရှားရှားပါးပါး ထွန်းပေါက်ခဲ့တဲ့ သိုင်းသမားလူစွမ်းကောင်းဆိုတာ သူပဲပေါ့ ရှင်"

ရုပ်ပြအဖွဲ့ချုပ်က လှမ်းမေးသည်။

"မမချိုက ဒီလူ့စကားတွေကို ယုံကြည်နေလို့လား"

"မယုံလို့ကော ဖြစ်နိုင်မလား၊ ကျားခံတွင်းလို ရန်ကျင် ဂေဟာမျိုးကို တစ်ယောက်ထဲဝင်ပြီး ဒုက္ခပေးနိုင်တယ်ဆိုတာ

နည်းတဲ့အရည်အချင်းမှ မဟုတ်ဘဲ၊ သူ့လိုလုပ်နိုင်တဲ့လူမျိုး နောက်ထပ် မရှိတော့ဘူးလေ"

"မမချိက သူ့စကားတွေကို အကြွင်းမဲ့ယုံကြည်နေတော့တာပဲကိုး၊ ဒီလူဟာ တော်တော်လူပါးဝတယ်၊ ကျွန်မမြင့် အစိမ်းလိုက်ဝါးစားပစ်ချင်နေတာပဲ မမရဲ့"

မိန်းကလေးချိက....

"ဪ သူက တို့အဖွဲ့ကိုဘာများဒုက္ခပေးလို့လဲ၊ တို့ကို ဘာများစော်ကားလို့လဲ၊ နင်ဘာဖြစ်လို့ သူ့ကိုမုန်းနေရတာလဲ ရွှောက်ချင်"

ရုပ်ပြအဖွဲ့ချုပ်ရွှောက်ချင်က မျက်နှာထားနှင့် ပြန်ပြောလေသည်။

"သူပြောသွားတဲ့စကားတွေဟာ ကျွန်မနားထဲမှာတော့ ကန့်လန့်ကြီးဖြစ်နေလို့ပါ မမချိ"

"နင်တို့ဟာ ကိစ္စတစ်ခုကို ဆင်ကန်းတောတိုးလုပ်ချင်ကြတယ်၊ ကိစ္စတစ်ခုကို တစ်ဆုံးတစ်ဆအထိ မကြည့်ကြဘူး"

ရွှောက်ချင်နှင့် ကိုယ်ရံတော် မိန်းမပျိုလေးယောက်မှာ မိန်းကလေးချိ၏စကားကြောင့် ငြိမ်ကုပ်သွားကြသည်။

"သူလို အဆင့်မြင့်တဲ့သိုင်းသမားတစ်ယောက်က တို့အဖွဲ့ကို ဒုးထောက်ပြီး အောက်ကျခံပြောနေရမှာလား ရွှောက်ချင်၊ နင်တို့မှားနေပြီ၊ အပေးမြင့်ရုံနဲ့တောင် အပင် မသိကြဘူးလားဟင်၊ သူသာ တို့ကိုရန်သူလို့မြင်ခဲ့ရင် တို့ရဲ့အဖွဲ့ဝင်တွေ

မားစာ ဖြစ်ကုန်လောက်ပြီ၊ အဲ တို့ကို ရန်သူလို မမြင်ခဲ့လို့ တစ်ယောက်မှ ဒဏ်ရာမရစေဘဲ ရှောင်ပေးသွားတာတော့ သိလိုက်ရဲ့လား"

ကြုံးစွန်ချီ၏ တည်ကြည်လေးနက်သော စကားသံအဆုံး၌ နှင်းဖြူတောင် သိုင်းဘုရင်က ဝင်ပြောလိုက်သည်။

"မိန်းကလေးချီပြောတာဟုတ်တယ်၊ ငါလို အဆင့်ရှိတဲ့ လူကတောင် သူ့ကိုမယှဉ်တာနိုင်ဘဲ ဒီအတိုင်းကြည့်နေ လိုက်ရတယ်၊ ဒီကောင်မဆိုးဘူး လူတော်ပဲ၊ ငါဝမ်းနည်း တာက သူ့ရဲ့မူလရုပ်လွှာကို မမြင်လိုက်ရတာဘဲ"

"ကိစ္စမရှိပါဘူးလေ၊ ဒီလူကို ကျွန်မတစ်ခါမြင်ဖူးခဲ့ရင် နောက်တစ်ခါသူ ဘယ်မှာပဲရှိနေပါစေ၊ ကျွန်မတစ်ချက်တည်း ကြည့်ရုံနဲ့ သိနိုင်ပါတယ်"

မန်ချင်ဖြူ အဖွဲ့သားများမှာ ကြုံးစွန်ချီ၏စကားကို နားစိုက် ထောင်နေကြသည်။

"ကဲ ရှင်တို့အားလုံးပြန်ကြတော့ ဒီကိစ္စကိုလဲ မမလျှကြူ နဲ့ ကျေးဝူတို့ကိုအသိပေးလိုက်ပါ၊ ရှောက်အင်းနဲ့ လေ့စုလျှ တို့ လွတ်မြောက်သွားပြီဆိုတာ ပြောပြပြီး သူတို့ကိုလဲဝက်ဝါ ကွက်ထဲက ပြန်လွှတ်ပေးလိုက်ပါ"

နှင်းဖြူတောင် သိုင်းဘုရင်ကြီးက ကြုံးစွန်ချီအား မေး လိုက်သည်။

"မိန်းကလေးချီ မင်းက တို့နဲ့ပြန်မလိုက်ဘူးလား"

"ကျွန်မမှာ ကိစ္စလေးရှိနေသေးတယ်၊ မောင်လေးယိက လဲ ဘဘတို့နဲ့တစ်ခါတည်းပြန်လိုက်သွား ကြွားလား"

ကြုံးစွန်ယိက အစ်မဖြစ်သူ ကြုံးစွန်ချီအား စိတ်မချနိုင် ဟန်နှင့် သူပါလိုက်ချင်ကြောင်းပြောရန် စကားစလိုက်သည်။

"မမချီ...."

ကြုံးစွန်ချီက ရယ်မောရင်း ကြုံးစွန်ယိအား နှစ်သိမ့်လိုက် လေသည်။

"လိမ္မာပါတယ်မောင်လေးရယ်၊ မမ အမြန်ဆုံးပြန်လာ ခဲ့မှာပါ၊ ကဲကဲ ဘဘတို့နဲ့ပြန်လိုက်သွားပါ"

ကြုံးစွန်ယိက....

"ကျွန်တော်က မမချီတစ်ယောက်တည်း စိတ်မချလို့ပါ"

ကြုံးစွန်ချီက မောင်ဖြစ်သူ ကြုံးစွန်ယိအားတစ်ချက်စိုက် ကြည့်လိုက်သည်။ ကြုံးစွန်ယိမှာ အစ်မဖြစ်သူ၏ အမိန့်ကို မလွန်ဆန်ဝံ့ပေ။ မျက်နှာလေးညိုးရော်သွားသော ကြုံးစွန် ယိအား ကြုံးစွန်ချီက စိတ်မချနိုင်သလို ထပ်မှာကြားပြန် လေသည်။

"မမရဲ့အမိန့်မရဘဲ မင်းတစ်ယောက်တည်း မြို့ထဲကိုမထွက် ရဘူး မောင်လေး၊ အကြောင်းကိစ္စရှိရင် မမချီက မောင်လေး ယိကို လာခေါ်မှာပါ"

ကြုံးစွန်ယိက အစ်မဖြစ်သူအား ခေါင်းညိတ်ပြရင်း ပြော လိုက်သည်။

"ဟုတ်ကဲ့ပါမမချို ကျွန်တော်တို့သွားတော့မယ်"

မန်ချင်ဖြိုအဖွဲ့သားများနှင့် ကြုံးစွန်ယိတို့ ပြန်ရန်ပြင်ဆင် လိုက်ကြသည်။

"ရှောက်ချင် နှင့်အဝတ်အစားတွေ မြန်မြန်လဲပြီး ငါနဲ့ လိုက်ခဲ့"

မန်ချင်ဖြိုအဖွဲ့သားများ မြန်လည်ထွက်ခွာသွားကြလေ၏။

ကြုံးစွန်ချီနှင့် ရှောက်ချင်တို့လည်း မန်းမဆောင်အတွင်း၊ ရှိမီးများကိုငြိမ်းသတ်ကာ အဆောက်အဦးအပြင်သို့ ထွက် ခွာသွားတော့၏။

Scanned with ACE Scanner

## အခန်း ( ၆ )

ယဲလိန်သည် စိတ်ရောလူပါပင်ပန်းနွမ်းနယ်နေ၍ အဝတ်အစားများပင် မလဲနိုင်တော့ပေ။ အမှတ်ရှစ်မင်းသားဂေဟာသို့ ရောက်သည်နှင့် အိပ်ရာပေါ်သို့ လှဲချအိပ်စက်လိုက်တော့လေသည်။

အိပ်စက်အနားယူခြင်းသည် ကုန်ဆုံးသွားသောခွန်အားကို ပြန်လည်ဖြည့်တင်းပေးရန် ဖြစ်၏။

ယဲလိန်မှာ တစ်ညလုံး တစ်ရေးမျှပင်မနိုးခဲ့ပေ။ နံနက်နေအတော်မြင့်မှပင် နိုးတော့သည်။

သို့သော် အိပ်ရာမှထသည်နှင့် ပျင်းရိမနေအားဘဲ မျက်နှာသစ် ကိုယ်လက် သန့်စင်ကာ အင်္ကျီ အဝတ်အစားများကို လဲလှယ်ဝတ်ဆင်လိုက်သည်။

ထိုစဉ် အခန်းအပြင်မှ ကျေးလွန်၏ခြေသံ ကြားရပြီး နောက် စကားသံကိုပါ ထုံးစံအတိုင်း ကြားရပြန်သည်။

"အောင်မယ်လေး ဆရာသမားရယ်၊ ကျွန်တော်ဖြင့် ဆရာ့ကို ရှာလိုက်ရတာ သေချင်စော် နံသွားတာပဲဗျာ၊ ဘာကိစ္စတွေများ အလုပ်ရှုပ်နေလဲ"

"ကျုပ်လဲ အလုပ်ရှုပ်နေလို့ပေါ့ဗျာ"

ကျေးလွန်က ယဲလိန်အား စဉ်းစဉ်းစားစားကြည့်ရင်း —

"ဘာကိစ္စများ ငါ့ဆရာက အလုပ်ရှုပ်နေရတာလဲ"

ယဲလိန်က စကားလမ်းကြောင်းပြောင်း၍ ပြန်မေးလိုက်လေသည်၊

"ဪ ဒါနဲ့ ကျွန်တော့်ကို အမှတ်ရှစ်မင်းသားက မေးသေးသလားဗျ"

ကျေးလွန်က ခေါင်းယမ်းပြပြီး....

"မမေးပါဘူး၊ ခုတလော ကျုပ်တို့မင်းသားလဲ နန်းတွင်းထဲမှာ အလုပ်များနေတယ်၊ ဒီကြားရက်မှာတော့ မိန်းကလေးချောင်တို့ ရောက်လာကြသေးတယ်ဆရာသမား"

"ယိရောင်တို့ညီအစ်မလား"

"ဟုတ်ပါတယ်"

"သူတို့က ဘာပြောသွားကြသေးလဲ"

"ကျွန်တော့်ကိုတော့ ဘာမှပြောမသွားဘူး၊ ဒါပေမယ့် သူတို့မျက်နှာကြည့်ရတာ မြဲသနာတော့ရှိပုံရတယ်"

"ဪ"

"ဒါနဲ့ ဆရာသမားကော ဘာတွေအလုပ်ရှုပ်နေတာလဲ"

"အောင်မယ်၊ ကျုပ်လဲ ထိပ်ဆုံးမင်းသားနှစ်ပါးကြားမှာ ချာများနေရတာပေါ့၊ ဒီကိစ္စတွေ ညကျမှပဲ ကျုပ်ရှင်းပြတော့မယ်၊ ခုတော့ အမှတ်လေးမင်းသားရှန်ကျင်ဆီ ကျုပ်သွားဦးမယ်"

ယဲလိန်၏စကားကြောင့် ကွေးလွန်သည် အလိုက်တသိ နေလိုက်သည်။

ယဲလိန်၏ ခြေဦးတည်ရာကား အမှတ်လေးမင်းသားရှန်ကျင်ဂေဟာဆီသို့ပင် ဖြစ်လေသည်။

ယဲလိန်ဦးစီးသော နယ်ခြံမန်ချူးမိစ္ဆာများကို တော်လှန်နေသည့် မျိုးချစ်တပ်ဖွဲ့က ရှန်ကျင်ဂေဟာအတွင်းသို့ဝင်ကာ မျိုးချစ်ပုဂ္ဂိုလ်များကို သက်စွန့်ကြိုးပမ်း၍ လာရောက်ကယ်တင်သွားခဲ့သည်။

နယ်ခြံမန်ချူးများကား မျိုးချစ်လူငယ်လူရွယ်များ၏ ပုန်ကန်ထကြွမှုကြောင့် ကျီးလန့်စာစားသကဲ့သို့ ကိုယ့်အရိပ်ကိုပင် ပြန်လည် ကြောက်နေရသည့် ဘဝမျိုး ဆိုက်ရောက်နေချေပြီ။

Scanned with ACE Scanner

နယ်ချဲ့များကား သူတို့၏နယ်ချဲ့ဝါဒကို လက်ကိုင်ထားကာ တိုင်းတစ်ပါးကို ကျွန်သပေါက်အဖြစ် အုပ်စိုးနိုင်ရန် အစဉ်အမြဲကြံစည်ကြိုးပမ်းနေကြသည်။

သို့သော် မည်သည့်နိုင်ငံမဆို မိမိတို့နိုင်ငံအား ထိပါးစော်ကားရန်စလာလျှင် ထိုနိုင်ငံတွင်းရှိ ကြီးငယ်မဟူ၊ ယောကျ်ားမိန်းမ မခွဲခြားဘဲ အမျိုးကိုထိလျှင်နာတတ်ကြသည့် မျိုးချစ်စိတ်ဓာတ်များကား နိုင်ငံအသီးသီး လူမျိုးအသီးသီးတို့တွင် ရှိတတ်ကြစမြဲပင် ဖြစ်သည်။

ယဲလိန်မှာ ကြီးမားလှသောတာဝန်ကြီးကို ထမ်းဆောင်ရင်း လူသူအင်အားစုဆောင်းကာ တိုက်ရင်းစည်းရုံး၊ စည်းရုံးရင်းတိုက်ဟူသည့်ဆောင်ပုဒ်ကို လက်ကိုင်ထားသူတစ်ယောက် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ မ,တစ်ထောင်သားများ ဖြစ်ကြသည့် ရဲမက်အများစုထဲတွင် ငါးခုံမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ဆိုသကဲ့သို့ တစ်ခါတစ်ရံ အသားထဲကနေလောက်ထွက်တတ်သည့် သစ္စာဖောက်မျိုး ပေါ်ပေါက်တတ်သည်။

ယဲလိန်မှာ တာဝန်နှင့်ပတ်သက်လာလျှင် ဆွေမျိုးသားချင်း အသိမိတ်ဆွေဆိုသည့် ပုဂ္ဂိုလ်စွဲမထားဘဲ တိကျပြတ်သားစွာ အရေးယူခဲ့သည်ချည်းပင်ဖြစ်သည်။

ထို့ကြောင့် ယဲလိန်ဦးစီးသည့် တော်လှန်ရေးမျိုးချစ်တပ်သားများ အားလုံးတို့သည် တစ်မိန့်တည်း၊ တစ်သွေးတည်း၊ တစ်သံတည်းဆိုသကဲ့သို့ ယဲလိန်၏ မှန်ကန်သော ဦးဆောင်လမ်းညွှန်မှုအောက်တွင် သေဝပ်ပိပြားစွာ လိုက်နာခဲ့ကြသည်။

ပြီးခဲ့သည့် တစ်ချိန်က မန်ချင်ဖြို မျိုးချစ်အဖွဲ့ တစ်ဖွဲ့ကို ဦးဆောင်ခဲ့သည့် အဖွဲ့ချုပ်အမျိုးသမီးမှာ ယဲလီန်အား အဘင် လွမ်းခဲ့ဖူးသည်။

ယဲလိန်က ခေါင်းဆောင်ခေါင်းရွက်ပီပီ မန်ချင်ဖြိုမျိုးချစ် အဖွဲ့၏အဖွဲ့ချုပ်အမျိုးသမီးကို နားလည်မှုရရှိလာစေရန် ဆွေး နွေးညှိနှိုင်းတိုင်ပင်ခဲ့သည်။

နောက်ဆုံး အဖွဲ့ချုပ်အမျိုးသမီးမှာ ယဲလိန်၏ မွန်မြတ် သန့်စင်သော စိတ်ဓာတ်၊ ခေါင်းဆောင်ကောင်း ပီသသော စိတ်ဓာတ်များကို သိရှိသွားကာ ယဲလိန်အပေါ် အမြိုးအတေ မထားတော့ပေ။

ယဲလိန်ကား ငယ်ရွယ်သူ ဖြစ်သည့်တိုင် အသိဉာဏ်ပညာ ဗဟုသုတနှင့် သိုင်းပညာများတွင် စွမ်းစွမ်းတမံ ထက်မြက် ခဲ့သည်။

ယဲလိန်က တိုက်ပွဲတွင်သော်လည်းကောင်း၊ စည်းရုံးရေး တွင်သော်လည်းကောင်း နှလုံးရည်နှင့်လက်ရုံးရည်ကို ယှဉ်တွဲ ကာ ထိုက်သည့်အားလျော်စွာ အသုံးပြုတတ်သည်။

ရှန်ကျင်ဂေဟာသည် ယခင်ကကဲ့သို့ တည်ငြိမ်အေးဆေး လှခြင်းမရှိဘဲ ထူးထူးခြားခြားကြီး လှုပ်ရှားနေ၏။

လူတိုင်းသည် ကျီးလန့်စာစားကဲ့သို့ ပြူးတူးပျာတာနိုင်လှ ပေသည်။

ဟိုသည်သွားလာလှုပ်ရှားနေကြသော အစောင့်များနှင့် ကြီးကြပ် ကွပ်ကဲသူများ၏ အသံစာစာများကို ယဲလိန် ကြားနေရသည်။

အတွင်းသိ အစင်းသိဖြစ်ခဲ့သော ယဲလိန်မှာ စိတ်ထဲမှ ရယ်ချင်ပက်ကျိ ဖြစ်၍နေလေသည်။

သူ၏လက်ချက်ကြောင့် နွားရိုင်းအုပ်ထဲ ကျားဝင်ဆွဲသည့်ပမာ လှုပ်လှုပ်ရွရွ ရှိနေဆဲပင်ဖြစ်၏။

အစောင့်တစ်ဦးကို ယဲလိန် မေးလိုက်သောအခါ နင့်ကျမ်းရောင် တစ်ယောက် ပန်းခြံထဲ၌ရှိနေကြောင်း ယဲလိန် သိလိုက်ရသည်။ ထို့ကြောင့် ပန်းခြံဘက်သို့ ထွက်လာခဲ့၏။

နင့်ကျမ်းရောင်၏ မျက်နှာမှာ ဒေါသကြောင့် ခက်ထန်နီရဲကာ ယမ်းပုံမီးကျ တားဆီး မရနိုင်ဟန်မျိုးကို ယဲလိန် တွေ့ရ၏။

ယင်းကဲ့သို့နင့်ကျမ်းရောင်ဖြစ်နေခြင်းကို ယဲလိန်က မသိဟန်မျိုးနှင့် မသိဟန်ဆောင်ကာ အနီးသို့ လျှောက်လှမ်းသွားသည်။

နင့်ကျမ်းရောင်က သူ၏ညာလက်ထဲမှ သံမဏိဆူးတပ် ကျာပွတ်ရှည်ကြီးကို လေထဲတွင် ဇဗိုးဗိုးဝေ့ယမ်းရင်း ရိုက်နှက်ရန် ရွယ်လိုက်သည်။

နင့်ကျမ်းရောင်၏ ရှေ့တွင်မူ မျက်နှာငယ်ကလေးများနှင့် ကြောက်ရွံ့စိုးရိမ်နေကြသည့် အစောင့်ဆယ်ဦးအား တန်းစီလျက်သား တွေ့မြင်လိုက်ရ၏။

ယဲလိန်က အလောတကြီး စိတ်ဝင်စားဟန်နှင့် လှမ်းမေးလိုက်၏။

"ဒေါသကြီးလှချည်လား ကိုကြီးနင့်ရ"

အစောင့်များအား ရိုက်နှက်ရန်ရွယ်ထားသော နှင့်ကျွမ်းရောင်၏ လက်မှာ ယဲလိန်၏အသံကြောင့် ရုတ်ခြည်း ရပ်တန့်သွားတော့သည်။

နှင့်ကျွမ်းရောင်က ယဲလိန်ကိုလှမ်းကြည့်ပြီး မရဲပြုံး ပြုံးပြလိုက်သည်။ တစ်ဖန် အစောင့်များဘက်သို့လှည့်ကာ မီးဝင်းဝင်း တောက်သော မျက်လုံးအစုံနှင့် ကြည့်ရင်း ကျားဟိန်းသလို အော်ငေါက်လိုက်သည်။

"မင်းတို့ တော်တော် အသုံးမကျတဲ့ ကောင်တွေ၊ ဝိနေ့ မင်းတို့ တော်တော် ကံကောင်းတယ် မှတ်ပါ၊ သွားကြစမ်း၊ မင်းတို့မျက်နှာကို ငါမကြည့်ချင်ဘူး၊ ငါ့ရှေ့ကထွက်သွားကြ"

အစောင့်များ နှင့် ပတ်သက်လျှင် နှင့်ကျွမ်းရောင်မှာ ကျေနပ်နိုင်ခြင်း မရှိသေးပေ။ တာဝန်ပေါ့လျော့၍ ယခုကဲ့သို့ ဖြစ်ရကြောင်း နှင့်ကျွမ်းရောင် ယုံကြည်နေမိသည်။

ပန်းခြံအတွင်း၌ နှင့်ကျွမ်းရောင်၏ ဒေါသကြောင့် အော်ငေါက် ကြိမ်းမောင်းသောအသံသာ ဟိန်းထွက်လာနေသည်။

ယဲလိန်သာ အချိန်မီ မရောက်လာခဲ့လျှင် အစောင့် ဆယ်ယောက်အဖွဲ့ အရိုက်အနှက်ခံရကာ ဆယ်ရက်ဝန် ထနိုင်ကြမည် မဟုတ်ပေ။

နှင့်ကျွမ်းရောင်က အော်ငေါက် မောင်းနှင် လွှတ်လိုက်သည်နှင့် အစောင့်တို့မှာ ဖနောင့်နှင့်တင်ပါး တထားတည်းကျကာ အလျင်အမြန် ပြေးလွှားထွက်ခွာသွားကြ၏။

နှင့်ကျမ်းရောင်သည် ထွက်သွားကြသော အခစောင့်များကို မကျေမချမ်းကြည့်ရင်း ယဲလိန်အား ပြောလိုက်သည်။

"ဒေါသထွက်တာလဲ မပြောနဲ့ညီလေးယဲ၊ ဒီကောင်တွေ တော်တော်ကိုညံ့တယ်၊ အမှန်က ထမင်းမကျွေးဘဲ ချုပ်ထားဖို့ကောင်းတယ်"

နှင့်ကျမ်းရောင်က သူ့လက်တွင်းမှ သံမဏိဆူးကျာပွတ်ကို လွှင့်ပစ်လိုက်သည်။

ယဲလိန်က နှင့်ကျမ်းရောင်၏ အပြုအမူကို ထူးဆန်းသလို ကြည့်ရင်း....

"သူတို့က ကိုကြီးနှင့်စိတ်ဆိုးအောင် ဘာတွေများလုပ်မိကြလို့လဲ"

နှင့်ကျမ်းရောင်က ယဲလိန့်လက်ကို ဆွဲကာ....

"ညီလေးယဲ အိမ်ထဲဝင်ကြမယ်။ မင်းနဲ့ငါ အေးအေးဆေးဆေး အရက်သောက်ရင်း စကားပြောကြတာပေါ့"

ယဲလိန်က ပတ်ဝန်းကျင်အား လှည့်ပတ်ကြည့်ရင်း အခြေအနေကို အကဲခတ်ကာ နှင့်ကျမ်းရောင်အား မေးလိုက်သည်။

"ဪ ကိုကြီးနှင့် ကိုယ်တော်ရှန်ကျင်ကို မတွေ့မိပါလား"

"ကိုယ်တော်ကြီး နန်းတွင်းသွားတယ်"

ယဲလိန်က အနည်းငယ်ထူးဆန်းနေသဖြင့် ပြန်မေးလိုက်၏။

"ဘာကိစ္စများရှိလို့လဲ၊ အရေးပေါ်အစည်းအဝေးလား"

နှင့်ကျမ်းရောင်က ယဲလိန်အား ဗလုံးဗထွေးနှင့် ပြန်ပြောလိုက်သည်။

Scanned with ACE Scanner

"ခါဘိုင်းလိုပဲပေါ့ကွာ"

ယဲလိုန်စိတ်ထဲမှ ကျိတ်ပြုံးလိုက်သည်။

"ကိုကြီးနင့် ဘာတွေဒေါကန်နေတာလဲဗျ၊ ဒီလို တစ်ခါမှ ကိုကြီးနင့် ဒေါသမဖြစ်ဖူးပါလား၊ ကျွန်တော်တောင် တော်တော်အံ့သြမိတယ်"

နင့်ကျမ်းရောင်က သက်ပြင်းကို မျှဉ်းမျှဉ်းချလိုက်ကာ....

"အင်း ဒီကိစ္စကို စဉ်းစားမိရင် ဗိုကောင်တွေကို ငါ အစိမ်းလိုက် ဝါးစားပစ်ချင်တယ်၊ စောစောက မင်းရောက်လာလို့ပေါ့ကွာ၊ နို့မဟုတ်ရင် ဗိုကောင်တွေရဲ့ကျောက အရေခွံကို ငါ ခွာပစ်တော့မလို့"

ယဲလိုန်က နင့်ကျမ်းရောင်၏စကားကို စိတ်ဝင်စားဟန်နှင့်စောင့်၍ နားထောင်လိုက်သည်။

"မနေ့ညတုန်းက ဘယ်ကကောင်မှန်း မသိပါဘူးကွာ၊ တို့ဂေဟာထဲကို ဝင်ပြီး သောင်းကျန်းသွားတယ်၊ အဲဒါ ဗိုကောင်တွေက ရန်သူရဲ့ အရိပ်ကလေးတောင် မမြင်မိဘူးတဲ့ကွာ၊ ကဲ အဲဒါ ငါက ဗိုကောင်တွေကို ဒေါသမဖြစ်ထိုက်ဘူးလား၊ မင်းပဲ စဉ်းစားကြည့်ပါဦး"

ယဲလိုန်က အံ့တသြဖြစ်ဟန်နှင့် ပါးစပ်အဟောင်းသားလုပ်ပြကာ ပြူးတူးပြူတဲပြန်မေးလိုက်၏။

"အို ဒီလူ ဘယ်လိုသတ္တိကောင်းနေပါလိမ့်ဗျာ၊ ဘယ်လိုလူလဲ"

နင့်ကျမ်းရောင်က မချင့်မရဲဖြစ်ကာ တောက်တစ်ချက်ခေါက်ရင်း....

"တောက် မသိ-ဒိုက်လို့ပေါ့ကွာ၊ သိများသိရင် အစိမ်းလိုက် တစ်စစီဆွဲဆုတ်ပစ်ချင်တယ်၊ ဒါပေမယ့် ဒီကောင်က အတော်လျှင်တယ်ကွ"

ယဲလိန်က မျက်လုံးအပြူးသားနှင့် ထပ်မေးသည်။

"ထိခိုက်မှုကော ရှိသေးသလား ကိုကြီးနင့်၊ ဒီကောင်က ဘာတွေများလုပ်သွားသေးလဲ၊ ကျွန်တော်ရှိတုန်းဖြစ်လိုက်ရင် ကြည့်ကောင်းမှာ ကိုကြီးနင့်ရာ"

"အေးကွာ ငါကလဲ ပေါ့ပါတယ်၊ ငါသတိလစ်တဲ့အချိန် ဝင်တာနဲ့တူတယ်၊ လူသုံးယောက်ကိုသတ်သွားတယ်"

နင့်ကျမ်းရောင်က အားကျမခံစိတ်နှင့် အလျှော့မပေးဘဲ ပြန်ပြောသည်။

သို့သော် သေဆုံးသူလူအရေအတွက်ကို လျှော့ပြောလိုက်လေသည်။

"ဩော် ကိုကြီးနင့်ရာ တစ်ခါတလေလဲ ဒီလိုပဲပေါ့၊ ရန်သူက လျင်မြန်ပါးနပ်လွန်းနေတော့လဲ အစောင့်တွေ မသိလိုက်တာနေမှာပေါ့၊ ခွင့်လွှတ်လိုက်ပါဗျာ"

"မင်းပြောတာလဲ ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီကောင်တွေ ဒီလိုပဲ တာဝန်ပေါ့နေရင် တို့ကိုယ်တော်ကြီး ရှန်ကျင်အတွက် အန္တရာယ်ရှိမလာနိုင်ဘူးလား၊ ဒီကောင်တွေ တာဝန်မကျေဘူး"

ယဲလိန်က တစ်စုံတစ်ရာ စဉ်းစားမိဟန်နှင့် အသံကိုနှိမ့်ချပြီး ပြောသည်။

Scanned with ACE Scanner

"ကိုကြီးနင့် ဒီကိစ္စဟာ သေ့ရိုးသားရိုး ဟုတ်နိုင်ပါ့မလား၊ ကျွန်တော်တို့ တော်တော်သတိထားပြီးလုပ်မှ ဖြစ်တော့မယ်၊ ဒီကိစ္စကို လျစ်လျူရှုလိုက်လို့ မဖြစ်ဘူး"

"အေး ဒါကြောင့် ငါလဲ စိုးရိမ်နေတာပေါ့ကွ"

ယဲလိနိ်က နင့်ကျမ်းရောင်အား မြှောက်ပင့်ပြောလိုက်ပြန်လေသည်။

"ကိုကြီးနင့်က အဆင့်မြင့်သိုင်းသမား တစ်ယောက်ပါ၊ သိုင်းသမားတစ်ယောက်ဟာ ပညာနုပြီး သတိလစ်တာနဲ့ သေလောက်တဲ့အထိ ခံရတတ်ကြတာ ကိုကြီးနင့်အသိပဲ မဟုတ်လား"

နင့်ကျမ်းရောင်က ယဲလိနိ်၏ပြောစကားကို နားစိုက်ထောင်လိုက်သည်။ ယဲလိနိ်က ဆက်လက်ပြောပြန်သည်။

"ဒီတော့ ကိုကြီးနင့်ကဖြစ်ပြီးသားကို ဒေါသဖြစ်နေမယ့်အစား ဂေဟာထဲမှာ အစောင့်အကြပ်တွေပိုချပြီး လုံခြုံရေးကို ဂရုစိုက်သင့်တယ်လို့ ကျွန်တော်ထင်တယ်၊ ဒါမှလဲ လက်တွေ့အကျိုးရှိနိုင်တာပေါ့ ကိုကြီးနင့်ရ"

"ညီလေးယဲ့ရဲ့စကားကို ငါလက်ခံပါတယ်၊ ဒါပေမယ့်..."

"ဘာ ဒါပေမယ့်လဲ ကိုကြီးနင့်ရ ရင်ထဲကဒေါသမီးကို မချုပ်တည်းနိုင်လို့ ဒီအစောင့်တွေကို ဆုံးမနေတာလား"

ယဲလိနိ်၏ ရွတ်နောက်နောက်စကားကြောင့် နင့်ကျမ်းရောင်က ရှက်ပြုံး ပြုံးလိုက်မိသည်။ နင့်ကျမ်းရောင်၏အပြုံးမှာ လူကြီးရှက်တော့ ရယ်ဆိုသကဲ့သို့ပင်တည်း။

ယဲလိနိ်က နင့်ကျမ်းရောင်ကို ဖြေသိမ့်စကားပြောသည်။

"ကဲပါကိုကြီးနင့်ရာ ဖြစ်ပြီးတဲ့ကိစ္စကို ဒေါသဖြစ်နေမယ့် အစား ပျော်ပျော်ရွှင်ရွှင် နေစမ်းပါ၊ သူ့အလှည့် ကိုယ့်အလှည့်ပေါ့၊ နိုင်တဲ့အခါလဲပျော်ပျော်၊ ရှုံးတဲ့အခါလဲပျော်ပျော်နေစမ်းပါ၊ ကိုကြီးနင့် ခုလုပ်နေပုံက တစ်ဖက်ရန်သူသိရင် ဝမ်းသာအောင်လို့လား ဟင်"

ယဲလိန်က ပြေရာပြေကြောင်း ပြောလိုက်သဖြင့် နင့်ကျမ်းရောင်၏ဒေါသများ အတော်အတန် ပြေပျောက်သွားရသည်။

"ဟာ ညီလေးယဲ မင်း တစ်ခါဖူးမှ တို့ဂေဟာကိုစောစောစီးစီး မလာပါလား၊ ဒီတနေ့ ထူးလှချည်လား"

"ထူးဆို ကိုကြီးနင့်ပေးလိုက်တဲ့တာဝန်ကို ပြန်အကြောင်းကြားဖို့ရောက်လာတာပါ"

နင့်ကျမ်းရောင် မျက်မှောင်ကြုတ်ပြီး....

"ဘာများလဲ ညီလေးယဲရ၊ ငါ့မှာလဲ တာဝန်တွေများတော့ ဦးနှောက်တောင် ခြောက်နေတယ်၊ ကဲ ပြောစမ်းပါဦး"

ယဲလိန်က နင့်ကျမ်းရောင်အား စေ့စေ့ကြည့်ကာ...

"အမှတ်တစ်ဆယ့်လေးမင်းသားရဲ့ ဖြေဆေးကိစ္စလေများ ကိုကြီးနင့်ကလဲ ဒီလောက်အရေးကြီးတာတောင် မေ့ပစ်ရသလား"

ယဲလိန်က နင့်ကျမ်းရောင်အား မသိမသာအပြစ်တင်ဟန်နှင့် ပြောသည်။

"ဩော် ဟုတ်သားပဲ၊ ငါမေ့နေလို့ပါကွာ၊ ဒီမဂ္ဂကာတစ်ခုလုံး ငါ့တာဝန်တွေချည်းပဲ မဟုတ်လား"

ယဲလိန်က ခေါင်းတစ်ချက်ညိတ်ပြပြီး—

"အဲဒီကိစ္စကို ကျွန်တော်စုံစမ်းလို့ ပြီးသွားပြီ"

ယဲလိန်၏ပြောစကားကြောင့် နင့်ကျွမ်းရောင်မှာ ကျေနပ်ဟန်နှင့်—

"ကဲ ပြောစမ်းပါဦး၊ ငါကြားချင်လှပြီ"

"ဒီလိုဗျာ ကျွန်တော်က ဆရာပေါက်ကိုသွားပြီး မေးလိုက်တော့...."

နင့်ကျွမ်းရောင်က သိလိုစိတ်နှင့် မြတ်မေးလိုက်၏။ သူ့အသံမှာ အနည်းငယ် တင်းမာနေဟန်ရှိ၏။

"မင်းကို သူက ဘာပြောလိုက်သလဲ"

"ကိစ္စဖြစ်ပြီးတဲ့ နောက်နေ့ သူ့ စားပွဲပေါ်မှာ စာတစ်စောင်နဲ့ ဆေးကိုတွေ့ရသတဲ့၊ အဲဒီစာထဲမှာ အမှတ်တစ်ဆယ့်လေးမင်းသားရဲ့ရောဂါကို ဒီဆေးဟာ ပျောက်ကင်းစေနိုင်တယ်လို့ ရေးထားတယ်တဲ့"

နင့်ကျွမ်းရောင်က ခေါင်းကိုခါယမ်းပြီး....

"ဒီဆရာပေါက်က မင်းကိုလိမ်တာဖြစ်မှာပါ၊ ဒီစကားကို ငါမယုံဘူး"

ယဲလိန်က....

"ကျွန်တော်ပြောမယ့်စကားကို ဆက်ပြီးနားထောင်ပါဦး၊ ကိုကြီးနင့်"

ယဲလိန်က သူပြောချင်သောစကားများကို ဆက်ပြောလိုက်လေ၏။

"အဲ ဆရာပေါက်က အဲဒီ ဆေးနဲ့စာကို တွေ့လဲတွေ့ရော သူဟာ ပထမတော့ လုံးဝ လက်မခံနိုင်ဘူးတဲ့၊ ယုံလဲ မယုံကြည်ဘူးဆိုပဲ၊ အဲဒီအချိန်မှာ သမားတော်တွေလဲ လက်မြှောက်ထားရပြီး မင်းသားလေးရဲ့ ရောဂါအခြေအနေကလဲ တော်တော် ဆိုးရွားလာသတဲ့၊ နောက်ဆုံး လက်လွှတ်ရတော့မယ် ဆဲဆဲမှာ ဆရာပေါက်က အထိန်းတော်ကြီးနဲ့ တိုင်ပင်ပြီး ဖြစ်ချင်ရာဖြစ် ဆိုပြီးတော့ အဲဒီဆေးကို တိုက်လိုက်တာပဲတဲ့၊ အဲဒါ အမှတ်တစ်ဆယ့်လေး မင်းသား ရောဂါလဲသက်သာသွားတာ ပဲတဲ့လေ"

နှင့်ကျွမ်းရောင်က ယဲလိန်အား စူးစမ်းဘလိုမျက်နှာထား နှင့် ကြည့်ရင်း ပြောလိုက်သည်။

"ငါကတော့ လုံးဝမယုံကြည်ဘူး ညီလေးယဲ"

"ကျွန်တော်လဲ အစကတော့ ကိုကြီးနှင့်လိုပဲ လုံးဝ မယုံကြည်ခဲ့ပါဘူး"

"ဟင် မင်းက ဘယ်လိုလုပ်ပြီး ယုံကြည်ရတာလဲ"

နှင့်ကျွမ်းရောင်နှင့် ယဲလိန်သည် အခန်းထဲသို့ လှမ်းဝင်ပြီး အရက်သောက်ရင်း စကား ဆက်ပြောကြပြန်သည်။

"ဒီ ရှန်ကျင်ဂေဟာထဲမှာ အထူး လျှို့ဝှက်တဲ့ သူလျှို မရှိဘူးလို့ ကိုကြီးနှင့် ယုံကြည်ထားသလားဟင်"

နှင့်ကျွမ်းရောင်ရင်ထဲ ထိတ်ခနဲဖြစ်သွားကာ ယဲလိန်အား တအံ့တသြ မေးမြန်းလိုက်သည်။

"ဟင် တို့ဂေဟာထဲမှာ သူလျှို ရှိနေတယ် ဟုတ်လား ညီလေးယဲ"

"ဖြော် ကိုကြီး၊ နင့်ရယ်၊ အမှတ်တစ်ဆယ့်လေး မင်းသား ဂေဟာထဲမှာသူလျှိုရှိနေသလို ဒီရှန်ကျင်ဂေဟာမှာရော သူလျှို မရှိနိုင်ဘူးလို့ ကိုကြီးနင့် အာမခံနိုင်သလား"

နင့်ကျမ်းရောင်က ယဲလိနိ၏မျက်လုံးအစုံကို စိုက်ကြည့်ရင်း ဆက်ခတ်ကာ အမြေရှာနေလိုက်သည်။

ယဲလိန်မှာ ကြို့တင် ပြင်ဆင်ထား၊ သည်က တစ်ကြောင်း၊ နင့်ကျမ်းရောင်အား ကြောက်ရွံ့ထိတ်လန့်သူ မဟုတ်သည်က တစ်ကြောင်းကြောင့် နင့်ကျမ်းရောင်၏ မျက်လုံး အစုံကိုပင် ပြန်၍ စိုက်ကြည့်နေလိုက်သည်။

"ကဲ ဘယ့်နှယ်လဲ၊ ကျွန်တော် ခုပြောတဲ့စကားကို ကိုကြီး နင့် လက်ခံသလား၊ ဒီကိစ္စမှာမသက်ာစရာကောင်းတာကတော့ ကိုကြီးနင့်လဲပါတယ်၊ ကျွန်တော်လဲ ဒီအတိုင်းပဲ၊ ဒီတော့ ဒီကိစ္စကို ဖော်ထုတ်ပစ်မှဖြစ်မယ်၊ တရားခံအစစ်အမှန်ကို မဖော် ထုတ်နိုင်သေးရင်တော့ "

ယဲလိန်က ဆက်မပြောဘဲ နင့်ကျမ်းရောင်၏ သဘောထားကို စောင့် နားထောင်လိုက်သည်။

နင့်ကျမ်းရောင်၏ မျက်လုံးအစုံက ဒေါသကြောင့် ပြူးပြဲ သော အရောင်များ တောက်ပလာနေသည်။ ..ါင်းမှ

"တော်စမ်း၊ ဒီစကားကို ငါလုံးဝလက်မခံနိုင်ဘူး၊ မင်း သူလျှိုတစ်ယောက် ဖြစ်နေမယ်ဆိုရင် ငါနဲ့ ရှန်ကျင်ကိုယ်ဘာ၀င် ဟာ ခေါင်းနဲ့ကိုယ် အိုးစားကွဲနေတာ ကြာပြီပေါ့"

ယဲလိန်၏စိတ်ထဲတွင် အတော် ကျေနပ်အားရ ဖြစ်သွားပေ တော့၏။ သို့သော် ယဲလိုန်က စိုးရိမ်စိတ်နှင့် ပြန်ပြောပြန်သည်။

Scanned with ACE Scanner

"ဒါကတော့ ကိုကြီးနှင့်က ကျွန်တော့်အပေါ် မြင်သာမျိုးပါ၊ ကျွန်တော်တို့ ကိုယ်တော် ရှန်ကျင်အကြောင်းကိုလဲ ကျွန်တော်အသိဆုံးပါ ကိုကြီးနှင့်ရဲ့"

ယဲလီနိဘ သူ့အပေါ် ရှန်ကျင်က သံသယ ဝင်လာနိုင်ကြောင်း နှင့်ကျွမ်းရောင်အား အရိပ်အမြွက် ပြောလိုက်ခြင်းဖြစ်ပေသည်။

"ဒီကိစ္စကို ငါစုံစမ်းမယ်၊ မင်းလဲ သိပ်ပြီး စိုးရိမ်မနေနဲ့၊ အရေးအကြောင်းရှိရင် မင်းကသာ ငါ့ကိုကူညီပါ"

"ရပါတယ်ကိုကြီးနှင့်ရဲ၊ကျွန်တော့်စကားမဆုံးသေးဘူး"

"အေး ပြောကွာ"

"အမှတ်တစ်ဆယ့်လေး မင်းသားရဲ့ လူယုံတော် တစ်ယောက်က မင်းသားကို လုပ်ကြံဖို့ ကြိုးစားသေးတယ်၊ အဲ့တရားခံဟာ ကျွန်တော်တို့ ရှန်ကျင်ကိုယ်တော်နဲ့ရော ပတ်သက်နေသလား၊ ဒီကောင့်ကို ခုဖမ်းမိသွားတယ်"

နှင့်ကျွမ်းရောင်၏နှာခေါင်းကိုယ်မှာ ယခုမှပင် ဟန်မဆောင်နိုင်လောက်အောင် လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး ယဲလီနိအားစရိုက်းရိမ်တကြီး ပြန်ပြောသည်။

"ဒီရှန်ဟာ အဲဒါမှဒုက္ခပဲ ညီလေးယဲရေ၊ အဲဒီ အဖမ်းခံထားရသူလို ကိုးကောင်က ဝမ်ပိုတန်ဆိုတဲ့လူပဲ ဖြစ်နိုင်တယ်"

နှင့်ကျွမ်း(ဖို့)ကျွမ်းရောင်မှာ မည်သို့ လုပ်ရမှန်းမသိဘဲ မျက်နှာပျက်အံ့တကြလေသည်။

"ကျွန်တော်တို့ကိုယ်တော်ကသူ့ကို စေခိုင်းထားလို့လား"

နင့်ကျွမ်းရောင်က ခေါင်းကို ဆတ်ခနဲခါပြီး ငြင်းလိုက်လေသည်။

"ဘယ်ကဟုတ်ရမှာလဲ၊ သူ့ဆန္ဒအရ လုပ်သွားတာပေါ့"

"အင်း ဒါဆို ဗိုလ်တောင်ဟာ ဆန္ဒစောတာပဲ ဖြစ်ရမယ်၊ ဖြစ်နိုင်တဲ့အကြောင်းကတော့ အမှတ် တစ်ဆယ့်လေးမင်းသားဟာ အဆိပ်ဆေးမသင့်ဘဲ အသက်ချမ်းသာ သွားတာကို မြင်လိုက်တော့ လုပ်ကြံတာဖြစ်နိုင်တယ် ကိုကြီးနင့်"

နင့်ကျွမ်းရောင်မှာ ဝမ်ပိုတန်အား ဒေါသ ဖြစ်နေမိလေသည်။

"တောက် ဗိုလ်ဇောင် သက်သက်မယ့် ငါ့ကို ဒုက္ခပေးသွားတယ်၊ သင်းကို သတ်ပစ်ဖို့ပဲ ကောင်းတယ်"

ယခုလိုက နင့်ကျွမ်းရောင် စိတ်လှုပ်ရှားနေသည်ကို ထပ်မံဆွပေးသလို ပြောလိုက်ပြန်သည်။

"ခုတော့ ဗိုလ်ကောင့်ကို အမှတ်တစ်ဆယ့်လေးမင်းသားအစ်ဆေးနေတယ်တဲ့၊ ကျွန်တော်တို့အနေနဲ့ ဗိုလ်ကောင့်ကိုဘယ်လိုရှင်းရမလဲ၊ အချိန်ရှိတုန်း ကြံကြရင်ကောင်းမယ်"

ယခုလိုက်၏စကားမှာ နင့်ကျွမ်းရောင်အား စေတနာနှင့် သတိပေးသလိုလိုဖြင့် ခြိမ်းခြောက်လိုက်ခြင်းဖြစ်၏။

နဝ်ကျွမ်းရောင်သည် စိတ်ပျက်လက်ပျက်နှင့် ခေါင်းမှဆံပင်များကို ကုတ်ဖွကာညည်းညူလိုက်၏။

"အဲဒါမှဒုက္ခပါပဲကွာ၊ ငါတော့ ဘာလုပ်ရမှန်းတောင် မသိတော့ပါဘူး"

နှင့်ကျွမ်းရှောင်၏မျက်နှာမှာ ရှုတ်ခြည်းပင် အိုစာသွားတော့၏။

နှင့်ကျွမ်းရှောင်နှင့် ရှန်ကျင်တို့၏အကြားမှာ အမှတ်တစ်ဆယ့်လေး မင်းသား၏ အပြစ်များကိုစုဆောင်းကာ ခန့်ရှီဘုရင်ကြီးအား ချောက်တွန်းပြောကြားရန် ကြံစည်ခဲ့ကြခြင်းဖြစ်၏။

ရှန်ကျင်က အမှတ်တစ်ဆယ့်လေးမင်းသား၏ မာန်စွယ်ကို ချိုးနှိမ်ချင်နေသည်။ ယခုတော့ ကိုယ့်ရှူးကိုယ်ပြန်ပတ်သည့်အလား အမှတ်တစ်ဆယ့်လေးမင်းသားက ကံအားလျော်စွာ အခွင့်သာသွားပြီ ဖြစ်ကြောင်း နှင့်ကျွမ်းရှောင်တွေးကာ မျောက်မီးခဲကိုင်မိသလို ဖြစ်နေမိသည်။

အမှတ်တစ်ဆယ့်လေး မင်းသား၏ မွန်ဂိုသိုင်းညီနောင်များအား ရှန်ကျင်မင်းသားကို လုပ်ကြံရန် ကြံစည်ကြောင်း ဝန်ခံစာများရေးစေကာ လက်မှတ်ထိုးခိုင်းလိုက်၏။

အမှတ်တစ်ဆယ့်လေး မင်းသားက မတရားသောနည်းများဖြင့် ရှန်ကျင်အားလုပ်ကြံကြောင်း မန်ချင် ခန့်ရှီဘုရင်ကြီးအား တိုင်ကြားရန် အစီအစဉ်မှာ ယခုတော့ ရေစုန်မျောပြီဖြစ်၍ နှင့်ကျွမ်းရှောင်မှာ သက်ပြင်းကိုအခါခါချရင်း ငူငူကြီးငိုင်နေတော့သည်။

ရှန်ကျင်က ယခုကဲ့သို့စီစဉ်တိုင်ကြားလျှင် အမှတ်တစ်ဆယ့်လေး မင်းသားကလည်း ရှန်ကျင်၏လုပ်ရပ်ကို ဝမ်ပိုတန်အား သက်သေထား၍ ခန့်ရှီးဘုရင်ကြီးကို တိုင်ကြားလာနိုင်မည် မဟုတ်ပါလား။

ယဲ့လိန်သည် နင့်ကျမ်းရောင်၏ မျက်နှာအားကြည့်ကာ သူ့စိတ်ထဲမှ ရယ်ချင်ပက်ကျိ ဖြစ်နေမိတော့၏။

ထိုအခိုက် နင့်ကျမ်းရောင်နှင့် ယဲ့လိန်တို့၏ အခန်းအပြင်ဘက်မှ ခြေသံများကြားလိုက်ရပြီး ရှန်ကျင်ကိုယ်တော်နှင့် တုန်ကိုးတုတို့ ဝင်လာကြသည်။

ယဲ့လိန်က ကပျာကယာမတ်တတ်ထ၍ လက်သီးနှစ်ဘက်ဆုပ်ကာ ဂါရဝပြုလိုက်၏။

"ကိုယ်တော်ကြီးနဲ့ ဦးရိုးတော်..."

ယဲ့လိန်အား မြင်လိုက်သည်နှင့် မင်းသားရှန်ကျင်မှာ အနည်းငယ် ရင်ခုန်သလိုဖြစ်သွားသော်လည်း ဟန်မပျက် ပြောလိုက်သည်။

"ဟာ ယဲ့လိန်ပါလား ထိုင်ကွာ ထိုင်"

နင့်ကျမ်းရောင်က—

"ကိုယ်တော်ကြီး ယဲ့လိန်က စကား လာပြန်တာပါ၊ ပြီးတော့ အင်မတန်အရေးကြီးတဲ့ သတင်းလဲလာပေးတယ်"

ရှန်ကျင်က ယဲ့လိန်အား အကဲခတ်ရင်း....

"တာကိစ္စများလဲကွ၊ ငါ ရင်ထိတ်လိုက်တာ"

တုန်ကိုးတုက သတိရဟန်နှင့် ယဲ့လိန်အားလှမ်းမေးလိုက်လေသည်။

"ခြေဒ် ဖြေဆေးကိစ္စနဲ့တူတယ် ဟုတ်လားယဲ့လိန်"

နင့်ကျမ်းရောင်က ကြားဖြတ်ပြောသည်။

"ဟုတ်ပါတယ် ဦးရိုးတော်"

ရှန်ကျင်က ယဲ့လိန်အား မေးမြန်းလိုက်သည်။

Scanned with ACE Scanner

"ဒါဆိုလဲ ပြောပြစမ်းပါဦးကွာ"

နင့်ကျမ်းရောင်က ယဲလိန်အား လှမ်းပြောသည်။

"ညီလေးယဲ မင်းပဲပြန်ပြောပြပါဦး"

ယဲလိန်သည် နင့်ကျမ်းရောင်အား ပြောပြသကဲ့သို့ အပို အလိုမရှိစေဘဲ ရှန်ကျင်ကိုယ်တော်အား ပြန်ပြောလိုက်၏။

ရှန်ကျင်ကိုယ်တော်မှာ ယဲလိန်၏စကားများကို နားထောင် နေရင်း မျက်နှာအမူအရာအမျိုးမျိုးပြောင်းလဲ၍ စိတ်လှုပ် ရှားသွားမိသည်။

တုန်ကိုးတုကမူ ယဲလိန်ပြောသမျှနားထောင်ရင်း မျက် မှောင်ကြီးကြုတ်၍ စဉ်းစားဝေဖန်နေလိုက်သည်။

ရှန်ကျင်က သူ၏ဦးရီးတော်တုန်ကိုးတုအား စိုးရိမ်သော မျက်နှာနှင့် လှမ်းပြောလိုက်၏။

"ဗိုက်စွကို ဘယ်လိုလုပ်ကြရင် ကောင်းမလဲ ဦးရီး တော်"

တုန်ကိုးတုက ယဲလိန်အားစိုက်ကြည့်ရင်း....

"ငါ့ဆန္ဒကတော့ ယဲလိန်ရဲ့ ခံယူချက်ထင်မြင်ချက်ကို အလျင်ဆုံး သိချင်နေသေးတယ်"

ယဲလိန်က မင်းသားရှန်ကျင်၊ တုန်ကိုးတုနှင့် နင့်ကျမ်း ရောင်တို့ကို ဝေ့ကြည့်ရင်းပြောလိုက်ပြန်သည်။

"ကျွန်တော့် သဘောထားပြောရရင် ဆရာပေါက်ရဲ့ စကားကို လုံးဝမယုံကြည်ဘူး၊ ကျွန်တော်တို့ဘက်က ချွတ် ချော် မှားယွင်းတာကတော့ စမ်းပိုတာန်ပါပဲ"

ယဲလိန်က လိုရင်းတိုရှင်း ပြောလိုက်သည်။

ဝမ်ပိုတာန်နှင့် ပတ်သက်သော စကားကြောင့် ရှန်ကျင်တို့ သုံးယောက်စလုံး မျက်နှာပျက်ကာ တုန်လှုပ်ကုန်ကြတော့၏။

တုန်ကိုးတုစာသာ ယဲလိန်အား ပြန်မပျက်ပြန်မေးသည်။

"ဆရာပေါက်ရဲ့စကားကို ဘာဖြစ်လို့ မင်းက မယုံကြည်ရတာလဲ၊ လက်မခံနိုင်တာလဲ၊ ပြောပြစမ်းပါဦး"

"ပထမတုန်းကတော့ ဒီရှန်ကျင်ဂေဟာမှာ သူလျှိုရှိနေတယ်လို့ ကျွန်တော်ထင်မိသေးတယ်၊ ဒါပေမယ့် အသေးစိတ် ပြန်တွေးကြည့်တော့ ဒီမသင်္ကာမှုလေးတွေ ပျောက်သွားပြန်တယ်"

နင့်ကျုမ်းရောင်က....

"ဘာဖြစ်လို့လဲ ညီလေးယဲ"

"ဪ တခြားဘာမှမဟုတ်ပါဘူး၊ ကိုကြီးနင့်ရဲ့မျက်လုံးအောက်မှာ ဒီသူလျှို လှုပ်ရှားဖို့ဆိုတာ လွယ်တဲ့ကိစ္စတော့ မဟုတ်ဘူး"

"မင်းက ငါ့ကို 'သက်သက်မြှောက်ပင့်ပြောမနေစမ်းပါနဲ့ ညီလေးယဲရာ ဒီမှာစိတ်ညစ်နေရတဲ့အထဲ"

"ကိုကြီးနင့်အစွမ်းကို ကျွန်တော်အသိဆုံးပါဗျာ၊ မြှောက်ပြောနေတာ မဟုတ်ပါဘူး"

"အေး အဲဒါတော့ ငါလက်ခံတယ်"

တုန်ကိုးတုက ဝင်ပြောသည်။

"ဒီတော့ တစ်ခုပဲရှိတယ်"

နင့်ကျုမ်းရောင်က စိတ်အားထက်သန်စွာမေးသည်။

"ဘယ်လိုလဲ ညီလေးယဲ"

"ရှန်ကျင်ဂေဟာကိုပြောင်ပြောင်တင်းတင်းဝင်ပြီး ပြောင်ပြောင်တင်းတင်း ထွက်နိုင်တဲ့လူပဲပေါ့"

ယဲလိန်က မျက်နှာထားတည်တည်နှင့် ပြောသည်။

"ဒီလူက ဘယ်သူများလဲ"

နင့်ကျမ်းရောင်နှင့် တုန်ကိုးတုတို့က သိချင်စိတ်ပြင်းပြစွာ သံပြိုင်မေးလိုက်သည်။

"ယဲလိန်လို့ခေါ်တဲ့လူပဲ"

"ဟား ဟား ဟား"

နင့်ကျမ်းရောင်က ယဲလိန်၏အတည်ပေါက်ပြောစကားကို ရယ်ပွဲတွေသည့်အလား အူလှိုက်သည်းလှိုက် ရယ်မောပြောကြားလိုက်သည်။

ရှန်ကျင်က ပြုံးစစမျက်နှာနှင့် ပြောသည်။

"မင်းအတော်နောက်တဲ့ အကောင်ပဲယဲလိန်"

ရှန်ကျင်၏ဦးရီးတော် တုန်ကိုးတုကမူ ယဲလိန်၏စကားကို အလေးအနက်ထား၍ စဉ်းစားရင်းပြောသည်။

"ယဲလိန် မင်းရဲ့စကားမှာ တစ်ခုလိုနေသေးတယ်"

"ဘာများလဲ ဦးရီးတော်"

"ခြောက် တခြား မဟုတ်ပါဘူး၊ မင်းအနေနဲ့ ရှန်ကျင်ဂေဟာကို ပြောင်ပြောင်တင်းတင်းဝင်နိုင်သလို အမှတ် တစ်ဆယ့်လေးမင်းသားရဲ့ ဂေဟာကိုလဲ ဒီလိုပဲ ဝင်ထွက်နိုင်တယ် မဟုတ်လား"

ယဲလိန်က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်ခင်ဗျာ"

"ဘာပဲဖြစ်ဖြစ် ရွှန်ကျင်ဂေဟာ ရဲ့သစ္စာကို တကယ်တမ်း ခံတယ်ဆိုတာ ငါတို့သိတယ်"

ယဲလိန်က ဝမ်းသာအားရဟန်အသံနှင့် ပြောသည်။

"ဩော် ကျွန်တော့် အပေါ်မှာ ဒီအထိပဲ ယုံကြည်ကြ သလားဗျ"

"အင်း ဒီကိစ္စကို ငါတစ်ခုတော့ တွေးမိတယ်"

နင့်ကျွမ်းရောင်က ယဲလိန်ကိုစေ့စေ့ကြည့်ကာ ပြောလိုက် သည်။

"ဘာတွေ တွေးမိနေတာလဲ ကိုကြီးနင့်"

"နေလကိုယ်တော် အကြောင်းလေ"

"ဘယ်လိုလဲ တရားခံက နေလကိုယ်တော် ဟုတ်လား"

နင့်ကျွမ်းရောင်က....

"ညီလေးယဲ့ရဲ့လေသံကို ကြည့်ရတာ ဒီနေလကိုယ်တော်ရဲ့ အကြောင်းကို အတော်သိထားပုံရတယ်"

ယဲလိန်ရင်ထဲ လှုပ်ရှားသွားသော်လည်း မယုတ်မလွန် အဖြေပေးလိုက်သည်။

"ကြားဖူးထာပါ ကိုကြီးနင့်"

"ဒါဖြင့်လဲ မင်းသိသလောက် နေလကိုယ်တော်ရဲ့ အကြောင်းကို ပြောပြပါလား"

ယဲလိန်က မျက်နှာကို တည်ငြိမ်လေးနက်သော အသွင် ဆောင်၍ ပြောကြားလိုက်သည်။

Scanned with ACE Scanner

"ဒီလူ့ရဲ့အကြောင်းကိုပြောရရင် ရာဇဝင်နဲ့ခင်ဗျ၊ လိုရင်းကိုပဲ ပြောရမယ်ဆိုရင် အလျင်နန်းကျဘုရင် မင်မင်းဆက်ရဲ့ ထီးညွှန့်နန်းလျာတွေဖြစ်ကြတဲ့ မင်းသားတွေက နေလအဖွဲ့အစည်းကို တည်ထောင်လိုက်ကြတာပဲ၊ အဓိကလုပ်ရပ်ကတော့ မန်ချင်ကို အံတုဖက်ပြိုင်တဲ့အဖွဲ့ပါ၊ အဲဒီနန်းကျနေတဲ့ နေလကိုယ်တော် မင်းသားက ဦးဆောင်ပြီး တစ်နိုင်ငံလုံးမှာရှိတဲ့ သိုင်းသမားတွေကို စည်းရုံးသိမ်းသွင်းတယ်၊ သူ့ရဲ့ဘုန်းတန်ခိုးကလဲ ကြီးမားတယ်၊ လျှို့ဝှက် မျိုးချစ်တွေ အားလုံးကိုပဲ နေလအမိန့်ပေးအလံပြပြီး စေခိုင်းနိုင်စွမ်းရှိတယ်၊ သူ့ဇင်အားဟာ ဘော်တော် ကြီးမားနေတာ ကျွန်တော်သိရပါတယ်"

မင်းသားရှန်ကျင်က စိတ်လှုပ်ရှားဟန်နှင့်ပြောသည်။

"ဟာ ဒီလူတယ်ဟုတ်ပါလား"

နင့်ကျွမ်းရှောင်ကလည်း ဝင်ပြောသည်။

"ဩော်ညီလေးယဲ မင်းအစား ငါစိတ်မကောင်းပါဘူး"

ယဲလိန်မှာ ရုတ်တရက်ပြောလိုက်သော နင့်ကျမ်းရှောင်၏ စကားကြောင့် ထိတ်လန့်တကြားဖြစ်ဟန်နှင့် ပြန်မေးလိုက်လေသည်။

"ဘာဖြစ်လို့လဲ ကိုကြီးနင့်"

"ဩော် တခြားတော့မဟုတ်ပါဘူး၊ ဒီနေလကိုယ်တော်ရဲ့နေရာမှာ ညီလေးယဲရှိနေရင် ဘယ်လောက်များ ကောင်းမလဲလို့ပါကွာ"

"အို ကိုကြီးနင့်ကလဲ နောက်တတ်သားပဲ၊ ဒီနေလ ကိုယ်တော်က ကျွန်တော့်လိုလူတန်းစားကို အမုန်းဆုံးပဲခင်ဗျ"

နင့်ကျှမ်းရောင်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"ဘာဖြစ်လို့လဲ"

"မန်ချင်ဆိမှာ သစ္စာခံနေတဲ့ ကျွန်တော့်လိုလူတစ်ယောက်ဟာ သူ့အမြင်မှာ သစ္စာဖောက်တစ်ယောက်ပါ၊ သူတို့အနေနဲ့ ကျွန်တော့်ကိုတွေ့ရင် အလျှင်ဆုံး သတ်ပစ်မှာပါဗျာ၊ ကျွန်တော်နဲ့နေလကိုယ်တော်ဟာ ရေနဲ့မီးလို ပြဒါးတစ်လမ်း သံတစ်လမ်းပါပဲခင်ဗျာ"

ယဲလိန်၏ စကားကြောင့် နင့်ကျှမ်းရောင်တို့ လူစုမှာ တဟားဟားနှင့် အော်ဟစ်ရယ်မောနေကြတော့၏။

နင့်ကျှမ်းရောင်က စပ်ဖြီးဖြီးအမူအရာနှင့်....

"ဒီလိုတော့လဲ ညီလေးယဲက သိသားပဲကိုး"

ယဲလိန်က မချိပြုံးပြုံးပြကာ သူ့မျက်နှာကို ရှုတ်တရက် တည်ပစ်လိုက်ပြီး အလေးအနက်ထားပြောသည်။

"ကျွန်တော်လဲ ခုမှပဲတွေးမိတယ်၊ ကိုကြီးနင့်တို့စွပ်စွဲနေတဲ့နေလကိုယ်တော်ဟာ တရားခံမဖြစ်နိုင်ဘူး"

မင်းသားရှန်ကျင်က....

"ဘာဖြစ်လို့လဲ"

"ဒီလိုပါကိုယ်တော်၊ သူတို့ရဲ့ဦးတည်ချက်က မန်ချင်ကို မုန်းတီးတယ် မဟုတ်လား၊ ဒီတော့ နေလကိုယ်တော်ဟာ မန်ချင်ရဲ့သားတော်ကို ဘာဆိုင်လို့ ဖြေဆေးခိုးပြီးပေးရမှာလဲ၊ သူ့အနေနဲ့ မန်ချင်ခန့်ရှိဘုရင်ကြီးရဲ့ သားတော်တွေ များ

များသောကုန်ရင် သူတို့အတွက် ဝမ်းသာစရာသတင်းပဲမဟုတ်လား၊ ဒီတော့ ငါပြောဆေးပျောက်တဲ့ကိစ္စဟာ နေလကိုယ်တော်ရှဲလက်ချက် မဖြစ်နိုင်ဘူး"

"ဟုတ်သားပဲ နင့်ကျမ်းရောင်"

ရှုန်ကျင်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း ယဲလိန်၏စကားကို ထောက်ခံပြောကြားလိုက်သည်။

နင့်ကျမ်းရောင်က မျက်မှောင်ကြီးကြုတ်ကာ–

"ဒါဆို ဘယ်သူဖြစ်နိုင်မလဲ"

"ကျွန်တော်လဲ စဉ်းစားနေတာပါပဲ"

ယဲလိန်၏ ပြောကြားချက်ကို နင့်ကျမ်းရောင်က ထပ်မံပြောလိုက်သည်။

"ကဲပါကွာ၊ ခေါင်းရှုပ်ခံပြီး တွေးမနေပါနဲ့ဦး၊ ဒီကိစ္စကို ညီလေးယဲကပဲ ဆက်ပြီးတာဝန်ယူလိုက်၊ ဘယ်လိုလဲ ညီလေးယဲ ကူညီနိုင်မယ်မဟုတ်လား"

ယဲလိန်က အလေးအနက်ထား၍ပြောဟန်နှင့် ပြန်ပြောလေသည်။

"ကိုကြီးနင့်ခိုင်းတဲ့ကိစ္စကို ဘယ်တုန်းကများ ကျွန်တော်ငြင်းဖူးသေးသလဲဗျာ"

"ဒါဆို မင်းဆက်လုပ်ပေတော့"

တုန်ကိုးတုက မျက်မှောင်ကုပ်ကာ တွေးတောစဉ်းစားပြီးပြောသည်။

"ယဲလိန်ကို ပြောစရာရှိသေးတယ်"

ယဲလိန်က တုန်ကိုးတုအား တလေးတစားပြောသည်။

''အမိန့်ရှိပါ ဦးရိုးတော်''

ရှန်ကျင်က စိတ်ဝင်စားဟန်နှင့် ကြား၊ဖြတ်မေးလိုက်သည်။

''ဘာကိစ္စမျိုးလဲ ဦးရိုးတော်ရဲ့''

တုန်ကိုးတုက ချောင်းတစ်ချက်ဟန့်ရင်း....

''ဒီလိုပါကွာ၊ နေလကိုယ်တော်က နေပြည်တော်ကို ရောက်နေပြီဆိုတော့ တို့ကို အန္တရာယ်ပေးလာနိုင်တယ်မဟုတ်လား၊ အို အနည်း၊ဆုံးတော့ တို့ကို စိတ်ခတ်ကျအောင် ခြိမ်းခြောက်နိုင်တယ် မဟုတ်လား''

ယဲလိန်က စဉ်းစားတွေးတောပြီး ပြန်ပြောသည်။

''ဦးရိုးတော်က ဒီနေလကိုယ်တော်ဟာ ဘယ်လိုကြောင့် နေပြည်တော်ကို ရောက်နေတယ်လို့ ပြောနိုင်ရတာလဲ''

တုန်ကိုးတုက ဖုံးဖုံးဖိဖိပြန်ပြောသည်။

''တို့လူထဲက မြင်ခဲ့တဲ့လူက ပြန်ပြောပြတာပါ''

ယဲလိန်၏စိတ်ထဲ၌ ပိုင်ထိုက်ကွန်အား မြင်ယောင်လာမိလေသည်။

''အင်း ပိုင်ထိုက်ကွန် ပေါ်ကောင်လုပ်ပြီနေ့တုန်းက ပါပေမယ့် ပိုင်ထိုက်ကွန်ရဲ့ရန်က အေးသွားပြီဆိုတော့ စိုးရိမ်စရာမလိုတော့ပါဘူး''

ယဲလိန်သည် ရင်းကဲ့သို့တွေးတောပြီး ပြန်လည်ငြင်းလိုက်လေသည်။

''ဒီကိစ္စက လုံးဝမဖြစ်နိုင်ပါဘူး၊ ဒီလူသာ နေပြည်တော်ကို ရောက်ရှိးမှန်ရင် သူ့ရဲ့ပစ်မှတ်က မွန်ဂိုသိုင်းညီနောင်

ရှစ်ဖော်နဲ့ ကျွန်တော်ပဲလေ၊ ဒါတွေဟာ သူ့ရဲ့ပစ်မှတ်ဖြစ်လာနိုင်ပါတယ်''

တုန်ကိုးတုက နားမရှင်းဟန်ဖြင့်....

''ဘာဖြစ်လို့လဲ''

ယဲလီနိ်ုက လေသံအေးအေးနှင့် ပြန်လည်ရှင်းပြလိုက်၏။

''ကျွန်တော် ခုနကပြောခဲ့တဲ့စကားထဲမှာ ပါသွားပါပြီ ဦးရိုးတော်၊ သူတို့ရဲ့ဦးတည်ချက်က အမျိုးသားသစ္စာဖောက်တွေကို သုတ်သင်ဖို့နဲ့ မန်ချင်တွေကို အားမပေးတဲ့လူတွေပဲဆိုတော့ နေလကိုယ်တော်သာ ဒီနေပြည်တော်မှာရှိခဲ့ရင် ကျွန်တော်လိုကောင်မျိုးကို အလျင်ရှင်းမှာပေါ့၊ ကျွန်တော်လဲ ခုလို ဘယ်အေးအေးဆေးဆေးနေနိုင်ပါ့မလဲ ဦးရိုးတော်ရယ်''

ယဲလိုနိ်၏ ဆီလျော်သောဆင်ခြေကြောင့် တုန်ကိုးတု စိတ်ထဲ၌ ဘဝင်ကျသွားဟန်တူ၏။

တုန်ကိုးတုက ယဲ့လိုနိ်အားစိုက်ကြည့်ကာ....

''မင်းအနေနဲ့ ဒီနေလကိုယ်တော်ကို မယုံနိုင်ဘူးလား''

''တစ်ယောက်ချင်းဆိုရင်တော့ ကျွန်တော် သူ့ကိုယုံခံပါတယ်၊ ခက်တာက သူတို့မှာ သိုင်းသမားလူတော်တွေပါတဲ့ အဖွဲ့အစည်းနဲ့ဆိုတော့ ကျွန်တော်ခံရမှာပေါ့''

တုန်ကိုးတုက သက်ပြင်းမောကိုကျိတ်ချရင်း....

''အင်းလေ ဒီနေလကိုယ်တော်ဟာ နေပြည်တော်မှာရှိတယ်ပဲဖြစ်ဖြစ်၊မရှိဘူးဘဲဖြစ်ဖြစ် မင်းအနေနဲ့စုံစမ်းလိုက်ပါဦး''

"ဖြစ်နိုင်ရင်တော့ ဒီကိစ္စကို ရှောင်ရှားထားရင်ကောင်းမယ်လို့ ကျွန်တော်ဆင်ပါတယ် ဦးရီးတော်"

ယဲလိန်ထံမှ မမျှော်လင့်သောစကားကြောင့် ရှန်ကျင်ကိုယ်တော်၊ နင့်ကျမ်းရောင်နှင့် တုန်ကိုးတုတို့ အံ့အားသင့်ကုန်ကြ၏။

နင့်ကျမ်းရောင်က မေးသည်။

"ဘာဖြစ်လို့လဲ ညီလေးယဲ"

"ဩော် ဒီကိစ္စက နန်းတွင်းအစောင့်သိုင်းသမားတွေနဲ့ ထီးနန်းကာကွယ်ရေးတပ်ဖွဲ့ရဲ့ တာဝန်မို့ပါခင်ဗျာ"

"အင်း ဟုတ်ပေသားပဲ"

တုန်ကိုးတုက ခေါင်းတညိတ်ညိတ်နှင့် ယဲလိန်၏စကားကို ထောက်ခံပြောဆိုလိုက်သည်။ စကားဝိုင်းမှာ အတန်ကြာလာပြီဖြစ်၍ ရှန်ကျင်က ခါးဆန့်ရင်း နင့်ကျမ်းရောင်ကိုပြောလိုက်သည်။

"ကဲ စကားပြောချင် ပြောနေကြဦး၊ ငါတော့ ခဏအနားယူလိုက်ဦးမယ်၊ သိပ်ပင်ပန်းနေပြီ"

ယဲလိန်က အလိုက်တသိနှင့် ရှန်ကျင်အား ဂါရဝပြုကာ နှုတ်ဆက်လိုက်သည်။

"ကျွန်တော့်ကိုလဲ ခွင့်ပြုပါဦးကိုယ်တော်၊ ကျွန်တော် ပြန်လိုက်ပါဦးမယ်"

"ကဲ ကျမ်းရောင်က ယဲလိန်ကို လိုက်ပို့လိုက်ပါဦး"

ယဲလိန်က ပြုံးရယ်ရင်း ပြောသည်။

''ကိစ္စမရှိပါဘူး ကိုယ်တော်၊ ကျွန်တော်က ညွှန်သည့်မဟုတ်ဘဲ၊ ကျွန်တော့်ဘာသာ ပြန်ပါမယ်''

ယဲလိန်က အားလုံးကို နှုတ်ဆက်ကာ ဝါစ်ယောက်တည်း ပြန်သွားသည်။

ယဲလိန် မရှိတော့သဖြင့် ရှန်ကျင်ကိုယ်တော်မှာ အနားမယူနိုင်သေးပေ။ နင့်ကျမ်းရောင်နှင့် ဦးရိုးတော် တုန်ကိုးတုတို့နှင့်အတူ ယဲလိန်နှင့်ပတ်သက်၍ အတန်ကြာ တိုင်ပင် ပြောကြားပြီးမှ အနားယူခန်းထဲသို့ ဝင်သွားသည်။

ညွှန်ခန်းထဲ၌ ကျန်ရစ်ခဲ့ကြသော နင့်ကျမ်းရောင်နှင့် တုန်ကိုးတုတို့မှာ ယဲလိန်နှင့်ပတ်သက်၍ တိုင်ပင်ပြောကြားနေကြသည်။

''ငါတော့ ဦးနှောက်တောင်ခြောက်သွားတယ်၊ ယဲလိန်ကို ငါ့အနေနဲ့ အဝခဲ့မရအောင် ဖြစ်နေရပြီ''

တုန်ကိုးတု၏ ညည်းညူစကားကြောင့် နင့်ကျမ်းရောင်က စဉ်းစား တွေးတော ကြည့်လိုက်သည်။

တုန်ကိုးတုက နင့်ကျမ်းရောင်အား မေးသည်။

''ကျမ်းရောင် မင်းကရော ယဲလိန်အပေါ်မှာ ဘယ်လို မြင်မိသလဲ''

''လက်ရှိအနေအထားအရတော့ ယဲလိန်အပေါ်မှာ ဘာမှ သံသယဖြစ်စရာ မရှိသေးပါဘူး ဦးရိုးတော်''

တုန်ကိုးတုက မျက်မှောင်ကုတ်၍ တွေးတောပြီး....

''ဒါဖြင့် ယဲလိန်ပြောသွားတဲ့ စကားတွေဟာ ယုံနိုင်စရာချည်းပဲပေါ့ ဟုတ်လား''

နင့်ကျွမ်းရောင်က ခေါင်းညိတ်ပြသည်။ တုန်ကိုးတုက ဆက်ပြောသည်။

"ဘာဖြစ်ဖြစ်လေ၊ ယဲလိန်ကို တို့ကစောင့်ကြည့်တာတော့ မမှားပါဘူး"

နင့်ကျွမ်းရောင်က တုန်ကိုးတုအား မေးမြန်းလိုက်သည်။

"ယဲလိန်ဟာ နေလကိုယ်တော် ကာဖြစ်နိုင်သလား"

တုန်ကိုးတုက ယဲလိန်၏ စကားများကို ပြန်ပြောင်းစဉ်းစားပြီး ဦးခေါင်းကို ခါယမ်းလိုက်သည်။

"ဒါတော့ မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့လဲ ဦးရီးတော်"

"တကယ်လို့ သူသာ နေလကိုယ်တော်ဖြစ်ခဲ့ရင် တို့တစ်တွေနဲ့ အမှတ်တစ်ဆယ့်လေးမင်းသားကို သူက ဒီအတိုင်းပဲ လက်ပိုက် ကြည့်နေပါ့မလားကွ၊ မင်းပဲ စဉ်းစားကြည့်စမ်းပါဦး၊ ခုတော့ သူက တို့အပေါ်မှာ ကာကွယ်ပေးနေတယ်၊ လက်ရှိအခြေအနေအရ သူလုပ်ကြံရင် အလွယ်ကလေးပဲ မဟုတ်လား၊ ပြီးတော့ ပိုင်ထိုက်ကွန်ဆီကလဲ လူမိုက်လုပ်ပြီး ဖြေဆေးကို ယူပေးမှာ မဟုတ်ဘူး၊ အဲဒီလို လုပ်ပေးတာဟာ သူ့အတွက် အကျိုးရှိမယ့်ကိစ္စပဲပေါ့၊ ခုတော့ သူဟာတို့မန်ချင်ဝေ့ ရဲ့အကျိုးကို ဆောင်နေတယ်၊ အဲဒါဟာ ယဲလိန်ကို နေလကိုယ်တော် မဖြစ်နိုင်ကြောင်း အခိုင်အမာဆုံး အထောက်အထားပဲ"

နင့်ကျွမ်းရောင် နှုတ်ဆိတ်သွားသည်။ သူကိုယ်တိုင်ကလည်း ယဲလိန်အပေါ် ယုံကြည်သက်ဝင်မှု များနေခဲ့ပြီ မဟုတ်ပါလော။

“မဖြစ်နိုင်ပါစေနဲ့လို့ ဆုတောင်းပါတယ်၊ ခုချိန်မှာတော့ သူဟာ ကျွန်တော်တို့ကို အားမကိုးချင်သေးတဲ့ အပိုင်းပဲရှိနေပါတယ်”

“အေးလေကွာ၊ တို့ကလဲ သူ့အပေါ်ကို ဟန်ပြ လှူယုံသ သာပဲ သဘောထား သေးတာကိုး၊ ဒါလဲ ထည့်တွက်ဦးမှပေါ့”

“ဟုတ်တော့လဲ ဟုတ်သား၊ ကျွန်တော်တို့ကလဲ သူ့ကို လှူယုံလို့မှ မဆက်ဆံခဲ့ကြတာပဲ၊ သူ့အနေနဲ့ သူ့အကျိုးကို တာကွယ်ရမှာပေါ့”

နှင့်ကျွမ်းရောင်က သူ၏ထင်မြင်ချက်ကို ပေးလိုက်သည်၊

“အဲဒီပြေဆေးကိစ္စမှာ ငါ့အနေနဲ့ ပိုင်ထိုက်ကွန်ကို လုံးဝ မသင်္ကာဘူး”

နှင့်ကျွမ်းရောင်က ပါးစပ်အဟောင်းသားနှင့်….

“ဘာဖြစ်လို့လဲ ဦးရီးတော်”

“နေလကိုယ်တော်နဲ့များ အဆက်အသွယ်ရှိလား၊ ဒါမှ မဟုတ်….”

နှင့်ကျွမ်းရောင်က ကြားဖြတ်ပြောသည်။

“မဖြစ်နိုင်ပါဘူး ဦးရီးတော်၊ ယဲလိန်က ပြောသွားတယ် ဟုတ်လား”

“သူပြောသွားတာက နေလကိုယ်တော်ဟာ နေပြည်တော်ကို မရောက်သေးဘူးလို့ ပြောတာပဲကွ”

“အင်း အမှတ်တစ်ဆယ့်လေးမင်းသားကို ပိုင်ထိုက်ကွန်က သူ့ရဲ့အဆိပ်ဆေးနဲ့သတ်ပစ်တယ်၊ ရှောက်အင်းနဲ့ လေ့စုလျှံကို

လို့ ပမ်းနိုင်ဖို့ကြိုးစားခဲ့တယ်၊ ခုတော့ သူလဲ ပျောက်ချင်းလျှ ပျောက်သွားပြီ၊ ရှောက်အင်းနဲ့ လွှတ်စုလျှကို သူကပဲ ပြန် ဖယ်သွားသလား၊ ပိုင်ထိုက်ကွန်ရဲ့ လုပ်ရပ်တွေက တော့ ဘာ သဘောလဲ—”

တုန်ကိုးတုက ဒေါသတကြီးမေးလိုက်သည်။

“မတောက် ဟုတ်သားပဲ၊ ကဲ ကျမ်းရောင် မင်းကော ပိုင် ထိုက်ကွန်အပေါ်မှာ ဘယ်လိုမြင်သလဲ”

နင့်ကျမ်းရောင်က စိတ်ပျက်လက်ပျက်ဖြင့် ပြန်ပြောသည်။

“ကျွန်တော်လဲ ဘယ်လိုစဉ်းစားရမှန်းတောင် မသိတော့ ပါဘူး ဦးရီးတော်၊ မျက်စိတောင် လည်ကုန်ပါပြီ”

တုန်ကိုးတုနှင့် ကျမ်းရောင်တို့သည် အတွေးများကိုယ်စီနှင့် အတန်ကြာ ငြိမ်သက်သွားကြ၏။ သူတို့၏ ဦးနှောက်ထဲတွင်မူ ယဲလိန်၊ ပိုင်ထိုက်ကွန်နှင့် နေလကိုယ်တော်တို့၏ ပတ်သက် သောအတွေးများသာ ဝဲလည်နေကြသည်။

တုန်ကိုးတုက နင့်ကျမ်းရောင်ကို နှုတ်ဆက်ထွက်ခွာသွား စဉ် မင်းသားရှန်ကျင် ပြန်ဝင်လာသည်။

နင့်ကျမ်းရောင်က....

“ဦးရီးတော်လဲ ခုပဲပြန်သွားတယ်ကိုယ်တော်”

“ငါသိတယ် နင့်ကျမ်းရောင်၊ ခုနက ငါတွေ့မိတာကို မင်းကို ပြောသွားပဲ၊ ခုနကိစ္စက အရေးမကြီးပါဘူး”

"ဘာဖြစ်လို့လဲ ကိုယ်တော်"

"ယဲလိန်သာ နေလကိုယ်တော်ဖြစ်နေရင် ခုနေခါမှာ ငါတို့ ကျဉ်းထဲကျပ်ထဲ ရောက်နိုင်တယ်၊ ယဲလိန်ဟာ နေလ ကိုယ်တော် မဖြစ်နိုင်ဘူး၊ တကယ်လို့ ယဲလိန်က အမှတ်တစ်ဆယ့်လေးမင်းသားအပေါ်မှာ သစ္စာရှိနေရင်လဲ ငါသိပ်ပြီး မစိုးရိမ်ပါဘူး၊ သူ့ကို ငါ့ဆီရောက်လာအောင် ငါ ဆွဲဆောင်သိမ်းသွင်းနိုင်ပါတယ်"

နင့်ကျမ်းရောင်က မင်းသားရှန်ကျင်အကြိုက် လိုက်ပြောလေသည်။

"ဟုတ်တယ်ကိုယ်တော် ဟုတ်တယ်"

ရှန်ကျင်နှင့် နင့်ကျမ်းရောင်တို့မှာ ယဲလိန်နှင့်ပတ်သက်၍ ပြောဆိုကြပြီးနောက် အတော်အတန်စိတ်သက်သာရာ ရရှိသွားကြသည်။

"ငါခုနကပဲ ဖခမည်းတော်ဆီ တိုင်စာနဲ့ မွန်ဂိုသိုင်းသမားရှစ်ယောက်ရဲ့ ဝန်ခံစာပါပူးတွဲပြီး နန်းတော်ထဲပို့လိုက်ပြီ၊ ညီတော် အမှတ်တစ်ဆယ့်လေး မင်းသားတော့ ထောင်ကျောင်းကြီး ဒဏ်ခတ်ခံရမှာ သေချာနေပြီကွ"

ရှန်ကျင်၏စကားကြောင့် နင့်ကျမ်းရောင်မှာ အလွန်အမင်းဝမ်းမြောက်သွားနိုင်သေးပေ။

ထို့ကြောင့် ရှန်ကျင်အား သတိပေးစကား ပြောကြားလိုက်သည်။

Scanned with ACE Scanner

"သိပ်ပြီး ကြည်နူးမနေနဲ့ဦး ကိုယ်တော်၊ ဝမ်ပိုတန် တစ်ယောက်ကလဲ သူတို့လက်ထဲရောက်နေပြီ၊ အခြေအနေက သူမနာ ကိုယ်မသာပါဘဲ"

"နန်းတွင်းက အရေးယူလာခဲ့ရင် တစ်ဆယ့်လေးမင်းသား ဒေါကန်ပြီး မွန်ကိုသိုင်းညီနောင်တွေကို ရှင်းပစ်မှာအမှန်ပဲ၊ အဲဒီအခါ ယဲလိန်ဟာ တစ်ဆယ့်လေးမင်းသားအပေါ်မှာ စိတ်ကုန်လာမှာအမှန်ပဲ၊ ယဲလိန်က ငါ့အပေါ်ပြန်ပြီး ဦးညွှတ် လာရမှာပေါ့ကွာ"

"ဟုတ်တယ်ကိုယ်တော်၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပဲ"

"ဟား ဟား ဟား"

နင့်ကျမ်းရောင်နှင့် ချန်ကျင်တို့မှာ ကိုယ့်အတွေးနှင့်ကိုယ် ကြည်နူးဝမ်းသာစွာ ရယ်မောနေကြသည်။

○ ○

Scanned with ACE Scanner

## အခန်း ( ၄ )

အမှတ်တစ်ဆယ်လေးမင်းသား၊ စိတ်ဂနာမငြိမ် ဖြစ်နေလေသည်။ သူ့စိတ်ထဲတွင် ထိုင်ရထရအခက်နှင့် အတွေးများ ယောက်ယက်ခတ်၍နေ၏။

လက်နှစ်ဘက်နောက်ပစ်ကာ အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ဆရာပေါက်ကို ဆတ်ခနဲ ကြည့်လိုက်သည်။

ဆရာပေါက်သည် မျက်မှောင်ကြီးကြုတ်ကာ ငူငူကြီး ရပ်နေသည်။ ဆရာပေါက်၏ အကြည့်က စားပွဲပေါ်မှ လျှောက်လွှာပေါ်သို့ စူးစိုက်ရောက်ရှိနေသည်။

"ဗိုကိုစုကို ကျွန်တော်ဘယ်လိုလုပ်ရမယ်လဲ"

Scanned with ACE Scanner

အမှတ်တစ်ဆယ့်လေး၊ မင်းသား၏အသံက ရှက်ခြည်းဟိန်းထွက်လာသည်။ အတွေးနှင့်ငိုင်နေသော ဆရာပေါက်ပင် လန့်ဖျပ်သွားမိ၏၊

မင်းသားလေးမှာ ဒေါသကြောင့် အသံများပင်တုန်ယင်နေသည်။

ဆရာပေါက်က....

"ဒီကိစ္စဟာ ကျွန်တော်တို့ကိုနှိမ်တာပဲ၊ တော်တော်ခံရဆိုးပါတယ် ကိုယ်တော်လေး"

"အင်းခင်ဗျားကတော့ ဒီလိုပဲပြောမှာပဲ၊ ခမည်းတော်က စိတ်ဆိုးပြီး ဒီတိုင်စာကိုပစ်ပေးသွားတယ်လေ၊ ကျုပ်မှာ ခမည်းတော်ကို ဘယ်လိုပြန်လျှောက်ရမှန်းတောင် မသိတော့ပါဘူးဗျာ"

ဆရာပေါက်မှာ မင်းသားလေး၏ ဒေါသအောက်၌ မလှုပ်ဝံ့အောင် ဖြစ်နေရှာသည်။

အမှတ်တစ်ဆယ့်မလေးမင်းသားအား ဆရာပေါက်က မဝံ့မရဲကြည့်ရင်း ဆင်ဝှေ့ရန်ရှောင် ပြန်ပြောလိုက်သည်။

"မွန်ဂို သိုင်းညီနောင်တစ်တွေက လက်မှတ်ရေးထိုးပြီး ဝန်ခံခဲ့ရတဲ့အကြောင်းကို ကျွန်တော်တို့ကိုလဲ ကြိုပြောမထားတော့ ကျွန်တော်လဲ ကြိုတင်ခကာကွယ်မိလိုက်ဘူး"

အမှတ်တစ်ဆယ့်လေး မင်းသားလေးမှာ ဒေါသကြောင့် သူ့မျက်လုံးအစုံသည် မီးဝင်းဝင်းတောက်၍ နေသည်။

"တောက် ဒီကောင်တွေခံလာရတော့ ဘယ်ပြောပါမယ်လဲ၊ ခင်ဗျားကလဲ ထောင့်စေ့အောင် မေးမြန်းမှပေါ့၊ ကော်

တာက ဒီကိစ္စကို ချက်ချင်းပြန်ပြီး ရှင်းလင်းပေးပါမယ်လို့ ပြောပြီး ပြန်လာခဲ့တာဗျ၊ ခုတော့ ဘာလုပ်ရမယ်လဲ''

ဆရာပေါက်မှာ လွတ်လမ်းရှာမရသဖြင့် စိတ်ပျက်လက်ပျက် ညည်းညူလိုက်သည်။

''ရွှန်ကျောင် သိပ်ပြီးရက်စက်တာပဲဗျာ၊ လုပ်ရက်တယ်''

''ဩြော် ဒါကတော့ အကြံတူရန်သူကိုးဗျ၊ သူ့ဘက်က လုပ်တာမှန်တယ်၊ ကျုပ်တို့ ဘာလုပ်ရမယ်ဆိုတာသာ စဉ်းစားဖို့ လိုတယ်''

''ဟုတ်ပါတယ်၊ ဒါတွေဟာ ကျွန်တော့်အပြစ်တွေပါပဲ''

အမှတ်တစ်ဆယ့်လေး ခင်းသားသည် ဆရာပေါက်အား ဆူပူကြိမ်းမောင်း၍ နေလေသည်။

''ခုကိစ္စဟာ ခင်ဗျား ပိုင်အောင်မလုပ်လို့ ဖြစ်တာပဲ၊ ဒါမျိုးက အပိုင်အနိုင်လုပ်နိုင်မှ ကောင်းတာဗျ၊ ခုတော့ ခင်ဗျားလုပ်တာ ကိုယ့်လေတွင်းကိုယ်တူးသလို ဖြစ်နေပြီလေ၊ ဒီပြဿနာကိုလဲ ခင်ဗျားပဲ တာဝန်ယူပေတော့၊ နောက်ထပ် အမှားအယွင်း လုံးဝမရှိစေပါနဲ့၊ ပြဿနာထပ်တက်လာရင် ခင်ဗျားအလျှင်ဆုံး ခံရစေမယ်''

ဆရာပေါက်၏ ခန္ဓာကိုယ်မှာ နတ်ကျသလို တုန်ယင်နေလေသည်။

''ဒီ ဒီကိစ္စကို ကျွန်တော်ကြံပါဦးမယ် ကိုယ်တော်''

''ခုထက်ထိ ကြံဦးမှာလား၊ အချိန်မရှိတော့ဘူး၊ မွန်ဂိုညီနောင်တွေကို သတ်ပစ်လိုက်၊ ရှိသမျှအပြစ်တွေကို သူတို့အပေါ် ပုံချရတော့မှာပဲ''

ဆရာပေါက်၏ မျက်လုံးအစုံမှာ ကြောက်ရွံ့စိတ်ကြောင့် ပြူးကျယ်ဝိုင်းစက်သွားတော့၏။

"ခင်ဗျာ သူတို့ကို သတ်ပစ်ရမယ် ဟုတ်လား"

အမှတ်တစ်ဆယ့်လေး မင်းသားလေး၏အသံမှာ မခကျော ပြတ်တောင်း၍ နေသည်။

"ဟုတ်တယ်၊ မွန်ဂိုညီနောင်တွေကို ရှင်းပစ်ရမယ်၊ ဒါမှ ကျုပ်အပေါ် အပြစ်တွေပေါ်လာမယ်၊ ဒါကိုတော့ ခင်ဗျား မတွေးမိဘူးလား"

"ကိုယ်တော်လေး ဒါ ဒါ တော့"

"ဘာလဲ"

"ဒီမွန်ဂိုတွေဟာ ကိုယ်တော်လေးအတွက် အသက်စွန့်ပြီး ဖြေဆေးဘွားတောင်းကြတာပါ၊ တကယ်လို့ ယဲလိန်သိသွား ရင်လဲ ကိုယ်တော်လေးအပေါ်မှာ စိတ်ခုသွားနိုင်ပါတယ်"

"အင်း ဒီလိုဆို လိုအပ်မယ်ထင်ရင်လဲ ယဲလိန်ကိုပါ သတ် လိုက်ပါ"

ဆရာပေါက်က ကသောကမျော ပြန်ပြောလိုက်သည်။

"သူ သူက ကိုယ်တော်လေးရဲ့အသက်ကို ဖာယ်ခဲ့တဲ့လူပါ"

"ဒါတော့ ကျုပ်သိပါတယ်၊ ဒီလိုမှမလုပ်ရင် ကျုပ် ဒုက္ခ ရောက်မှာပေါ့ဗျ၊ ကျုပ်အတွက်က ပိုအရေးကြီးနေတယ်၊ အဲဒီတော့ ခင်ဗျားပြောတဲ့ ကျေးဇူးတရားတွေကို ဘေးချိတ် ထားရမယ်"

ဆရာပေါက်မှာ အမှတ်တစ်ဆယ့်လေး မင်းသားနှင့်ယဲလိန် အကြား မရှုသာမရှုကြသာ ဖြစ်နေသည်။

Scanned with ACE Scanner

"ကိုယ်တော်လေး ပြောတော့သာ လွယ်တယ်၊ မွန်ဂိုသိုင်း ညီနောင်တွေရဲ့ သိုင်းပညာအဆင့်က မြင့်တယ်၊ အထူးသဖြင့် ယဲ့လိန်ဆို အဆင့်လွန်သိုင်းသမားလို့တောင် ပြောရင်ရတယ်၊ သူတို့က ပြန်ပြီး အကြမ်းဖက်လာရင် ကျွန်တော် နိုင်မယ် မထင်ဘူး"

အမှတ် တစ်ဆယ့်လေး မင်းသားက ဆရာပေါက်အား ဒေါသမျက်လုံးနှင့် ကြည့်လိုက်သည်။

မင်းသားလေး၏ ဦးနှောက်ထဲ၌ ဆူဝေနောက်ကျုကာ အမှားအမှန်ပင် မဝေခွဲနိုင်တော့ပေ။

"အို ဒါတွေ ကျုပ်မသိဘူး၊ အရေးကြီးဆုံးက ကျုပ်အတွက်ပဲ၊ ဒီကိစ္စကို ခင်ဗျားဖြစ်အောင် လုပ်ပေးဖို့ပဲလိုတယ်"

ဆရာပေါက်မှာ နီးရာဓါးဘေးကို ကြောက်နေရသူဖြစ်သည်။ ထို့ကြောင့် ဆက်လက်မငြင်းသာတော့ဘဲ ခေါင်းညိတ်လိုက်ရတော့၏။ ဆရာပေါက်မှာ သက်ပြင်းမောကိုချရင်း....

"ကောင်းပါပြီ ကိုယ်တော်လေး၊ ကျွန်တော်ကြိုးစားပါ့မယ်"

အမှတ်တစ်ဆယ့်လေး မင်းသားသည် ဆရာပေါက်အား တာဝန်ပေးပြီး ဒေါသတကြီး ထွက်ခွာသွားတော့၏။

ဆရာပေါက် ခေါင်းပေါ်၌ လေးလံသော ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုကို ထမ်းရွက်ထားရသည့်အလား မရှုနိုင်မကယ်နိုင် ဖြစ်နေတော့၏။

သူ့အဖို့ ရှေ့တိုးသမ်းပိုး နောက်ဆုတ် လှည်းတုတ်ဆိုသည့် ဘေးကျပ်နံကျပ် ဖြစ်နေသည်။

"ကိုယ်တော်လေး ပြောတာကလဲ မှန်တာပါပဲလေ၊ ကိုယ်တော်လေး ဒုက္ခရောက်ရင် ငါလဲ ပြေးစရာ မြေတောင်ရှိတာမှ မဟုတ်ဘူး၊ ဘမ္ဘာမီး လောင်ရင် သားကောင်တောင် ချနင်းရသေးတာပဲ၊ ဘာပဲဖြစ်ဖြစ် ငါလုပ်မယ်"

ဆရာပေါက်မှာ ကြံရာမရသဖြင့် မျက်စိမှိတ်လုပ်ဆောင်ရန်သာ စိတ်ဆုံးဖြတ်လိုက်မိသည်။

ဆရာပေါက် အတွေးထဲ၌ ဇကြံဟစ်ခု ဝင်လာသဖြင့် အခန်း အပြင်သို့ လှမ်းအော်လိုက်သည်။

"ဒီကို တစ်ယောက် လာခဲ့စမ်းဟေ့"

အစောင့်တစ်ဦး အပြေးအလွှား ဝင်လာသည်။

"ဆရာပေါက် အမိန့်ရှိပါခင်ဗျာ"

"အခုချက်ချင်း ရှက်ဝင်လူကို သွားခေါ်စမ်း၊ သိပ်အရေးကြီးတယ် မြန်မြန်ခေါ်ခဲ့"

"ဟုတ်ကဲ့ ဆရာပေါက်"

အစောင့်သည် ဆရာပေါက်အား အရိုအသေပေးကာ အပြေးအလွှား ပြန်ထွက်သွားတော့၏။

ဆရာပေါက်သည် အစောင့်၏ကျောပြင်ကို ငေးကြည့်ရင်း သက်ပြင်းမောကိုသာ အခါခါချလိုက်မိတော့သည်။

မကြာမီ ဆရာပေါက်ရှိရာသို့ မျက်နှာထား ညိုကြည်သော မိန်းမချောလေး တစ်ယောက် ဝင်ရောက် လာတော့သည်။

သူမကား အခြားသူ မဟုတ်ပေ၊ ရှက်ဝင်လူပင်ဖြစ်၏။

ရှက်ဝင်လူက ဆရာပေါက်နှင့် မနီးမဝေးတွင်ရပ်နေရင်း လေသံအေးအေးနှင့် မေးလိုက်သည်။

"ဆရာပေါက် ကျွန်မကိုခေါ်တယ်ဆို"

"ဟုတ်ပါတယ်၊ ထိုင်ပါဦး မိန်းကလေး"

ဆရာပေါက်က ရှက်ဝင်လူအား မျက်နှာချိုသွေးကာ ပျူငှာလိုက်လှဲစွာ ပြောလိုက်သည်၊ ရှက်ဝင်လူက ဣန္ဒြေရစွာဖြင့် ဆရာပေါက်ညွှန်ပြသော ကုလားထိုင်တွင် ဝင်ထိုင်ရင်း၊

"ပြောပါဦး ဆရာပေါက် ဘာများလဲ"

ဆရာပေါက်က ခေါင်းတစ်ချက်ကုတ်ရင်း....

"အင်း ကျုပ်တော့ ခေါင်းမီးတောက်နေပြီ၊ မိန်းကလေး ကျုပ်ကိုကူညီပါဦး"

ဆရာပေါက်သည် အမှတ်တစ်ဆယ့်လေး မင်းသား၏ အမိန့်ကို ရှက်ဝင်လူအား ပြန်ပြောလိုက်သည်။

ရှက်ဝင်လူသည် ဆရာပေါက် ပြောသမျှကို အေးအေးဆေးဆေး ဆုံးအောင်နားထောင်ကာ ပြန်မေးသည်။

"အဲဒီတော့ ဆရာပေါက်က ဘယ်လိုဖြစ်စေချင်လို့လဲ"

"ဒီကိစ္စက မဖြစ်မနေ ဆောင်ရွက်ရမယ့် ကိစ္စဆိုတော့ မိန်းကလေးရဲ့ လက်အောက်ခံ အလှမယ်လေးတွေကိုသုံးပြီး ဗိုလ်သိုင်းသမားတွေကို ချုပ်ကိုင်ရှင်းလင်းရမှာပဲ"

ရှက်ဝင်လူမှာ ဆရာပေါက်၏ အကြင်နာတရားကင်းသော စကားကိုနားထောင်ပြီး ရင်ခုန်သွားမိသည်။

သို့သော် သူမမျက်နှာမှာ စိုးရိမ်ကြောင့်ကြမှု လုံးဝမပေါ်လွင်ဘဲ ဆရာပေါက်အား၊ ပြန်ပြောလိုက်သည်။

Scanned with ACE Scanner

"ဆရာပေါက် စိစဉ်တဲ့အထဲမှာ လူသုံးယောက်ကို ကျွန်မ မပိုင်ဘူး"

ဆရာပေါက်က ပြုံးတုံးပြတဲ့မေးလိုက်သည်။

"ဘယ်သူများလဲ"

"မွန်ဂိုသိုင်းညီနောင် အကြီးနှစ်ယောက်နဲ့ ယဲလိန်ကိုပဲ၊ သူတို့ကို ဗီလိုမိန်းမနဲ့ဖြားယောင်း သွေးဆောင်လို့မရဘူးရှင့်"

ဆရာပေါက်မှာ ရှက်ဝင်လူ၏စကားကြောင့် ခြေမကိုင်မိ လက်မကိုင်မိဖြစ်သွားသည်။

"အဲ အဲဒါကို မိန်းကလေးကိုယ်တိုင် ကြိုးစားရင် အောင် မြင်နိုင်ပါတယ်"

ရှက်ဝင်လူက ခေါင်းခါယမ်းပြီး...

"သူတို့ အကြောင်းကို ကျွန်မ သိပါတယ်၊ မဖြစ်နိုင်တဲ့ အလုပ်ကို မလုပ်တာကောင်းပါတယ်၊ ဒီလို ခိုင်းတာမလုပ်လို့ အလုပ်ပြုတ်ချင်လဲ ပြုတ်ပါစေ၊ ကျွန်မကတော့ခပ်ရှင်းရှင်းပဲ၊ လုပ်လိုက်လို့ ခြေချော်လက်ချော် အဖြစ်မျိုးလဲ ကျွန်မကအဖြစ် မခံနိုင်ဘူးရှင့်"

ရှက်ဝင်လူက ခပ်ပြတ်ပြတ် ငြင်းလိုက်သည်။ ဆရာပေါက် မှာ ရှက်ဝင်လူအား အောက်ကျို့သောမျက်နှာနှင့် ကြည့်ကာ မတောင်းပန်ရုံတမည် ပြောလိုက်ပြန်သည်။

"ကဲ ဒီလိုလုပ်ပါဗျာ၊ မိန်းကလေး ပိုင်တဲ့ အပိုင်းကို လုပ်ပါ၊ ကျန်တဲ့လူတွေကို ကျုပ်ဘာသာပဲ ကြည့်ရှင်းလိုက် ပါ့မယ်၊ ဒါဆိုဖြစ်ဘယ် မဟုတ်လား"

ရှက်ဝင်လူက ခေါင်းညိတ်ပြလိုက်သည်။

Scanned with ACE Scanner

"ဒါဆို ကျွန်မသွားမယ်"

ရှက်ဝင်လူသည် မျက်နှာသေးတည်တည်နှင့် ခပ်ပြတ်ပြတ် ပြော၍ ဆရာပေါက်ရှေ့မှ ပြန်လာခဲ့၏။

သူမအခန်းထဲသို့ပြန်ရောက်သည်နှင့် စာတစ်စောင်ကို ချက်ချင်း ကောက်ရေးလိုက်သည်။ ထို့နောက် သူမ၏လူယုံတော် မလေးကို ခေါ်လိုက်ပြီး မှာကြားပြောဆိုနေ၏။

"ဒီစာကို ယဲလိန်လက်ထဲ အရောက်ပို့ရမယ်၊ သိပ်အရေးကြီးတယ်၊ သတိနဲ့သွား၊ ကြားလား"

"စိတ်ချပါ မမ"

ရှက်ဝင်လူ၏ လူယုံတော်ရှုန်ကြွင်းသည် စာကို လျှို့ဝှက်ယူဆောင်ကာ ယဲလိန်ရှိရာသို့ အလျင်အမြန် ထွက်ခွာသွားတော့၏။

\+ + +

ယဲလိန်သည် မိမိ၏ အိပ်ခန်းခုတင်ပေါ်မှ စာတစ်စောင်ကို တွေ့လိုက်ရသဖြင့် အံ့ဩသွားမိသည်။

ဤစာကိုကြည့်ခြင်းအားဖြင့် မိမိ၏လူဖြစ်သော ရှက်ဝင်လူထံမှ ပေးပို့လိုက်သောစာဖြစ်ကြောင်း သိရှိခဲ့ရသည်။

Scanned with ACE Scanner

စာပါ အကြောင်းအရာများအား ဖတ်ရှုပြီးသောအခါ အတော်ပင်အရေးကြီးနေကြောင်း သိလိုက်မိ၏။

မိမိအနေဖြင့်လည်း ဤကိစ္စအား လျှင်မြန်စွာပြီးပြတ်စေရန် ဆောင်ရွက်ကြရပေတော့မည်။

ယဲလိန်အနေဖြင့် မိမိအတွက်ထမ်းဆောင်ရန် ပေါ်ပေါက်လာသည့် မည်သည့်ကိစ္စ၊ မည်သည့်တာဝန်ကိုမဆို နှေးညှေ့ဆိုင်းမနေတတ်။

ပြီးပြတ်အောင် ဆောင်ရွက်နိုင်ဖို့ရန်သာ သူ အမြဲကြိုးစားခဲ့သည်။

ဤကဲ့သို့ ကြိုးစားဆောင်ရွက်မှုကြောင့်လည်း မိမိ ဖြတ်သန်းခဲ့ရသော ကြမ်းတမ်းသည့် ဘဝခရီးလမ်းကြောင်းမှာ အလွန်ပင် သာယာဖြောင့်ဖြူးခဲ့သည် မဟုတ်ပါလား။

ကိစ္စတစ်ခုအား ဆောင်ရွက်ရာတွင်လည်း တွေးတောကြံဆ၊ နှိုင်းချင့်မြော်မြင်၍ ဖြစ်နိုင်သည်၊ မဖြစ်နိုင်သည် စသည်ဖြင့် ကဏ္ဍအမျိုးမျိုးခွဲကာ အဖြေရှာနိုင်ခဲ့သဖြင့်လည်း အောင်မြင်နိုင်ခဲ့ခြင်းလည်း ဖြစ်၏။

နောက်တစ်ကြောင်းမှာ သူသည် တာဝန်ထမ်းဆောင်ရာ၌ မိမိတစ်ဦးတည်း တစ်ကိုယ်တော်စွန့်စားခြင်းထက် အများအားဖြင့် ဝိုင်းဝန်းညီညာစွာ ပါ၍ ပူးပေါင်းဆောင်ရွက်ခြင်းသည် ပိုမိုအကျိုးသက်ရောက်မှုရှိပြီး ပို၍လည်းအောင်မြင်နိုင်ကြောင်းကို သူ ကောင်းကောင်းသိထားခဲ့သည်။

Scanned with ACE Scanner

"အင်း ပြဿနာတော့ စဖြစ်ပြီပဲ၊ ရှန်ကျင်ဟာ သူ့ရဲ့ အခွင့်အရေးကိုတော့ ပြည့်ပြည့်ဝဝ အသုံးချလိုက်ပြီ၊ ငါ့ အနားယူလို့မဖြစ်သေးဘူး"

ယဲလီန်သည် ရှက်ဝင်လူ၏စာကို မီးရှို့ဖျက်ဆီးကာ ဖျောက်လိုက်သည်။

"ငါ အချိန်ဖြုန်းလို့မဖြစ်တော့ဘူး၊ တော်ကြာ ခြေလွန် လက်လွန်တွေ ဖြစ်ကုန်တော့မယ်"

ယဲလီန်သည် အမှတ်ရှစ်မင်းသား ဂေဟာအတွင်းမှ တိတ်တဆိတ်ပြန်ထွက်သွား၏။ အမှတ်တစ်ဆယ့်လေးမင်းသား ဂေဟာရှိရာသို့ လေ၏လျင်မြန်ခြင်းမျိုးဖြင့် ပြေးလွှားသွား နေသည်။

အမှတ်တစ်ဆယ့်လေး မင်းသား၏ ဂေဟာဝင်းအတွင်း၌ အစောင့်သိုင်းသမားများက နိုးကြားဖျတ်လတ်စွာ စောင့်နေ ကြသည်ကို ယဲလီန်တွေ့လိုက်ရသည်။

ယဲလီန်၏ကိုယ်ဖော့ပညာမှာ မြင့်မားလွန်း၍ ထိုအစောင့် သိုင်းသမားများပင် သိရှိလိုက်ခြင်း မရှိကြချေ။

ဆရာပေါက်ရှိရာ အိမ်ငယ်ကလေးသို့ လှစ်ခနဲ ဝင်ရောက် ကာ ဆရာပေါက်ရှေ့၌ရပ်ပြီး စိုက်ကြည့်နေလိုက်သည်။

ဆရာပေါက် အံ့အားသင့်ကာ ဗိုလ်ထမတော့ ကြောင်စီစီ ဖြစ်နေသေးသည်။

"ဟာ ညီလေးယဲ ငါလဲမင်းကိုတွေ့ချင်နေတာနဲ့အတော် ပဲ၊ လာကွာထိုင်ပါဦး"

ယဲလိန်သည် ဆရာပေါက်၏ ဟန်ဆောင်ကောင်းလှပုံကို ကြည့်ကာ အေးစက်စက်မေးလိုက်သည်။

"ပြဿနာတက်နေပြီမဟုတ်လား"

"ဒုက္ခနဲ့ အကုသိုလ်တတော့ အလုံးလိုက်အခဲလိုက် တက်လာနေတာပဲလေ"

ယဲလိန်က ဆရာပေါက်အားလက်ကာပြကာ....

"ဆရာပေါက် မပြောနဲ့ဦး၊ ကျွန်တော်အလျှင်ပြောခွင့်ပြုပေးပါ"

ယဲလိန်၏အမူအရာ ထူးခြားနေ၍ ဆရာပေါက်မှာ ရင်ထိတ်သွားမိသည်။

"ဘာများလဲကွာ"

ဆရာပေါက်မှာ မလုံမလဲဖြစ်နေကာ လေသံပျော့ပျော့နှင့် မေးလိုက်သည်။

"ဘာမှမလဲဘူး၊ ရှန်ကျင်ကို မွန်ဂိုသိုင်းညီနောင်တွေက လုပ်ကြံလို့တိုင်တဲ့ကိစ္စလေ"

ဆရာပေါက်၏ခန္ဓာကိုယ်ကြီးမှာ ဆတ်ခနဲ တုန်ယင်သွားကာ မျက်နှာပျက်နေမိသည်။

"ဟင် ညီလေးယဲ ဒီကိစ္စကို မင်းဘယ်လိုလုပ်သိတာလဲ"

ဆရာပေါက်သည် အသံမတုန်စေရန် အနိုင်နိုင်ထိန်းရင်း ယဲလိန်အား မေးလိုက်ခြင်းဖြစ်သည်။

ယဲလိန်က ဆရာပေါက်၏မျက်နှာအား အကဲခတ်ကာ ဖြည်းဖြည်းပြန်ပြောလိုက်သည်။

“ကျုပ် ရှန်ကျင်ဂေဟာက ကြားခဲ့လို့ ဒီကိုပြေးလာခဲ့တာ ပေါ့ဗျာ”

ဆရာပေါက်မှာ ကိုယ့်အကြောင်းနှင့်ကိုယ်မို့ ယဲလိန်အား ကြောက်ရွံ့ ထိတ်လန့်နေလေသည်။ ယခု ယဲလိန်၏စကား ကြောင့် သူ့ရင်ထဲ၌ အပူလုံးကြီး ပြေပျောက်သွားမိသည်။

“အင်း ညီလေးယဲ အလာကောင်းပေမယ့် အခါနှောင်း ကုန်ပြီ”

“ဘာလဲ ခန့်ရှိဘုရင်ကြီးက....”

“ဟုတ်တယ်၊ အဲဒီစာအတွက်နဲ့ တို့ကိုယ်တော်လေးအကြိမ်း အမောင်း ခံလိုက်ရတယ်”

ယဲလိန်မှာ ရှက်ဝင်လှ၏စာအရ သိပြီးဖြစ်သော်လည်း မသိဟန်ဆောင်ကာ ဒေါသနှင့်ကြိမ်းမောင်းလိုက်သည်။

“ဘောက် မင်းသားရှန်ကျင်ဟာ ဘယ်လဲရက်စက်ပါ လား၊ ဒြော် ဒါနဲ့ ကျုပ်တို့ကိုယ်တော်လေး ဘာများ ပြောသေးသလဲ”

“ဘာပြောရမှာလဲ မသိချင်ဟန်ဆောင်ပြီး ဒီကိုပြန်ပြေး ခဲ့ရတာပေါ့”

ယဲလိန်က စိတ်ထဲမှကျိတ်ပြုံးရင်း....

“အို ဒါဆို မှန်ကုသိုင်းညီနောင်တွေအတွက် အန္တရာယ် ရှိနေပြီပေါ့”

ဆရာပေါက်မှာ ယဲလိန်၏စကားကြောင့် ထခုန်မိမတတ် အံ့အားသင့်ကာ ယဲလိန်အား တစိမ့်စိမ့် ကြောက်ရွံ့လာမိ တော့၏။

ယဲလိန်က ဆက်လက်ပြောပြန်သည်။

"အင်း ပြောနေတာက ဗီမွန်ဂိုသိုင်းညီနောင်တွေကို ရှင်းပစ်တာကလဲ့လို့ တစ်ခြားမပြောသေးလဲ ကျွန်တော်မတွေးမိဘူးဗျ"

ဆရာပေါက်၏ ကျောရိုးတစ်လျှောက်၌ စိမ့်အေးလာသည်။ ယဲလိန်၏ စကားလုံးတိုင်းသည် ဆရာပေါက်အား နေမထိထိုင်မသာ ဖြစ်စေသည်။ သူ့မျက်နှာမပျက်စေရန် အတတ်နိုင်ဆုံး ထိန်းချုပ်ရင်းတွေးနေမိသည်။

"ယဲလိန်ဟာ တယ်တော်ပါလား၊ သူပြောတဲ့စကားဟာ လွဲတာကိုမရှိဘူး၊ သွေးထွက်အောင်မှန်နေတယ်"

ဆရာပေါက်က စိတ်ထဲမှကျိတ်၍ ချီးကျူးနေမိသည်။ သို့သော် ဆရာပေါက်က ယဲလိန်အား မချိပြုံးပြုံးပြုရင်း...

"ညီနေလေးယဲ့ပြောတဲ့ အဆင့်အထိတော့ မလိုအပ်သေးဘူးနဲ့ တူပါတယ်"

ယဲလိန်က ညာဘက်နှုတ်ခမ်းကိုတွန့်ပြီးရင်း....

"အေးလေ ကျုပ်တို့မင်းသားလေးက ဗီလိုအကြံမျိုး မကြံစည်ရင်တော့ အကောင်းဆုံးပဲပေါ့ဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ ရှန်ကျင်က အဲဒီလိုလုပ်ပါစေဆုံတာ ဆုတောင်းပြီး ငိမ်နဲ့ထိုင်စောင့်နေတယ်ဖလ"

ဆရာပေါက်မှာ အံ့အားသင့်သွားပြီး စိုးရိမ်တကြီးပြန်မေးသည်။

"ဟင်ဘာဖြစ်လို့ ရှန်ကျင်က ဒီလိုထိုင်စောင့်နေရတာလဲ ညီလေးယဲ"

ယဲလိန်က ဆရာပေါက်အား သရော်ပြုံးပြုံးပြပြီး ပြန်ပြော လိုက်သည်။

"အို၊ အကြံပေးအရာရှိကြီးဆရာပေါက်က ဒီသစ်ခါတော့ ညံ့လှချည်လား၊ မင်းသားလေးက ပွပန်သောတစ်ခုနဲ့ပြော တာတောင် ခင်ဗျားက နည်းကောင်းညွှန်ပြရမယ့်ဥစ္စာ ခုတော့ ခင်ဗျားကိုယ်တိုင်က နလဗိန်းထုံးအတွေးနဲ့လုပ်တော့ မလို့ပေါ့လေ၊ အဲဒီလိုသာဆင်ကန်းတောတိုးလုပ် ရှုံကျင်က ဒီအကွက်ကိုဆင်ထားတာဗျ၊ ခင်ဗျားတို့က မွန်ဂိုတွေကိုနှုတ်ပိတ် လိုက်ရော ရှုန်ကျင်က အဲဒီကိစ္စကို ထပ်တိုင်မှာပေါ့ဗျာ"

ဆရာပေါက်၏စိတ်ထဲ တုန်လှုပ်သွားသော်လည်း ယဲလိန် အား ဆင်ခြေတက်လိုက်သည်။

"ဒါပေမယ့် မွန်ဂိုသိုင်းညီနောင်ငေ့ချ ဝန်ခံစာက သူတို့ လက်ထဲ ရှိနေတယ် မဟုတ်လား"

ယဲလိန်မှာ ဆရာပေါက်အား စိတ်မရှည်နိုင်ဟန်နှင့် ငေါက် ငမ်းပြောလိုက်သည်။

"တယ် ခက်နေပါလားဗျာ၊ တကယ်လို့ ခန့်ရှိဘုရင် ကြီးက အဲဒီတိုင်စာနဲ့ ပတ်သက်လို့ သူကိုယ်တိုင် စစ်ဆေး မယ်ဆိုရင် ကျုပ်တို့မင်းသားက မဟုတ်ပါဘူးလို့ ငြင်းနေ မလား၊ ဟုတ်တယ်လို့ ပြောမှာလား၊ ကဲ တဆယ်လို့ ကျုပ် တို့ဘက်က ငြင်းပါပြီတဲ့ ဘယ်မှာလဲ မွန်ဂိုညီနောင်တွေ၊ ကျုပ်တို့က ဘာနဲ့ထုတ်ပြရမှာလဲ"

ဆရာပေါက်မှာ ထိတ်လန့်တုန်လှုပ်ခြင်းကြီးစွာ ခံစားနေ ရပြီဖြစ်၏။

"အဲ ပြဿနာပဲ၊ ဘယ်လိုရှင်းရရင် ကောင်းမယ်လဲ၊ ညီလေးယဲမှာကော အကြံကောင်းဉာဏ်ကောင်းရှိရင် ပြောစမ်းပါဦး"

ယဲလိန်က ဆရာပေါက်အား လိုရင်းကို မပြောသေးဘဲ မတင်မကျ ပြောလိုက်သည်။

"ဒါကတော့ ကိုယ်တော်လေးမှာပဲ အခ်ိကပြစ်နေတာယ်၊ ဆရာပေါက်နဲ့ မပြီးနိုင်သေးဘူးထင်တယ်၊ သူက ဘာလုပ် ချင်လဲဆိုတာ ကျွန်တော်မှ မသိဘဲကိုး"

"အဲဒါမှ ဒုက္ခပါပဲ၊ ကမ္ဘာမီးလောင်ရင်တောင် ပြေးဖို့ မြေရှာရဦးမယ်၊ ခုတော့ ဘာလုပ်ရမှန်းတောင် မသိတော့ပါ ဘူး...."

ဆရာပေါက်မှာ ယဲလိန်မသိသေးဟုထင်ကာ သူ့ပါးစပ်မှ အမှန်အတိုင်း ပြောကြားရန် အခက်တွေ့နေလေသည်။

ယဲလိန်က မသိဟန်ဆောင်ကာ....

"ဆရာပေါက် သိပ်လဲညည်းမနေပါနဲ့၊ ခင်ဗျားက ကိုယ် တော်လေးကို ကျွန်တော်ပြောတဲ့ စကားတွေ ပြန်ပြောလိုက် ပါ။ သူ့ရဲ့သဘောထားတွေကိုသိရရင် ကျွန်တော်ဘာလုပ် ရမယ်ဆိုတာ စဉ်းစားလို့ရမယ်"

ဆရာပေါက်မှာ ပြေးပေါက်[illegible]သော ယုန်သူငယ်အလား မျက်ကလဲဆန်ပျာ ဖြစ်နေရှာသည်။

ယဲလိန်၏စကားကြောင့် အမှတ်တစ်ဆယ့်လေး မင်းသား ထံသို့ သွားရောက်တင်ပြရန် အကြံရလာသည်။

"ဒါဆို ငါ့ညီလာ ဒီမှာပဲ ခဏနေလိုက်ပါဦး၊ ငါ ဆရာ့ဆီသွား ပြောလိုက်ဦးမယ်"

ဆရာပေါက်သည် ယဲလိန်အား ဓာပျာကယာမှာကြားကာ 'အမှတ်တစ်ဆယ့်လေး'မင်းသားရှိရာသို့ အလျင်အမြန် ပြေးထွက်သွားတော့၏။

ယဲလိန်မှာ ဆရာပေါက် ဖြစ်နေပုံကိုကြည့်ကာ ရယ်ချင်ပက်ကျိ ဖြစ်နေ၏။ သိပ်ပင်မကြာလိုက်ပေ။ ယဲလိန်ရှိရာသို့ ဆရာပေါက် ပြန်ရောက်လာသည်။

ဆရာပေါက်က ယဲလိန်အား မောကြီးပန်းကြီး ပြော၏။

"ညီလေးယဲ ကိုယ်တော်လေးက ညီလေးယဲကို တွေ့ချင်နေတယ်"

ယဲလိန် စိတ်ထဲမှ ပြုံးလိုက်မိသည်။ ဤကဲ့သို့ ဖြစ်လာနိုင်ကြောင်း ယဲလိန် ကြိုတင်တွေးခဲ့ပြီးဖြစ်၏။

သို့သော် ယဲလိန်က ဆရာပေါက်အား မျက်မှောင်ကြုတ်ကာ ဆရာပေါက်၏ ပြောစကားကို နားမလည်နိုင်ဟန်နှင့် ပြန်မေးလိုက်သည်။

"ဘာ ပြောလိုက်တယ် ဆရာပေါက်၊ ကိုယ်တော်လေးက ကျွန်တော့်ကို တွေ့ချင်တယ် ဟုတ်လား"

ဆရာပေါက်က ပင့်သက်မောကို တစ်ကြိမ် ရှူရှိုက်လိုက်ရင်း—

'ဟုတ်တယ်အဲဒီ အစ်ကြောင့်ဘက်ညီလေးယဲနဲ့ တိုင်ပင်ချင်လို့တဲ့'

ယဲလိန်က အမှတ်တစ်ဆယ့်လေး မင်းသားနှင့် မတွေ့ချင်ဟန်နှင့် ငြင်းလိုက်၏။

Scanned with ACE Scanner

"မင်းသားလေးနဲ့ တွေ့တော့တော ဘာထူးမှာလဲ ဆရာ ပေါက်ရယ်၊ သူ့ဆန္ဒကို ဆရာပေါက်ကဘာစ်ဆင့် ပြောလိုက်လဲ ပြီးသားနဲ့ဗျာ"

ဆရာပေါက်က ယဲလိန်အား တောင်းတောင်းပန်ပန်နှင့် ထပ်ခေါ်လိုက်ပြန်သည်။

"ကဲပါ ညီလေးယဲရာ၊ လိုက်မှာသာလိုက်ခဲ့စမ်းပါ၊ ကိုယ်တော်လေးလဲ သိပ်စိတ်ပူနေတယ်၊ မင်းကိုလဲ သိပ်ပြီးတွေ့ချင်နေတယ်"

ယဲလိန်က ဆရာပေါက်ဆွဲခေါ်ရာသို့ မလိုက်ချင် လိုက်ချင်ဟန်နှင့် လိုက်ပါသွားသည်။

\+ \+ \+

အမှတ်ဘာစ်ဆယ့်ခြောက်လေး မင်းသားအား တွေ့လိုက်ရသည်နှင့် ယဲလိန်က အကဲခတ်ကြည့်လိုက်သည်။

မင်းသားလေးမျက်နှာညိုကာ သောကရောက်နေကြောင်း သတိပြုမိ၍ စိတ်မကောင်းဖြစ်သွားမိပြန်သည်၊

သို့သော် ယဲလိန်က မမြင်ဟန်ဆောင်ကာ အခန်းတွင်းဝင်လိုက်သည်။

အမှတ်တစ်ဆယ့်လေး မင်းသားက ယဲလိန်အား ညှိုးငယ်သောမျက်နှာနှင့် ဆီးကြိုလိုက်၏။

"ကဲ လာကွာယဲလိန်၊ မင်းကျေးဇူးတွေကို ငါ မဆပ်ရသေးဘူး"

ယဲလိန်—

"ကိစ္စမရှိပါဘူး ကိုယ်တော်လေး၊ ဒီလိုကိစ္စမျိုးဆိုတာ ကျွန်တော့်တာဝန်ပါခင်ဗျာ"

အမှတ်တစ်ဆယ့်လေး မင်းသားက ယဲလိန်ကို အကဲခတ်ကြည့်ကာ...

"အဲဒီပြဿနာကစပြီး မွန်ဂိုညီနောင်တွေက ငါ့ကို ဒုက္ခပေးလိုက်ပြန်ပြီလေ"

ယဲလိန်က အလိုက်အထိုက်ပြန်ပြောသည်။

"ဒီလူတွေကလဲ သိပ်ကိုညံ့ပါတယ်ဗျာ"

အမှတ်တစ်ဆယ့်လေးမင်းသားက ခေါင်းတစ်ချက် ညိတ်ပြရင်း....

"ငါလဲ ဒီအကြောင်းသိတယ်၊ ခု ခက်နေတဲ့ကိစ္စက အဲဒီပြဿနာကို ငါ ဘယ်လိုဆက်ရှင်းရမှန်း မသိတော့ဘူး၊ မင်းက ငါ့ကို အကြံပေးစမ်းပါဦး"

ယဲလိန်က ခပ်တည်တည် ပြန်ပြောလိုက်၏။

"လွယ်ပါတယ်ကိုယ်တော့်ရှင်၊ အဲဒီမွန်ဂိုသိုင်းညီနောင်တွေကို ရှင်းပစ်လိုက်ရုံပေါ့"

အမှတ်တစ်ဆယ့်လေးမင်းသားက ယဲလိန်အား နားမလည်နိုင်ဟန်နှင့် ငေးကြောင်ကြည့်နေသည်။

အတန်ကြာမှ....

“ဟင် ဒါနဲ့ မင်းပြောတော့ အဲဒီလိုလုပ်ရင် ပြဿနာ ဆက်တက်မယ်ဆို”

“ဟုတ်ပါတယ် ကျွန်တော်ပြောခဲ့ပါတယ်၊ အဲဒီလိုသတ်ရင် ကိုယ်ဘော်ကို အရေးယူနိုင်တဲ့အကြောင်း ရှိလို့ပါ”

“ကဲ ဒါဖြင့် မင်းပဲပြောပါဦး၊ အဲဒီနည်းကလွဲရင် ဘာနည်းလမ်းကောင်းများ ရှိသေးလဲ”

ယဲလိန်က ကိုယ်ကိုမတ်မတ်ထားရင်း ချက်ချင်းပြန်ပြောလိုက်သည်။

“ရှိပါတယ်ကိုယ်တော်”

အမှတ်တစ်ဆယ့်လေး မင်းသားမှာ အားတက်ထလို ပြန်ပြောလိုက်၏။

“ကဲ ပြောစမ်းပါဦး”

“ကျွန်တော့် နည်းက သိပ်တော့မဆန်းပါဘူး၊ ရှန်ကျင်ရဲ့ အကြံကို တန်ပြန်တဲ့သဘောပါ”

အမှတ်တစ်ဆယ့်လေးမင်းသားမှာ ယဲလိန်၏စကားကြောင့် ညှိုးငယ်နေသော မျက်နှာက အနည်းငယ် ကြည်စင်ဝင်းပသွားတော့သည်။

ယဲလိန်က ဆရာပေါက်အားကြည့်ကာ ခေါ်လိုက်သည်၊

“ဆရာပေါက်”

“ဘာပြောမလို့လဲ ညီလေးယဲ”

“ကျွန်တော်ဖမ်းပေးထားတဲ့ ဝပိုတန် ရှိသေးသလား”

ဆရာပေါက်က ချက်ချင်းပြန်ဖြေသည်။

"ရှိဘယ် ညီလေးယဲ"

ယဲလိန်က သဘောကျဟန်နှင့် တစ်ချက်ပြုံးလိုက်ပြီး ဆရာပေါက်အား ပြန်ပြောလိုက်သည်။

"ကောင်းပြီဆရာပေါက်၊ ဒါဆိုရင် ရှမ်းကျွင်ကကျွန်တော့်ထိုအပေါ် လုပ်သွားသလို ပုံစံတူလေး လုပ်လိုက်ပါလားဗျ။ ပါးလိုက်ရင် အေးရိုက်ရမှာပေါ့၊ ကဲ ဘယ့်နှယ်လဲ"

"ဟာ ကောင်းလိုက်တဲ့အကြံကွာ၊ တို့ မဟဲ့ဦးခေါ်မိတုံး၊ ဟား ဟား ဟား၊ ချွန်ကျွင်တော့ တူ့သဘောအကျိုးပေးတော့မယ်ဟေ့"

ဆရာပေါက်မှာ ဝမ်းသာလွန်းအားကြီး၍ ကျွမ်းထိုးတော့မတတ် ခုန်ပေါက်နေလေသည်။

ယဲလိန်ငယ်တေးကို နားမငြင်းသော အမှတ်တစ်ဆယ်လေး မင်းသားက မျက်မှောင်ကြီးကုတ်၍မေးသည်။

"နေဝမ်းပါဦးယဲလိန်၊ မင်းတို့က ဘာများသဘောကျနေကြတာလဲ"

ယဲလိန်က ကျေနပ်သလိုပြုံးရင်း....

"ကဲ ဆရာပေါက်ကပဲ ကိုယ်တော်လေးကို ရှင်းပြစမ်းပါဦး"

ဆရာပေါက် ကျေနပ်အားရသောမျက်နှာနှင့် ယဲလိန်အား ခေါင်းညိတ်ပြကာ အမှတ်တစ်ဆယ့်လေးမင်းသားလေးအား ရှင်းပြလိုက်သည်။

"ဒီလိုပါ ကိုယ်တော်လေး ကျွန်ုပ်တော်တို့မှာ ရှမ်းကျွင်ရဲ့လူယုံတော် ဝမ်ပိုတန်ဆိုတဲ့သူလျှိုကို ဖမ်းမိထားပါတယ်"

ဆရာပေါက်၏စကား ဇရုံရှိသေးသည်။ အမှတ်တစ်ဆယ့်လေးမင်းသားက ပါးစပ်မှ ပေါက်ခနဲ ထွက်သွားပြီး ဝင်မေးလိုက်သည်။

"ဒီကိစ္စကို ငါ သိမသိလိုက်ရပါလား"

"မသိဆို အဲဒီအချိန်က ကိုယ်တော်လေးအဆိပ်ဆေးသင့်နေတုန်းပဲကိုး"

အမှတ်တစ်ဆယ်လေးမင်းသားက သိချင်စိတ်နှင့်....

"ပြောပါ ဆက်ပြောစမ်းပါဦး"

ဆရာပေါက်က ဆက်ပြောသည်။

"ညီလေးယဲ့ရဲ့အကြံက ဒီလိုပါ ကိုယ်တော်လေး၊ ညီလေးယဲ့ ကိုယ်တိုင်ဖမ်းပေးသွားတဲ့ သူလျှိုစမ်းပိုဘန်းကို ကိုယ်တော်လေး လုပ်ကြံမှုနဲ့ တန်ပြန်စွဲချက်တင်ပြီး ဘုရင်ကြီးကို ပြန်တိုင်ဖို့ပါပဲ၊ ကျွန်တော်တို့မှာလဲ သက်သေအခိုင်အမာရှိနေတယ်မဟုတ်လား၊ ကိုယ်တော်လေးကို လုပ်ကြံတဲ့ကိစ္စကိုလဲ ထုတ်ဖော်လိုက်ရင် ရှန်ကျင်အပေါ်မှာ ဘုရင်ကြီးက အပြစ်မြင်လာမယ်လေ၊ ဒီလိုနှစ်ဦးနှစ်ဘက်ဖြစ်တဲ့ကိစ္စမို့ အမှုကအချိန်ဆွဲမှာ မသေချာတယ်၊ သူ့မနာကိုယ်မနာပေါ့၊ ခုတော့ ကိုယ်တော်လေးအပေါ်မှာ တစ်ဖက်စောင်းနင်း ဘုရင်ကြီးက အပြစ်မြင်နေတယ်မဟုတ်လား"

ဆရာပေါက်၏ရှင်းလင်းပြောကြားချက်ဆုံးတွင် အမှတ်တစ်ဆယ့်လေးမင်းသားလေး၏ မျက်နှာမှာ ကျေနပ်အားရဟန်နှင့် ဝင်းသိန်၍ လာတော့၏။

"ယဲ့လိန် မင်းရဲ့လျှပ်တစ်ပြက်အကြံက အင်မတန်ကောင်းပါလားကွာ၊ မင်းလိုလူမျိုး ငါ့ဘက်မှာရှိနေတာ ငါ့အဖို့

ဘာမှမကြောက်တော့ဘူး၊ ဒီကိစ္စအောင်မြင်ရင် မင်းလိုတဲ့ဆု ငါပေးဖို့ ကတိပေးတယ်"

အမှတ်တစ်ဆယ့်လေးမင်းသားမှာ ယဲလိန်အား ချီးကျူး၍ မကုန်နိုင်အောင် ဖြစ်နေသည်။ သူ့ရင်ထဲမှ လေးပင်နေသော ဒန်ထုပ်ဝန်ပိုးကြီးမှာ ယဲလိန်၏အကြံကြောင့် တစ်စထဲ အတွင်း ပြေပျောက်သလို ခံစားလိုက်ရသည်။

"ကဲ ဆရာပေါက် ဒီကိစ္စနဲ့ပတ်သက်ပြီး ခင်ဗျားနဲ့ယဲလိန် က တာဝန်ယူပေါ့၊ ထိရောက်အောင်လုပ်ကြဗျာ၊ မနက်ဖြန်မှာ ကျွန်တော် နန်းတော်သွားရင် တိုင်ကြားစာပါယူသွားမယ်၊ တွေ့ကြသေးတာပေါ့ကွာ"

ယဲလိန်က ဝမ်ပိုတန်အား သူလျှိုဖြစ်ကြောင်း မည်သို့ မည်ပုံ ဖော်ထုတ်လိုက်ပုံကို ဆရာပေါက်က အမှတ်တစ်ဆယ့် လေး မင်းသားလေးအား ရှင်းပြနေပြန်သည်။

အမှတ်တစ်ဆယ့်လေး မင်းသားလေးက ယဲလိန်အား အားကိုးတကြီး မေးလိုက်၏။

"ယဲလိန် ဒီကိစ္စနဲ့ပတ်သက်ပြီး မင်းအနေနဲ့ နောက်ထပ် ဘယ်လိုအကြံမျိုး တွေးမိထားသေးလဲ"

"အကောင်းဆုံးကတော့ မွန်ဂို သိုင်းညီနောင်တွေကို ကိုယ်တော်လေးက ယာယီချုပ်ထားသင့်တယ်"

"ဘာဖြစ်လို့လဲ"

"အခုလိုပြဿနာပေါ်တာကြားရင် ဒီလူတွေဟာ တစ်ခြား မင်းသား တစ်ပါးပါးဆီ ကူးပြောင်းခိုလှုံသွားမှာ စိုးလို့ပါ"

အမှတ်တစ်ဆယ့်လေး မင်းသားက ခေါင်းတဆတ်ဆတ် ညိတ်ရင်း....

"အင်း ငါသဘောပေါက်ပြီ၊ ငါ သဘောပေါက်ပြီ၊ ကိုယ့်ဘက်က စိတ်မချရတဲ့လူကို ကြိုတင်ကာကွယ်တဲ့အနေနဲ့ လက်ဦးမှုရယူထားရမယ်လို့ ဆိုချင်တာမဟုတ်လား"

"ဟုတ်ပါတယ်"

အမှတ်တစ်ဆယ့်လေးမင်းသားက ယဲလိန်၏ ထောင့်စေ့အောင် မြင်တတ်သောဉာဏ်နှင့် လုပ်ရည်ကိုင်ရည်ကို အလွန်သဘောကျသွားသည်။

"ယဲလိန် မင်းလိုချင်တာ တောင်းပေတော့၊ ဒီကနေ့ညတော့ ငါ ကောင်းကောင်းအိပ်ပျော်သွားပြီ၊ ဒါဟာ မင်းရဲ့ ကျေးဇူးပဲ"

ယဲလိန်က အမှတ်တစ်ဆယ့်လေးမင်းသားအား လေးနက်တည်ကြည်သောအသံနှင့် ပြန်ပြောသည်။

"ကျွန်တော်လိုချင်တဲ့ဆုကို ကိုယ်တော်လေး ပေးနိုင်မှာ မဟုတ်ပါဘူး"

အမှတ်တစ်ဆယ့်လေးမင်းသားက ယဲလိန်၏မျက်လုံးအစုံကို စူးစိုက်ကြည့်ကာ ...

"မင်းပါးစပ်က ထုတ်မပြောတော့ ငါ့အနေနဲ့ ဘယ်လိုလုပ်သိမှာလဲ"

"ကောင်းပါပြီ၊ ကျွန်တော်လိုချင်တဲ့ဆုက ကိုယ်တော်လေးရဲ့ ရင်ထဲ အသည်းနှလုံးထဲမှာ ကျွန်တော့်အပေါ် ယုံကြည်စိတ်ချတယ်ဆိုတာပါပဲ"

Scanned with ACE Scanner

အမှတ်တစ်ဆယ့်လေးမင်းသားမှာ ယဲလိုနီ၏စကားဆန်းကြောင့် အံ့အားသင့်ကာ ရယ်မောပြောဆိုလိုက်၏။

''ဟား ဟား ဟား ယဲလိန်ရာ မင်းဟာယ်ခက်ပါလားကွာ၊ ငါက မင်းအပေါ် ယုံကြည်စိတ်ချလို့ ငါ့ရဲ့ အခက်အခဲကို တွေကိုတောင် မင်းကိုပေါ်ပြီး တိုင်ပင်နေတယ် မဟုတ်လား ကွာ၊ ဒါများအဆန်းလုပ်လို့၊ ဒီပြင် မင်းလိုတာ တောင်းကွာ''

ယဲလိန်က ခေါင်းခါယမ်းပြပြီး....

''မဟုတ်ပါဘူး ကိုယ်တော်၊ ဒီအချိန်ထိ ကိုယ်တော် အပေါ်မှာ ကျွန်တော်သစ္စာစောင့်ပြီး အမှုတော်ထမ်းလာခဲ့တာပါ၊ ဒါပေမယ့် ကိုယ်တော့်ရဲ့ စစ်မှန်တဲ့ရုပ်လွှာကို ကျွန်တော် တစ်ခါမှ မမြင်တွေ့ခဲ့ရဖူးပါဘူး''

ယဲလိန်၏ ဆိုလိုရင်းကို အမှတ်တစ်ဆယ့်လေးမင်းသား သဘောပေါက်သွားသည်။

''အင်း ငါ့မှာ အခက်အခဲတွေ ရှိနေလို့ပါ ယဲလိန်ရာ တစ်နေ့နေ့မှာ မင်းဆန္ဒ ပြည့်ဝပါလိမ့်မယ်၊ ဒါဆိုရင် မင်း ကျေနပ်တော့၊ မင်းလိုချင်တဲ့ဆုတွေ မရသေးခင်စပ်ကြားမှာ ဘာဆုများလိုချင်သေးလဲ၊ ကဲ ပြောပေတော့''

''ဒါဆိုလဲတောင်းပါ့မယ်၊ ခုထိ ကျွန်တော့်မှာ ကြင်ဖက် သက်နှံ့အိမ်သူ မရှိသေးဘူး၊ ဒီတော့ ကိုယ်တော်လေးရဲ့ဂေဟာထဲက ရှက်ခင်လူကို ကျွန်တော်လိုချင်တယ်''

"အို ဒီမိန်းမလေးက ဒီအချိန်ထိ ဘယ်ယောကျ်ားလေးကိုမှ စိတ်ဝင်စားဟန်မပြဘူး၊ အင်မတန်တည်ကြည်ပြီး မာနကြီးတယ်၊ အဲဒါ မင်းမသိဘူးလား"

ကိစ္စမရှိပါဘူးကိုယ်တော်၊ ကျွန်တော်က အဲဒီလိုခက်ခဲတာမျိုးမှ လိုချင်တာပါ၊ အရေးအကြီးဆုံးက ကျွန်တော့်ကို အပိုင်စားပေးဖို့ပါပဲ၊ သူ့အချစ်ကို ရ,မရဆိုတာ ကျွန်တော့်ရဲ့ ကုသိုလ်ကံပါပဲ"

"ဟား ဟား ဟား၊ ယဲလိန် မင်းဟာ တော်တော်ထူးဆန်းတဲ့ လူတစ်ယောက်ပဲ၊ ကောင်းပြီ၊ ရှက်ဝင်လူကို မင်းသဘောဆန္ဒအတိုင်း ငါလိုက်လျောလိုက်တယ်"

အမှတ်တစ်ဆယ့်လေး မင်းသားမှာ ယဲလိန်အား လိုက်လျောခွင့်ပြုလိုက်ပြီး ထူးဆန်းပန်နှင့် စိုက်ကြည့်လိုက်ပြန်လေသည်။

မင်းသားမှာ ယဲလိန်အား ရွှေ ငွေ ကျောက်သံပတ္တမြား၊ အိမ် မြေ စသည်ဖြင့် အဖိုးတန်ပစ္စည်းများဖြင့် ဆုချချင်နေသည်။

"ယဲလိန် မင်းဆန္ဒကို ငါဆုချလိုက်ပြီ၊ မင်းအနေနဲ့ နောက်ထပ် ဘာများပြောချင်သေးလဲ"

အမှတ်တစ်ဆယ့်လေး မင်းသားက ယဲလိန်အား ရေလာမြောင်းပေးစကား ပြောလိုက်သည်။

"ကိုယ်တော်ရဲ့အကျိုးကို အခုလိုပြုလုပ်တာကို ရှန်ကျင်က ကျွန်တော့်အပေါ် မျက်မာန်ပွားမှာ သေချာပါတယ်"

"ဟုတ်သားပဲ မင်းက ဘယ်လိုဖြစ်စေချင်လို့လဲ"

"ကျွန်တော့်အပေါ် ဖြစ်ပေါ်လာမယ့် ဘေးအန္တရာယ်ကို ကိုယ်တော်လေးက ကာကွယ်ပေးဖို့ပါပဲ"

ယဲလိန်၏စကားကြောင့် အမှတ်တစ်ဆယ့်လေး မင်းသား လေးမှာ ယဲလိန်အပေါ် သံသယကင်းရှင်းသွားလေသည်။

"စိတ်ချစမ်းပါကွာ၊ ဒါများ ပြောစရာလိုသေးလို့လား၊ မင်းမရှိတဲ့တိုင်းပြည်မှ မဟုတ်တဲ့ဘဲ၊ သူက မင်းကိုလုပ်ကြံလာရင် ငါတစ်ယောက်လုံး ရှိပါသေးတယ် မပူပါနဲ့"

အမှတ်တစ်ဆယ့်လေး မင်းသားလေးက ယဲလိန်အား အာမခံချက်ပေးကာ ဝင့်ကြွားဟန်နှင့် ပြောလိုက်ပြန်သည်။

ဆရာပေါက်မှာ ယဲလိန်၏ကျေးဇူးကြောင့် ကြီးမားသော အန္တရာယ်ကို ကာကွယ်လိုက်နိုင်သဖြင့် ယဲလိန်အတွက် ဝင်ပြော ပေးလိုက်သည်။

"ကိုယ်တော်လေး ဘာဖြစ်လို့ ယဲလိန်ကို ရာထူးတိုးမြှင့် မပေးတာလဲ"

ဆရာပေါက်၏ စေတနာစကားကြောင့် ယဲလိန်က လက် ကလေး တစ်ခါခါနှင့် အလျင်စလိုပြောလိုက်သည်။

"အို အို မလိုပါဘူးဗျာ ကျွန်တော် ပြောပြီးပါပကော၊ ကိုယ်တော်လေးကသာ ကျွန်တော့်အပေါ် မေတ္တာထားနိုင် ရင် ကျွန်တော့်အဖို့ ဘာယ်ရာထူးမျိုးမှ မလိုပါဘူးခင်ဗျာ၊ ပြည့်စုံနေပါပြီ"

ဆရာပေါက်မှာ တဒင်္ဂအချိန်အတွင်း ပါးစပ်အဟောင်း သား ဖြစ်သွားသည်။ ထို့နောက် ယဲလိန်၏မျက်နှာကို ထဲ့

တသြစိုက်ကြည့်ကာ မယုံနိုင်စရာစကား၊ ရဟန်ဖြင့် အမှတ်တစ်ဆယ့်လေးမင်းသား၏ မျက်နှာကို ကြည့်လိုက်မိ၏။

မင်းသားလေးနှင့် ဆရာပေါက်တို့ အကြည့်ချင်းဆုံမိကြသည်နှင့် ကျေနပ် ဝမ်းမြောက်သွားကြကာ အော်ဟစ်ရယ်မောလိုက်ကြ၏။

"ဟား ဟား ဟား"

ဆရာပေါက်အနေဖြင့် အံ့အားသင့်ရ ဖြစ်မည်ဆိုလည်း ဖြစ်လောက်သည်။ ယဲလိန်ကဲ့သို့ ငယ်ရွယ်နုပျိုသော အဆင့်မြင့်သိုင်းသမားအဖို့ ငွေကြေးရထူးသည် မက်မောဖွယ်ရာကောင်းသော အရာများဖြစ်ကြသည် မဟုတ်ပါလား။

သို့သော် ယဲလိန်က အမှတ်တစ်ဆယ့်လေး မင်းသားကချီးမြှင့်မည်ဆိုသည်ကိုပင် ခါးခါးသီးသီး ငြင်းဆန်၍နေလေတော့သည်။

ထို့ကြောင့် အမှတ်တစ်ဆယ့်လေး မင်းသားလေးမှာ ယဲလိန်အား ပီတိဖြာဝေသောအကြည့်နှင့် ကြည့်ရင်း—

"ယဲလိန် မင်းလဲပင်ပန်းနေရောပေါ့၊ သွားလိုရာသွားနိုင်တယ်၊ အရေးအကြောင်းရှိရင် ငါ့ဆီကိုလာဖို့ မမေ့နဲ့နော်"

ယဲလိန်သည် အမှတ်တစ်ဆယ့်လေးမင်းသားအား အရိုအသေပေးပြီး ပြန်ထွက်လာခဲ့သည်။

\+ + +

ယဲလိန်က အမှတ်တစ်ဆယ့်လေးမင်းသားဂေဟာ ကြဲမှ လျှောက်လာနေသည်။

ပတ်ဝန်းကျင်ကား တိတ်ဆိတ်ခြင်းကသာ ကြီးစိုး၍နေ လေသည်။

သူ့အာရုံသည် အမှတ်စဉ်ရှစ်မင်းသား၏ ဂေဟာသို့ မရောက်။ ရှက်ဝင်လူ၏ချစ်စရာမျက်ဝန်းရိပ်ကိုသာ မြင်ယောင် ၍ နေလေသည်။

မကြာမီ ရှက်ဝင်လူ၏ အခန်းရှေ့သို့ ယဲလိန် ရောက်ရှိလာ လေသည်။

ပတ်ဝန်းကျင်တိတ်ဆိတ်မှုကြောင့် ယဲလိန်၏ရင်ထဲ၌ ရှက် ဝင်လူအတွက် စိုးကြောင့်ကြစိတ်ဝင်လာမိသည်။

"ဟင်း ဒီမိန်းကလေး အခန်းထဲမှာ မရှိဘူးနဲ့တူတယ်၊ ဘယ်သွားနေလည်ပါလိမ့်"

ထို၌ အခန်းထဲမှ ရှက်ဝင်လူ၏လှုပ်ရှားသံ သဲ့သဲ့ကြား လိုက်ရ၍ ယဲလိန်၏ရင်ထဲ ပျော်ရွှင်သွားမိသည်။

"ညီမလေးက ဘယ်သူ့ကိုမျှော်နေတာလဲဟင်"

ယဲလိန်က ကြည်နူးစိတ်နှင့်ပြောရင်း လူက ရှက်ဝင်လူ၏ အခန်းထဲသို့ ရောက်ရှိသွားတော့၏။

"ဟယ် အစ်ကို"

ဣန္ဒြေရှင် ရှက်ဝင်လူ၏ အံ့အားတသင့် ပြောသံလေးက ရွှင်ခြည်းထွက်ပေါ်လာပြီး သူမ၏မျက်နှာလေးမှာ ကြည်စင် ဝင်းပသွားတော့၏။

ယဲလိန်က စကားမပြောဘဲ ရှက်ဝင်လူအား မြတ်နိုးစိတ်နှင့် ရှုန်းရှိန်းစားစားကြည့်ကာ သူမ၏ဘွယ်လျသော ခန္ဓာကိုယ်ကို အားပေါ်းတရားပွဲ ဖက်ထားလိုက်၏။

ရှက်ဝင်လူ၏မျက်နှာမှာ ရှက်သွေးဖြာဝေသွားသည်။

"ကြည့်စမ်း၊ အစ်ကိုနေဘ် ဘောင်တော်အတာရှိနေပါလား၊ အစ်ကို့ကို သူတို့လုပ်ကြံကြတော့မယ်"

ရှက်ဝင်လူ၏ခန္ဓာကိုယ်လေးမှာ ကတုန်ကယင် ဖြစ်နေရှာသည်။ သူမက ယဲလိန်အဘွက် သောကစိုးရိမ်စိတ်ဖြင့် သတိပေး ပြောကြားပြီး ယဲလိန်၏လက်အတွင်းမှ ရုန်းထွက်လိုက်လေသည်။

ယဲလိန်က ရှက်ဝင်လူအား လွှတ်မပေးဘဲတိုးဖက်ရင်း....

"ဘယ်သူက ဘယ်လိုပဲလုပ်ကြံကြပါစေ၊ နေလက်ယ်တော်ကို လုပ်ကြံမယ့်လူတာ ညီမလို မိန်းမချောလေးဖြစ်ရင် ဘယ်လိုလူစားမျိုးမှ လုပ်ကြံလို့မရနိုင်ဘူး၊ အဲဒါကိုကော ညီမ သိရဲ့လားဟင်"

ရှက်ဝင်လူမှာ ယဲလိန်၏အယုအယကြားတွင် ရင်ထဲဖိုဖိုနှင့် ကျေနပ်နေမိရှာသည်။

သူ့စိတ်ထဲ၌လည်း ချစ်သူနှင့် ယှဉ်တွဲနေရခြင်းကြောင့် ရင်ဖိုကြည်နူးရသည်ကတစ်မျိုး။ ယဲလိန်အတွက် စိုးရိမ်ပူပန်ရသည်ကတစ်သွယ်နှင့် ဗျာများနေပြန်သည်။

"အစ်ကိုတလဲနေဘ်၊ ပြောရခက်လိုက်တာ တကယ်ပါပဲ၊ ကောလွှတ်ပါဦး၊ ထော်ကြာ ကောင်မလေး ရှန်ကြွင်းပြန်လာရင် ရှက်စရာကြီး"

အသာအယာရှုန်းသည်။

ရှက်ဝင်လူက အသာအယာရှုန်းသည်။

သို့သော် ယဲလိန်ကလွှတ်မပေးသဖြင့် မလွတ်သာဘဲဖြစ်နေသည်။

ယဲလိန်မှာ ရှက်ဝင်လူအား အချစ်ရည်ရွှန်းလဲ့သော အကြည့်နှင့်ကြည့်ကာ...

"မလာပါဘူးညီမရယ်၊ ပူပန်မနေပါနဲ့"

ရှက်ဝင်လူက ယဲလိန်အား နှုတ်ခမ်းလေးစူပြပြီး စကားနာထိုးလိုက်၏။

"တော်ပါ ခုမှလာပြီးချွဲမနေပါနဲ့၊ မြေးဇမ်း ဘယ်က မိန်းမချောဆီသွားနေလို့ အစ်ကိုပျောက်နေတာလဲဟင်၊ ညီမတော့ မျှော်လိုက်ရတာ လည်ပင်းကိုညောင်ရေအိုးလေးဖြစ်လို့ သိရဲ့လား"

ယဲလိန်က ရှက်ဝင်လူ၏ ပခုံးသားနုနုလေးကို ငုံ့ဖွဖွ ဆုပ်ကိုင်ရင်း စိုက်ကြည့်နေသည်။

"ဘယ်မိန်းကလေးဆီမှ မသွားပါဘူးဗျာ၊ ဒီလေးရက် အန္တရာယ်ထူထပ်နေတဲ့ကြားထဲ အချိန်နဲ့အမျှ လှုပ်ရှားလုပ်ကိုင်နေရလို့ ညီမဆီမရောက်ရတာပါ၊ ညီမ ယုံရင် အစ်ကိုကျိန်ပြပါမယ်"

ရှက်ဝင်လူက ယဲလိန်အား ချစ်မျက်စောင်းလေးထိုးကြည့်ရင်း....

"ဒီကမယုံပါဘူးနော်၊ အစ်ကိုတို့ယောကျ်ားတွေက လျှာအရိုးမရှိတိုင်း ပြောတတ်ကြတာပဲ၊ ကဲ ဒါတွေထားပါဦး၊ ညီမပို့လိုက်တဲ့စာကော အစ်ကိုရရဲ့လားဟင်၊ အဲဒီပြဿနာ

ကို ဘယ်လိုရှင်းကြမယ်လဲ၊ ညီမလေး အစ်ကို့အတွက် ရေရေလည်လည် စိတ်ညစ်သွားမိတယ် သိလား"

ယဲလိန်က ရှက်ဝင်လူအား နှစ်သိမ့်အားပေးရင်း ပြုံးပြလိုက်သည်။

"ပူမနေပါနဲ့ ညီမရယ်"

"ဘြော် ပူမနေပါနဲ့ ဟုတ်လား၊ ဒီညီ မိုးမီးလောင်မယ့်ကိစ္စမျိုးကို အစ်ကိုမို့ အေးအေးလူလူ ပြောချက်တယ်"

ယဲလိန်က ရှက်ဝင်လူအား သူ၏အဖြစ်အပျက်များကို ပြန်ပြောင်း ပြောပြလိုက်သည်။

"အဲဒါကြောင့် ဟောဒီက အလှမယ်ညီမကို အစ်ကိုက ဖိုင်မနေပါပြီခင်ဗျာ၊ ကဲ သဘောကျချင်သေးသလား"

ယဲလိန်၏ နောက်ပြောင်ကျီစယ်မှုကို ရှက်ဝင်လူ၏ နှလုံးသားမှ ရင်တလှပ်လှပ် တုန်ခါလျက်ရှိသည်ဟု ခံစားနေမိတော့သည်။

သူမ၏ ညို့မျက်ဝန်းအစုံသည် ပို၍ ရွှန်းလက်တောက်ပလာနေသည်။ ယဲလိန်၏စကားကို ပျားသကာအလား နားထောင်နေရှာရင်း ရှက်ဝင်လူမှာ အသက်ရှူရန်ပင် မေ့လျော့နေပေသည်။

ယဲလိန်၏ ပြောစကားများသည် ရင်ထဲမှစကားများဖြစ်ကြောင်း ယုံကြည်ခံစားမိကာ သူမ၏ နှလုံးသားသို့တိုင် ပျော်ဝင် ပျံ့နှံ့သွားတော့၏။

မောင်ဘေပိုင်းက ယဲလိန်အတွက် ကြောင့်ကြ စိုးရိမ်စိတ်များသည် သူမမျက်နှာပေါ်၌ ယခုမူ ကြက်ပျောက်ငှက်ပျောက် ဖြစ်၍သွားတော့၏။

ရှက်ဝင်လူက နူးညံ့သော သူမ၏ လက်ဖဝါးများနှင့် ယဲလိန်၏ လက်မောင်းအိုးကြီးကိုပင် ကယောင်ကတမ်း ဆုပ်ကိုင်လိုက်မိသည်။

အမှတ်တစ်ဆယ့်လေးမင်းသားပေးသော ရွှေ ငွေရာထူးကိုပယ်ကာ သူမကိုတန်ဖိုးထားသော ယဲလိန်၏မေတ္တာကို ရှက်ဝင်လူက မြတ်မြတ်ဆင်တင် မြင်လိုက်မိ၏။

ယဲလိန်က ရှက်ဝင်လူအား သူ့ရင်ခွင်ကျယ်ကြီးအတွင်းသို့ လွင့်ထွက်သွားမည် စိုးသည့်အလား ဆွဲသွင်း ဖက်တွယ်ထားလိုက်၏။

ဤအချိန်တွင် ယဲလိန်နှင့် ရှက်ဝင်လူတို့အဖို့ အရာရာတိုင်းသည် သာယာလှပ၍နေလေသည်။

ယဲလိန်က ရှက်ဝင်လူအား ရှတ်ခြည်း အသာအယာတွန်းခွာရင်း သက်ပြင်းမောကို ကျိတ်၍ချသည်။

"အခုရေးကောင်းတုန်း ဒိန်းဒေါင်းဖျက်ပြန်ပြီ ညီမရယ်"

ယဲလိန်က အခန်းအပြင်သို့ နားစွင့်လိုက်သည်။

ရှက်ဝင်လူက—

"အင်း ရှန်ကြွင်ခြေသံပါ၊ ဒီကောင်မလေး ပြန်လာပြီထင်ပါရဲ့"

ယဲလိန်က အံ့ကြိတ်ရင်း ရယ်မောပြောသည်။

"ဒီကောင်မလေးကို သေဒဏ်ပေးဖို့တောင် ကောင်းနေပြီ"

ရှက်ဝင်လူမှာ ယဲလိန်၏အမူအရာကိုကြည့်ပြီး ရယ်ချင်စိတ်ကို မျိုသိပ်မရနိုင်အောင် ဖြစ်နေမိသည်။

"ခစ် ခစ် ခစ် အစ်ကို ဆုတောင်း မပြည့်ဘဲကိုး"

ယဲလိန်က ချောင်းဟန့်သံပေးလိုက်သည်။

"ဟုင် ကိုယ်တော်လေးပါလား၊ ဘယ်တုန်းက ရောက်နေတာလဲဟင်"

ရှန်ကြွင်က ပြုံးဖြီးဖြီးမျက်နှာနှင့် အခန်းတွင်းသို့ ဝင်လာသည်။ ရှက်ဝင်လူမှာ ရှက်စိတ်များကြောင့် သူမမျက်နှာပေါ်သို့ နှင်းဆီနီရောင် သမ်းလျက်ရှိသည်။

ရှန်ကြွင်၏မျက်နှာကိုပင် ရှက်ဝင်လူ ရဲရဲမကြည့်ဝံ့ပေ။

ယဲလိန်က ရှန်ကြွင်းကို တရင်းတနှီးနောက်ပြောင်လိုက်၏။

"ဘယ်လိုသဲမိန်းကလေး မတွေ့ရတာတောင်ကြာပြီ၊ နေကောင်းရဲ့နော်"

"ကျွန်မကတော့ အမြဲတမ်းနေကောင်းပါတယ်ကိုယ်တော်လေးရဲ့၊ မမရှက်ဝင်လူသာ တစ်ခါတစ်ရံ နေမကောင်း ဖြစ်တတ်တာပါ၊ ကိုယ်တော်လေး စာရပြီးပြီထင်ပါရဲ့"

ရှက်ဝင်လူမှာ ရှန်ကြွင်း၏စကားကြောင့် ရှက်စိတ်များ မွန်သွားကာ ခေါင်းမဖော်ရဲတော့ပေ။

ယဲလိန်က ရှန်ကြွင်းအား စကားလွှဲပြောင်းပေးလိုက်သည်။

"ဒါနဲ့ မင်းကိုမေးရဦးမယ်၊ ငါ့အခန်းထဲကို စာရောက်အောင် မင်း ဘယ်လိုပို့လိုက်တာလဲဟင်"

ရှန်ကြွင်းက ခပ်သဲ့သဲ့ပြုံးရင်း....

"အဲဒီကိစ္စသိချင်ရင် မမရှက်ဝင်လှူကိုသာ ကိုယ်တော်လေး မေးကြည့်ပါလား"

ယဲလိန်က ရှက်ဝင်လှူအား ပြုံးကြည့်ရင်း...

"ယဲလိန်မသိတာ ဘာမှမရှိဘူးလို့ ထင်ထားခဲ့တာ မှားပြီ၊ စာကို အနေအထဲရောက်အောင် ဘယ်လိုပို့သလဲဆိုတာ စဉ်းစားလို့တောင် မရဘူး"

ယဲလိန်၏ ညည်းညူစကားကြောင့် ရှက်ဝင်လှူ ရယ်ချင်သွားမိသည်။

ရှက်ဝင်လှူက....

"ညည်းမနေစမ်းပါနဲ့ အစ်ကိုရယ် ညီမပြောပြပါမယ်၊ အမှတ်ရှစ်မင်းသား၏ ဂေဟာထဲမှာ ကျွန်မရဲ့လူရှိတယ်၊ စာကို အဲဒီမိန်းကလေးကပဲ ပို့ပေးလိုက်တာပါတဲ့ရှင်၊ ကဲ ရှင်းသွားပြီလား"

ယဲလိန်မှာ ပါးစပ်အဟောင်းသားနှင့် ရှက်ဝင်လှူအား တအံ့တဩကြည့်ရင်း မေးလိုက်သည်။

"အိုး ကြောက်နေရပါလား၊ ဒီလိုဆို အစ်ကိုဘာလုပ်လုပ် ညီမ သိနေရမှာပေါ့နော်"

ယဲလိန်မှာ မလုံမလဲစိတ်နှင့် ရှက်ဝင်လှူအား ယောင်တိယောင်ကန်း စိုက်ကြည့်နေမိသည်။ ရှယ်ဝင်လှူက ယဲလိန်အား မျက်ခစောင်းထိုးပြီး နှုတ်ခမ်းစူကာ ပြန်ပြောသည်။

"သိတယ်ရှင့် အားလုံးသိတယ်၊ ရှင် အဲဒီဂေဟာထဲမှာ မိန်းကလေးတွေနဲ့ရှုပ်တာလဲ သိတာပဲ"

ရှန်ကြွင်းက အလိုက်သိတတ်စွာနှင့် ယဲလိန်အား ကြားဝင်ပြောသည်။

''ကိုယ်တော်လေး၊ ဒီမှာပဲ ထမင်းစားသွားပါလားဟင်''

ရှန်ကြွင်းမှာ ယဲလိန်၏အဖြေကိုပင် မစောင့်တော့ဘဲ အခန်းအပြင်သို့ ရှောင်ထွက်သွားတော့သည်။

ရှက်ဝင့်လူက ယဲလိန်အပေါ် တာရှည် စိတ်မဆိုးနိုင်ဘဲ မေးပြန်သည်။

''ဩြော် အစ်ကို့ကိုမေးရဦးမယ်၊ ခုချိန်မှာ ဗီမင်းသားတွေကြားထဲ အစ်ကို ဘာဆက်လုပ်ဦးမယ်လဲဟင်''

ယဲလိန်က ရှက်ဝင်လူကြားသာရုံမျှ လေသံလေးနှင့် ပြောလိုက်သည်။

''အချင်းချင်း မညီညွတ်အောင် ဆက်လုပ်ရမယ်၊ တစ်ယောက်အင်အားကို နောက်တစ်ယောက်အင်အားနဲ့ တူအောင် ကြံရမှာပဲ၊ ဒါမှလဲ ဒီမင်းသားတွေ မီးနဲ့ရေလို ဖြစ်နေကြမှာပေါ့''

''အစ်ကိုလုပ်နိုင်စွမ်းရှိတာတော့ သိပါတယ်၊ ဒါပေမယ့် အစ်ကို သိပ်ာင်ပန်းမှာပဲနော်၊ ခုအချိန်က ကာလကဆိုးပါဘို၊ သူခိုးတလူလူ အလေ့ပေါက် မင်းမူနေတယ်၊ အိမ်သူကို သော်စောင်း၊ သူကောင်းကိုအပြစ်ရှင်တဲ့ ကာလပဲလေ၊ ညီမလဲ အစ်ကိုနဲ့အတူတူ ကြိုးစားဝန်းရှက်သွားမှာပါနော်''

ယဲလိန်က ပြုံးရယ်ရင်း ချစ်စနိုးပြောသည်။

''ဒါပဲသား ညီမရယ်''

ရွက်ဝင်လှူထံမှ မျက်စောင်းလေးက ယဲလိဂ်ထံ လှစ်ခနဲ ရောက်လာသည်။

"အစ်ကိုနော် ဒီက စကားအကြောင်းပြောနေတာ ပေါ့ ရွှတ်ရွှတ် မလုပ်ပါနဲ့ အစ်ကို"

ထိုစဉ် ရွှန်ကြွင်းက ယဲလိဂ်အတွက် ရေနွေးကြမ်းယူလာပေးသည်။

တစ်ဦးကိုတစ်ဦး ပြောမဆုံးပေါင် တောသုံးတောင်ဖြစ်နေကြစဉ် ရွှန်ကြွင်း၏အသံက ကြားဖြတ်ပေါ်လာပြန်သည်။

"ထမင်းစားကြရအောင် ကိုယ်တော်လေးနဲ့ မမ ရွက်ဝင်လှူ"

သုံးယောက်သား စားသောက်ရင်း စကားတွေဖောင်ဖွဲ့နေကြသည်။

ထမင်းစားပြီးချိန်တွင် ယဲလိဂ်နှင့်ရွက်ဝင်လှူမှာ ပျော်ရွှင်ကြည်နူးနေကြသည်။

ရွှန်ကြွင်းက ပန်းကန်ပြားကိုသိမ်းဆည်းရင်း ရှောင်ဝိုတ်ထွက်သွား၍ သူတို့ ပို၍လွတ်လပ်နေသည်။

ယနေ့တွင်မူ ရွက်ဝင်လှူ၏ အာရုံသည် လန်းဆန်းသစ်လွင်တက်ကြွနေသည်။ ချစ်ကျွမ်းတဝင် နေချင်လှသောယဲလိဂ်နှင့် ကရုဏာ အကြင်နာ ဆုပေးနေ၍ ရင်ခုန်ရခြင်းကိုပင် မကော်မမာ တွေ့ကြာနေမိအံ့။

ယဲလိဂ်၏ ယောကျ်ားပီသလွန်းသော လုပ်ဆောင်မှုများက ရွက်ဝင်လှူအားရင်ထဲ စွဲကာစား ချစ်ခင်နေမိ၏။ ဇာစ်ဆက် တည့်၊ ယဲလိဂ်၏ တည်ကြည်၍ တောက်ပသော မျက်လုံးအစုံ

ကလည်း သူမ၏ အသည်းနှလုံးသို့ဘိုင် ထွင်းဖောက်ဝင်ရောက်သွားတော့သည်။

သူမ ပျော်နေသည်။

ထာဝစဉ် တည်တည်ငြိမ်ငြိမ်ရှိတတ်သော သူမ၏ မျက်နှာလေးမှာ နှင်းဆီအာဝါပန်းပမာ ကန့်ရွှင်နေသည်။

ယခုလိုမိန်းမချုံးပေါ်သို့ မှိန်ခွဲသွားသော သူမတစ်ကိုယ်လုံးမှာ ကြက်သီးမွေးညင်းများပင် ထနေသည်။

"အစ်ကို"

ရှက်ဝင်လူ၏ ခေါ်သံက တိုးညင်း သာယာလှသည်။

"ဟင်"

"ညီမကို ဘကြာကြာ ပစ်မသွားနဲ့နော်၊ အစ်ကိုမလာရင် ညီမကိုယ်ညီမ သတ်သေပစ်လိုက်မယ် သိလား"

ယခုလိမ်မှာ ရင်ထဲထိတ်ထိတ်နှင့်....

"အို ဒီလိုတော့ မလုပ်လိုက်ပါနဲ့ဗျာ၊ ခုအချိန်ကစပြီး ညီမဆီက အစ်ကို တစ်ခါမှ မခွာမရှိလာလို့ ရပါပြီ"

"ညီမတော့လေ ညီမအနားမှာ အစ်ကို ကို အမြဲ နေစေချင်တယ်၊ ဒါပေမယ့် ခုတော့ ပြန်စေချင်ပြီ"

"ဘာဖြစ်လို့လဲဟင်၊ ဩော် သိပြီ၊ အစ်ကို ခုပဲ ပြန်တော့မယ်၊ အချိန် သိပ်လင့်နေပြီ"

ရှက်ဝင်လူက ကျိတ်၍ သက်ပြင်းချလိုက်၏။

"အစ်ကို ပံပလွေတွေကြားမှာ အန္တရာယ် သိပ်များတယ် သတိမလစ်စေနဲ့၊ ညီမတော့ အစ်ကို့အတွက် စိုးရိမ်မိတယ်"

ယဲ့လိန်က ရှက်ဝင်လူ စိတ်ချမ်းမြေ့စေရန် နှစ်သိမ့်လိုက်သည်။

“သိပါတယ် ညီမရယ်၊ အစ်ကိုဟာ ရန်သူကို အထင်မကြီး၊ သလို အထင်လဲ မသေးပါဘူး၊ နားနဲ့မျက်စိကို အမြဲဖွင့်ထားပါ့မယ်”

“အဲ အင်း အစ်ကို့မှာက တိုင်းပြည်နဲ့ လူမျိုးအတွက် ကြီးမားတဲ့တာဝန်ကြီးက ရှိနေသေးတယ်၊ ပြီးတော့ စိတ်အလိုလဲ သိပ်မလိုက်ပါနဲ့နော်”

ယဲ့လိန်က အသာအယာ ပြုံးပြရင်း....

“ညီမရဲ့မှာစကားကို အစ်ကို အမြဲတမ်း သတိရနေမှာပါ၊ ကဲ အစ်ကိုသွားမယ်”

Scanned with ACE Scanner

## အခန်း ( ၈ )

ယဲလိန် ပြန်ရာ လမ်း တစ်လျှောက်တွင် ရှက်ဝင်လှ၏ မှာ စကားများကို ပြန်လည်ကြား‌ယောင်နေမိသည်။

ယဲလိန်အား တဒင်္ဂ သာယာမှု နောက်သို့ မလိုက်စေဘဲ တိုင်းပြည် အကျိုးကို ဆတက် ထမ်းပိုး ရွက်ဆောင်နိုင်ရန် စေတနာစကား ပြောကြားခြင်းဖြစ်ကြောင်း ယဲလိန် ယုံကြည်မိသည်၊

မိမိကလည်း မိမိအကျိုးမျှော်ကိန်း၍ ဤအလုပ်ကို လုပ်နေခြင်း မဟုတ်ကြောင်း မိမိကိုယ်မိမိ [illegible]သည်။

ယဲလိန်မှာ အမှတ်ရဉ်ရှစ်မင်း[illegible]သား၏ ဂေဟာဆတွင်း ဝင်လိုက်သည်နှင့် ကျေးလွန်က [illegible]စအတိုင်းဆီးကြို နေလေသည်။

"ကိုယ့်ဆရာတို့များ သိပ်ပြီး စန်းပွင့်နေတာ ပါပဲလား
ဗျာ"

ဂေဟာခမ္ပူးကေုးလွန်၏ ထေရင်းမရှိ၊ အဖျားမရှိ စကား
ကြောင့် ယဲလိန်က ပြန်မေးလိုက်သည်။

"ဘာဖြစ်လို့ ကျုပ်ကို ချီးကျူးနေရတာလဲဗျ"

ကေုးလွန်က မျက်နှာ မချိုမချဉ်လုပ်ပြီး...

"သိချင်ရင် ပန်းခြံထဲသွားတော့ ဟိုရောက်ရင်ဘာဖြစ်လို့လဲ
ဆိုတာ အဖြေပေါ်မှာပေါ့ ကိုယ့်ဆရာ"

ကေုးလွန် လှည့်ထွက်သွားသဖြင့် ယဲလိန်က ပန်းခြံဘက်သို့
ခြေဦးလှည့်လိုက်ရသည်။

သူ၏စိတ်ထဲတွင်မူ မင်းသမီးလေး မေယီရောင်က သူ့အား
လာရောက်စောင့်ဆိုင်းနေသည်ဟု ထင်နေမိခဲ့သည်။

ပန်းခြံအတွင်း ရေများမှာ တဖွားဖွား ကျနေလျက်ရှိသည်။
အုတ်ခုံကလေးပေါ်တွင် နန်းတွင်း အဝတ်အစား ဝတ်ဆင်
ထားသော မင်းသမီးလေး မေယီရောင်နှင့် ဟန်လူမျိုးတို့
ရိုးရာအဝတ်အစား ဝတ်ဆင်ထားသည့် မိန်းမချောလေး
တစ်ယောက်ကို ယဲလိန် မြင်တွေ့လိုက်ရသည်။

ယဲလိန်မှာ အနည်းငယ် အံ့သြသွားမိသည်။

မေယီရောင်၏အစ်မမင်းသမီးကြီး ဖြစ်နေမည်လားဟူသော
အတွေးနှင့် ယဲလိန် အခေါ်အချော လှမ်းကြည့်လိုက်သည်။

ဟန်လူမျိုး အဝတ်အစားနှင့် အမျိုးသမီးမှာ ခန္ဓာကိုယ်
အချိုးအဆစ် ပြေပြစ်လှသည်။ ထို့အပြင် ယဉ်ယဉ်ကလေးနှင့်
ချောမောနေသော မိန်းမပျိုတစ်ယောက် ဖြစ်နေသည်။

Scanned with ACE Scanner

ထိုအမျိုးသမီးက မင်းသမီးလေး မေယိရောင်နှင့် စကား လက်ဆုံကျနေဟန် တူ၏။

ယဲလိန်က ထိုအမျိုးသမီးကို မမြင်တွေ့ဖူးသဖြင့် အလျင်အမြန် ချဉ်းကပ်သွားမိသည်။

"အင်း လှလွန်းဆေပါလား၊ ဒီအလှမျိုး တစ်သက်မှာ မမြင်ဖူးသေးဘူး၊ အပြစ်ဆိုဖို့ မြူတင်မှုန်စာတောင်မတွေ့ရတဲ့ ခြောက်ပင်ကင်းသဲလဲစင်လေးပဲ၊ သာမန်လူသားတစ်ယောက်မှ ဟုတ်ပါရဲ့လား"

မိန်းမချောပေါင်းများစွာကို ယဲလိန် မြင်တွေ့ဖူးသည်။ ယဲလိန်ရင်ထဲ၌ ယခုကဲ့သို့ တစ်ကြိမ်တစ်ခါမျှ မလှုပ်ရှားခဲ့ဘူးသေးပေ။

ယဲလိန်၏ ခြေသံကြားလိုက်ရသည့် မေယိရောင်က ဆတ်ခနဲ လှည့်ကြည့်ရင်း ယဲလိန်အား နှုတ်ဆက်လိုက်သည်။

"ဟော အစ်ကိုယဲ ပြန်လာပြီကိုး"

မင်းသမီးလေး မေယိရောင်မှာ ရှင်လန်းတက်ကြွ၍နေလေသည်။

ရင်းကဲ့သို့ ယဲလိန်အားနှုတ်ဆက်ပြီး ဟန်လူမျိုးအဝတ်အစားနှင့် မိန်းမပျိုရှိရာသို့ လှမ်းပြောလိုက်သည်။

"ကျွန်မပြောပြောနေတဲ့ ပြိုင်း[illegible]ား သိုင်းသမားဆိုတာ သူပဲပေါ့မမချို၊ ကဲ ညီမပြောတာ ဟုတ်မဟုတ် စစ်ဆေးလိုက်ပါဦးရှင်"

မိန်းမပျိုက ယဲလိန်ကို လှည့်ကြည့်လိုက်သည်။ သူမ၏ မျက်ဝန်းလဲ့ပြာပြာကြီးသည် ယဲလိန်၏ရင်အား ပူတစ်ချက် အေးတစ်လှည့် ခံစားစေရသည်။

သူ့တစ်သက်တာတွင် ယခုကဲ့သို့နူးညံ့သော တည်ငြိမ် အေးဆေးသည့် အလှပိုင်ရှင်မျိုးကို ယခုမှ တွေ့မြင်ဖူးခဲ့ရခြင်း အတွက် စိတ်ထဲ၌ မကျေမချမ်းဖြစ်မိသေးသည်။

"အင်း ဒီမိန်းကလေးမျိုးဟာ အနုညာတထဲကတော့ လုံးဝမဖြစ်နိုင်ဘူး"

ယဲလိန်၏အတွေးကို မေယိရောင်၏စကားသံက ဖြတ် တောက်ပစ်လိုက်သည်။

"အစ်ကို မမချိုဟာ ညီမအမေကမွေးစားခဲ့တဲ့ အစ်မ တစ်ယောက်ပါ"

ယဲလိန်မှာ လှုပ်ရှားသွားမိသောစိတ်ကို သတိနှင့်ပြန်ထိန်း ချုပ်ရင်း မေးမြန်းလိုက်သည်။

"နာမည်ကဘာယ်လိုခေါ်သလဲ ညီမယိရောင်"

မမချိုဟုခေါ်သော မိန်းမပျိုက မေယိရောင်၏ကိုယ်စား ယဲလိန်၏အမေးကို ကြားဖြတ်ဖြေကြားလိုက်သည်။

"ကြုံးစွန်ချိုလို့ ခေါ်ပါတယ်အစ်ကို"

ယဲလိန်က ရိုးသားအန်စင်သောအပြုံးနှင့် ပြန်ပြောသည်။

"မိန်းကလေးကြုံးစွန်ချိုနဲ့ ခုလို တွေ့ဆုံသိကျွမ်းရတာ ကျွန်တော် သိပ်ဝမ်းသာပါတယ်ခင်ဗျာ၊ ကျွန်တော့်အမည်က ယဲလိန်လို့ ခေါ်ပါတယ်"

"ဟုတ်ကဲ့ရှင့် ကျွန်မလဲ ထပ်တူထပ်မျှ ဝမ်းသာပါတယ်"

မေယီရောင်က အသံလွင်လွင်ကလေးနှင့် ဝင်ပြော၏။

"မမချီ ကျွန်မပြောတဲ့စကားအတိုင်း ဟုတ်ရဲ့လား၊ ဝေဖန်မှုလေးလဲလုပ်ပါဦး၊ ဘာမှအားနာနေစရာ မလိုပါဘူး၊ အစ်ကိုနဲ့ကျွန်မက လူရင်းတွေပါ"

ကြိုးစွန်ချီက ပြုံးရယ်ရင်း....

"ညီမချစ်သူကတော့ ဥပတိရုပ်ခန့်ညားတာအမှန်ပဲ၊ အညတရ ပုဂ္ဂိုလ်ထဲကတော့ မဟုတ်နိုင်ဘူး၊ ဒါပေမယ့် သူ့ရဲ့ အတွင်းစိတ်သဏ္ဌာန်ကိုတော့ ခုမှ မြင်တွေ့ ဆက်ဆံဖူးတာဆိုတော့ ဝေခွဲလို့မရသေးပါဘူး"

ယဲလိန်က အလျင်အမြန်ပြန်ပြော၏။

"အို ရွှေမင်းသမီးလေး ယီရောင်က ကျွန်တော့်အပေါ် ပုဂ္ဂိုလ်ရေးခင်မင်မှုနဲ့ တမင်မြှောက်စားပါခင်ဗျာ၊ ကျွန်တော်ဟာ လူထဲက လူတစ်ယောက်ပါပဲ"

ယဲလိန်မှာ အသံမတုန်စေရန် ကြိုးစား၍ ပြောနေရ၏။ သူ့တစ်ကိုယ်လုံးရှိ သွေးများက ပွက်ပွက်ဆူနေသလားဟုပင် ထင်မှတ်ရအောင် တဒိန်းဒိန်းတိုးကာ ထူပူလာ၏။

ကြိုးစွန်ချီက....

"ခုတော့ ဒီကအစ်ကိုကို ကျွန်မတစ်ခုတော့သဘောပေါက်သွားရပြန်ပြီ"

သွက်လက်လှနိုးလှသော မေယီရောင်က ဝင်မေး၏။

"ဘာများလဲ မမချီ"

"စကားအပြောကောင်းတာကတော့ အမှန်ပဲမလ"

"ကျွန်တော်ဟာ သာမန်လူတစ်ယောက်မို့ အမှန်အတိုင်း ပြောပြနေတာကို စကားပြောကောင်းတယ်လို့ မမြင်စေချင် ပါဘူး ခင်ဗျာ"

ကြိုးစွန်ချိုက ပျာပျာသလဲ တောင်းပန်၏။

"ကျွန်မပြော ဘာက ဒီမြင်သာတာနဲ့ပြောတာ မဟုတ်ပါ ဘူး ရှင်၊ တစ်ဖက်သားနားဝင်အောင် ပြောနိုင်တဲ့အကြောင်းကို သဘောရိုးနဲ့ပြောတာပါ"

ဖွဲလိန်က မေယိရောင်အားကြည့်ရင်း…

"ပြော် ဒါနဲ့ ညီးယိရောင်ကို မတွေ့တာတောင် ကြာပြီ၊ ဘာများ အလုပ်ရှုပ်နေသလဲဟင်"

မေယိရောင်က ရှက်ရွံ့နီးဖြစ်ဟန်နှင့်…

"အဟင်း ဘာရယ်လို့တော့ မဟုတ်ပါဘူး၊ အလုပ်တော့ ရှုပ်နေတာပါပဲလေ၊ ဒါနဲ့ အစ်ကိုကရော ဘယ်သွားနေတာ လဲ၊ ညီမတို့က အစ်ကို့ကိုတွေ့ချင်လို့ စောင့်တောင်နေရတယ်"

"ကိုယ်တော်ပေးအပ်တဲ့ တာဝန်တွေကလဲ အများသားပဲ လေ၊ အဲဒီတော့ ဘယ်အားပါမယ်လဲ"

"အင်း ဒါကြောင့်လဲ အစ်ကိုကြီးက အစ်ကိုယဲကို အားကိုး နေတာပေါ့နော်"

"ဒီလိုပေါ့ညီမရယ်၊ သူ့ဆန်စားရဲ့ရမယ် မဟုတ်လား၊ သူ့ကျေးဇူးတွေကလဲ ရှိနေသေးတယ်"

မေယိရောင်က နှုတ်ခမ်းလေးစူရင်းပြော၏။

"အစ်ကို့စကားက ယိမ်းကားသလိုပါပဲလား"

"မစိမ်းပါဘူး ညီမယိရောင်ရဲ့၊ ညီမထင်နေလို့ပါ"

ကြုံးစွန်ချိုက…

"ညီမယိုရောင်ပြောတာက ဗိုလိုလေအစ်ကိုရဲ့၊ လူဆိုတာ ကိုယ့်ကိုယ်ကို တစ်ခါတစ်လေ မသိလိုက်ဘူး၊ အေးလူက မြင်တွေ့ပြီး ခံစားသိတတ်တဲ့ သဘောမျိုးပြောတာပါ"

ယဲလိန်က ကြုံးစွန်ချို၏စကားကို ပြန်ခပြောတော့ဘဲ ပြုံးနေလိုက်၏။

မေယိုရောင်က ယဲလိန်အား ရန်တွေ့သလိုပြော၏။

"ဒီမှာ အစ်ကို၊ ညီမရဲ့မမချိုက စဉ်းစားတွေးခေါ် ပိုင်းခြားနိုင်တဲ့ ဉာဏ်ရှိတယ်၊ လူကဲခတ်လဲ သိပ်ကောင်းတယ်လေး အစ်ကို့အကြောင်း ကျွန်မပြောပြတော့ သူ့မျက်မြင်မှ ယုံမယ်တဲ့လေ၊ ဒါကြောင့် အစ်ကို့ကို ကျွန်မတို့ လာတွေ့ကြတာပါ"

'မိန်းကလေးချိုကိုအားနာစရာတောင် ကောင်းနေပြီဗျာ၊ ကျွန်တော့်ကို လာစောင့်နေရတယ်၊ ကျွန်တော်လဲ ခုမှပဲ တောင်းပန်ရတော့မှာပဲ"

ကြုံးစွန်ချိုက ယဲလိန်၏စကားကို နားလည်ဟန်နှင့် ခေါင်းကလေး ဆတ်ပြုရင်း မေးလိုက်သည်။

"ဒီကအစ်ကိုနဲ့ ညီမယိုရောင်တို့ကိုကြည့်ရတာ ချစ်သူတွေနဲ့ နည်းနည်းကလေးမှ မတူကြပါလား၊ ခုမှ ခင်မင်သိကျွမ်းရတဲ့ သူစိမ်းတွေလိုပဲနေဘ်"

ကြုံးစွန်ချို၏ ကျီစယ်နောက်ပြောင်သော စကားကြောင့် မေယိုရောင်က ယဲလိန်အား မျက်စောင်းထိုးရင်း ခပ်ရွှံ့ရွှံ့ပြော လိုက်သည်။

"မခေါ်ပြောတာ ကြားရဲ့လား အစ်ကို"

ယဲလိန်က ပြုံးနေလိုက်သည်။ ယဲလိန်သည် ပုထုဇဉ်တို့၏ သဘာဝတရားကို ဆန်းသစ်သောအတွေးအခေါ်နှင့် ထူးခြားစူးရှသောအမြင်နှင့် ဝေဖန်ပိုင်းခြားပြီး ဖြစ်သည်။

ထို့ကြောင့် ယဲလိန်မှာ ဆိတ်ဆိတ်နေ ဝန်ခံမှုပြုလိုက်ခြင်းပင်ဖြစ်၏။

ကြူးစွန်ချိက ယဲလိန်အားအကဲခတ်ကာ စူးစမ်းမှု ပြုလိုက်ပြန်သည်။

"အစ်ကိုက ဒီပီကင်းမြို့မှာပဲ ကြီးပြင်းခဲ့တာလား ဟင်"

"ဟုတ်ပါတယ်"

"ဒါဆို ဒီပီကင်းမြို့တော်ရဲ့အကြောင်းကို ပြောပြပါလားဟင်၊ ကျွန်မလဲ ဒီမြို့ရဲ့ အကြောင်းကို သိချင်လို့ပါ"

ယဲလိန်မှာ ပါးရည် နပ်ရည် ရှိသူဖြစ်၍ မယုတ်မလွန် ဖြေလိုက်သည်။

"ကျွန်တော်က ဒီမြို့မှာ နေထိုင်ကြီးပြင်းခဲ့ပေမယ့် ပီကင်းနေပြည်တော်ရဲ့ အလှအပကိုဖွဲ့နွဲ့ပြီးမပြောတတ်ဘူး၊ ဒါပေမယ့် ဒီမြို့ရဲ့ ရာသီဥတုကတော့ အပြောင်းအလဲမြန်ဆန်တယ်၊ လူ့စိတ်လိုပဲပေါ့လေ၊ ခုတစ်မျိုး တော်ကြာတစ်မျိုး ဖြစ်တတ်ပါတယ်"

ယဲလိန်၏အပြောကို ကြူးစွန်ချိက သဘောကျဟန်နှင့် ရယ်မောပြောသည်။

"ခစ် ခစ် ခစ် အစ်ကိုက ပါးစပ်နဲ့သာ ပီကင်းမြို့တော်ရဲ့ အကြောင်းကို ဖွဲ့ဖွဲ့နွဲ့နွဲ့မပြောတတ်ဘူး ပြောနေပေမယ့်

အကြောင်းရင်း အနှစ်ချုပ်ကို ပြောတဲ့နေရာမှာတော့ ရှင်းခနဲ လင်းခနဲပါပဲလားရှင်"

မေယိရောင်က ယဲလိန်အား ကျီစယ် နောက်ပြောင်လိုက်ပြန်သည်။

"ဟုတ်တယ် မမချီရဲ့၊ အစ်ကိုက တကယ့်တကယ်ကျတော့ အပြောနဲ့အလုပ်က တစ်ခြားစီပါပဲလေ"

ကြိုးစွန်ချီက မျက်မှောင်လေး မသိမသာကြုတ်ပြီး ပြောပြန်သည်။

"အစ်ကို့ရဲ့ရုပ်ရည်ဟာအတွင်းသိမဟုတ်တဲ့လူဆိုရင်တကယ့်ကျောင်းတော်သားပါပဲ၊ ဒါပေမယ့် တကယ်တမ်းကျတော့ အဆင့်မြင့်သိုင်းသမား ဖြစ်နေတယ်"

ယဲလိန်ကလည်း ကြိုးစွန်ချီအား နောက် သလို လိုနှင့် အတည်ပေါက် ပြောလိုက်သည်။

"ဟုတ်ပါတယ် မိန်းကလေးချီ၊ ကျွန်တော်ဟာ အင်မတန် ရုပ်ပွတတ်တဲ့ လူတစ်ယောက်ပါပဲလေ"

ကြိုးစွန်ချီက ယဲလိန်၏ ကြောက်ရွံ့ထိတ်လန့်ခြင်း ကင်းမဲ့သော မျက်လုံးနှစ်ခုကြားမှ အတွန့်ကြောင်းကို ဂရုစိုက်၍ တစ်ချက်ကြည့်ရင်း မေယိရောင်အား လှည့်ပြောလိုက်သည်။

"ညီမယိရောင်ရယ်၊ ဟော့ဒီအစ်ကို့အကြောင်းကို မမချီ နောက်ထပ် သိချင်ပြန်ပြီလေ"

မေယိရောင်က သိလိုစိတ် ပြင်းပြပြန်နှင့်...

"ပြောပါ မမချီ၊ အစ်ကို့ကို ဘာယ်လိုမြင်လို့လဲ"

"ဩော် ဒီလိုပါ၊ မမချို အလျင်တုန်းက သိုင်းသမားဆိုရင် ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်းပဲလို့ ထင်ခဲ့တယ်၊ ခုတော့ ဒီလို ယဉ်ကျေး သိမ်မွေ့တဲ့ ကျောင်းတော်သား သိုင်းသမားလဲ ရှိပါလားလို့ သိရတာပေါ့"

ယဲ့လိန်ကာ...

"ဟုတ်ပါတယ်ဗျာ၊ ဒီမိန်းကလေးချီပြောတဲ့ လူကြမ်း၊ သိုင်းသမားက ကြောက်စရာမကောင်းပါဘူး၊ ကျွန်တော်တို့လို အမြင်ဘန်း နူနယ်ယဉ်ကျေးတဲ့ သိုင်းသမားကမှ ကြောက်စရာ ကောင်းတာ အမှန်ပါ၊ ဒါကို ကျွန်တော်မငြင်းပါဘူး"

ကြုံးစွန်ချီက တအံ့တသြဖြစ်ဟန်နှင့်....

"ဘာဖြစ်လို့လဲ ဟင်"

"ဟန်ဆောင်တဲ့လူဟာ ပိုပြီး ကြောက်စရာ ကောင်းတတ်တယ်၊ ပြီးတော့ ကျွန်တော်တို့လို လူစားမျိုးက အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစား လုပ်တတ်ကြတယ်"

ကြုံးစွန်ချီက ပွင့်ပွင့်လင်းလင်း ပြန်ပြောသည်။

"ကျွန်မအနေနဲ့ကတော့ အစ်ကိုဟာ ကြောက်စရာကောင်းတဲ့ အကွက်ကလေး တစ်ကွက်တောင် မမြင်မိပါဘူးရှင်"

"ဒါကတော့ ဒီမိန်းကလေးနဲ့ ကျွန်တော်ဟာ ရန်သူ မဟုတ်လို့ ကြောက်စရာမကောင်းတာ ဖြစ်မှာပါ၊ မိတ်ဆွေ ဖြစ်နိုင်တဲ့ လူချင်းဟာ ဘယ်မှာ ကြောက်စိတ်ရှိတော့မှာတုံး"

"ဒါဖြင့်ရင် အစ်ကိုဟာ နစ်နာစရာ ခံစားစရာ ရှိလာမှာပေါ့"

"ဘာဖြစ်လို့လဲ မိန်းကလေးချီ"

"အစ်ကိုက ကြောက်စရာ ကောင်းပါတယ်လို့ တဖွဖွ ပြောနေတော့ ရန်သူက အခွင့်ကောင်းစောင့်ပြီး လုပ်ကြံတတ်တယ်လေ၊ ဘာနဲ့တူသလဲဆိုတော့ တောထဲက ကျားဟာ လူတိုင်းကို ဒုက္ခပေးတတ်မှန်း သိကြတယ်၊ ဒါပေမယ့် အစ်ကိုရယ် ကျားကို အပိုင်အနိုင်ကိုင်နိုင်တဲ့လူလဲ ဒုနဲ့ဒေး ရှိကြတယ်လေ၊ အထူးသဖြင့် တောလိုက်မုဆိုးတွေပေါ့ရှင်"

ကြုံးစွန်ချို၏ ကြောင်းကျိုးဆက်စပ်မှုရှိသော အဖိုးတန်သည့် စကားကြောင့် ယဲလိန်မှာ ကျေးဇူးတင်သွားမိသည်။

သို့သော် သူ့စိတ်မှ တစ်ခါဖူးမျှ မဖြစ်ပေါ်ခဲ့သော ကြောက်စိတ်သည် ထုထည် ကြီးမားစွာ ပေါ်ပေါက်လာတော့၏။

ယဲလိန်သည် ရင်ထဲမှ တုန်လှုပ်လာသောစိတ်ကို ထိန်းချုပ်ရင်း....

"မိန်းကလေးချို ပြောတဲ့စကားက တကယ်ကြောက်စရာကောင်းတဲ့လူဟာ ကြောင်လက်သည်းဖွက်နေရမယ်လို့ ပြောချင်တာလား"

ကြုံးစွန်ချိုက ယဲလိန်၏အမေးကိုမဖြေဘဲ မပြုံးတုံ့ပြုံးတုံ့ လုပ်နေလိုက်သည်။

ယဲလိန်က မျက်မှောင်ကြုတ်ရင်း ထပ်မေးလိုက်သည်။

"မိန်းကလေးချိုကို ကျွန်တော် တစ်ခုမေးချင်ပါတယ်၊ ခွင့်ပြုမလား"

"မေးနိုင်ပါတယ်"

"မိန်းကလေးချင်းရဲ့သဘောထားက ကျွန်တော်ဟာကြောက်စရာ မကောင်းတဲ့ လူထစ်ယောက်လို့ပြောချင်တာလား"

ကြူးစွန်ချိက -

"ကျွန်မသဘောပေါက်ပါပြီ၊ ရှင်ဟာလိုအပ်ခဲ့ရင် တကယ်ကြောက်စရာကောင်းတဲ့ လူပါပဲ"

ကြူးစွန်ချိနှင့် ယဲလိန်တို့ အပြိုင်အဆိုင် စကားရည်လုသည့်အလား ပြောဆိုနေကြသောစကားများကို တိတ်ဆိတ်စွာနားထောင်နေသည့် မေယီရောင်က ကြားဝင်ပြောသည်။

"ဟုတ်တယ်၊ မမချိပြောတာ ကျွန်မသဘောတူတယ်၊ အစ်ကို့အကြောင်းတွေးကြည့်ရင် စဉ်းစားရခက်ပြီး တော်တော် ကြောက်စရာကောင်းတာအမှန်ပဲ"

"ဒါဆင်ဘယ်ကမလဲ ညီမမေယီရောင်၊ ညီမအစ်ကိုကထူးခြားတဲ့ လူမင်းသားလက္ခဏာတွေလဲ ရှိတယ်လေ"

မေယီရောင်က ကလေးဆန်ဆန်မေးသည်။

"မမချိက ထူးဆန်းတဲ့လူမင်းသားနဲ့ကော မိတ်ဆွေအဖြစ်ဆက်ဆံလို့မဖြစ်ဘူးလား"

"ညီမရဲ့အစ်ကိုဟာ ကြောက်စရာကောင်းတဲ့လူမင်းသားမှန်း မမချိသိပေမယ့် မိတ်ဆွေအဖြစ် မဆက်ဆံဘဲ မနေနိုင်ပါဘူး၊ အဲဒါဟာ သူ့ရဲ့ ကြောက်စရာအကောင်းဆုံးအရည်အချင်း တစ်ခုပါပဲလေ"

ယဲလိန်က ရယ်းမပြီး မေယီရောင်ကိုပြောလိုက်သည်။

"ညီမတို့က ဘယ်လို အတိုင်အဖောက်ညီချည်လားဟင်၊ အစ်ကို့ကို ဝေဖန်နေကြတာကိုး ဟင်း ဟင်း"

"ကျွန်မတို့ရင်ထဲ ရှိတဲ့စကားကို ပွင့်ပွင့်လင်းလင်းပြောကြ တာပါ၊ မယ်မိချောင်နဲ့ ကျွန်မတို့မှာ လျှို့ဝှက်ချက်ဘာမှ မရှိ ပါဘူး၊ ပြီးတော့ ကျွန်မတို့ဟာ ပရိယာယ်မာယာလဲမများ တတ်ကြပါဘူးရှင်"

ယဲလိန်က ပွင့်ပွင့်လင်းလင်းမေးသည်။

"မိန်းကလေးချီက ကျွန်တော့်ရဲ့အတွင်းသဘောကို သိနေ တဲ့လူပဲ ထင်ပါရဲ့"

ကြူးစွန်ချီက သူမ၏ဦးခေါင်းလေးကို မသိမသာဆတ်ခြ လိုက်ပြီး.....

"ကျွန်မရဲ့ ညီမလေးဟာ ရွှေလင်ပန်းနဲ့ ဆီချင်းဆေးပြီး မင်းမွေးတဲ့ မင်းသမီးလေးပါ၊ ကြမ်းတမ်းပြီးအန္တရာယ်များ လှတဲ့ သိုင်းလောက အသိုက်အဝန်းထဲကို ဆွဲမသွင်းပါနဲ့လို့ ပြောချင်ပါတယ်"

ကြူးစွန်ချီ၏ အမှတ်မထင် ပြောလိုက်သောစကားကြောင့် ယဲလိန်၏မျက်နှာမှာ တင်းခနဲဖြစ်သွားမိသည်။

"မိန်းကလေးချီက ကျွန်တော့်ကို ရာထူးဂုဏ်သိမ်မရှိဘူး လို့ ပြောချင်နေတာလားဟင်၊ ဒီမှာမိန်းကလေးချီ ပီကင်း နေပြည်တော်မှာ ဘုရင်အဖြစ်ကလွဲရင် ကျန်တဲ့ဘယ်အဆင့် အတန်းပဲဖြစ်ဖြစ် ကျွန်တော် လိုချင်တဲ့အချိန်မှာ အလွယ် ကလေးနဲ့ ရနိုင်ပါတယ်"

"ဒါတော့ ကျွန်မလက်ခံပါတယ်လေ၊ ရှင်ကကော ဘာ ဖြစ်လို့ ဒီရာထူးဂုဏ်သိမ်တွေကို အရမယူတာလဲရှင့်"

Scanned with ACE Scanner

"ကျွန်တော့်တစ်ဝက်သက်တာမှာ ဒီလိုအဆင့်မြင့်တဲ့ရုပ်ထုမျိုးကို ရယူလို့မဖြစ်တော့လို့ပါ၊ နောက်ဆုံးတစ်နေ့မှာ ကျွန်တော်ဟာ ဒီပိုးအပ်နေပြည်တော်က ထွက်ခွာသွားရမှာပါဗျာ"

ယဲလိန်၏စကားကြောင့် မေယိဆောင်က စိုးရိမ်တကြီးလှမ်းမေးလိုက်သည်။

"အစ်ကိုယ် ဘယ်လိုပြောလိုက်တာလဲဟင်"

ယဲလိန်က သက်ပြင်းမောကိုကျိတ်၍ချကာ....

"ဟုတ်ပါတယ် ညီမယိဆောင်၊ အစ်ကိုဟာ ဒီမြေဒီရေကတစ်နေ့ ထွက်ခွာသွားရမယ့်လူပါ"

"ဘာဖြစ်လို့လဲ အစ်ကိုရယ်"

မေယိဆောင်သည် ယဲလိန်အတွက် ရင်နာမိဟန်နှင့် ဝမ်းပန်းတနည်း ပြန်မေးလိုက်ပြန်သည်။

ယဲလိန်က ပင့်သက်မောကို မသိမသာရှိုက်ရင်း....

"အစ်ကိုဟာ မျိုးစေ့တွေကြဲချပေးပြီး သစ်ပင်ပန်းမန်လေးတွေ ရှင်သန်ကြီးထွားလန်းဆန်းအောင် မြေတောင်မြှောက်ပေးတဲ့ ဥယျာဉ်မှူးလိုပါပဲ၊ ကိုယ့်ခွန်ကိုယ်အားနဲ့ ဝါယာမစိုက်ပြီး ပွင့်အာလန်းဆန်းလာမယ့် ပန်းကလေးတွေကို ကြည့်ရင်း ကြည်နူးနေရရင် ကျေနပ်ပါပြီလေ"

ယဲလိန်မှာ အရေးကြီးသည့် တာဝန်ဝတ္တရားများ ထမ်းဆောင်နေသည့်အချိန်တွင် မနှင့်ပတ်သက်၍ အင်မတန်ကင်းရှင်းစွာ နေထိုင်ခဲ့သူဖြစ်သည်။

မေယိဆောင်က ခေါင်းကလေးလှုပ်ခါယမ်းပြီး ပြော၏။

"အစ်ကိုပြောတာ ညီမတော့ ဘာမှနားမလည်ဘူး၊ အစ်ကိုရယ်၊ ညီမနားလည်တာက အစ်ကိုဟာ ညီမအနားမှာရှိနေရင် ကျေနပ်ပါပြီ"

ယဲလိန်က မေယိရောင်အား စိတ်မကောင်းစွာ ကြည့်ပြီးမှ ညည်းညူလိုက်၏။

"ညီမရယ် မင်း နားမလည်တာဘဲ ကောင်းပါတယ်၊ တစ်နေ့မှာ အစ်ကို အဲဒီလိုထွက်ခွာသွားရင် အစ်ကို့နောက်ကို ညီမ လိုက်နိုင်ပါ့မလားဟင်"

သို့ရေရွတ်နှမ်းလျနေသော မေယိရောင်၏ မျက်နှာကလေးမှာ ယဲလိန်၏စကားကြောင့် လန်းဆန်းတက်ကြွလာပြန်၏။

"လိုက်မှာပေါ့၊ အစ်ကိုပြောတဲ့ အဲဒီတစ်နေ့ကိုလဲ ညီမက စောင့်နေမှာပါအစ်ကို"

ကြုံးစွန်ချိက ယဲလိန်အား နားမလည်နိုင်ဟန်နှင့် စိုက်ကြည့်ရင်း မေးလိုက်၏။

"အစ်ကိုက အဲဒီလိုဖြစ်လာမယ်ဆိုတာ သိလျက်နဲ့ ဘာဖြစ်လို့ ဒီလိုအနစ်နာခံရတာလဲဟင်"

"အစ်ကိုက ညီမတို့နားရှင်းသွားအောင် ပြောမှဖြစ်တော့မယ်"

ကြုံးစွန်ချိက ယဲလိန်၏စကားကို စိတ်ပါဝင်စားဟန် နှင့် ပြောလိုက်၏။

"ပြောပါအစ်ကို"

"ညီမတို့အနေနဲ့ ခုလိုလူဖြစ်လာကြမယ်ဆိုတာ ကြိုတင်သိကြသလားဟင်"

"ဒါတော့ ကျွန်မတို့အနေနဲ့ ကြိုတင်ပြီး ဘယ်သိနိုင်ပါ့မယ်လဲ"

ယဲလိန်က တည်ကြည်ပြတ်သားသော စကားနှင့် ထပ်မံပြောလိုက်၏။

"ဒါပေမယ့် လူရယ်လို့ဖြစ်လာကြပြီး တစ်နေ့မှာ အိုမယ်၊ နာရမယ်၊ ပြီးတော့ သေကြရမယ်ဆိုတာတော့ ကြိုသိကြတယ်နော်"

"အင်းပေါ့"

ကြုံးစွန့်ချီသည် ယဲလိန်၏စူးရှထက်မြက်သော မျက်လုံးများကို ရင်မဆိုင်ရဲဘဲ ခေါင်းကလေး ငုံ့ထားလိုက်မိ၏၊

"အစ်ကိုလဲ ဒီအတိုင်းပဲပေါ့၊ ဒါကြောင့် မွေးရာပါတာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ပြီးရင် အစ်ကိုလာတဲ့လမ်းကို မမေ့သလို ပြန်ရမယ့်လမ်းကိုလဲ သိပြီးဖြစ်နေတယ်လေ"

မေယိဆောင်မှာ ယဲလိန်၏မျက်နှာကိုကြည့်လိုက်၊ ကြုံးစွန့်ချီ၏မျက်နှာကိုကြည့်လိုက်နှင့် နားမလည်နိုင်ဘဲ ဖြစ်နေ၏။

ယဲလိန်…။

အမျိုးဘာသာသာသနာအတွက် သက်စွန့်ကြိုးပမ်း၊ ကိုယ်ကျိုးမဖက် အနစ်နာခံခဲ့သော လူငယ်ဘားကောင်း ယဲလိန်။

တိုင်းပြည်နှင့် လူမျိုးအတွက်ဆိုလျှင် ရှေ့တန်းမှ စိတ်မာန်တက်ကြွစွာ တာဝန်ကို ဝင်လှုပ်ရှားခဲ့သော ယဲလိန်။

ထိုမျှသာမကသေး…။

ယဲလိန်အား ပစ္စည်းဥစ္စာ ရွှေငွေရတနာ ဂုဏ်သိမ်ရာထူး များနှင့် မြှူဆွယ်၍မရသော ဇာနည်ယောကျ်ား မတဲခံထောင် တစ်ကောင်ဘွား ယဲလိန်။

ထို့ထက်ပို၍ ချီးကျူးအံ့ဩလောက်သည်က ယဲလိန်သည် တာဝန်ထမ်းဆောင်နေစဉ်သော်လည်းကောင်း၊ အနားယူနေစဉ်သော်လည်းကောင်း၊ မနှင့်များခြင်းကိုမှ မည်သည့်အခါမျှ လက်ခံလိုက်လျောခဲ့ခြင်း မရှိခဲ့သည့် သံမဏိစိတ်ဓာတ်အား ခိုင်မာတည်ကြည်လွန်းလှသည့် ယဲလိန်။

အများအတွက် သည်ပိုးဆောင်ရွက်ရာတွင်လည်း မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယများနှင့် မှန်ကန်တိကျစွာ ဆောင်ရွက်တတ်သည်။

ဤအရည်အချင်းများကြောင့် ယဲလိန်မှာ နယ်ချဲ့မန်ချူး မိစ္ဆာဖောက်လှန်ရေးတွင် မျိုးချစ်များအပေါ် သြဇာတိက္ကမနှင့် ဟိတ်ဟန်များ အပြည့်အဝရှိခဲ့ခြင်းပင် ဖြစ်သည်။

နောက်ဆုံး ယဲလိန်၏ သံမဏိစိတ်ဓာတ်အား တိုင်းပြည် လွတ်လပ်ရေးရရှိရေးအတွက် လှေခွက်ချည်းကျန် ဒလံမလဲ ဆိုသကဲ့သို့ သူတစ်ဦးတည်း ကျန်သည်အထိ သက်စွန့်ကြိုးပမ်း၊ နယ်ချဲ့များကို တွန်းလှန်တိုက်ခိုက်သွားမည့် ဇာနည်သား ကောင်း တစ်ယောက်ပင်ဖြစ်တော့သည်။

ယဲလိန်သည် ရွှေငွေဂုဏ်သိမ် လုံး၀မက်မောခြင်းမရှိ၊ ၎င်းကို ကပင် ဂုဏ်သိမ်ရှိပြီးသော အမျိုးအနွယ်ကောင်းဖြစ်သည်။

မိမိအဖို့ အသက်ရှင်ရပ်တည်ပြီး လှုပ်ရှားနေရခြင်းသည် အများကောင်းကျိုးကို သည်ပိုးထမ်းရွက်နေခြင်းသာ ဖြစ်

Scanned with ACE Scanner

ကြောင်း ကြူးစွန့်ချိသိစေရန် သွယ်ဝိုက်ပြောကြားသွားခြင်း ဖြစ်၏။

သို့သော် မိမိကြိုးစားမှုကြောင့် သီးပွင့်လာမည့်အခွင့်အရေးကိုလည်း မခံစားချင်ပါဘူးဟု အရိပ်အယောင်ပြစကားကြောင့် ကြူးစွန့်ချိက ယဲလိန်အား နှစ်လိုစဖွယ်ပြုံးပြလိုက်၏။

"အင်း အစ်ကိုနာမည်ဟာ လျှမ်းလျှမ်းတောက် ကျော်ကြားပါပေတယ်၊ ပြီးတော့ အစ်ကို့ရဲ့ ကိုယ်ကျိုးစွန့်မှုဟာ စွမ်းအားနဲ့ ပြည့်စုံခြင်းရဲ့အကြောင်း ဖြစ်ပါတယ်၊ အစ်ကို့ရဲ့ သဘောထားကြီးမြင့်မှုကို ကျွန်မ ချီးကျူးမိပါတယ်ရှင်"

ကြူးစွန့်ချိ၏ ချီးကျူးစကားကြောင့် ယဲလိန်တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ ထသွား၏။

"အစ်ကို ခုလို အောင်မြင်မှုလမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်တာဟာလဲ အစ်ကို့ရဲ့မှန်ကန်တဲ့ စေတနာရဲ့လုပ်ရပ်ကြောင့် ဖြစ်ပါလိမ့်မယ်၊ အစ်ကိုဖောက်ပြန်သွေးဖီခဲ့ရင် ဒီသိုင်းလောကသဲမှာရှိတဲ့ ပုဂ္ဂိုလ်ထူးတွေက ဒီအတိုင်း လက်ပိုက်ကြည့်နေကြမှာ မဟုတ်ပါဘူး"

"အင်း ဒီအတိုင်းဆိုရင် အစ်ကို့တာဝန်ပြီးဆုံးတဲ့ တစ်နေ့မှာ ညီမယိရောင်က ဖဝါးခြေထပ် လိုက်သွားပေတော့၊ ကျွန်မ သဘောတူပါတယ်၊ ကဲ စကားပြောနေကြဦး၊ ကျွန်မ ဟိုဘက်ခဏသွားလိုက်ဦးမယ်"

မယိရောင်က ရှက်သွေးရောင် လျှမ်းသော မျက်နှာနှင့် ယဲလိန်အား တိုးညင်းစွာပြောလိုက်၏။

"မမချီကို အားနာစရာကောင်းနေပြီ အစ်ကိုရယ်"

Scanned with ACE Scanner

"ရပါတယ် ညီမရဲ့၊ မိန်းကလေးချီဟာ အမြင်ကျယ်ပါတယ်၊ ဒီပီကင်းမြို့က အစ်ကိုထွက်ခွာတဲ့ တစ်နေ့မှာ ညီမယီရောင်လိုက်မယ်ဆိုတာ တကယ်လားဟင်"

မေယီရောင်က ခေါင်းကလေး ဆတ်ခနဲညိတ်ပြရင်း....

"စိတ်ချပါ အစ်ကို၊ ညီမဆန္ဒ သဘောတစ်ခုတည်းပါပဲ"

မေယီရောင်မှာ မျက်နှာကလေးညှိုးငယ်စွာနှင့်ထပ်မံပြော၏။

"မြို့လေးဘလေ ဒီရွှေနန်းတော်ထဲမှာ မင်းသမီးဆိုပြီး ဟန်လုပ်နေရတာတွေ ငြီးငွေ့လှပါပြီ၊ အစ်ကိုက ညီလုပ်တဲ့လူကို လုပ်ကြံ၊ ညီက အစ်ကိုကိုချောက်တွန်းနဲ့ သွေးစည်းညီညွတ်မှု မရှိတဲ့ မိသားစုဟာ ဘယ်မှာလာပြီး ပျော်ရွှင်စရာကောင်းပါ့မယ်လဲ၊ ဒီနန်းတော်ထဲမှာ ညီမ မနေချင်တာ ကြာပါပြီ၊ စိတ်လဲကုန်ပါတယ် အစ်ကိုရယ်"

ယဲလိန်သည် မေယီရောင်၏စကားများကို နားထောင်ရင်း ကျေနပ်နှစ်သိမ့်နေမိသည်။

ကိုယ်ကျိုးအတွက် အများကိုဒုက္ခပေးပြီး ရာထူးမက်ခဲ့ကြသော ပိုင်ထိုက်ကွန်နှင့် ကန်လုချီတို့အား ယဲလိန် သတိရလိုက်မိသေးသည်။

ယခု ချစ်ရသူမေယီရောင်၏ စိတ်ဓာတ်မျိုးကမူ လေးစားမြတ်နိုးစရာကောင်းလှကြောင်း ယဲလိန်တွေးမိရင်း ဝမ်းသာကြည်နူးနေသည်။

ယဲလိန်က မေယီရောင်အား မြတ်နိုးစိတ်နှင့် ကြည့်ရင်းသူမ၏ ဆင်စွယ်ရောင် လက်မောင်းကလေးကို ရှုတ်တရက်ဆွဲယူလိုက်သည်။

Scanned with ACE Scanner

မေယီရောင်က လွှတ်ခနဲ ပြောသည်။

"အစ်ကို လူတွေမြင်ကုန်ပါဦးမယ်၊ အတင့်ရဲလှချည်လား ဟင်"

သို့သော် မေယီရောင်၏စိတ်ထဲ၌မူ ကြည်နူးရိပ်ကလေးများ ဖြာဝေ၍သွားမိကာ ယဲလိန်၏ ရင်ခွင်အတွင်းသို့ မသိမသာ တိုးဝင်လိုက်သည်။

ထိုအခိုက် ခြေသံကြားမိသဖြင့် မေယီရောင်က ယဲလိန်၏ ကိုယ်မှခွာကာ....

"အစ်ကို ညီမလက်ကို လွှတ်စမ်းပါဦး၊ တော်ကြာ မမချို လာလို့ မြင်သွားပါဦးမယ်"

ကြုံးစွန်ချိက ခပ်လှမ်းလှမ်းမှ ကျောပေးရပ်နေရင်း မေယီရောင်ကြားသာရုံမျှ ပြောလိုက်သည်။

"ညီမယီရောင်ရေ အချိန် သိပ်မရှိတော့ဘူး၊ ပြန်ကြရအောင်နော်"

မေယီရောင်က လည်တိုင်ကလေးကို ငဲ့စောင်း၍ ယဲလိန်အား၊ ချစ်ခြည်ရွှမ်းသော မျက်ဝန်းနှင့် ကြည့်လိုက်သည်။

"အစ်ကို မမချိုခေါ်နေပြီ၊ နောက်နေ့တွေမှပဲ လာတော့မယ်နော်"

ယဲလိန်က ခေါင်းညိတ်ပြရင်း မေယီရောင်တို့အား လိုက်ပို့သည်။

ကြုံးစွန်ချိက ယဲလိန်အား နှုတ်ဆက်ရင်း အမှတ်မထင် စကားတစ်ခွန်း ပြောလိုက်၏။

Scanned with ACE Scanner

"အစ်ကိုဟာ ဒီယုံမြင်လို့ ဒီချုံထွင်တာကို ကျွန်မသဘောပေါက်ပါပြီ"

ပထမတော့ ယဲ့လိန်မှာ ကြောင်စိစိဖြစ်ကာ ကိုးစွန်ချီအကားကို ပြန်လည်စဉ်းစားရင်း မေးလိုက်သည်။

"မိန်းကလေးချီ ဘာဖြစ်လို့ ဒီလိုစကားမျိုး ပြောရတာလဲ"

ကိုးစွန်ချီက ပွင့်လင်းစွာ ပြန်ပြောသည်။

"ခုနတုန်းက ဒီဂေဟာကို ကျွန်မ ကြည့်ရှုစစ်ဆေးလိုက်သေးတယ်၊ အမှတ်ရှစ်မင်းသားဟာ နန်းလုချင်တဲ့ဆန္ဒမရှိသလို ဘုရင်ဖြစ်ချင်တဲ့ တပ်မက်တဲ့စိတ် ရှိဟန်မတူဘူး၊ အစ်ကိုလဲ ဒီမင်းသားကို ထောက်ခံ အားပေးနေဝယ်ခဲ့တဲ့ အချက်ကို မြင်နိုင်တယ်၊ ဘာဖြစ်လို့ ဒီမင်းသားဆီမှာ အမှုတော် ထမ်းနေရတယ်ဆိုတာ ရှင်းနေလို့ပေါ့"

ယဲ့လိန်က တစ်စုံတစ်ရာစဉ်းစားမိ၍ ကိုးစွန်ချီအား မေးလိုက်သည်။

"မိန်းကလေးချီဟာ တခြားမင်းသားတွေရဲ့ ဂေဟာကိုတော့ ရောက်ဖူးသလား"

"မသွားဖူးပါဘူး၊ ဒါပေမယ့်အမှတ်ရှစ်မင်းသားလိုတော့ အေးဆေးမယ့်သူတွေ မဟုတ်တာ သေချာတယ်လေ၊ အင်းလေ ဘာယ်မင်းသားပဲ ဘုရင်ဖြစ်ဖြစ် ကျွန်မနဲ့တော့ ဘာမှ မဆိုင်ပါဘူး၊ ကျွန်မက မန်ချင်လူမျိုးမှ မဟုတ်ဘဲရှင်"

မယ်ယိရောင်ကလည်း ကြားဝင်ပြောသည်။

"မမချိုပြောတာ မှန်ပါတယ်၊ အမှတ်ရှစ် မင်းသားဟာ အေးဆေးတယ်၊ လောဘမရှိဘူး။ အစ်ကိုရန်ကျင်မင်းသားနဲ့ အမှတ်တစ်ဆယ့်လေး အစ်ကိုတွေ့တို့ကတော့ သူသေကိုယ်သေ ဗိုလ်လုနေကြတာပဲလေ၊ တကယ်လို့ အစ်ကိုရန်ကျင်သာ ဘုရင်ဖြစ်လာခဲ့ရင် အမှတ်တစ်ဆယ့်လေး မင်းသားတွေလေ၊ ဘုရင်ဖြစ်တာထက် လူတွေကို ပိုပြီးဒုက္ခရောက်လိမ့်မယ်၊ သူက ပိုပြီးဓားထက်တယ်လေ"

ကြုံးစွန်ချိုက မေယီရောင်၏လက်ကလေးကို ဆွဲကိုင်ရင်း...

"ညီမယီရောင်ပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ဒီ အကြောင်းတွေကို ဆက်ပြောနေလဲ ပြီးမှာမဟုတ်ဘဲ၊ ပြန်ကြတာပဲ ကောင်းပါတယ်"

မေယီရောင်နှင့် ကြုံးစွန်ချိတို့သည် မြင်းရထားကိုစီးပြီး နန်းတော်သို့ ပြန်သွားကြသည်။

မြင်းရထားပေါ်၌ သူမတို့သည် ယဲလိန်၏အကြောင်းများကို ဝေဖန်ပြောဆိုလာကြသည်။

"မမချို အစ်ကိုကို ဘယ်လိုမြင်သလဲဟင်၊ ညီမလူရွေးတာ မှန်သလား"

နုနယ်ပျိုမျစ်သော မေယီရောင်၏မျက်နှာလေးကို ကြုံးစွန်ချိက ပြုံးကြည့်ရင်း....

"မှားမယ့်ကိစ္စဆို မမချိုက တားမြစ်မှာပေါ့ ညီမရယ်၊ ပြီးတော့ ဒီလူဟာ အမြော်အမြင်ကြီးမားတာ အမှန်ပဲလေ၊ သူ့ရဲ့ အရည်အချင်းတွေကို လွယ်လွယ်နဲ့ မတွေ့နိုင်ဘူး၊ ရွှေ ငွေ ရာထူးမမက်တဲ့လူမျိုးက လောကကြီးမှာ ခပ်ရှားရှားပဲ၊

ဘူ့ အရည်အသွေးက ဒါတွေကို လက်တစ်ဖျစ်တီးအချိန်မှာပဲ ရနိုင်တယ်၊ ဒါပေမယ့် ဒီလူဟာ ဒါတွေကိုမမက်ဘူး၊ ဒါကို ထောက်ရှုခြင်းအားဖြင့် ဒီလူဟာ ကျိတ်ကြံနေတဲ့ အကြောင်း တစ်ခုခုတော့ ရှိနိုင်တယ်”

မေယိရောင်က ကြုံးစွန်ချီ၏စကားကို ပါးစပ်အဟောင်းသားလေးနှင့် ငေးမောနားထောင်နေသည်။

ကြုံးစွန်ချီက ဆက်ပြောသည်။

“ဒီလူဟာ အစဉ်မပြတ် စိတ်ကောင်းနှလုံးကောင်း ရှိပုံရတယ်၊ မဟုတ်မမှန်တာကို မလုပ်တတ်ဘူး၊ ရွှေ ငွေ ရာထူးကို စွန့်လွှတ်နိုင်တယ်၊ အများကောင်းကျိုးကိုလဲ ပြုလိုတဲ့ဆန္ဒရှိပြန်သေးတယ်၊ အဲဒါတွေဟာ ယောကျ်ားကောင်းတစ်ယောက်ရဲ့ အရည်အချင်းတွေပေါ့ ညီမယိရောင်ရယ်”

မေယိရောင်က ကြုံးစွန်ချီ၏ စကားအဆုံးတွင် သူမ သိလိုသော အကြောင်းကို ဖွင့်ဟမေးလိုက်၏။

“အဲဒါတွေကတော့ ဟုတ်ပါပြီ၊ အစ်ကိုကျိတ်ကြံနေတဲ့ အကြံအစည်ကိုကော မမချီ ရိပ်မိလိုက်သလားဟင်”

“မမချီလည်း ရိပ်စားမိရုံသောက်ပါပဲ၊ အဲဒီလောက်တော့ ဉာဏ်မမီသို့ မပြောနိုင်ဘူး၊ အဲ တစ်ခုတော့ရှိတယ်၊ ညီမရဲ့ အစ်ကိုဟာ တော်တော် စန်းပွင့်နိုင်တယ်၊ အဲဒါကိုတော့ ညီမယိရောင်က စိတ်ရှည် သည်းခံ ခွင့်လွှတ်ရမယ်နော်”

မေယိရောင်ကလည်း တီးတိုးသံနှင့်ပြောသည်။

“ယောကျ်ားကောင်းတော့ မောင်းမ တစ်ထောင် ဆိုတဲ့ စကားလဲ့ ရှိသားပဲ မမချီရယ်”

ထိုစဉ် မေယိရောင်နှင့် ကြုံးစွန်ချီတို့စီးသွားကြသော မြင်းလှည်းကို ငေးမောကြည့်ရင်း စဉ်းစားခန်း ဝင်နေသည်မှာ ယဲလီနီပင်ဖြစ်သည်။

စဉ်းစားခန်းဝင်နေသော ယဲလိန်မှာ တစ်ယောက်တည်း ဦးနှောက်ခြောက်၍ နေလေသည်။

"မိန်းကလေးချီဟာ ဘယ်လိုကြောင့်များ မေယိရောင်နဲ့ မွေးစားညီအစ်မ ဖြစ်လာရတာလဲ၊ ဒီမိန်းကလေးဟာ ဉာဏ်အမြော်အမြင် ကြီးမားတာအမှန်ပဲ၊ လူရိပ်လူကဲလဲ နားလည် သလောက် နားနဲ့မျက်စိကို ဖွင့်ထားတတ်တဲ့ သဘောလဲ ရှိတယ်"

ယဲလိန်မှာ ကြုံးစွန်ချီကဲ့သို့ နှလုံးရည်ပြည့်ဝသော မိန်းကလေးမျိုးကို ယခုမှပင် မြင်တွေ့ကြုံဖူးသဖြင့် အတွေးများ ယောက်ယက်ခတ်နေသည်။

"ပြီးတော့ ငါ့အကြောင်းကိုလဲ ရိပ်မိပုံရတယ်၊ ဖြစ်နိုင်တာကတော့ ဒီမိန်းကလေးဟာ ငါ့လိုပဲ လျှို့ဝှက်ဘာဝန် တစ်ခုခု ရှိပုံရတယ်၊ ဒါကြောင့်မို့ အမှတ်ရှစ်မင်းသားရဲ့ စိတ်နေစိတ်ထားနဲ့ အခြေအနေကိုမြင်ရုံနဲ့ သိတာဖြစ်မှာပဲ"

ယဲလိန်မှာ မိန်းကလေးချီ၏ အကြောင်းကို ဆက်လက် စဉ်းစားမပြီနိုင်သည်။

"မိန်းကလေးချီသာ ငါ့ရန်သူဖြစ်ခဲ့ရင် ငါ့အဖို့ ကြောက်စရာအကောင်းဆုံး ရန်သူရှိလာတော့မယ်"

ယဲလိန်မှာ ကြုံးစွန်ချီ၏ အကြောင်းကို ပြန်ပြောင်းတွေးရင်း အိပ်ရာထဲရောက်သည်အထိ မိန်းကလေး၏ ပြောဟန်

Scanned with ACE Scanner

ဆိုဟန်နှင့် စကားသံများကိုပါ ကြားယောင်နေမိပြန်သေး၏၊ ယဲလိန်၏အာရုံအား ကြုံးစွန်ချိဂ စိုးမိုးလွှမ်းခြုံနေရာ အရှက်တက်ချိန်အထိ ယဲလိန် အိပ်မရနိုင်တော့ချေ၊

သို့သော် ယဲလိန်မှာ အိပ်ရေးပျက်သော်လည်း နွမ်းနယ်၍ မနေပေ။ အာရုံခံစားမှု လန်းဆန်းသည်နှင့်အမျှ ကြုံးစွန်ချိ၏ ပညာသားပါလှသော ကြည်လင်ဖွယ် စကားသံတို့ကြောင့် ယဲလိန်၏ခံစားမှုများ လန်းဆန်းနေခြင်းပင် ဖြစ်ဟန်ရှိသည်။

ထိုအခိုက် အခန်းအပြင်မှ ခြေသံကြားလိုက်ရပြန်သည်။

ယဲလိန်၏ အကြား အာရုံထဲ၌ ဂဟာမှူးကျေးလွန်၏ ခြေသံမှန်း သိလိုက်၏။ အခန်းတံခါးကို ရှတ်ခြည်းလုပ်၍ ဝင်လာသော ကျေးလွန်၏မျက်နှာက အရေးတကြီး ကိစ္စပေါ်နေကြောင်း သိသာနေသည်။

"ဘာကိစ္စလဲ ကျေးလွန်"

"ကိုယ့်ဆရာကို မြင်ရသော ကျုပ်ဖြင့် ဝမ်းသာလိုက်တာ၊ ဗိုနေ့ ကိုယ့်ဆရာသာမရှိရင် အကြီးအကျယ် ပြဿနာပေါ်ပဲ ဗျာ"

ယဲလိန်က အိပ်ရာထက်၌ ဆက်လှဲချင်း....

"ဘာကိစ္စများပေါ်လာလို့ အထိတ်တလန့် ဖြစ်နေရတာလဲ၊ ဖြည်းဖြည်းပြောလဲရပါတယ်"

ကျေးလွန်မှာ အမောမပြေသေးဟန်နှင့်....

"ကိုယ်တော်ကြီးက ကိုယ့်ဆရာနဲ့ အမြန်ဆုံးတွေ့ချင်သတဲ့၊ ကျုပ်ကို အမိန့်ရှိလိုက်တယ်၊ ကဲ လုပ်ပါ မြန်မြန်သွားတွေ့လိုက်ရအောင်"

ယဲလိန်က အိပ်ရာမှထရင်း မျက်နှာသစ်ပြီး အင်္ကျီလဲလှယ် ဝတ်ဆင်ကာ စူးစမ်းလိုက်သည်။

"ဘာကိစ္စလဲဆိုတာကော သိသလား ကွေးလွန်"

ကွေးလွန်က ခေါင်းခါယမ်းပြရင်း...

"ဒါတော့ ကျုပ်မသိဘူး၊ ကိုယ်တော်နဲ့တွေ့ရင် သိမှာ ပေါ့ ကိုယ့်ဆရာ"

"ကိုယ်တော်ကြီး ဘယ်မှာရှိနေသလဲ"

"စာဖတ်ခန်းထဲမှာ စောင့်နေပါတယ်"

ယဲလိန်သည် ကွေးလွန်၏ စကားကိုပင် ဆုံးအောင် နား မထောင်တော့ပေ။ စာဖတ်ခန်းရှိရာသို့ မပြေးလွှားရုံတမည် ပြေးထွက် သွားတော့သည်။ ကွေးလွန်မှာလည်း အမှတ်ရှစ် မင်းသားက မည်သည့်ကိစ္စကြောင့် အရေးတကြီးဆင့်ခေါ်ရ သည်ကို သိချင်နေလေသည်။

ထို့ကြောင့် ယဲလိန်နောက်မှ ထပ်ကြပ်မကွာ လိုက်ပါ လာလေသည်။

စာဖတ်ခန်းထဲသို့ ယဲလိန်ဝင်မိသည်နှင့် အမှတ်ရှစ် မင်း သား၏ စိတ်လှုပ်ရှားနေပုံကို တွေ့လိုက်ရတော့၏၊ အမှတ်ရှစ် မင်းသားသည် စာဖတ်ခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်း လျှောက်ရင်း မျက်မှောင်ကြီးကြုတ်၍ နေသည်။

ယဲလိန်က အမှတ်ရှစ်မင်းသားအား ဂါရဝပြုရင်း မေး လိုက်သည်။

"ကိုယ်တော် ကျွန်ုပ်ကိုခေါ်တယ်ဆို"

"အင်း မင်းကို ဝမ်းသာစရာသတင်းစကား ပြောချင်လို့ပါကွာ"

ယဲလိနိ်က မသိဟန်နှင့် ပြန်မေးလိုက်သည်။

"ဘာလဲကိုယ်တော်၊ ခန့်ရှိဘုရင်ကြီးက ကိုယ်တော့်ကို ထီးနန်းအပ်မလို့တဲ့လား"

အမှတ်ရှစ်မင်းသားက ကျေနပ်သလို ပြုံးရယ်ရင်း....

"ကဲ အေးအေးဆေးဆေး ထိုင်ကြစမ်းပါဦးကွာ၊ ငါပြောပြပါမယ်"

ယဲလိနိ်က အမှတ်ရှစ်မင်းသားရှေ့ ထိုင်ခုံတွင်ဝင်ထိုင်ရင်း နားစွင့်နေလိုက်သည်။

"အမှတ်ဘစ်ဆယ့်လေး မင်းသားထွေးလေးကို ခမည်းတော်ကြီးက ခေါ်ပြီး ကြိမ်းမောင်းတယ်၊ မကြာပါဘူးကွာ၊ နောင်တော်ကြီး ရှန်ကျင်ကိုလဲ ထမ်ဆင့်ခေါ်ပြီး ဆူပူတော့တာပဲဟေ့"

ယဲလိနိ်က စိတ်ဝင်စားဟန် ဆောင်ပြီး မင်းသားအား မေးလိုက်သည်။

"အဲဒီတော့ မင်းသားတွေ ဘာဆက်ဖြစ်ကြသေးသလဲ ကိုယ်တော်"

"ဘာဖြစ်ရမလဲကွာ၊ ခမည်းတော်က သူတို့နှစ်ယောက်ကို ရာထူးက ယာယီချပြီး တစ်နှစ်အတွင်း ကောင်းကောင်း မှန်မှန်နေကြဖို့ အမိန့်ရှိတာပေါ့"

ယဲလိနိ်က အံ့အားသင့်ဟန်ဆောင်ပြီး ငြိမ် နေ လိုက် စဉ် အမှတ်ရှစ်မင်းသားက ဆက်ပြောပြန်သည်။

"တကယ်လို့ အဲဒီလိုမှ အေးအေး ဆေးဆေး မနေရင် မင်းသားအဖြစ်က တစ်ဆင့်နိမ့်ပြီး နန်းတော်ထဲမဝင်ရလို့ ထပ်ဆင့်မိန့်လိုက်ပြန်တယ်"

ယဲလိုန်က ဝမ်းသာအားရဖြစ်ဟန်နှင့်...

"ဒါဆို ကိုယ်တော်အကွက်ဝင်နေပြီပေါ့၊ လာသာတွန့်၊ ဗိုင်းငင်ရင် ဒိုးရုပြည့်နိုင်ပါတယ်ကိုယ်တော်"

"မင်းပြောတာတော့လွယ်ပါတယ် ယဲလိန်ရာ၊ တကယ့်တကယ်တမ်းကျတော့ တကယ်ခက်ခဲတာပဲကွ"

ယဲလိုန်က နားမရှင်းဟန်နှင့်မေးသည်။

"ကိုယ်တော်က ဒီသတင်းကြားရတာ ဝမ်းမသာဘူးလား၊ ဒီသတင်းဟာ မှန်ကန်ရဲ့လားကိုယ်တော်"

"ငါက မမှန်သတင်းပြောပါ့မလားကွာ၊ ခမည်းတော်က အဲဒီလိုပဲ အမိန့်ရှိလိုက်ပါတယ်"

"အင်း ဒီသတင်းဟာ ကိုယ်တော်တစ်ယောက်တည်း ဝမ်းသာရမှာတော့ မဟုတ်ဘူး၊ ကျွန်တဲ့ မင်းသားတွေလဲ အလားတူဝမ်းသာစရာပဲကိုယ်တော်"

"အေး ဟုတ်တယ်၊ မင်းပြောတာအမှန်ပဲကွ၊ အမှတ်တစ်ဆယ့်လေး မင်းသားညီတွေရဲ့နေရာကို မင်းသားတိုင်း ဝင်လုချင်နေကြတယ်၊ ထီးနန်းကိုလျှာထားတဲ့ မင်းသားနေရာကလဲ အလွန်မက်မောဖို့ ကောင်းတာပဲလေကွာ"

အမှတ်ရှစ် မင်းသားမှာလည်း ရွံ့ကြောက်စိတ်ကြောင့် နောက်တွန့်နေတတ်သော်လည်း လူထဲကလူတစ်ယောက်မို့ ထီးနန်းကို လိုချင်နေလေသည်။ အမှတ်ရှစ်မင်းသားထ

Scanned with ACE Scanner

ယဲလိန်အား စေ့စေ့ကြည့်ကာ အကြံဉာဏ်တောင်းခံလိုက်လေသည်။

''အဲဒါ မင်းက ငါ့ကိုဘယ်လိုလုပ်ရင် ကောင်းမယ်လဲ့ဆိုတာ ပြောစမ်းပါဦးကွာ''

ယဲလိန်က....

''ကိုယ်တော့်မှာကော ဘာအစီအစဉ်များရှိထားသလဲ''

''ဘာမှမရှိသေးဘူး၊ ဒါကြောင့် မင်းကိုခေါ်ပြီးတိုင်ပင်တာပေါ့ကွာ''

''ကျွန်တော့်သဘောပြောရရင် ဒီလို အိမ်ပြန်အိပ်နေလို့ ဘာမှဖြစ်လာမှာ မဟုတ်ဘူးကိုယ်တော်၊ နန်းတော်ထဲမှာ တိတ်တဆိတ်လှုပ်ရှားရမယ်၊ ဘုရင်ကြီးနဲ့ ပုလဲနံ့မသင့်တဲ့ ပုဂ္ဂိုလ်တွေကို ပေါင်းသင်းရမယ်၊ အလိုလိုက် အကြိုက်ဆောင်မှ အကျိုးရှိတော့မှာပေါ့ဗျာ''

''အေး မင်းပြောတာမဆိုးဘူးကွ၊ ကြြာ် ဒါနဲ့ပြောရဦးမယ်၊ ညီတော်မင်းသားလေးတော့ အဲဒီလိုအမိန့်ရှိလိုက်တာနဲ့ အရှုးမီးဝိုင်းသလို မျက်ကလဲဆန်ပျာ ဖြစ်သွားတာပဲကွ''

ယဲလို့န်မှာ ရင်ထဲတွင်ထိတ်လန့်သွားကာ သိချင်စိတ်နှင့် ထပ်မေးလိုက်သည်။

''အို အဲဒီလောက်တောင် ဖြစ်သွားရသလားကိုယ်တော်ရယ်၊ ဟုတ်မှဟုတ်ရဲ့လားဗျာ''

''ဟုတ်တယ်''

"ကဲ ဒါဆို ကိုယ်တော်က ကျွန်တော့်အကြံအတိုင်း လုပ်ငန်းစပေတော့၊ တော်ကြာ တစ်ခြားမင်းသားတွေက ခြေမြန် လက်မြန်နဲ့ လက်ဦးကုန်ပါဦးမယ်ဗျာ"

ယဲလိန်က အမှတ်ရှစ်မင်းသားအတွက် စိုးရိမ်ဟန်နှင့် တိုက်တွန်းပြောကြားလိုက်သည်။

"အေး မင်းပြောတဲ့အတိုင်း ငါလုပ်ငန်းစတော့မယ်၊ မင်းသတိပေးတာ ကျေးဇူးပါပဲကွာ"

ယဲလိန်က စေတနာထားဟန်နှင့် ထပ်မံသတိပေးလိုက်ပြန်သည်။

"ကိုယ်တော် သတိလဲထားလုပ်နော်၊ နားနဲ့မျက်စိကိုလဲ မပြတ်တမ်းဖွင့်ထားပါ၊ ခုလိုပြောရတာလဲ အတိမ်းအစောင်းမဖြစ်မှ ကိုယ်လိုရာပန်းတိုင်ကို ရောက်မှာမဟုတ်လား၊ တန်ဆေး လွန်ဘေး ဆိုသလိုပေါ့ဗျာ"

"အေး အေး ငါသတိထားလုပ်ပါ့မယ်၊ ဟိတ် ကွေးလွန်း ငါ့မြင်းလှည်းပြင်ထားလိုက်စမ်း၊ အခုပဲ ငါနန်းတော်ထဲဝင်တော့မယ်၊ အလုပ်ဆိုတာ နှောင့်နှေးနေလို့ အကျိုးမရှိလာနိုင်ဘူး"

အမှတ်ရှစ်မင်းသားက ယဲလိန်အား ခေါင်းညိတ်ပြောကြားပြီး ကွေးလွန်ကိုပါ တစ်ဆက်တည်းပြောကြားလိုက်သည်။ အမှတ်ရှစ်မင်းသားမှာ စောစောပိုင်းက အေးအေးဆေးဆေးရှိနေရာမှ ယဲလိန်၏စကားကြောင့် ဖုတ်ပူမီးတိုက် လှုပ်ရှားရန် အလျင်အမြန်ထွက်ခွာသွားတော့၏။

Scanned with ACE Scanner

အမှတ်ရှစ်မင်းသား ထွက်ခွာသွား၍မကြာမီမှာပင် ယဲလိန်က အမှတ်တစ်ဆယ့်လေး မင်းသားထွေးလေး၏ ဂေဟာသို့ အလျင်အမြန်သွားတော့သည်။

အမှတ်တစ်ဆယ့်လေး မင်းသားထွေးလေး၏ ဂေဟာသို့ သွားရာလမ်း၌ လူတစ်ယောက်နောက်ယောင်ခံပြီး ယဲလိန်၏ လှုပ်ရှားမှုအား ချောင်းမြောင်းနေခဲ့သည်။

ယဲလိန်ကား ပတ်ဝန်းကျင်အား လျစ်လျူရှုထားသူမဟုတ်၍ ထိုလူ၏လှုပ်ရှားမှုကို တွေ့မြင်ပြီး ဖြစ်နေသည်။ သို့သော် ယဲလိန်က မသိဟန်ဆောင်ကာ လူသူပြတ်လပ်သောနေရာဆီသို့ ထိုလူအား မျှားခေါ်ခဲ့သည်။ လမ်းမြောင်တစ်ခုသို့ ချိုးဝင်လိုက်မိသည်နှင့် ယဲလိန်က နောက်ယောင်ခံ လိုက်လာသူအား ဖမ်းဆီးစစ်ဆေးရန် ဆုံးဖြတ်လိုက်သည်။

ယဲလိန်၏ ခန္ဓာကိုယ်က နောက်ဘက်ကို ခုန်ပျံကာ နောက်မှ ချောင်းမြောင်းသူအား ရုတ်ခြည်း ဖမ်းချုပ်စစ်မေးလိုက်သည်။

"မင်း ဘယ်သူလဲ၊ ဘာဖြစ်လို့ ငါ့နောက်က သူခိုးကျင့် သူခိုးကြံနဲ့ ချောင်းနေရတာလဲ ပြောစမ်း"

နောက်ယောင်ခံ လိုက်လာသူမှာ ယဲလိန်၏ ဖမ်းချုပ်မှုအောက်တွင် နတ်ကျသလို တုန်လှုပ်ချောက်ချား၍ ကြောက်လန့် တကြီး ပြန်ပြောလိုက်သည်။

"ကိုယ်တော် ကျွန်မ ချောက်ကြွင်ခြိုးပါ၊ ရန်သူ မဟုတ်ပါဘူး"

"ဟင် မင်း မင်း"

ယဲလိန် ခြေဖျားလက်ဖျားများ အေးစက်သွားသည်။သူ့လက်များက ချောက်ကြွင်ခြိုး၏ အင်္ကျီရင်ဘတ်ကို ချုပ်ကိုင်ထားရာမှ ငယ်ပျောကယော လွှတ်လိုက်မိသည်။

"စိတ်မရှိပါနဲ့ မိန်းကလေး၊ ငါက မင်းကို ယောကျ်ားလေး တစ်ယောက်လို့ ထင်မိလို့ပါ"

ယဲလိန် တောင်းပန်စကားပြောမှ ချောက်ကြွင်ခြိုးမှာ ပို၍ပင် ရှက်စိတ်မွန်သွားကာ ခေါင်းကလေးငုံ့ရင်း ခပ်တိုးတိုး ပြန်ပြောသည်။

"ကိစ္စမရှိပါဘူး ကိုယ်တော်၊ ကျွန်မ ကိုယ်တိုင်ကလဲ ယောကျ်ားလေးလို ဝတ်ဆင်ထားမိတာကိုး"

ယဲလိန်က ချောက်ကြွင်ခြိုးအား အကဲခတ်ရင်း ထပ်မေးသည်။

"မိန်းကလေးချောက် ဘာကိစ္စများအရေးကြီးလို့ ကိုယ့်ကို တွေ့ချင်နေရတာလဲ"

"မေမေက စေခိုင်းလိုက်လို့ လာရတာပါ၊ အရေးတကြီးကိစ္စပေါ်နေတော့ ကိုယ်တော့်ဆီ မဖြစ်မနေ လာတွေ့တာပါပဲ၊ ဂေဟာထဲတောင် ကျွန်မဝင်တော့မလို့၊ ဒါပေမယ့် ကိုယ်တော် ရှိမရှိ မသေချာတာနဲ့ အပြင်ကပဲ ထိုင်စောင့်နေတာ ပါပဲရှင်"

"ဘာကိစ္စတွေ ဆိုတာကော မိန်းကလေးချောက် သိသလားဟင်"

"အမှတ်တစ်ဆယ့်လေးမင်းသား၏ အရေးကိစ္စပါ"

မိန်းကလေးချောက ခန့်ရှိဘုရင်ကြီး၏ အမိန့်ကြားနာပြီးနောက် အမှတ်တစ်ဆယ့်လေး မင်းသားလေး ရှုံးသွပ်သွားကြောင်း ပြောပြလိုက်သည်။

ယဲလိန်က စိတ်မကောင်းဟန်ဖြင့်—

"သူ ရှုံးနေတာ မှန်ထလား"

"ဟုတ်ပါတယ် ကိုယ်တော်"

ယဲလိန်က မကျေမနပ် ဖြစ်နေသည်။ လုပ်ကြံမှုပင်လား၊ သွေးရိုးသားရိုးလားဆိုသည်ကို ယဲလိန် သိချင်နေလေသည်။

"ဒီကိစ္စ အတော့်ကို ဆန်းတယ်၊ ဘယ်လို ဖြစ်တာလဲ မိန်းကလေးချောက်"

"ပြဿနာဏတော့ တော်ပေ ၁် ရှုပ်ထွေးလာတာ အမှန်ပဲ ကိုယ်တော်"

"အောင်း ပြောစမ်းပါဦး"

"ဒီကိစ္စရဲ့ ပြဿနာအစက မင်းသားကြီးရဲ့ လက်ချက်လို့ ကျွန်မတို့သိရပါတယ်၊ ဘယ်အချိန်က စကြံတာလဲတော့ မသိပါဘူး၊ မင်းသားကြီးဟာ ဆေးဆရာ ကော့လုံလိုနဲ့ပူးပေါင်းပြီး ကြံတာတော့ အမှန်ပဲ၊ ဒီလူးမား ကော့လုံလိုဟာ စိတ်ညို့ ပညာတော်င် ကျွမ်းကျင်တတ်မြောက်တယ်လို့သိရတယ်"

ယဲလိန်မှာ မိန်းကလေးချောက်၏ စကားကြောင့် အံ့ဩသွားမိသည်။

"ဩော်် လောကီ ပညာရပ်တွေဟာ ဆန်းကြယ်လှချည်လား"

"ဆန်းဆို ကိုယ်တော်လေးတောင် မယုံကြည်နိုင်တဲ့ ပညာ တစ်မျိုး ရှိနေသေးတယ်"

"ဘာများလဲဟင်"

"ဒီ ကော့လုံလိုဟာ ကိုယ်တော်လေးရဲ့ အမည် အဝတ်အစားနဲ့ ဆံပင်တွေယူပြီး သစ်သားရုပ်ကလေး လုပ်ထားတယ်၊ အဲဒီအရုပ်ပေါ်မှာ အပ်တွေစိုက်၊ နားမလည်နိုင်တဲ့ ဂါထာတွေ ရွတ်ပြီးရင် သွက်သွက်ခါအောင် "ဘဝပျက်နိုင်သတဲ့ ကိုယ်တော်"

"အော ဒီပြဿနာမျိုး ငါကြုံဖူးတယ်၊ ရှန်ကျင်လဲ ဒီအလုပ်မျိုး လုပ်ဖူးသေးတယ်၊ ငါ့လက်ချက်နဲ့ ပျက်ပြားခဲ့ရတယ်၊ ခုတော့ ပထမမင်းသားကြီးက ဒီအကြံကို လုပ်ပြန်ပြီ"

"ဟုတ်တယ်၊ ဒီလားမားကြီးကဒီလိုစီရင်နေတော့ ကျွန်မ မေမေလဲ အနားမှာ ရှိနေတယ်လေ၊ မေမေက ပြောလိုက်တယ်၊ ဒီကိစ္စကို ကိုယ်တော်နဲ့တိုင်ပင်ပြီး ဘာဆက်လုပ်ရမယ်ဆိုတာ မေးမြန်းလာခဲ့ပါတဲ့"

ယဲလိန်၏ရင်ထဲ၌ အစ်ကိုဖြစ်သူ၏ ဝေဒနာအတွက် ယူကျုံးမရဖြစ်ကာ ဗလောင်ဆူ၍ နေသည်။

"ဒီလိုဖြစ်တာ ဘယ် နှယ် ရက် ရှိ သွားပြီလဲ မိန်းကလေး ချောက်"

"သုံးရက်ရှိသွားပါပြီ ကိုယ်တော်"

"အဲဒီလူရုပ်ကိုကော ဘယ်မှာချထားသလဲ"

"မင်းသားကြီးရဲ့ ပန်းခြံထဲက ထင်းရှူးပင် အောက်မှာ မြေမြှုပ်ထားပါတယ်ရှင်"

"ကောင်းပြီလေ၊ ဝိကိစ္စကို ကိုယ်ပဲကြည့်ရှင်းလိုက်တော့မယ်ဆိုတာ အစ်မကြီးချောက်ကို ပြောပြလိုက်ပါ"

ချောက်ကြွင်ခြိုးက တလေးတစားပြောလိုက်သည်။

"ကျွန်မ ပြန်ပါဦးမယ်ကိုယ်တော်"

ချောက်ကြွင်ခြိုး၏ တင်အကြည့် တစ်ချက်ကြောင့် ယဲလိန်၏ရင်ထဲ၌ ဂယက်လှိုင်းထသွားမိပြန်သည်။

ယဲလိန်မှာ ရင်ထဲမှအမေးကို ပြေပျောက်လိုပြေပျောက်ငြား သက်ပြင်းချလိုက်မိသည်။

သူ၏ ခြေဦးတည့်ရာကား အမှတ်တစ်ဆယ့်လေးမင်းသား၏ ဂေဟာသို့ပင်ဖြစ်သည်။

ဂေဟာအတွင်းသို့ ယဲလိန်ဝင်မိသည်နှင့် ရှိရှိသမျှလူတို့သည် ပျားပန်းခပ်မျှ လှုပ်ရှားသွားလာနေကြသည်ကို ယဲလိန်တွေ့ရသည်။

ယဲလိန်ဝင်လာသည်ကို တာဝန်ကျအစောင့်က ဆီးကြိုပြောလိုက်၏။

"ဆရာယဲ ဆရာပေါက်တို့ အနောက်ဘက်ခန်းမဆောင်ဘက်မှာ ရှိနေကြပါတယ်ခင်ဗျာ"

ယဲလိန်သည် အချိန်ဖြုန်းမနေတော့ဘဲ အနောက်ဘက်ခန်းမဆောင်ရှိရာသို့ အလျင်အမြန်သွားလိုက်၏။

ခန်းမဆောင်ကြီးထဲတွင် လူတစ်စုက အရေးကြီးသောကိစ္စအတွက် ခေါင်းချင်းဆိုင်၍ တိုင်ပင်နေကြဟန်ရှိနေသည်။ ထိုလူစုထဲတွင် ရှက်ဝင်လူလည်းရှိနေသည်။ အံကင်းပါးလူဆော ရှက်ဝင်လူက ယဲလိန်အား တစ်ချက်လှမ်းကြည့်ပြီး နှုတ်

မဆက်ဘဲ တစ်ဖက်သို့မျက်နှာလွှဲလိုက်၏။ ရှက်ဝင်လှအပြုံးအမှုဘ်တစ်ဆယ့်လေး မင်းသား၏ အကြံပေး အတိုင်ပင်ခံပုဂ္ဂိုလ်ရှစ်ယောက်လည်း ရှိနေကြသည်။

ဆရာပေါက်က ယဲလိန်အား ဝမ်းသာအားရဆီးကြိုလိုက်လေလည်း။

"ညီလေးယဲ မင်းရောက်လာဘာအနောဘ်ပဲကွာ၊ ငါတော့ပြဿနာတစ်ခုပြီးတာနဲ့ နောက်ဘစ်ခု ထပ်ပေါ်လာနေတယ်၊ ငါ သိပ်စိတ်ညှပ်ပါတယ်ကွာ"

ဆရာပေါက်၏မျက်နှာမှာ သူ့ခေါင်းပေါ်တွင် အလျှံညီးညီးတောက်လောင်နေသော မီးဖိုကြီးကို ရှက်ပိုးထားရသည့်ကဲ့သို့ အပူမီးတောက်လောင်နေသည်။

ယဲလိန်က ဝင်ထိုင်ရင်း....

"ကျွန်တော်လဲ အဲဒီကိစ္စကြားလို့ အမြန်ဆုံးလာခဲ့တာပါပဲ"

"ခအားကွာ ကျေးဇူးပါပဲ၊ မင်းမျက်နှာမြင်ရရင်ပဲ ငါ့အဖို့တော်တော်စိတ်ချမ်းမြေ့ရပါပြီ"

ဆရာပေါက်သည် ယဲလိန်အနီးရပ်ကာ အကြံပေးအတိုင်ပင်ခံ ပုဂ္ဂိုလ်ရှစ်ဦးအား မျက်နှာမူလိုက်ပြီး မိတ်ဆက်ပေးလိုက်သည်။

"ဒီက အကြံပေးလူကြီးမင်းများနဲ့ ညီလေးယဲကို မိတ်ဆက်ပေးရဦးမယ်၊ သူကတော့ ယဲလိန်လို့ခေါ်ပါတယ်"

အကြံပေးပုဂ္ဂိုလ်များထဲမှ ဆရာဟိုင်က မတ်တတ်ရပ်ကာယဲလိန်အား ဂါရဝပြုပြီး....

"ကျုပ်နာမည်ကတော့ ဟိုင်လုံလို့ခေါ်ပါတယ်၊ ဆရာယဲ့ခွဲ့နာမည်ကိုတော့ ကျုပ်ကြားဖူးနေတာကြာပါပြီ၊ ခုလိုတွေ့မြင်ရတာ အတိုင်းမသိဝမ်းသာပါတယ်ခင်ဗျာ"

"ကျွန်တော်လဲ ဝမ်းသာပါတယ် ဆရာဟိုင်"

ကျန်ပုဂ္ဂိုလ်များကလည်း ယဲ့လိန်အား ဖက်လှဲတကင်းပြောဆိုလိုက်ကြသည်။ ဆရာဟိုင်ကပင် အားလုံးကိုလော်ဆော်ရင်း စတင်ပြောသည်။

"ကဲ ခုလိုလူစုံတုန်း ပြဿနာကို ဘယ်လိုဖြေရှင်းကြရင်ကောင်းမလဲဆိုတာကို တိုင်ပင်ကြရအောင်"

ဆရာပေါက်က ယဲ့လိန်ကို စတင်ပြောဆိုလိုက်၏။

"တို့မင်းသားဟာ ဘယ်လိုကြောင့် ခုလိုရူးသွားရတယ်ဆိုတာ မအဉ်းစားတတ်အောင်ဖြစ်နေမိတယ် ညီလေးယဲ့ရာ၊ အဖြစ်ကတော့ မီးလောင်ရာလေပင့်ဆိုသလို ဝဲနေတာပဲ၊ ကဲ ညီလေးယဲ့ကပဲ အကြံပေးပါဦး"

"ကျွန်တော်တို့မင်းသား ဘယ်မှာရှိနေသလဲ ဆရာပေါက်"

"သူ့အခန်းထဲမှာပဲ ရှိနေပါတယ်"

ယဲ့လိန်က အံကြိတ်လိုက်ပြီး အေးတိအေးစက်ပြန်ပြောလိုက်သည်။

"ဒီပြဿနာရဲ့ အခြေခံဇာစ်မြစ်ကို ကျွန်တော်ရှာဖွေဖော်ထုတ်ပြီး တရားခံကို ပြင်၊ပြင်းထန်ထန် ဒဏ်ခတ်ရမှာပဲ"

ယဲလိန်၏စကားထဲတွင် အမှတ်ဘစ်ဆယ့်လေး မင်းသားလေး ရှုးရခြင်းကိစ္စအား တရားခံမှာ မည်သူမည်ဝါဖြစ်ကြောင်းကို အရိပ်အယောင် ပြသလိုရှိနေ၏။

ဆရာပေါက်က....

"ဒလာလောဆယ်မှာ ဘယ်သူ့လက်ချက်မှန်း မသိရသေးတော့ ကျုပ်တို့အနေနဲ့ ဘယ်လိုလုပ်ပြီး အရေးယူရမှန်းတောင် မသိတော့ပါဘူး"

ယဲလိန်ကပင် အများသိစေရန် သူ ကြားခဲ့ရသောကိစ္စများကို ပြန်ပြောပြလိုက်သည်။

"ကျွန်ုပ်ဘော် သိရသမျှကတော့ ဒီလိုပါ၊ တရားခံဟာ မင်းသားကြီးပဲ၊ မင်းသားကြီးက ဆေးစီရင်ပြီး ညီတွေ မင်းသားလေးကို လုပ်ကြံတာပါ"

ဆရာပေါက် အပါအဝင် လူအားလုံးတို့မှာ မမြင်နိုင်သော အန္တရာယ်ကြောင့် ကြောက်ခမန်းလိလိ ဖြစ်ကုန်ကြတော့၏။ ယဲလိန်သည် အမှတ်တစ်ဆယ့်လေးမင်းသား၏ ရုပ်တုကို မည်သည့်နေရာ၌ ဝှက်ထားကြောင်းကိုမူ အသိ မပေးသေးပေ။

"ဩော် လက်စသတ်တော့ ဒီလိုကိုး"

"ကျုပ်ထင်နေတာက မင်းသားဟာ အဆိပ်သင့်ခဲ့ဖူးတော့ အဆိပ်မစင်သေးလို့ ရောဂါပြန်ထတယ်ပဲ ထင်နေတာဗျ"

ကျန်တစ်ယောက်ကလည်း....

"ကျုပ်တို့ ဒီအတိုင်းငုံ့ခံနေလို့မဖြစ်တော့ဘူး၊ တစ်ခုခုတော့ တုံ့ပြန်မှ ဖြစ်တော့မယ်"

Scanned with ACE Scanner

"အရေးယူရမယ်၊ ဟုတ်တယ်"

အခန်းထဲတွင် သူတစ်ခွန်း ကိုယ်တစ်ခွန်း ပြောကြားရင်း ဆူဝေါသဖြစ်နေကြတော့၏။

ဆရာပေါက်ထာ ကျယ်လောင်သောအသံနှင့် အော်ဟစ်ပြောဆိုလိုက်သည်။

"ကဲ ကဲ အားလုံးငြိမ်ကြပါ၊ ဒီလိုပြောနေလို့ ပြဿနာတာ ပြေလည်သွားမှာမှ မဟုတ်ဘဲ၊ ခေါင်းအေးအေး ထားပြီး စဉ်းစားဆုံးဖြတ်ကြဖို့ လိုတယ်"

ခန်းမဆောင်ထဲ၌ ရုတ်ခြည်း ငြိမ်သက်သွားသည်။

ဆရာပေါက်က ယဲလိန်ကို လှမ်းကြည့်လိုက်သည်။ အမှတ်တစ်ဆယ့်လေး မင်းသားထွေးလေး၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်များကလည်း ယဲလိန် ဆက်ပြောလာမည့်စကားများကို နားစွင့်လိုက်ကြသည်။ ယဲလိန်က အားလုံးကို လိုက်ကြည့်လိုက်ပြီးနောက် ရှက်ဝင်လူအား တစ်ချက်ကြည့်ကာ မေးခွန်းထုတ်လိုက်သည်။

"ခင်ဗျားတို့အားလုံးက မင်းသားကြီးရဲ့ဂေဟာကိုသွားပြီး ရန်မူကြမလို့လား"

"ဟုတ်တယ်၊ သူဟာ တရားခံပဲလေ"

"ကောင်းပြီ မင်းသားကြီးက ငြင်းမှာပဲ၊ အဲဒီလိုဆိုရင် ခင်ဗျားတို့ ဘာဆက်လုပ်ကြမလဲ၊ သက်သေ အထောက်အထား မပြနိုင်ရင် မင်းသားကြီးက ငုံ့ခံပါမလား၊ ခန့်ရှိဘုရင်ကြီးကို သူ သိက္ခာကျအောင် လုပ်ပါတယ်လို့ တိုင်ရင် ကျွန်တော်တို့ နှစ်ခါနာဖြစ်ကုန်ကြလိမ့်မယ်"

ဆရာဟိုင်အာ ကျယ်လောင်သောအသံနှင့်—

"အို ဘာမှ ဖြစ်စရာ မလိုပါဘူးလေ၊ သူ့ဂေဟာထဲက သစ်သားရုပ်တုဟာ အကောင်းဆုံး သက်သေပဲပေါ့"

ဆရာဟိုင်က မင်းသားကြီး ဂေဟာထဲသို့ဝင်ကာ အတင်း အဓမ္မ စွပ်စွဲပြီး အကြမ်းဖက်ရန် ပြောလိုက်သည်။

ယဲလိန်အာ ဦးခေါင်းခါယမ်းရင်း—

"ကောင်းပြီ၊ ဒါဆိုရင် အဲဒီ သစ်သားရုပ်တု ဘယ်မှာရှိ သလဲ ဆိုတာ ခင်ဗျားတို့ သိကြသလား"

ယဲလိန်၏ စကားကြောင့် ခန်းမဆောင်ထဲ၌ တိတ်ဆိတ် သွားကြပြန်သည်။ ယဲလိန်ကပင် မေးပြော ပြောလိုက်၏။

"ကျွန်တော်တို့က ပထမမင်းသားကြီးရဲ့ ဂေဟာထဲကို ကျူးကျော်ဝင်ရောက်ပြီး တစ်ခြံလုံး မွှေလှန်ရှာလို့လဲ ဖြစ်တာ မဟုတ်ဘူးဗျ"

ဆရာပေါက်အပါအဝင် လူအားလုံး၏မှာ ယဲလိန် ဆက် ပြောလာမည့် စကားကိုပင် နားစွင့်နေလိုက်ကြ၏။

ဟိုင်လုံအာ....

"ဒါဆို ဆရာယဲက ဘယ်လို စီစဉ်ချင်လို့လဲ၊ ကျုပ်တို့လဲ ကြားပါရစေဗျာ"

ယဲလိန်က အားလုံးကို စေ့စေ့စပ်စပ်ကြည့်ကာ ပြန်ပြော လိုက်သည်။

"ဒီကိစ္စဟာ ကျုပ်တို့ကိုယ်တော်လေးရဲ့ သေရေး ရှင်ရေး ဖြစ်သလို ကျုပ်တို့တစ်တွေရဲ့ သေရေးရှင်ရေးလဲ ဖြစ်တယ်၊ ဒါတော့ ကျုပ်တို့ တစ်တွေဟာ အကွက်စေ့စေ့ လုပ်ကိုင်ဖို့

Scanned with ACE Scanner

လိုတယ်၊ မှားယွင်းတိမ်းစောင်းသွားတာမျိုး လုံးဝ အဖြစ်မခံနိုင်ဘူးဗျ”

ယဲလိန်၏စကားကို အားလုံးက သဘောတူ ခေါင်းညိတ်ကြသည်။ ယဲလိန်ကပင် ဆက်လက်မေးပြန်သည်။

“ခင်ဗျားတို့အားလုံးကို ကျုပ်တစ်ခုမေးချင်တယ်၊ ခုရောက်နေကြတဲ့ လူအားလုံးဟာ မင်းသားလေးအပေါ်မှာ သစ္စာရှိကြသလား၊ စိတ်ချ ယုံကြည်ရတဲ့ ပုဂ္ဂိုလ်တွေချည်းပဲလား”

ရှက်ဝင်လူက ယဲလိန်၏စကားအဆုံးတွင် ဆရာပေါက်အား လှမ်းကြည့်လိုက်သည်။

ဆရာပေါက်က…

“ညီလေးယဲ မင်းသားလေးအပေါ်မှာ ဒီလူတွေအားလုံး သစ္စာရှိကြပါတယ်၊ ငါ တာဝန်ယူပါတယ်”

ယဲလိန်က ခေါင်းတစ်ချက်ဆတ်ပြရင်း

“ကောင်းပြီ၊ ဆရာပေါက်က ဒီလိုပြောလာရင် ကျုပ်လက်ခံယုံကြည်ပါပြီ၊ ဒီတော့ ဒီလိုလုပ်ကြပါ၊ မင်းသားလေးရဲ့ အထိန်းတော်ကြီးကို နှန်းတွင်းလွှတ်ပြီး ခန့်ရှိဘုရင်ကြီးကို ဒီကိစ္စ ဖွင့်ဟတိုင်ကြားပါစေ၊ မင်းသားလေး ပုံတူအရုပ်ကို ဘယ်မှာထားတယ်ဆိုတာ ကျုပ်က လျှို့ဝှက်စာခပ်ခေါင်းရေးပေးလိုက်မယ်၊ ခန့်ရှိဘုရင်ကြီးနဲ့တွေ့တဲ့အခါ တင်လျှောက်ရင်းစာကိုဆက်သလိုက်ပေါ့”

ရှက်ဝင်လူသည် ယဲလိန်၏အကြံပေးလိုသော စီမံခန့်ခွဲမှုအတွက် အလင်ကြီးအားကိုးစွာ လှမ်းကြည့်နေလေသည်။

ယဲလိန်က ဆက်ပြောသည်။

"အဲဒီအခါ နန်းတွင်းအစောင့်နဲ့ ကိုယ်ရံတော်တပ်ဖွဲ့ကိုယ်တိုင်ဝင်ရှာဖို့ ဘုရင်ကြီးက အမိန့်ပေးမှာပဲ၊ အဲဒီ ရုပ်တုကိုတွေ့ရင် ကျုပ်တို့ပြဿနာလဲရှင်းပြီး မင်းသားကြီးလဲ အပြစ်ဒဏ်ကျရောမဟုတ်လား"

ဆရာဟိုင်နှင့် အကြံပေးပုဂ္ဂိုလ်များမှာ ယဲလိန်၏အကြံအား တညီတညွတ်တည်း ထောက်ခံလိုက်ကြသည်။

"သိပ်ကောင်းတဲ့ အကြံပါပဲဗျာ"

ဆရာပေါက်ပင်လျှင် ယဲလိန်အား ချီးကျူးအားကျသော မျက်လုံးများနှင့်ကြည့်ကာ ယဲလိန်ကိုပြောလိုက်သည်။

"ကဲ ညီလေးယဲ့ရေ အထိန်းတော်ကြီးနဲ့ ပေးလိုက်ဖို့ စာသာရေးပေတော့"

ဆရာပေါက်က ယဲလိန်စာရေးရန် စာရေးစက္ကူနှင့် စုတ်တံကို ယူလာပေးလိုက်သည်။

"ဆရာပေါက် အခုလုပ်မယ့်ကိစ္စကို အထူးလျှို့ဝှက်ပြီးဆောင်ရွက်ပါ၊ တကယ်လို့ အကြံမအောင်ခင် ပဉ္စမမင်းသားကြီး သိသွားခဲ့ရင် ကျုပ်တို့ အကြံပျက်ပြားပြီး ဒုက္ခရောက်နိုင်တယ်"

ဆရာပေါက်က လက်မဆောင်ပြီး တာဝန်ယူလိုက်၏။

"စိတ်ချစမ်းပါ ညီလေးယဲ့ရာ၊ တာဝန်ကျေအောင် ပိပိရိရိဆောင်ရွက်ပါ့မယ်၊ အမှတ်တစ်ဆယ့်လေး မင်းသားသာမရှိရင် ငါတို့တစ်တွေ ဒုက္ခ အကြီးအကျယ် ရောက်ကြရမှာမဟုတ်လား"

"ဒီကိစ္စဟာ အင်မတန် အရေးကြီးတယ်၊ ပထမမင်းသား

Scanned with ACE Scanner

ကြီးရဲ့အကြံသာ ကျုပ်တို့က ဖော်ထုတ်နိုင်မယ်ဆိုရင် မင်းသားလေး ရောဂါပျောက်ကင်းနိုင်တဲ့အပြင် ခန့်ရှိဘုရင်ကြီးတပါ မင်းသားလေးအပေါ် ကရုဏာသက်လာနိုင်တယ်၊ အဲ ရုပ်သိမ်းထားတဲ့ နန်းလျာမင်းသားအဖြစ်တောင် ပြန်ပြီးပေးသနားလာနိုင်တယ်''

ဆရာပေါက်မှာ ဝမ်းသာမိသော်လည်း နားမရှင်းသေးသဖြင့် ထပ်မံမေးလိုက်၏။

''ဘာဖြစ်လို့လဲ ညီလေးယဲ''

''နန်းလျာမင်းသားဆိုတာ သတ်မှတ်ပြီးရင် ပြန်ပြင်လို့မရတဲ့ကိစ္စကြီးပါ၊ မင်းတို့စကား မိုးကြိုးသွားလို့တောင် စာဆိုရှိသေးတယ် မဟုတ်လား''

ဆရာပေါက်က ခေါင်းညိတ်ပြသည်။

''မင်းသားလေးဟာ ခုလိုလုပ်ကြံခံရတယ်လို့ ဘုရင်ကြီးသိသွားခဲ့ရင် ရှန်ကျင်နဲ့ အတိုက်အခံဖြစ်လာတဲ့ ကိစ္စမှာလဲ မင်းသားလေးအပေါ် အမြင်ကြည်လင်လာနိုင်တယ်လေ၊ ဒီတော့ ကျုပ်တို့ရဲ့အခြေအနေတွေကိုလဲ ဒီထက် ပိုကောင်းလာနိုင်မယ် မဟုတ်လား''

ဆရာပေါက်ကမူ ယဲလိန်အားပြောင်ဖွင့်၍ ချီးကျူးစကားပြောလိုက်၏။

''ညီလေးယဲရဲ့ ကျေးဇူးကတော့ တို့အပေါ်မှာ ကြီးမားပါပေတယ်၊ မင်းဟာ လက်ရုံးရည်ကော နှလုံးရည်ကော ပြည့်ဝတာအမှန်ပဲ၊ ညီလေးယဲကသာ သစ္စာရှိရှိနဲ့ တို့မင်းသား

ကို မကယ်ခဲ့ရင် မင်းသားလဲဘဝပျက်၊ တို့တစ်တွေလဲ ဒုက္ခရောက်ကုန်ကြမှာ အမှန်ပဲ"

ဆရာပေါက်သည် အကြံအောင်မြင်စေရန် စိတ်အားထက်သန်စွာ လုပ်ဆောင်နေရတော့၏။ ဆရာပေါက်က အကြံပေးပုဂ္ဂိုလ်များအား ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်သည်။

"ဒီမှာ ညီနောင်တို့ ဒီကိစ္စအောင်မြင်ဖို့အတွက် ညီလေးယဲကလဲ့ချင် ကျုန်တဲ့လူအားလုံး မပြန်ကြရဘူး၊ လိုအပ်တာဝိုင်းဝန်းကူညီကြရမယ်"

"ကျုပ်တို့ မပြန်ကြဘူး၊ လိုတာကူညီပါ့မယ်"

ရှက်ဝင်လူကလည်း ဆရာပေါက်အား လိုအပ်ပါက အကူအညီပေးပါမည်ဟု ပြောဆိုကာ ဂေဟာအတွင်းရှိ သူ့အိမ်လေးသို့ ပြန်သွားသည်။ ယဲလိန်အခန်းအပြင်သို့ ထွက်လိုက်စဉ်ဂေဟာအတွင်းရှိ အပျိုတော်များက လိုက်လံပျူငှာစွာ နှုတ်ခွန်းဆက်ကြသည်။ ယဲလိန်က အလိုက်အထိုက်သာ ဝတ္တရားကျေရုံပြောဆိုလိုက်၏။

ရှက်ဝင်လူအား သူ့အခန်း၊ ပြန်ရောက်သည်နှင့် အခန်းစောင့်နေခဲ့သော ရှန်ကြွင်းက ဆီးကြိုမေး၏။

"ဘယ်အခြေအနေရှိသလဲ မမရှက်။ ပြဿနာတွေ ဖြေသွားပြီလားဟင်၊ အစ်ကိုယဲလိန်နဲ့ကော တွေ့သလား"

"တွေ့တယ်"

ရှန်ကြွင်းမှာ ရှက်ဝင်လူအား စကားပြောဆိုခွင့်ဟန် ရှိနေသည်၊ ရှက်ဝင်လူကမူ တစ်ခွန်းမေးမှ တစ်ခွန်းပြန်ပြောနေလေသည်။

"ဒါနဲ့ အစ်ကိုယဲလိန်ကော ခုဘယ်မှာလဲဟင်"

"ဘယ်သိမလဲ၊ ခုလောက်ဆို ပြန်ရောပေါ့"

"သူမျှားအတင်းတွေကို ဘာဖြစ်လို့ ပြောနေရတာလဲ ညီမလေးရဲ့"

ယဲလိန်၏စကားသံက ရုတ်ခြည်း ပေါ်လာခဲ့သည်။ ရှက်ဝင်လူနှင့် ရှန်ကြွင်းတို့မှာ မလုံမလဲစိတ်နှင့် ယဲလိန်အား လှည့်ကြည့်လိုက်ကြသည်။

ရှန်ကြွင်းက ယဲလိန်အား ပြုံးစိစိနှင့်ကြည့်ကာ...

"ကျွန်မထင်သားပဲ အစ်ကိုယဲဟာ ဒီကိုမလာဘဲ မနေနိုင်ပါဘူးလို့လေ"

ရှက်ဝင်လူ၏မျက်နှာလေးမှာ ရှက်သွေးရောင် လျှမ်းသွားကာ ရှန်ကြွင်းအား မာန်မဲလိုက်သည်။

"ကောင်မလေး နင့်ပါးစပ်ပိတ်ထားစမ်း"

ရှန်ကြွင်းမှာ ရှက်ဝင်လူကပြောပါမှ ပို၍ပင် ဆိုးလာနေသည်။

"ကျွန်မသိပြီးသားပါ မမရဲ့၊ အစ်ကိုယဲရှိနေရင် ကျွန်မကို ကြည့်မရတော့ဘူး ဆိုတာလေ၊ ခုပဲ ကျွန်မလဲ အပြင်ကိုသွားတော့မလို့ပါ မမရဲ့"

"ဟဲ့ ဒီကောင်မလေး..."

အပြင်သို့ လစ်ခနဲ ပြေးထွက်သွားသော ရှန်ကြွင်းကို ရှက်ဝင်လူက ရှက်စိတ်နှင့်ပြန်ခေါ်ရန် စကားစလိုက်သည်။

ယဲလိန်က ရှက်ဝင်လူအား အပြုံးနှင့်ကြည့်ရင်း...

Scanned with ACE Scanner

"ခေါ်မနေပါနဲ့ညီမလေးရာ၊ သူက အလိုက်သိလို့ ရှောင်ပေးတဲ့ဥစ္စာပဲ"

"ဟင်းနော် အစ်ကို ဘာတွေ လာပြောနေတာလဲဟင်၊ သူမျှားရှက်ပါတယ်"

ရှက်ဝင်လူက ယဲလိန်အား မာန်လိုက်သော်လည်း သူ့မျက်နှာမှာမူ အပြုံးပန်းများ ဝေဆာ၍နေလေသည်။ ရှက်ဝင်လူသည် ယဲလိန်က သူမနှင့် ရှေ့ဆင့်နောက်ဆင့် ရောက်လာခြင်းကို တအံ့တဩ ဖြစ်နေမိသည်။

"အစ်ကို ဘယ်အချိန်က ဒီကိုရောက်နေတာလဲဟင်"

"စည်းဝေးပွဲပြီးပြီးချင်း ဒီကိုရောက်နေတာပဲ"

"ကြည့်စမ်း အစ်ကို့ကို ဘယ်သူကခေါ်လို့လဲ"

ရှက်ဝင်လူ၏ ချစ်စဖွယ်မျက်စောင်းလေးမှာ ယဲလိန်အား 'ပီတိဖြာဝေသွားစေသည်။

"ဘယ်သူကမှမခေါ်လဲ မင်းသားလေးရဲ့အမိန့်အရ ညီမဆီကို အစ်ကိုလာခွင့်ရှိနေပြီလေ"

"ဟင်းနော် အစ်ကို ကဲတက်မလာနဲ့ဦး"

ယဲလိန်က ရှက်ဝင်လူ၏ ရှက်သွေးရောင် လျှမ်းနေသော မျက်နှာလေးကို ငေးကြည့်နေလိုက်သည်။

ရှက်ဝင်လူ၏ အိပ်ခန်းကလေး အတွင်းဝယ် အတန်ကြာ တိတ်ဆိတ်သွားပြန်သည်။

ရှက်ဝင်လူမှာ အမှတ်တစ်ဆယ့်လေး မင်းသားလေး အပေါ် စိတ်မကောင်းဖြစ်နေလေသည်၊

"ဪ အမှတ်တစ်ဆယ့်လေး မင်းသားလေးဟာ နန်းလျာ ပြန်ဖြစ်နိုင်သေးသလားဟင်"

"ဘယ်ပြောနိုင်မယ်လဲ၊ မဖြစ်တာဘဲကောင်းပါတယ်လေ"

"အစ်ကိုက သူ့ကို နန်းလျာမဖြစ်စေချင်ဘူးလား"

"ဒီလိုလဲ မဟုတ်ပါဘူး"

"ဒါဆို ဘယ်လိုသဘောလဲဟင်"

ယဲလိန်က တစ်စုံတစ်ရာ စဉ်းစားပြီး....

"သူတို့အချင်းချင်း မုန်းမာန်ပွားပြီး ခုလို မငြိမ်မသက်ဖြစ်နေမှု ကောင်းတာပဲ၊ ခုလို လုပ်ဆောင်ပေးရတာကလဲ တစ်ဖက်သတ်ကြီး မဖြစ်စေချင်လို့ပါ"

"အစ်ကို အခုလိုလုပ်ပေးတော့ မန်ချင်မင်းသားတွေက အစ်ကိုအပေါ် အားကိုးယုံကြည်လာကြမှာပဲနော်"

"အစ်ကိုကလဲ အဲဒါပဲလိုချင်တာပါ"

ရှက်ဝင်လူက မန်ချင်မင်းသားများအကြား တစ်ယောက်တစ်မျိုး လှည့်လည် လှုပ်ရှားပေးနေသော ယဲလိန်အတွက် ကြောင့်ကြစိတ် ဝင်လာမိသည်။

"ညီမတော့လေ အစ်ကို့ကို စိတ်မချနိုင်ဘူး၊ ဒီလို အန္တရာယ်တွေကြားမှာ လှုပ်ရှားရတာ လွယ်တာမဟုတ်ဘူး အစ်ကိုရဲ့"

ယဲလိန်က နှစ်သိမ့်အားပေးသလို ပြုံးရင်း—

"ရပါတယ်ညီမရဲ့၊ လူဆိုတာ တာဝန်နဲ့တွေ့ရာကို ဘယ်မှာ ရှောင်သွေလို့ ရပါ့မယ်လဲ၊ အန္တရာယ်ရှိပေမယ့် လုပ်ဆောင်ရမှာပဲလေ၊ အင်း.... မင်းသားတွေ အားလုံး ထဲမှာ

ရှန်ကျင်ကတော့ အစ်ကို့အပေါ် မျက်လုံး ဒေါက်ထောက်ကြည့်နေတတ်တယ်၊ ဒါပေမယ့် ဘကယ်တမ်းကျတော့ သူတို့အကျိုးကိုလဲ အစ်ကိုထမ်းရွက်ပေးနေတော့ ခုလက်ရှိ အခြေအနေမှာ အဆင်ပြေပါတယ်''

ရှက်ဝင်လူက သက်ပြင်းကလေးကျိတ်ချရင်း—

''ညီမ အစ်ကို့ကို စိုးရိမ်လို့ပြောမိတာပါ၊ မပြောကောင်း မဆိုကောင်း အစ်ကို့ကို ခြေချော်လက်ချော်မဖြစ်စေချင်ဘူးလေ''

''အင်းပါညီမရယ် အစ်ကိုသတိထားပါ့မယ်''

ယဲလိန်က ရှက်ဝင်လူအား ချော့မော့နှုတ်သိမ့်ရင်း တစ်စုံတစ်ရာကို သတိရဟန်နှင့် ပြောလိုက်သည်။

''ဒါနဲ့ ညီမကိုပြောရဦးမယ်၊ ခုတစ်လော မန်ချင်တော်လှန်ရေး အဖွဲ့သစ်တွေပေါ်လာပြီး လှုပ်ရှားနေကြတယ်၊ အဲဒါ ညီမသိသလားဟင်''

ရှက်ဝင်လူက မခို့တရို့ပြုံးရင်း....

''မန်ချင်ဖြိုအဖွဲ့လို့ ခေါ်တယ်မဟုတ်လားအစ်ကို''

ယဲလိန်မှာ ပါးစပ်အဟောင်းသားဖြစ်သွားမိသည်။

''ဟင် မင်းဘယ်လိုလုပ်ပြီးသိတာလဲ''

''သိတာပေါ့အစ်ကိုရယ်၊ ဒါကြောင့်လဲ အစ်ကို့ကို သတိပေးနေရတာပေါ့၊ မန်ချင်တော်လှန်ရေးသမားတွေကိုအကင်မသေးနဲ့နော်၊ သူတို့ဘက်မှာလဲ သိုင်းသမားလူတော်တွေရှိနေတယ်''

ရှက်ဝင်လူ၏စကားကို ယဲ့လိန်လက်မခံ၍မဖြစ်။ မိန်းကလေးချိကဲ့သို့ နုလုံးရည် လက်ရုံးရည်ပြည့်ဝသော လူများကိုယဲလိန် ရှာကိုက်ရပေမည်။ ယဲလိန်သည် ရှက်ဝင်လူနှင့်အတူ စကားလက်ဆုံကျရင်း အကြောင်းအရာအမျိုးမျိုးနှင့် လက်ရှိဖြစ်ရပ်များကို တိုင်ပင်ရင်း အချိန်ကုန်သွားတော့၏။

# လျိုးမြေ ☆

+ + + [illegible]

ဖိုးဝင်းကျော် - ဇော်ငြိမ်း

အမှုတ်တစ်ဆယ့်လေး မင်းသား ဂေဟာမှာကဲ့သို့ပင် ရှန်ကျင်၏ ဂေဟာ၌လည်း လှုပ်လှုပ်ရွရွဖြစ်နေသည်။

ယဲလိန်က ရှန်ကျင်ဂေဟာသို့ပြန်ရောက်သည်နှင့် ထူးခြားမှုများကို သတိပြုမိနေသည်။ သို့သော် ရှန်ကျင်ဂေဟာမှ ဖြစ်ပျက်နေသောအကြောင်းအရာများကို ယဲလိန် တွေးတောစဉ်းစား၍ မရသေးပေ။ အစောင့်များမျက်နှာပေါ်၌လည်း ဓားအန္တရာယ်ကို ကြုံတွေ့နေရသကဲ့သို့ မျက်နှာညှိုးနေကြ၏။ ယဲလိန်မှာ သူ့စိတ်ထဲမှသိချင်စိတ်ကို ထိန်းချုပ်၍မရနိုင်သဖြင့် ဂေဟာအတွင်းပိုင်းသို့ အလျင်အမြန် ပြေးသွားမိသည်။

နင့်ကျန်းရောင်နှင့် တွေ့မှုဖြစ်မည်ကို ယဲလိန်တွေးမိသဖြင့် နင့်ကျန်းရောင်အား ရှာမိသည်။

Scanned with ACE Scanner

သို့သော် မတွေ့ချေ။

ဂေဟာအတွင်းပိုင်း၊ ဘာမန်လူတို့မဝင်ရသော အခန်းထဲသို့ ယဲလိနီ ဝင်ရောက်သွားသည်။ ယဲလိန်မှာ အံ့သြစိတ်နှင့် အတူ လှမ်းလက်စခြေလှမ်းများပင် ရပ်တန့်သွားမိသည်။

တဒင်္ဂအချိန်အတွင်း၊ မှင်တက်မိကာ ကြောင်စီစီရပ်ကြည့်နေမိသည်။ သူ့ရင်ထဲမှ စိုးရိမ်စိတ်သည် ထိန်းချုပ်မရအောင် ခံစားနေရရင်း အခန်းအတွင်းသို့ ဝေ့ပတ်ကြည့်လိုက်၏။

အခန်းထဲတွင် နင့်ကျွမ်းရောင်မှာ အိပ်ရာထဲ လဲလျောင်းရင်း ဝေဒနာ ခံစားနေရဟန်တူကြောင်း ယဲလိန် တွေ့လိုက်ရ၏။

"ဒုက္ခပါပဲ၊ ဒီမှာက မင်းသားထွေးလေးရဲ့ အဖြစ်ထက်တောင် ပိုပြီး ဆိုးရွားနေပါလား၊ ဘယ်လို ရောဂါဆန်းကြောင့်ပါလိမ့်"

ဂေဟာအစောင့်တို့မှာ ယခုအချိန်၌ မည်သူ့ကိုမျှ မယုံနိုင်အောင် ဖြစ်နေသည်။ ထို့ကြောင့် ယဲလိန်ကို သက်ာမကင်းဟန်နှင့် စောင့်ကြည့်နေကြသည်။ သို့သော် ယဲလိန်အား မည်သူမျှ မဟန့်တားဂံ့ကြချေ။

ယဲလိန်က နင့်ကျွမ်းရောင်အား အံ့သြသလိုကြည့်ရင်း....

"ဟင် ကိုကြီးနင့် ဘာဖြစ်နေတာလဲ၊ နေမကောင်းဘူးလား"

နင့်ကျွမ်းရောင်က ခပ်ယဲ့ယဲ့ပြုံးရင်း ပြန်ပြောလိုက်၏။

Scanned with ACE Scanner

"ဩော် ညီလေး၊ယဲပါလား၊ အေးကွာ ခုတော့ မင်းမြင်တဲ့အတိုင်းပါပဲ၊ ငါလဲ မစဉ်းစားတတ်အောင် ဖြစ်နေရပြီကွာ၊ ဘာဖြစ်လို့ ဒီလိုဖြစ်မှန်းတောင် မသိတော့ပါဘူး"

ယဲလိန်က နင့်ကျမ်းရောင်ဇနီး၊သို့ တိုးကပ်ပြီး ဝင်ထိုင်လိုက်သည်။

"ကိုကြီးနင့်မျက်နှာက နီရဲနေပါလား"

ယဲလိန်က နင့်ကျမ်းရောင်အား ပြောလိုက်ချိန်၌ သူ့နှာခေါင်း၀အတွင်းသို့ မွှေးပျံ့သော ရနံ့တစ်ခုကို အနံ့ခံလိုက်မိသည်။

ယဲလိန်သည် နင့်ကျမ်းရောင်အား ပြုံးကြည့်ရင်း ရိတီတိပြောလိုက်၏။

"ကိုကြီးနင့်ကလဲဗျာ တယ်ပြီး ကိုယ့်ဒုက္ခ ကိုယ်ရှာတာပဲ"

"ညီလေးယဲ မင်းဘာပြောလိုက်တာလဲ"

နင့်ကျမ်းရောင်က နား၊မရှင်း၊ဟန်နှင့် ယဲလိန်အား ခပ်တည်တည် မေး၊သည်။

"ကိုကြီးနင့်ကလဲဗျာ၊ အချင်း၊ချင်းတွေပဲဟာ၊ ဘာဖြစ်လို့အပိုတွေ ပြောနေရတာလဲ၊ ဟိုဟာကဘာလဲ ကြည့်လိုက်စမ်းပါဦး"

နင့်ကျမ်း၊ရောင်က ယဲလိန်ပြရာဆီသို့ ကြောင်စီစီ ဟန်အမူအရာနှင့် လှမ်း၊ကြည့်လိုက်သည်။ ယဲလိန်ပြလိုက်သောအရာမှာ အမျိုး၊သမီးအသုံးအဆောင် တစ်ခုဖြစ်သည့် လက်ကိုင်ပဝါပင် ဖြစ်သည်။

နင့်ကျမ်းရောင် မျက်နှာပျက်သွားသည်။ ယဲလိန်သည် နင့်ကျမ်းရောင် မလုံမလဲဖြစ်နေဟန်ကို ကြည့်ရင်း....

“ကိုကြီးနင့်ကလဲဗျာ ယောကျ်ားပဲ၊ ဒါမျိုးက ကင်းနိုင်တာမှမဟုတ်ဘဲ၊ ရပါတယ်ဗျာ ဟဲ ဟဲ”

နင့်ကျမ်းရောင်က အခန်းတွင်းသို့လှည့်ကာ အော်ပြော လိုက်သည်။

“ဟေ့ ထွက်လာခဲ့တော့၊ ငါက ညီလေးယဲကိုတော့ အမှု ဖုံးဖိလို့မရဘူးကွ”

နင့်ကျမ်းရောင်၏ စကားမဆုံးခင်မှာပင် ရှက်ကိုးရှက်ကန်း ဖြစ်နေသော မိန်းကလေးတစ်ယောက်က ခေါင်းကလေးငုံ့ကာ အခန်းတွင်းမှ ထွက်လာခဲ့သည်။ ယဲလိန်က မိန်းကလေး၏ လှပဆူဖြိုးမှုကိုကြည့်ကာ နင့်ကျမ်းရောင်အား အပြစ်တင် ဟန်နှင့် ပြောပြန်သည်။

“ကိုကြီးနင့်ကလဲဗျာ သိပ်ခက်တာပဲ၊ လူတစ်ယောက်ဟာ ကျန်းမာရေးကောင်းမှ အရာရာကို လုပ်ဆောင်နိုင်မှာဗျ၊ နေကောင်းအောင် ဂရုစိုက်ဦးမှပေါ့”

နင့်ကျမ်းရောင်က သက်ပြင်းမျှဉ်းမျှဉ်းချရင်း....

“ငါ့ရောဂါက ဘစ်မျိုးပဲ ညီလေးယဲရ၊ အိပ်ရာပေါ်မှာ တော့ လူကောင်းပကတိအတိုင်းပါပဲ၊ ခုတင်အောက်လဲဆင်း ဆော ငါ့တစ်ကိုယ်လုံး ပျော့အိပြီး ခွေကျသွားတာပါပဲကွာ”

ယဲလိန်က....

“ဟင် ကျွန်တော်ဘော့ ကိုကြီးနင့်ရောဂါမျိုးကို ကြုံဖူးပေါင်ဗျာ၊ တော်တော်ဆန်းပါလားဗျ”

Scanned with ACE Scanner

နှင့်ကျွမ်းရောင်က လေသံခပ်ယဲ့ယဲ့နှင့် ပြန်ပြောသည်။

"ငါလဲ ခုဘလော ဘေးဆိုးကပ်ဆိုးတွေ ဆိုက်နေတာပါပဲကွာ၊ ခုလိုဖြစ်ကတည်းက ညီလေးယဲ့ကို ငါမျှော်နေတာ၊ ခုတော့ မင်းရောက်လာတာနဲ့ အတော်ပါပဲ"

နှင့်ကျွမ်းရောင်အနေမှုကို ယဲလိန်က စမ်းသပ်ပြီး စိုးရိမ်စိတ်နှင့် ပြောလိုက်သည်။

"ခုလို ကိုကြီးနှင့် နေမကောင်းတာကို ဆေးဆရာတွေနဲ့ ပေါ်မပြဘူးလား"

"ပြတာပေါ့ ညီလေးယဲရ၊ ငါ့ရောဂါမျိုးက ငါတစ်ယောက်တည်း ဖြစ်နေတာမှမဟုတ်ဘဲ၊ ကိုယ်တော်ရှင်ကျောင်းနဲ့ ဦးရိုးတော် တုန်ကိုးတုတို့လဲ ခံစားနေရတယ်"

"ဒါဆို ကိုကြီးနှင့်တို့ လုပ်ကြံခံရတာပဲပေါ့၊ အစားအသောက်တွေများ ဆေးခတ်ခံရသလားဗျာ"

"ဘယ်နေလိမ့်မလဲကွာ စစ်ဆေးတာပေါ့၊ ပြီးတော့ ကိုယ်တော်ကြီးရဲ့ သမားတော်တွေနဲ့ စမ်းသပ်ကြည့်ပြီးပြီ၊ သူတို့လဲ ရောဂါအရင်းအမြစ်ကို ရှာဖွေလို့မရကြဘူး"

ယဲလိန်က နှင့်ကျွမ်းရောင်အား စိတ်မကောင်းစွာကြည့်ရင်း စူးစမ်းလိုက်ပြန်သည်။

"ဒါဆို ကိုကြီးနှင့်က ထိုင်လို့ကောရရဲ့လားဟင်"

"မရပါဘူး ညီလေးယဲရ"

နှင့်ကျွမ်းရောင်မှာ အလွန်တရာ စိတ်ပျက်အားလျော့စွာနှင့် ယဲလိန်အား ပြောလိုက်သည်။ နှင့်ကျွမ်းရောင်၏ အခြေ

အနေကို ယဲ့လိုန်ကစစ်ဆေးပြီး မျက်မှောင်ကြီးကြုတ်ကာ တစ်လုံးချင်း ပြောလိုက်သည်။

"အခြေအနေကတော့သေးရှိုးသားရှိုးမဟုတ်တာအမှန်ဘဲ၊ ကိုကြီးနင့်တို့တော့ သတိလစ်တာနဲ့ ခံလိုက်ရပြီတူတယ်"

နင့်ကျွမ်းရောင်မှာ အိပ်ရာထက်၌လှဲရင်း ယဲလိုန်၏စကားများကို စိတ်ဝင်စားဟန်နှင့် မေးလိုက်သည်။

"ဘာ ဘာ မင်းစကားက ဘာများလဲ ညီလေးယဲ"

နင့်ကျွမ်းရောင်၏ မျက်ဝန်းအစုံတွင် မမြင်သာသော ရန်သူအား ကြောက်၍ထိတ်လန့်ဟန်က အထင်းသား ပေါ်လွင်နေသည်။

ယဲလိုန်က ချောင်းတစ်ချက်ဟန့်ရင်း...

"ကျွန်တော်ဆိုလိုတာက ဒီလိုပါ ကိုကြီးနင့်ရ၊ အမှတ်တစ်ဆယ်လေးမင်းသား ရှူးသွပ်သွားတယ်၊ အဲဒါကော ကိုကြီးနင့်သိသလား"

"သိတယ်၊ တို့ကြားပြီးပြီ၊ အဲဒါနဲ့ ငါတို့ရောဂါနဲ့ ဘာဆိုင်လို့လဲကွာ"

"ဩော် ကိုကြီးနင့်က သိပြီးပြီကိုး"

"အေး ဒါပေမယ့်ငါတို့ ဖြစ်ပျက်ခံစားနေရတာကိုတော့ အဖြေရှာ မရသေးပါဘူးကွာ"

"ဒါဆို ကျွန်တော်ပြောပြမယ်၊ခုဖြစ်ပျက်နေတဲ့ ကိစ္စတွေရဲ့ တရားခံဟာ ပထမမင်းသားကြီးပါပဲ"

"ဘာ"

နင့်ကျွမ်းရောင်က အံ့အားသင့်ကာ အော်ဟစ်လိုက်၏။

Scanned with ACE Scanner

"ဟုတ်ပါ့မလား၊ ညီလေးယဲ့ရာ၊ မင်းသားကြီးက ဒီလို နည်းနဲ့ တို့ကို လုပ်ကြံဝံ့ပါ့မလားကွာ"

"ကျွန်တော်က ကိုကြီးနှင့်ကို လိမ်မပြောဝံ့ပါဘူး၊ လိမ်ညာတဲ့ ကိစ္စဟာ တစ်နေ့ ပေါ်ပေါက်လာရင် ရှက်စရာ သိပ်ကောင်းတယ်၊ ဆိတ်ကွယ်ရာမရှိပါဘူး ကိုကြီးနှင့်ရာ၊ မဟုတ်တာ လုပ်လဲ ပေါ်တတ်တယ်၊ ဟုတ်တာလုပ်လဲ တစ်နေ့ ပေါ်လာမှာပဲ"

နှင့်ကျှမ်းရောင်က သိလိုစိတ်နှင့် ယဲ့လိန့်အား စိုက်ကြည့်ရင်း

"အင်း မယုံနိုင်လောက်အောင်ပါပဲကွာ၊ ငါ့ကို ပြောပြစမ်းပါဦး၊ ညီလေးယဲ့ရာ"

ယဲ့လိန်ကနှင့်ကျှမ်းရှောင်အနီးသို့ တိုးကပ်ရင်း၊ သူရရှိခဲ့သော သတင်းနှင့် လုပ်ဆောင်ချက်များကိုပြန်လည်ပြောပြလိုက်သည်။ ယဲ့လိန်၏စကားအဆုံးတွင် နှင့်ကျှမ်းရှောင်မှာ မယုံကြည်နိုင်သေးသော မျက်လုံးနှင့်ကြည့်ရင်း ထပ်မံမေးပြန်သည်။

"ဖြစ်နိုင်ပါ့မလား ညီလေးယဲ့ရယ်"

ယဲ့လိန်က စိတ်မရှည်နိုင်ဟန်ဖြင့် ပြန်ပြော၏။

"ကျွန်တော်လဲ ဒါမျိုး- ယုံတာမဟုတ်ဘူး ကိုကြီးနှင့်ရ၊ ဒါပေမယ့် ခုလက်တွေ့ကြုံနေရတော့ ကျွန်တော်လဲ ဘာပြန်ပြောရမလဲ ဆိုတာတောင် မသိတော့ပါဘူးဗျာ"

"တို့ကို ကူညီနိုင်တဲ့လူဟာ အမှတ်တစ်ဆယ့်လေးဖင်းသားပဲရှိတယ်၊ ခုတော့ တို့မှာ ရန်သူတွေများလာပြီပေါ့ကွာ"

ယဲလိန်က နဒ့်ကျပ်းရောင်၏ စကားအဆုံးတွင် အားမရ ဟန်ဖြင့် ပြောလိုက်ပြန်သည်။

"ကိုကြီးနင့်က အဲဒါခက်တာပေါ့ဗျာ၊ ကျွန်တဲ့မင်းသား တွေကို အထင်သေးနေတာပဲကိုး၊ အားလုံးဟာ ရွက်ပုန်းသီး များလို လှုပ်ရှားနေကြတာဗျ၊ ခုဆို အမှတ်ရှစ် မင်းသားဟာ မိုးရွာတုန်းရေခံဆိုသလို နန်းညွန့်နန်းလျှာနေရာရဖို့ လှုပ်ရှား နေပြီလေ၊ အဲဒါကော ကိုကြီးနင့် သိသလား"

"ညီလေးယဲ မင်းတစ်ဏယ်ပြောနေတာလားကွာ"

"ကျွန်ဘော့်စကားကို ကိုကြီးနင့်က မယုံကြည်သေးဘဲကိုး၊ ဇီကိစ္စမျိုးဟာ နောက်စရာမှမဟုတ်ဘဲ၊ ကျွန်တော့်အထင်ပြော ရရင် ကျွန်တဲ့မင်းသားတွေတောင် လှုပ်ရှားမှုလုပ်နေကြပြီဗျ"

နင့်ကျပ်းရောင်တုန်လှုပ်သွားမိသည်။ ယဲလိန်ကိုပင် စကား ပြန်ပြောနိုင်တော့ပေ။

ယဲ့လိန်က...

"ခုလို အရေးကြီးတဲ့ကာလမှာ ကိုကြီးနင့်က အိပ်ရာပေါ် လဲနေတော့ ခက်တာပေါ့ဗျာ"

နင့်ကျပ်းရောင်က မချိတင်ကဲဖြစ်သောအမူအရာနှင့် ဒေါသ တကြီး ပြောသည်။

"တောက် ခံရခက်လိုက်တာကွာ၊ ငါတို့တော့ ဒီတစ်ခါ အသွဲ့ထိုးခံရတော့ပဲဟေ့"

"အင်း ရန်သူဆိုတာ ကြီးတယ်ငယ်တယ်မရွေး ဂရုထားမှ ကိုကြီးနင့်ရ၊ အကြံတူရင်လဲ ရန်သူပဲလေ၊ ကျွန်တော်ကတော့ ရွန်ကျင်ကိုပဲနန်းလျှာဖြစ်စေချင်တယ်၊ ခု ကျွန်တော်တို့ လုပ်ရမှာက ရောဂါရဲ့ ဇာခ်မြစ်ကို ရှာဖို့ပဲ"

"အေးကွာ၊ ငါက စိတ်သာရှိတာ လက်တွေ့ မလုပ်နိုင်သေးဘူး၊ မင်း ကူညီပါဦး"

"ကျွန်တော်ကလဲ ကူညီချင်လွန်းလို့ ပြောနေတာပါ၊ ဒါပေမယ့် ကျွန်တော် အချိန်မှရပါတော့မလား မသိဘူး"

"ညီလေးယဲ မင်းပြောတာကို ငါသိပါတယ်၊ ငါဟာ ကိုယ်တော်ရှန်ကျင်ရဲ့ စစ်သူကြီးပါ၊ သေရမှာကို မကြောက်ပါဘူး၊ ဒါပေမယ့် ခုလို လူမသိသူမသိဘဲ အကြောင်းမယ့်သက်သက် ခံရတာမျိုးကိုတော့ ခံရခက်လှသကွာ"

"ကိုကြီးနင့် အားတော့မလျှော့ပါနဲ့ဗျာ၊ ကျွန်တော် တစ်ယောက်လုံး ကိုကြီးနင့်ဘက်မှာ ရှိပါတယ်ဗျ"

နင့်ကျမ်းရောင်က အားတက်လာဟန်နှင့်ပြောသည်။

"ကျေးဇူးပါပဲညီလေးယဲ့ရာ၊ ခုလို အရေးကြီးတော့ သွေးနီးတတ်မှန်း ငါသိပါပြီ"

"ဪ ကိုကြီးနင့် ခုအခြေအနေမျိုးမှာ ကိုယ်တော်ရှန်ကျင်ကို ကျွန်တော်သွားတွေ့လို့ ကောင်းပါ့မလားဟင်"

Scanned with ACE Scanner

"သွားတော့ပါညီလေးယဲ၊ ငါ့ညီကို ဗိဂေဟာမှာ တယ်သူက ထိဝံ့မှာလဲ၊ မင်းသွားလာနိုင်တာပဲ၊ ပြဿနာဖြစ်လာရင် ငါ တာဝန်ယူတယ် စိတ်ချ"

"ဟော...ကို တစ်ယောက် လာစမ်း"

ယဲလိန်အား ပြောနေရာမှ သူ၏ကိုယ်ရံတော်အစောင့်အား လှမ်းခေါ်လိုက်သည်။

"မင်းက ငါ့ညီကို ကိုယ်တော်ကြီးဆီ ခေါ်သွားပေးလိုက်ပါ"

"ဟုတ်ကဲ့ပါ ဆရာနှင့်"

ကိုယ်ရံတော်တပ်သားလေးက နင့်ကျမ်းရောင်အား ဂါရဝပြုရင်း အမိန့်ကို နာခံလိုက်သည်။

"ညီလေးယဲ မင်း သူနဲ့လိုက်သွားပြီး ကိုယ်တော်ကို တွေ့လိုက်ပါ၊ ပြီးရင် ငါ့ဆီပြန်လာခဲ့ပါဦး"

"စိတ်ချပါကိုကြီးနင့်၊ ကျွန်တော် လိုက်သွားပါ့မယ်၊ ဗိ ကိစ္စကို ကျွန်တော် အမြန်ဆုံး စစ်ဆေးဖော်ထုတ်ပေးပါ့မယ်၊ ကိုကြီးနင့်ကသာ အေးအေးဆေးဆေး အနားယူရင်း အားမွေးပါ၊ ဒေါသလဲ မကြီးနေနဲ့ဦးနော်"

ယဲလိန်သည် နင့်ကျမ်းရောင်အား နှုတ်ဆက်မှာကြားရင်း ကိုယ်ရံတော်အစောင့်နှင့် အခန်းအပြင်သို့ ထွက်လိုက်သည်။ ထိုစဉ် သူ့ မျက်လုံးထဲ၌ ထူးခြားသော အကြောင်းအရာတစ်ခုကို သတိပြုမိလိုက်သည်။

Scanned with ACE Scanner

ယောင်းစရာမှာ သတိမပြုလျှင် မမြင်နိုင်ပေ။

ယဲလိန်က ထိုထူးခြားချက်ကို စိတ်ကြည့်ရင်း အကဲခတ်လေ့လာလိုက်သည်။ သူမြင်လိုက်သောအရာမှာ ထူးဆန်းသော ပန်းကလေးများပွင့်နေသည့် ပန်းအိုးခုနစ်လုံးပင် ဖြစ်၏။ပန်းအိုး ထားသိုသော ပုံသဏ္ဌာန်မှာ ခုနစ်စင်ကြယ်ကဲ့သို့ တည်ရှိနေ၏၊ ထိုပန်းအိုး ချားကမြင် တခြား ဟစ်စုံဘရာထူးခြားမှုကို မှုမတွေ့ရပေ။ ယဲလိန် ဝင်ထွက်သွားလာနေခဲ့သော ရှန်ကျင်ဂေဟာတွင် ဤပန်းအိုး မှာ မကြာမတင်ကမှ ထားရှိဟန်တူ၏။

သတိမှုလျှင် မြူမြင်သော်လည်း သတိမမှုလျှင် ဂူပင် မမြင်နိုင်ပေ။ ယဲလိန်သည် ရှေ့ဆက်မလျှောက်သေးဘဲ ပန်းအိုးများ၏ ထူးခြားချက်ကို ထပ်မံရှာဖွေနေသည်။

"ဟေ့ ဒီပန်းအိုးတွေကို ဇီမှာ ဘယ်သူလာထားတာလဲ"

ယဲလိန့်၏အမေးကို နင့်ကျမ်းရောင်၏ ကိုယ်ရံတော်အစောင့်က ခေါင်းယမ်းပြရင်း ပြန်ဖြေသည်။

"ကျွန်တော်မသိဘူး ဆရာယဲ"

'အေး ဒါဆိုလဲ မင်း ခုပဲ ကိုကြီးနင့်ကို သွားခေါ်စမ်း၊ မြန်မြန်လာခဲ့"

"ဆရာယဲ...."

"သွားစမ်းကွာ၊ ငါကခေါ်ခိုင်းတာလို့ပြောမင်းခေါ်နဲ့"

အစောင့်မှာ ယဲလိန်၏ စကားအတိုင်း နင့်ကျမ်းရောင်ကို ထမ်းခေါ်လာခဲ့သည်။ နင့်ကျမ်းရောင်သည် ယဲလိန်အား ငေးငေး ငေါကြည့်ရင်း တအံ့တသြ မေးလိုက်၏။

“ဘာများလဲ ညီလေးယဲရဲ့”

“အရေးကြီးလို့ပါ၊ ကိုကြီးနင့်ရောဂါရဲ့ တရားခံကို ကျွန်တော်ရှာတွေ့လို့ပါ”

“ဘာ ဘယ်လို–”

နင့်ကျမ်းရောင်မှာ ယဲလိန်၏စကားကို တွေးတော မရနိုင်ဟန်နှင့် ငေးကြောင်ကြည့်နေလေသည်။

ယဲလိန်က ပန်းအိုးများကို လက်ညှိုးညွှန်ပြပြီး....

“ကိုကြီးနင့် ဒီပန်းအိုးတွေကိုမြင်သလား၊ အဲဒါ ဘယ်သူ ထားသွားတာလဲဆိုတာလဲ မမေးနဲ့ဦး”

“အင်း”

နင့်ကျမ်းရောင်မှာ ယဲလိန်၏မျက်နှာကိုသာ စိုက်ကြည့်ရင်း ခေါင်းညိတ်ပြလိုက်သည်။ ယဲလိန်က နင့်ကျမ်းရောင်၏ ထစ်ကိုယ်လုံးကို လေ့လာကြည့်ကာ....

“ခုကော ကိုကြီးနင့်ရောဂါအခြေအနေ ပြောင်းလဲမှု ရှိသလား”

“မရှိသေးပါဘူး ညီလေးယဲရာ၊ အလျင်အတိုင်းပါပဲ”

ယဲလိန်က ကျေနပ်သလို တစ်ချက်ပြုံးလိုက်ပြီး....

Scanned with ACE Scanner

"ကောင်းပြီလေ၊ ကျွန်တော် လက်စတွေပြပါမယ်၊ ဗိုမှာ ပြုပ်နေရတဲ့ပန်းအိုးတွေကို ခုပဲ ကျွန်တော် ဖယ်ရှင်း ပစ်လိုက်မယ်"

"အင်း အင်း"

နင့်ကျမ်းရောင်မှာ ယဲလိန်၏စကားကို လက်ခံသဘောတူလိုက်သော်လည်း ယဲလိန်ပြောသမျှကို နားရှင်းဟန်မတူပေ၊ ထို့ကြောင့် ယဲလိန်ကိုသာ ငေးငိုင်ကြည့်နေမိသည်။

ယဲလိန်သည် ပန်းအိုးများကို ပေါက်ခွဲလိုက်ကာ ပန်းပင်များကို ဂေဟာ အပြင်ဘက်သို့ လွှင့်ပစ်လိုက်၏။ ထို့ပြင် ယဲလိန်က နင့်ကျမ်းရောင်၏အိပ်ခန်းထဲသို့ အလျင်အမြန် ပြေးဝင်ပြီး ပြတင်းပေါက်များကို ဖွင့်လိုက်သည်။ ထို့နောက် ယပ်တောင်တစ်ခုကိုရှာကာ အခန်းထဲ၌ နေရာအနှံ့ယပ်ခတ်ကာ လေကောင်းလေသန့်ဝင်စေရန် ပြုလုပ်နေတော့သည်။

နင့်ကျမ်းရောင်မှာယဲလိန်လုပ်သမျှကို စကားမဆိုဘဲ လိုက်ကြည့်နေသည်။

နာရီဝက်ခန့်ကြာသည်နှင့်နင့်ကျမ်းရောင်အား ချိုပိုးလားသောအစောင့်ကို အခန်းတွင်းသို့ဝင်လာရန် ခေါ်လိုက်သည်။ အစောင့်လက်ထဲမှ နင့်ကျမ်းရောင်ကို ယဲလိန်က ဖေးမပြီး အိပ်ရာပေါ်သို့ အသာအယာ ချထားပေးလိုက်ပြန်သည်။

သူလုပ်သမျှကို နားဝေဝေမ်းထောင်ဖြစ်နေသော နှင်ကျမ်းရောင်အား ယဲလီနိုက အားပေးသလိုပြုံးပြုံးကြီးပြီး ရေနွေးကြမ်းတစ်ခွက် တိုက်လိုက်ပြန်သည်။

"ကဲ ကိုကြီးနှင့် ထကြည့်ပါဦး၊ ပြီးတော့ ခုတင်အောက်ဆင်းပြီး သမ်းလျှောက်ကြည့်စမ်းပါ"

နှင့်ကျမ်းရောင်က မဝံ့မရဲဟန်နှင့်....

"ညီလေးယဲ ဖြစ်ပါ့မလား၊ ငါ မူးပြီးလဲကျနေပါဦးမယ်ကွာ"

"ကျွန်တော်လဲရှိနေတာပဲ ကိုကြီးနှင့်ရာ စမ်းကြည့်စမ်းပါ၊ မစိုးရိမ်ပါနဲ့"

နှင်ကျမ်းရောင်ဖို့သဘောမှာ အိပ်နေလျှင်အကောင်းသား ထသွားမှ ကိုယ်ကျိုးနည်းလျှင် ဒုက္ခဟုသေသေအတွေးကြောင့် ယဲလီနိုပြောသမျှကို စိတ်စနောင့်စနင်းဖြစ်နေသည်။ ယဲလီနိုက နှင့်ကျမ်းရောင်အား စွတ်တိုက်တွန်းလိုက်ပြန်သည်။

"ထပါကိုကြီးနှင့်ရ ရဲရဲသာထစမ်းပါ၊ ကျွန်တော်ကကိုကြီးနှင့်ရဲ့လူပါ၊ ကျွန်တော်ဒုက္ခမပေးပါဘူး၊ ရဲစိတ်ရဲမာန်မွေးပြီး အားတင်းထကြည့်"

ယဲလီနိုမှာ နှင့်ကျမ်းရောင်အား ဆွဲမထူရုံတမည် ဇွတ်အားပေးရင်း တိုက်တွန်းနေပြန်သည်။ ထိုအခါမှပင် နှင့်ကျမ်းရောင်တာ အရဲစွန့်၍ ထကြည့်လိုက်သည်။ နှင့်ကျမ်းရောင်မှာ

ဝေဒနာလုံးဝပေါ်စားရ၍ အားတက်လာကာ နတင်ထောက်သို့ ခြေထောက်ချကြည့်လိုက်သည်။

ယခုအထိ အဆင်ပြေနေသည်။

မရဲတရဲလမ်းလျှောက်ကြည့်ရာ အစဉ်ပြေပြီး ဝေဒနာမခံစားရသောကြောင့် နင့်ကျွမ်းရောင် ဝမ်းသာအားရ ပြောလိုက်သည်။

“ဟာ ဘာမှမဖြစ်တော့ပါလား၊ အံ့ဩစရာကောင်းလိုက်တာ ကောင်းသွားပြီကွ၊ ငါဝမ်းသာလိုက်တာညီလေးယဲရာ၊ ထူးဆန်းလှချည်လား၊ ညီလေး ယဲ့ရဲ့ကျေးဇူးကတော့ ဘယ်လိုမှ ပြန်ဆပ်လို့ကုန်မှာမဟုတ်တော့ပါဘူးကွ”

ယဲလိန်က ကျေကျေနပ်နပ်ကြီးပြုံးလိုက်သည်၊

“ကျွန်တော်ဟာ မဟုတ်တာမလုပ်တတ်ဘူးဆိုတာ ကိုကြီးနင့် သိပါတယ်လေ၊ ကိုကြီးနင့်ရဲ့ ရောဂါက ပန်းအိုးထဲမှာ ပါသွားပြီလေ”

နင့်ကျွမ်းရောင်က ယဲလိန်အား ပြူးတူးပြတဲကြည့်ရင်း တအံ့တဩ မေးလိုက်ပြန်သည်။

“ဘယ်လိုကြောင့်လဲညီလေးယဲရာ၊ ငါတော့ နားမလည်နိုင်အောင်ဖြစ်နေမိပြီကွာ”

“ကဲ ကိုကြီးနင့်လဲနေကောင်းပြီ၊ ခုကိစ္စကို ခဏထားလိုက်ပါဦး၊ ကျွန်တော်တို့ရဲ့ကိုယ်တော်ကြီးနဲ့ ဦးရီးတော်တို့လဲ ဒီလိုပဲခံစားနေရမှာပဲ၊ အဲဒါကို အခုရှင်းလိုက်မယ်ဗျာ”

နှင့်ကျမ်းရောင်မှာ ယဲလိန်၏လက်မောင်းကို ဖမ်းဆုပ်ရင်း အံ့ကြိတ်၍ မေးမြန်းလိုက်သည်။

''ဒီလောက်လဲ စိုးရိမ်မနေပါနဲ့ဦးကွာ၊ ခုကိစ္စရဲ့ တရားခံဟာ ဘယ်သူလဲဆိုတာ ညီလေးယဲသိသလား''

''အချိန်သိပ်မရှိဘူး၊ ဟိုမှာ အလျှင်ရှင်းဦးမှဖြစ်မှာ၊ ကြာရင် ရှုံးသွားနိုင်တယ်၊ ကျွန်တော်တို့ လက်ဦးမှုဖြစ်မယ်၊ နောက်မှရှင်းပြလဲ နောက်မကျသေးပါဘူး ကိုကြီးနှင့်ရ''

နှင့်ကျမ်းရောင် ပျာယာခတ်သွားသည်။

''အေး ဒါဆို ငါလဲလိုက်မယ်''

နှင့်ကျမ်းရောင်က ဦးဆောင်ကာ ရှန်ကျင်၏ဂေဟာဆီသို့ လျှောက်လှမ်းသွားကြသည်။ ယဲလိန်မှာ နားနှင့် မျက်စိကို ဖွင့်ထားသူဖြစ်၍ နှင့်ကျမ်းရောင်အား တစ်နေရာသို့ လက်ညှိုးထိုးပြလိုက်သည်။

''ဟိုမှာတွေ့လား ကိုကြီးနှင့်၊ အဲဒီမှာလဲ ပန်းအိုးတွေ ရောက်နေတယ်''

ကိုယ်တော်ရှန်ကျင်၏ အခန်းရှေ့မှ သစ်ခွပန်းပမာ ဖူးပွင့်နေသော ပန်းအိုးများကို နှင့်ကျမ်းရောင်က ကြောက်လန့်တကြီး ကြည့်လိုက်သည်။

''အင်း ဟုတ်တယ်၊ အလျင်က ဒီပန်းအိုးမရှိပါဘူး''

"ဗိုအကြံသမားက ရက်စက်တယ်၊ ညာတ်လဲ ပြေးတယ်၊ ဒါမျိုးကတော့ လုံးဝမလုပ်သင့်တာ အမှန်ဘဲ၊ ကဲ အထဲဝင်ကြရအောင်၊ ပြီးမှဖျက်ဆီးပစ်လဲ ရပါတယ်ကိုကြီးနင့်"

နင့်ကျမ်းရောင်သည် ပန်းအိုးများကိုကြည့်ရင်း ကြောက်စိတ်ဝင်နေမိသည်။ သို့နှင့် နောက်သို့ပြန်လှည့်ရင်း အစောင့်အား လှမ်းမေးလိုက်သည်။

"ဟော့ ကိုယ်တော်ကြီးရှိသလား"

"ရှိပါတယ် ဆရာနင့်"

နင့်ကျမ်းရောင်၏အကြည့်က ယဲလိန်မျက်နှာဆီသို့ လှမ်းကြည့်ပြီး အခန်းထဲသို့ ဦးဆောင်ဝင်လိုက်သည်။

"ဟာ ကျမ်းရောင် မင်းရောဂါပျောက်သွားပြီလား၊ ဝမ်းသာတယ်ကွာ၊ ဩော် ယဲလိန်လဲ ရောက်နေတာကိုး၊ လာထိုင်ကြကွာ"

ကိုယ်တော်ရှန်ကျင်က ယဲလိန်ကို အိပ်ရာပေါ်မှ နှုတ်ဆက်လိုက်သည်။ နင့်ကျမ်းရောင်က မင်းသားရှန်ကျင်အား ဝမ်းသာအားရ ပြောပြလိုက်၏၊

"ကိုယ်တော်ကြီး ကျွန်တော့်ရောဂါကိုတော့ ညီလေးယဲကုသပေးလို့ ပျောက်ကင်းသွားတာပဲ"

ယဲလိနဲက မင်းသားရှန်ကျင်အား ပြုံးပြပြီး....

"ဟုတ်ပါတယ်ကိုယ်တော်၊ ခုလဲ ကိုယ်တော့်ရဲ့ရောဂါကို ကုသဖို့ ကျွန်တော်ရောက်လာတာပါ"

ရှန်ကျင်မှာ ယဲ့လိန်၏စကားကြောင့် အားတက်သွားမိသော်လည်း ရုတ်ခြည်းပင် စိတ်ပျက်သွားမိသည်။

"ဟုတ်ပါ့လား ယဲ့လိန်ရာ၊ မင်းက ဘယ်အချိန်ကများ ဆေးပညာတွေ တတ်ကျွမ်းထားပါလိမ့်၊ ငါ့ရောဂါက နန်းတွင်း သမားတော်တွေတောင် လက်လျှော့ထားကြရတာကွ၊ မင်းလို လူကြမ်းသိုင်းသမားက ဘယ်လိုလုပ် ကုသမှာလဲကွ"

နင့်ကျမ်းဆောင်က ကိုယ်တော်ရှန်ကျင်အား ယဲ့လိန် အကြောင်းကို အားပါးတရ ဝင်ပြောလိုက်သည်။

'ကိုယ်တော်က ညီလေးယဲ့ကို အထင်အမြင်သေးတာကိုး၊ ညီလေးယဲ့ကုသပေးလို့ ကျွန်တော့်ရောဂါ ပျောက်ကင်းတာတော့ လက်တွေ့ပဲလေ"

နင့်ကျမ်းဆောင်က သူ့ရောဂါ ပျောက်ကင်းချမ်းသာကာ ယခုကဲ့သို့ သွားလာလှုပ်ရှားနိုင်ခြင်းသည် ယဲ့လိန်၏ကျေးဇူးကြောင့်ဖြစ်ကြောင်း ထပ်မံရှင်းပြပြန်သည်။

ရှန်ကျင်က....

"ဒါဖြင့်လဲ ခပ်မြန်မြန်လေးလုပ်စမ်းပါ ယဲ့လိန်ရာ၊ ငါ တော့ ဒီရောဂါနဲ့တောင် သေရတော့မယ် ထင်နေတာကွ"

ယဲ့လိန်က အစောင့်များအား ရှန်ကျင်ကို ထမ်းပိုးစေပြီး အပြင်သို့ထုတ်ကာ နင့်ကျမ်းဆောင်အား ကုသပေးသကဲ့သို့

လုပ်ဆောင်ပေးလိုက်သည်။ ရှန်ကျင်၏ ဝေဒနာမှာ ယူပစ်သလို ပျောက်ကင်းသွားတော့၏။ ရှန်ကျင်မှာ အားရဝမ်းသာဖြစ်ကာ အခန်းဘဲ လမ်းလျှောက်ရင်း ဒေါ်သာကြီးပြောဆိုမေးမြန်းလိုက်သည်။

"အဖောဘ်ဆန်းတယ်၊ ငါတို့ကိုလုပ်ထား ဘယ်သူလဲ၊ ဒီလိုလုပ်ဝံ့တဲ့ လူမျိုးကို ငါတော့ချင်စမ်းတယ်"

ယဲလိန်က တည်ကြည်လေးနက်သောအသံနှင့် ပြောသည်။

"လောကကြီးမှာ ကျွန်တော်တို့သိတာထက် ဆန်းကြယ်တာတွေ အများကြီးရှိပါသေးတယ် ကိုယ်တော်"

ရှန်ကျင်က ယဲလိန်အား မေးမြန်းလိုက်သည်၊

'ဒါ ဘယ်သူ့ လက်ချက်လို့ မင်းထင်သလဲ ယဲလိန်'

နင့်ကျမ်းရောင်က ဒေါ်သာကြီး ဝင်ပြောသည်။

"ဘယ်သူ့ လက်ချက်ရမှာလဲ ကိုယ်တော်ရဲ့၊ အစ်ကို မင်းသားကြီး လက်ချက်ပဲပေါ့"

မင်းသားရှန်ကျင်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားမိသည်။

"အင်း ကောင်းတယ်၊ ငါကိုယ်တော်နဲ့ အပြန်အလှန်တွေ့ကြသေးတာပေါ့ကွာ"

ယဲလိန်မှာ ရှန်ကျင်က ဒေါ်သာကြီး ကြိမ်းမောင်းနေသည်ကို စိတ်ကျေနပ်စွာကြည့်ရင်း စေတနာ ထားဟန် နှင့်ပြောလိုက်သည်။

''ဒီကိစ္စဟာ အသေးအမွှားတွေပါ ကိုယ်တော်၊ ဒါပေမယ့် သူတို့လက်ထဲမှာက လားမားပညာသည်တွေ ရှိနေတယ် ကိုယ်တော်ရဲ့''

''အေး ဟုတ်တယ်''

''ဒါတွေ ဓားထားပါဦး ကိုယ်တော်၊ ဦးရီးတော်လဲ ဒီဝေဒနာကို အတော် ခံစားနေရမှာပဲ၊ ကျွန်တော်သွားပြီး ကုသပေးဦးမှ ဖြစ်မယ်''

ရှုန်ကျင်နှင့် နင့်ကျမ်းရောင်ပင် ဦးရီးတော်တုန်ကိုးတုအား မေ့လျော့နေခဲ့ကြသည်။

ယခုကဲ့သို့ ယဲလိန်က စိုးရိမ်တကြီး ပြောကြားလာသော အခါ ရှုန်ကျင်မှာ အားရဝမ်းသာ ဖြစ်သွားမိသည်။

''အေး ဟုတ်သားပဲ၊ ယဲလိန်ကမှ ဦးရီးတော်ကို သတိရသေးတယ်၊ ခဏနေကြဦးကွာ၊ ငါ အဝတ်အစား လဲလိုက်ဦးမယ်''

ရှုန်ကျင်သည် အလျင်အမြန် အဝတ်အစားလဲပြီးနောက် ယဲလိန်တို့နှင့်အတူ ဦးရီးတော်တုန်ကိုးတု၏ အခန်းသို့ သွားကြသည်။

တုန်ကိုးတု၏ အခန်းရှေ့တွင်လည်း မိမိအခန်းရှေ့ကဲ့သို့ ထူးထူးဆန်းဆန်း ပန်းအိုးများရောက်ရှိနေသဖြင့် ရှုန်ကျင်က ဒေါသတကြီး အော်ဟစ်ပြောလိုက်သည်။

Scanned with ACE Scanner

"တောက် တော်တော်ယုတ်မာတဲ့ကောင်တွေပဲကွ၊ ယဲလိန် အဲဒါတွေ အမြန်ဖျက်ဆီးပစ်လိုက်စမ်း"

ယဲလိဒ်ကလည်း ရှန်ကျင်ပြောသည့်အတိုင်း ပန်းအိုးများကို ဖျက်ဆီးပစ်လိုက်သည်။ ထို့နောက် ရှန်ကျင်၊ နင့်ကျွမ်းရောင်နှင့် ယဲလိန်တို့သည် တုန်ကိုးတုဇခန်းတွင်းသို့ ဝင်၍ တံခါးပြတင်းပေါက်များကို ဖွင့်လိုက်၏။ တစ်ဆက်တည်း လေကောင်းလေသန့်ဝင်စေရန် ပြုလုပ်ပေးနေကြသည်။

တုန်ကိုးတုမှာ ကြောင်တောင်တောင်နှင့် အိပ်ရာထက်မှ ကြည့်ရင်း ရှန်ကျင်တို့လုပ်ဆောင်သမျှကို နားမလည်ဟန် ရှိနေသည်။

ထို့နောက် ရှန်ကျင်က အိပ်ရာထက်မှ တုန်ကိုးတုအား ပြုံးကြည့်ရင်း....

"ကဲ ဦးရီးကော် ထကြည့်ပါဦး"

တုန်ကိုးတုက မဝံ့မရဲဖြစ်ဟန်နှင့်....

"ဖြစ်ပါ့မလား၊ ငါထလိုက်ရင် ခေါင်းထဲက အရမ်းမူးတယ်၊ တော်ကြာ လဲကျသွားမှဖြင့်"

တုန်ကိုးတု၏ စကားမဆုံးခင် ယဲ့လိန်က အားပေးစကားပြောရင်း ထခိုင်းလိုက်သည်။

"ဘာစိုးမရှိပါဘူး၊ ကျွန်တော်တို့လဲ ဒီလိုပဲ ခံစားခဲ့ရတာပဲ၊ စိတ်ချပြီးသာထပါ"

တုန်ကိုးတုက မဝံ့မရဲ ထကြည့်သည်။

မည်းကျဲသည့်မျက်ဝန်းမခံစားရတော့သဖြင့် တုန်ကိုးတုမှာ ပါးစပ်အဟောင်းသား ဖြစ်နေတော့၏။

စောစောပိုင်းက မလှုပ်မရှားချင်တဲ့ ပျော့ခွေနုံးယိုင်နေ ထမျှသည် ယခုတော့ ယူပစ်သလို ပျောက်ကင်းသွားချေပြီ။

"ဟာ ကယ်ထူးဆန်းပါလား၊ နန်းတွင်းက သမားတော်တွေအားကောင်း လက်လျှော့ထားရတဲ့ ငါ့တို့ရောဂါဟာ ခုတော့လဲ လူကောင်းပကတိ အတိုင်းပါပဲလား"

နင့်ကျမ်းရောင်က တုန်ကိုးတုအား ရှင်းလင်းပြောကြား လိုက်သည်။

တုန်ကိုးတုမှာ ယဲလိနီအား တအံ့တသြနှင့် စိုက်ကြည့်ပြီး ရှန်ချင်နှင့် နင့်ကျမ်းရောင်တို့အား မျက်ရိပ်ပြလိုက်သည်။

ယဲလိန်မှာ ယခုအချိန်ထိ စကားမပြောသေးတဲ့ တုန်ကိုးတု၏ အခန်းကို လှည့်ပတ်စစ်ဆေးနေလေသည်။

ယဲလိန်က ဘစ်စုံဘစ်ရာကို နက်နဲစွာ တွေးတော၍နေဟန် ရှိသဖြင့် တုန်ကိုးတုတို့သုံးယောက်က ခိုက်ရှည်စွာ စောင့်ဆိုင်း၍နေသည်။

အတန်ကြာမှ ယဲလိန်က တုန်ကိုးတုအား ပြောလိုက်သည်၊

"ဦးရီးတော်ကို ကျွန်တော် မေးချင်ပါတယ်၊ မေးခွင့် ပါသလား"

"ဘာများမေးချင်လို့လဲ ယဲ့လိန်"

ယဲလိန်၏မျက်နှာနှင့် ထူးဆန်းသောစကားကြောင့် တုနီ ...တုမှာ ထိတ်လန့်သွားမိသည်။

ယဲလိန်က ထပ်မံမေးသည်၊

"အခုဖြစ်တဲ့ကိစ္စမှာ အဓိကထားရာခံကို သိချင်သလား ...ရိုးတော်"

"ဪ သိချင်တယ်"

"ဒါဖြင့် ကျွန်တော်မေးမြန်းတာကို ဦးရိုးတော်က အမှန် ...တိုင်း ဖြေပါ"

"အေး"

တုန်ကိုးတုက အသံ တုန်ယင်စွာနှင့် ပြောပြီး ရှန်ကျင်နှင့် ...ကျိမ်းရောင်တို့အား လှမ်းကြည့်လိုက်သည်။

ရှန်ကျင်က ဒေါသကြောဝ့် အံကြိတ်ပြီး ယဲလိန်ပြောမည့် ...စားကို နားစွင့်နေလိုက်သည်။

"အခု ဦးရိုးဘော်ကော ကိုကြီးနင့်နဲ့ ကိုယ်တော်ကြီး တို့ ...ားနေရတဲ့ ဝေဒနာဟာ တော်တော် ပြင်းထန်ပါတယ်၊ ...န်တော်သာ တစ်ရက်နောက်ကျပြီးမှသိရင် ကုသဖို့ မလွယ် ...ာဘူး၊ ဦးရိုးတော်တို့ ရှုးသွပ်ကုန်ကြမှာပဲ၊ အခုကို

အစထောက်အထားပြပြီး ပြောရမယ်လဲဆိုရင် အမှတ်တစ်ဆယ့် ..ငလး မင်းသား ခံစားနေရတဲ့ကိစ္စဟာ အကောင်းဆုံးသက်သေ ပါပဲ"

တုန်ကိုးတုံ၊ နင့်ကျမ်းရောင်နှင့် ကိုယ်တော် ရှန်ကျင်တို့က ယဲလိန်၏စကားကို ကြားလိုက်ရသည်နှင့် ကြောက်ရွံ့တုန်လှုပ် သွားကြသည်။

တုန်ကိုးတုံသာ ယဲလိန်၏စကားကို ယုံကြည်စိတ်ချကြောင်း ခေါင်းညိတ်ပြလိုက်၏။ ယဲလိန်က ညာဏ်များသည်နှင့် အမျှ ဘစ်ဖက်လူအပေါ် အဿာစီးရမှ ကျေနပ်ကြသော တုန်ကိုးတု တို့ သုံးယောက်အား ကြည့်ကာ သူ၏စိတ်ထဲမှ ကျေနပ်နေမိ လေသည်။

တုန်ကိုးတုက ကြောက်ရွံ့စိတ် မပြေသေးဘဲ ယဲလိန်အား မေးလိုက်သည်။

"အဲဒီလိုရှုံးပြီးရင် ဘာ ဆက်ဖြစ်နိုင်သလဲ ယဲလိန်"

ယဲလိန်က မယုတ်မလွန်ဖြေသည်။

"ဒါတော့ ကျွန်တော်လဲ အတိအကျ မပြောတတ်ဘူး၊ ဘုက်သွက်ခါ ါအောင်ရှုံးမှုခက်တော့ သေချာတယ်ဦးရီးတော်"

"ပြော် ဒါနဲ့ မင်းက ငါ့ကို ဘာများ စစ်မေးချင်လို့လဲ၊ မေးစရာ ရှိတာ မေးကွာ၊ ငါခွင့်ပြုမါတယ်၊ အားနာစရာ မရှိပါဘူး"

ယဲလိန်က ရှန်ကျင်နှင့် နင့်ကျမ်းရောင်အား လှမ်းကြည့်ရင်း

"ကျွန်တော်မေးရင်လဲ ခုရှိနေတဲ့ ကျွန်တော်တို့ လေး ယောက်ပဲ သိကြမှာပါ၊ ဒါကြောင့်လဲ ကျွန်တော်မေးမှာပါ၊ တစ်ခုတော့ ရှိတယ်၊ ဦးရီးတော် သိကွာ ကျ နိုင်တာတော့ အမှန်ပဲ"

ယဲလိန်၏စကားကြောင့် တုန်ကိုးတုမှာ မျက်နှာပျက်သွား လေသည်။

ထိုသော် တုန်ကိုးတုကအားတင်း၍ စိတ်ထိန်းကာယဲလိန် အား ပြောလိုက်သည်။

"ယဲလိန် မင်းမေးစရာရှိတာမေး၊ ငါ့ကို အားနာစရာ မလိုဘူး၊ မင်းကို ငါခွင့်ပြုပြီးသားပဲ"

ယဲလိန်က တုန်ကိုးတုအား ဦးညွှတ်၍ တလေးတစား ပြန် ပြောသည်။

"ဟုတ်ကဲ့ပါခင်ဗျာ၊ ကျွန်တော်က ခုလို ဖွင့်ပြောရတာ ကလဲ ဒီက ကိုယ်တော်ကြီးနဲ့ ကိုကြီးနင့်တို့နောင်ရေး အေး - ချမ်းဖို့ မေးမှာပါ၊ ဒါပေမယ့် ကျွန်တော့် အကျိုးတော့ လုံးဝမရှိပါဘူး"

တုန်ကိုးတုက ယဲလိန်ကို စိုက်ကြည့်ရင်း ပြန်ပြောသည်။

"ယဲလိန် မင်းက ကိုယ်တော်ရှန်ကျင်အပေါ်မှာ သစ္စာရှိတာကို ငါလက်ခံပါတယ်၊ မင်းနေရာမှာ ငါရှိနေရင်လဲ ခုလို ရှန်ကျင်အတွက် စိုးရိမ်ပြီးမေးမိမှာပဲ၊ မင်းကို ငါ နားလည်ပါတယ်၊ မင်း မေးစရာရှိတာမေးကွာ၊ မင်းမမေးရင် သူတို့နှစ်ယောက်က ငါ့အပေါ် အထင်မှားစရာတွေ ဖြစ်လာလိမ့်မယ်"

တုန်ကိုးတုမှာ ရှန်ကျင်နှင့် နင့်ကျုမ်းရောင်တို့၏ အထင်လွဲမှားမှုခံရမည်ကို အလွန် စိုးရိမ်နေဟန်တူသည်။

ယဲလိန်ကလည်း တုန်ကိုးတုထံမှစကားကို စောင့်ဆိုင်းနေခဲ့ခြင်း ဖြစ်သည်။

"ဦးရီးတော်ကို ကျွန်တော်မေးမယ်၊ ဒီတစ်ပတ်အတွင်းမှာ ဦးရီးတော်အနေနဲ့ ဘယ် မိန်းကလေးကို အလိုမတူဘဲ ဆက်ဆံဖူးသလဲ၊ အဲ့ဒါ မှန်မှန်ပြောပါ၊ ရှက်စရာမဟုတ်ပါဘူး"

တုန်ကိုးတု၏မျက်နှာမှာ ရှတ်ခြည်းပင် ရှက်သွေးဖြန်းသွားသည်။

"မင်း မင်း ငါ ငါ...."

ယဲလိန်၏ ပွင့်လင်းသောစကားကြောင့် တုန်ကိုးတုမှာ ရှက်စိတ်ကြောင့် စကား ဖြောင့်ဖြောင့်တန်းတန်း မပြောနိုင်ဘဲ ဖြစ်နေသည်။

Scanned with ACE Scanner

"ကျွန်ဘော်က ဦးရီးတော်ကို လေးစားပြီးသားပါ၊ ဒီကိစ္စမျိုးဟာ ဖြစ်လေ့ဖြစ်ထရှိပါတယ်၊ ရှက်စရာမဟုတ်ပါဘူး ဦးရီးတော်က ဖွင့်ပြောမှ ဘယ်လိုဆက်လုပ်ရရင် ကောင်းမလဲဆိုတာ စဉ်းစားနိုင်မှာပါ၊ ဖုံးဖိထားရင် သူတို့က နောက်တစ်မျိုး ဆက်လုပ်လာဦးမယ်"

ရှန်ကျင်မှာ ယဲ့လိန်ပြောသမျှကို နားထောင်ရင်း ဦးရီးတော် တုန်ကိုးတုအား အကဲခတ် လေ့လာနေသည်။

နင့်ကျမ်းရောင်က...

"ဟုတ်ပါတယ် ဦးရီးတော်၊ ယဲ့လိန်ပြောတာမှန်ပါတယ်၊ ဒီမှာ ကျွန်တော်တို့ လေးယောက်ပဲရှိတာ ရှက်နေစရာမလိုပါဘူး"

နင့်ကျမ်းရောင်က အားပေးနေသော်လည်း တုန်ကိုးတုမှာ ဖွင့်ပြောရခက်နေလေသည်။

အတန်ကြာမှ တုန်ကိုးတုက ခပ်တိုးတိုး ဝန်ခံပြောကြားလိုက်၏။

"အိမ်ဖော်ခြွယင်ကို ငါ ခြေတော်တင်မိတယ်"

တုန်ကိုးတု၏ အခန်းထဲ၌ တစ်ခဏမျှ တိတ်ဆိတ်သွားလေသည်။

"တကယ်တော့ ခြွယင်ဟာ အပျိုစင် တစ်ယောက်ပါ၊ ငါမှစားသွားတယ်"

တုန်ကိုးတုသည် ပြောနေရင်းမှပင် အသံ တိမ်ဝင်သွား လေသည်။

ယဲလိန်၊ နင့်ကျမ်းရောင်နှင့် ရှန်ကျင်တို့၏ မျက်နှာများကို မကြည့်ဝံ့သည့်အလား ခေါင်းငုံ့၍ ငူငူကြီးငိုင်နေသည်။

ပြဿနာ၏ အရင်းအမြစ်ကိုသိပြီးဖြစ်၍ ဖော်ထုတ်မိသော ယဲလိန်ပင် တုန်ကိုးတုက တကယ်တမ်းဝန်ခံလာသောအခါ စကားမပြောနိုင်ဘဲ ကြောင်စီစီကြည့်နေမိ၏။

ရှန်ကျင်က....

"ဩော် ဒါကြောင့်ကိုး၊ ကျမ်းရောင် မင်း အဲဒီမိန်းကလေး ကို သွားခေါ်လာခဲ့စမ်း၊ မြန်မြန်သွား"

ရှန်ကျင်မှာ ဒေါသဖြစ်နေသော်လည်း မည်သူ့ကို စိတ်ဆိုးရမှန်းမသိဘဲ တစ်ကိုယ်တည်း မကျေမနပ်ဖြစ်နေသည်ကို ယဲလိန် မြင်တွေ့နေရသည်။

ယဲလိန်သည် ရှန်ကျင်၏ရှေ့၌ ဂုဏ်သရေရှိလူကြီးလူကောင်း ဟန်ဆောင်သူ၏ ယုတ်မာမှုကို ဖော်ထုတ်လိုက်သည်။

တုန်ကိုးတုက အသံဝပ်တိုးတိုးနှင့် ရှန်ကျင်အားတောင်း ပန်သလို ပြောသည်။

"မင်းအပြစ်တင်ရင်လဲ ငါ ခံရမှာပါ၊ တကယ်တော့ ခြေယင်ဟာ တကယ်လှတဲ့မိန်းကလေးပါ၊ မင်း မြင်ရင်လဲ တွေ့မှာပါကွာ"

တုန်ကိုးတုက သူ့အပြစ်ကို ပွင့်ပွင့်လင်းလင်းမပြောဘဲ ခြွေယင်၏ စွဲမက်တိမ်းမူးဖွယ် ကိုယ်ခန္ဓာအလှကြောင့် ဖြစ်ရကြောင်း ဝေ့လည်ကြောင်ပတ်ပြောခြင်း ဖြစ်၏။

ယဲလိန်၏စိတ်ထဲမှ တုန်ကိုးတု၏ အပြစ်ကိုကြည့်ရင်း—

"အင်း မိန်းကလေးရဲ့အလှကို အပြစ်တင်ရတော့မလိုပါလား၊ တော်တော်ရယ်စရာကောင်းတဲ့လူပဲ"

နှင့်ကျမ်းရောင်ထွက်သွားသည်နှင့် ရှန်ကျင်က တုန်ကိုးတုကို ပြောလိုက်သည်။

"ဦးရီးတော် ယဲလိန်ဆလဲ့ သူစိမ်းမှုမဟုတ်တာ ရှက်မနေပါနဲ့၊ ပြဿနာကို ဘယ်လိုရှင်းရင် ကောင်းမလဲဆိုတာစပဲ စဉ်းစားကြရအောင်ပါ"

တုန်ကိုးတု၏မျက်နှာမှာ သိမ်ငယ်စိတ်ကြောင့် ဆီးဝေ့ထက်ပင်ငယ်၍ နေလေသည်။

"ယဲလိန် ဒီကိစ္စကို မင်းဘယ်လိုကြောင့်သိတာလဲ၊ ပြောပြစမ်းပါဦး"

ရှန်ကျင်သည် ယဲလိန်၏ ထိုးထွင်းသိမြင်သောဉာဏ်ကို အံ့သြချီးကျူး၍ မကုန်အောင်ဖြစ်နေသည်။

ထို့ကြောင့် သိချင်စိတ်ကို မထိန်းချုပ်နိုင်ဘဲ မေးလိုက်ခြင်းဖြစ်၏။

ယဲလိန်အား ရှန်ကျင်ကမေးလိုက်ခြင်း တုန်ကိုးတုမှာလည်၊ သူ၏လျှို့ဝှက်ကိစ္စကို ယဲလိန်ကဖော်ထုတ်နိုင်ခဲ့သဖြင့် ယဲလိန် ပြောမည့်စကားကို နားစွင့်နေသည်။

ယဲလိန်က ခပ်သဲ့သဲ့ပြုံးရင်း...

"ဟိုနားကလက်ကိုင်ပုဝါလေးဟာ ဦးရိုးတော်ရဲ့ပစ္စည်း တော့ မဖြစ်နိုင်ပါဘူးနော်"

ယဲလိန်ညွှန်ပြရာသို့ မင်းသားရှန်ကျင်က ကြည့်လိုက်သည်။

အခန်းထောင့်တစ်နေရာ၌ ထွေးစွန်းပေနေသော မိန်းကလေးများသုံးသည့် လက်ကိုင်ပုဝါတစ်ထည်ကို တွေ့လိုက် ရသည်။

မင်းသားရှန်ကျင်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း နားနှင့် မျက်စိကို အစဉ်ထာဝရဖွင့်ထားခဲ့သော ယဲလိန်ကို အထင် ကြီး ကြည့်နေသည်။

ယဲလိန်က အကျိုးအကြောင်း ဆက်စပ်ရှင်းပြလိုက်ပြန် လေသည်။

"ဦးရိုးတော်က ဒီအလှမယ်လေးကို ဖျက်ဆီးသလိုလုပ် လိုက်တော့ သူ့ခမျာ ဘယ်ကျေနပ်နိုင်ပါ့မလဲ၊ အားမတန် လို့သာ မာန်လျှော့လိုက်ရတာပါ၊ တကယ်တော့ သူ့ကို အားပေးအားမြှောက် ပြုတဲ့လူကလဲ ရှိလိမ့်မယ်၊ ဒီတော့ ဒီနည်းနဲ့တုံ့ပြန်လိုက်တာပါပဲလေ၊ သိပ်တော့မဆန်းပါဘူး"

ရှန်ကျင်က ဦးရိုးတော်အား စိတ်ပျက်လက်ပျက်ကြည့်ရင်း အပြစ်တင်သလိုပြောသည်။

"ဦးရိုးတော်ကလဲဗျာ ဒီအသက်အရွယ်ကျမှ ဒီလိုပြဿနာ ပေါ်ရတယ်လို့ တော်တော်ခက်ပါလားဗျာ၊ ခုတော့ ကျွန်တော်တို့တစ်တွေဟာ ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ ရေတိမ်နစ်ရတော့မလို၊ ကံဖယ်တာလဲတစ်ကြောင်း၊ ပြီးတော့ ဟောဒီ ယဲလိန်ကယ်လို့သာပဲဗျာ"

ယဲလိန်မှာ တုန်ကိုးတုအားစေ့နာစိတ်နှင့်ကြည့်ရင်း ရှန်ကျင်ကို မြေ့ရာမြေ့ကြောင်း ဝင်ပြောသည်။

"ဒီလိုရှိပါတယ်ကိုယ်တော်၊ ဇီကိစ္စမျိုးဟာ ယောကျ်ားသားဖြစ်တဲ့လူရဲ့ အပြစ်ချည်းမဟုတ်ပါဘူး၊ တစ်ဖက်မိန်းကလေးရဲ့ အပြစ်လဲပါဝင်ပါတယ်၊ ချိတ် ချိတ်ခြင်းမှာ ချိတ်မိတတ်တာမို၊ တစ်ယောက်ကဘယ်လိုပဲ မြူဆွယ်ပေမယ့် တစ်ယောက်ကမပါရင် ဒီကိစ္စမျိုးက မဖြစ်နိုင်ပါဘူး"

ယဲလိန်က စကားဖြတ်ကာ ဆက်ပြောပြန်သည်။

"တကယ်တမ်း ဦးရိုးတော်ဟာ ကျင့်ကြံလိုက်ပြီပဲထားပါဦး၊ ဒီမှာတိုင်တန်းဖို့ ကိုယ်တော်နဲ့ ကိုကြီးနင့်တို့လဲရှိကြသားပဲ၊ ခုလိုမတိုင်ဘဲ အပြင်လူနဲ့ဆက်သွယ်ပြီး ဘာဖြစ်လို့လုပ်ကြံရတာလဲ၊ ကျွန်တော်ကတော့ အရှိကိုအရှိအတိုင်းပဲပြောတာပါ"

တုန်ကိုးတုက အားတက်သရောဝင်ပြောသည်။

"ဟုတ်တယ် ယဲလိန်ပြောတာမှန်တယ် တူတော်မောင်၊ မိန်းကလေးက ငါ့ကိုစိတ်ဆိုးဟန်မပြဘူး၊ ကြည်ဖြူတဲ့သဘော လဲ့ရှိပါတယ်"

ရှန်ကျင်မှာ ဦးရိုးတော်အား ငဲ့ညှာသောသဘောဖြင့် ချော့လဲရောထိုင်ပြောလိုက်သည်။

"ဆင်း ဒါလဲဟုတ်တာပဲ"

+ + +

ထိုစဉ် နင့်ကျမ်းရောင်ပြန်ရောက်လာပြီး ရှန်ကျင်အား ပြောလိုက်သည်။

"ခြွေယင်ကို ဘယ်မှရှာမရဘူး၊ သူ့အကြောင်းတွေပေါ်လို့ ထွက်ပြေးသွားပြီကိုယ်တော်"

ပဲလိန်က ပြုံးရင်းပြောသည်။

"ဒီကောင်မလေး အာတော့်ကိုလျင်တာပဲ၊ ညာက်လဲထက်ပုံရတယ်"

ရှန်ကျင်အာ မကျေမနပ်ဖြစ်ကာ နင့်ကျမ်းရောင်ကို အမိန့်ပေးလိုက်၏။

"ကျမ်းရောင် ဗီကောင်မလေးကို လူလွှတ်ပြီး ရအောင်ရှာစမ်း"

"ရှာမနေပါနဲ့တော့ ကိုယ်တော်၊ နောက်ကျသွားပြီ၊ ညီလေးယဲ့က သူစီရင်ထားတဲ့ ပန်းအိုးတွေကို ဖျက်ဆီးပစ်လိုက်ကတည်းက ထွက်ပြေးသွားပြီလေ၊ ခုလောက်ဆို လုံခြုံတဲ့နေရာမှာ ရောက်နေရောပေါ့"

တုန်ကိုးတုက အကြံရယာန်နှင့်...

"ဒါဆို သူ့ကိုအာမခံပြီး ဂေဟာကိုခေါ်လာခဲ့တဲ့လူကို သွားခေါ်စမ်း ကျမ်းရောင်"

ယဲ့လိနိကား တုန်ကိုးတုအား စိုက်ကြည့်လိုက်သည်။

တုန်ကိုးတုက ယဲ့လိနိအား အတော်ပင် ကြွေစက်၍နေဟန်နှင့် တွန့်ခနဲ ဖြစ်သွားသည်။

ယဲ့လိနိက ရှန်ကျင်အား ရှင်းလင်းပြောကြားလိုက်၏။

"သိပ်လဲ စိုးရိမ်မနေပါနဲ့ ကိုယ်တော်၊ ပြီးတဲ့ကိစ္စလဲပြီးကုန်ပါပြီ၊ ဗီမိန်းကလေးကိုအာမခံပြီး ခေါ်လာတဲ့လူလဲ ခုလောက်ဆို 'ပြေးပြီပေါ့ဗျာ၊ ဖြစ်နိုင်ရင် ဗီကိစ္စကို ဖုံးဖိထားတာ ကောင်းတယ်၊ အပြင်ကိုပေါက်ကြားလို့မကောင်းတဲ့

ဖြစ်ရပ်ပဲ၊ နောက်ပြီး ဦးရှိးတော်ရဲ့ဂုဏ်သိက္ခာလဲ ရှိနေသေးတယ် မဟုတ်လား"

ရှန်ကျင်အား ခေါင်းညိတ်ပြသည်။

တုန်ကိုးတုကမူ ယဲ့လိန်အား ကျေးဇူးတင်သောအကြည့်နှင့် ကြည့်နေသည်။

"တောက် ဒီကောင်မလေး ဘော်တော် ကံကောင်းသွားတယ်"

ရှန်ကျင်က လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း မကျေမချမ်း ဖြစ်နေသည်။ ယဲ့လိန်က ကြားဝင်ပြောဆိုလိုက်ပြန်သည်။

"တကယ်တော့ ကိုယ်တော်နဲ့ ဦးရှိးတော်တို့ဟာ သိပ်ပြီး နစ်နာမှုမရှိပါဘူး၊ မိန်းကလေးအဖို့ နစ်နာတာက ပိုဆိုးပါတယ်ခင်ဗျာ"

"အဲ ဒါလဲဟုတ်သားပဲ"

အမှန်တကယ် အကျိုးရှိသွားသော တုန်ကိုးတုမှာ ယခုမှပင် ရယ်မောပြောဆိုနိုင်တော့၏။

\+ \+ \+

Scanned with ACE Scanner

နင့်ကျမ်းရောင်က တုန်ကိုးတုအား စပ်ဖြီးဖြီးနှင့်ကြည့်ရင်း နောက်ပြောင်လိုက်သည်။

"ဒါပေါ့ဗျာ ဒါပေါ့၊ ဦးရိုးတော်ရဲ့ တစ်ကိုယ်တော်ကောင်းစားဖို့အတွက် ကျွန်တော်တို့က ဝေဒနာကို ခါးဆည်းခံလိုက်ရတာပေါ့လေ"

နင့်ကျမ်းရောင်၏စကားကြောင့် ရှန်ကျင်က သဘောကျဟန်နှင့် ရယ်မောနေသည်။

တုန်ကိုးတုမှာ ယခုမှပင် နေသာထိုင်သာရှိနေပြီး ယဲ့လိန်အား ကျေးဇူးတင်စကားပြောရန် စဉ်းစားနေစဉ် နင့်ကျမ်းရောင်က ဝင်ပြောလိုက်၏။

"ဒါပဲနော်ဦးရိုးတော်၊ ကျွန်တော်တို့ဆရာတပည့် ခံရတာတတော့ ထားပါတော့၊ ကျွန်တော်တို့တစ်တွေရဲ့ ဒီက သမားတော်ကြီး ယဲ့လိန်ရဲ့ကျေးဇူးကိုလဲ မမေ့နဲ့ဦးနော်၊ သူသာ အချောအလှတွေနဲ့မြူးနေလို့ သုံးရက်လောက်ကြာမှ ရောက်လာရင် ကျွန်တော်တို့ ကံကြမ္မာကတော့ မစဉ်းစားရဲအောင်ပါပဲဗျာ"

တုန်ကိုးတုက...

"ဟုတ်တယ် ကျမ်းရောင်၊ ငါလဲ ယဲ့လိန်ကို ကျေးဇူးတင်ပါတယ်၊ ယဲ့လိန် မင်းဘာလိုချင်သလဲ ပြောစမ်းကွာ"

ယဲ့လိုန်က ရယ်မောပြီး...

"တကယ်ပဲ ကျွန်တော့်ကို ဆုချမလို့လား ဦးရိုးတော်"

နင့်ကျမ်းရောင်က ယဲလိုန်ကို လေးစားချစ်ခင်မိနေသဖြင့် စကားကိုလေးနက်အောင် ထပ်ပြောသည်။

"ဒါက ဆုချရမယ့်ကိစ္စမဟုတ်ဘူး၊ ပညာကို ကန်တော့ရမယ့် အလုပ်မျိုးပဲ ညီလေးယဲရ"

"ဟုတ်ပါတယ် ယဲလိုန်"

တုန်ကိုးတုကပါ နင့်ကျမ်းရောင်၏စကားကို ထောက်ခံလိုက်သည်။

ယဲ့လိုန်မှာ ယခုကဲ့သို့ ဝိုင်းဝန်း ချီးမွမ်းစကားပြောသော်လည်း မောက်မာဝင့်ကြွားခြင်း အလျဉ်းမရှိပေ။

ထို့ကြောင့် ယဲလိုန်က ရိုးရိုးအေးအေးပင် ပြန်ပြော၏။

"ဒီလိုတော့ ကျွန်တော့်ကို မပြောကြပါနဲ့ဗျာ၊ ဒီအထဲမှာ ကျွန်တော်က အငယ်ဆုံးပါ"

နင့်ကျမ်းရောင်က ယဲလိုန်ကို အားပေး တိုက်တွန်းလိုက်ပြန်သည်။

"လုပ်မနေနဲ့ ညီလေးယဲကလဲကွာ၊ ပြောလိုက်စမ်းပါ၊ နို့မဟုတ်ရင် ငါတို့တစ်တွေဟာ ကျေးဇူးတရား မသိတတ်တဲ့ လူရိုင်းတွေ ဖြစ်ကုန်လိမ့်မယ်"

ယဲလိုန်ထံ ရယ်မောရင်း—

"တောင်းဆိုလဲ တောင်းရမှာပေါ့လေ၊ ကိုယ်တော် ရှန်ကျင်ရဲ့ စည်းစိမ်ကုန်အောင်တောင်းရရင် ကောင်းမလား မသိဘူး"

ယဲလိန်၏စကားကြောင့် ရှန်ကျင်က ပြုံးရယ်ရင်း ပြော လိုက်လေသည်။

"ရပါတယ်ယဲလိန်ရာ၊ မင်းမှာသစ္စာ လူမှာကတိပါကွ"

ယဲလိန်က ခေါင်းညိတ်ပြသည်။

"ကောင်းပါပြီ၊ ကျွန်တော်လိုတဲ့ဆုကတော့ ယဲလိန်လို ဖားတစ်ပိုင်း ငါးတစ်ပိုင်းဘဝနဲ့ ကျင်လည်နေရတဲ့ လူကို ယုံကြည်မှုရှိပါ... ဆိုတဲ့ စကားလုံးငါးလုံးကို ဦးရီးတော် တုန်ကိုးတုက မင်းသားရှန်ကျင်နဲ့ ကိုကြီးနင့်ကို ပြောကြား ပေးပါခင်ဗျာ၊ ကျွန်တော်လိုချင်တဲ့ဆုကတော့ ဒါပါပဲ"

တုန်ကိုးတုသည် ယဲလိန်၏ တောင်းဆိုသောဆုကြောင့် အလွန်အမင်း တအံ့တသြဖြစ်ကာ သူ့တစ်ကိုယ်လုံး ကြက်သီး ဖြန်းဖြန်း ထသွားမိသည်။

ယဲလိန်အကြောင်းကို သိပြီးဖြစ်သော ရှန်ကျင်နှင့် နင့် ကျမ်းရောင်တို့မှာလည်း ယဲလိန်အား ငေးကြည့်ရင်း သူတို့ ကြားလိုက်ရသောစကားကို အံ့အားသင့်ရဲ ဖြစ်နေမိကြသည်။

ရုတ်တရက် ရှန်ကျောင်၊ တုန်ကိုးတုနှင့် နင့်ကျမ်းရောင်တို့မှာ ယဲ့လိန်အား စကားမဆိုမိကြချေ။

ထိုစဉ် ယဲလိန်က မေးလိုက်ပြန်သည်။

"လိုချင်တာပြောလိုလို့ ကျွန်တော် တောင်းတာပါ ဦးရီးတော်၊ ခုတော့ ကျွန်တော်တောင်းတာ မပေးနိုင်ဘူးနဲ့ တူတယ်"

နင့်ကျမ်းရောင်က ယဲလိန်အားပြောသည်။

"ညီလေးယဲ့ မင်းစကားက ဘယ်လိုလဲကွာ"

"ကိုကြီးနင့်ကို ကျွန်တော်က ဒီထက်ရှင်းအောင် ပြောပါ့မယ်၊ အဲဒီလို ရှင်းအောင်ပြောလေ ကိုကြီးနင့်နားထဲမှာ မိုရှုပ်လေ ဖြစ်နေဦးမှာပါခင်ဗျာ၊ ကျွန်တော် တစ်ခုပဲပြောမယ်၊ ကျွန်တော်ခင်တဲ့လူ၊ အားကိုးတဲ့လူကိုတော့ ဘယ်တော့မှ ဒုက္ခမရောက်စေချင်တာ ကျွန်တော့်ဆန္ဒနဲ့ စိတ်ရင်းအမှန်ပါ၊ အဲဒီနည်းတူစွာပဲ နစ်နာမှု မရှိစေချင်ဘူး၊ ဒီလောက်ဆို ကျွန်တော်ပြောတဲ့စကားကို ကိုကြီးနင့်ကော ကိုယ်တော်ရှန်ကျောင်နဲ့ ဦးရီးတော်တို့ပါ သဘောပေါက်ပြီ ထင်ပါတယ်"

ရှန်ကျောင်က ယဲလိန်အပေါ် ကျေနပ်အားရစွာကြည့်ရင်း...

"ကောင်းပြီ ယဲလိန်၊ မင်းတောင်းဘဲ့ဆန္ဒ ပြည့်ပြီလို့သာ မင်းစိတ်ထဲ မှတ်ထားပေတော့"

ယဲလိန်က ရွှင်လန်းတက်ကြွစွာနှင့်—

"ကျေးဇူးတင်ပါဘယ် ကိုယ်တော်"

"ကဲ ဒီတော့ ဒီစထား ဒီမှာပဲရပ်ကြတော့၊ ငါ့မှာ မင်းကို မေးစရာတွေ ရှိသေးတယ် ယဲလိန်"

"ပြောပါကိုယ်တော်"

\+ \+ \+

"ဟိုကိစ္စနဲ့ပတ်သက်ပြီး မင်းအမြင် ဘယ်လိုရှိသလဲ"

ယဲ့လိန်က လေးနက်တည်ကြည်စွာ ပြန်ပြောသည်။

"အကြွမ်းအားဖြင့် နေလကိုယ်တော်နဲ့ ပထမ မင်းသားကြီးကို ကျွန်တော်မသက်သာဘူး ကိုယ်တော်"

"ဘာဖြစ်လို့လဲ ယဲလိန်"

"ဒီလိုပါကိုယ်တော်၊ တကယ်တမ်း တိုင်းပြည်ကို မင်းလုပ်အုပ်ချုပ်နိုင်တဲ့လူဟာ အမှတ်တစ်ဆယ့်လေးမင်းသားနဲ့ ကိုယ်တော် ရှန်ကျင်တို့ပါပဲ၊ ထီးညွှန့်နန်းလျှာ ဖြစ်နိုင်တဲ့လူဟာ ဒီမင်းသားနှစ်ပါးပဲ ရှိတယ်မဟုတ်လား"

ယဲလိန်၏စကားကို ရှန်ကျင်က ကျေနပ်အားရ နားထောင်နေလေသည်။

"ဒီတော့ ခန့်ချင်မင်းဆက်ကို တန်ပြန်တော်လှန်နေတဲ့ နေလကိုယ်ဟာ ကိုယ့်နေတော်ကို ဘယ်မြင်ချင်မှာလဲ၊ နောက်ပြီး ပေါ့ဒီဦးရီးတော် တုန်ကိုးတုလို ဇာကြံညဏ်ကောင်းပေးနိုင်ပြီး လက်ရှိနန်းဝင်ဆူအားကိုးနေတဲ့ကိုလဲ ဘယ်မှာကြည့်ရပါ့မလဲ၊ ဦးရီးတော်ဟာ ကိုယ်တော့်ရဲ့ ဦးရီးအရင်းပဲ၊ ဦးရီးတော်ကလဲ ကိုယ့်တူကိုယ့်သားအရင်းက ဘုရင်ဖြစ်လာမှာကို အားပေးတယ်၊ လိုလားတယ်မဟုတ်လား"

"ဒါပေါ့ယဲလိန်ရာ အားပေးရမှာပေါ့"

တုန်ကိုးတုသည် သူ့အား ရှန်ကျင်၏ရှေ့တွင် သစ္စာရှိသူ၊ လူယုံတစ်ယောက်အဖြစ် ချီးကျူးခံရသဖြင့် ယဲလိန်အား ကျေနပ်သွားမိသည်။

ယဲလိန်က ဆက်ပြောပြန်သည်။

"အဲ ကိုကြီးနင့်လဲ ကိုယ်တော့်ရဲ့ ကိုယ်ပွားကိုယ်စားလို့တောင် ပြောရင်ရတယ်၊ ကိုယ်တော့်ရဲ့လက်ရုံးတစ်ဆူပဲမဟုတ်လား၊ သေတူရှင်ဖက်တွေပဲလေ၊ ကိုယ်တော်ကမြို့ရင် ကိုကြီးနဲ့ဟာဘယ်တော့မှ မမည်းတဲ့လူ၊ ဒီလိုအရေးကြီးတဲ့ပုဂ္ဂိုလ်အားထားရတဲ့ လူနှစ်ယောက်ကို ရန်သူက မရှင်းချင်ဘဲနေပါ့မလား"

''ဟုတ်တယ် ဟုတ်တယ်''

နင့်ကျစ်းရောင်က အားတက်သရော ထောက်ခံပြောကြား လိုက်သည်။

''ဒီအချက်တွေကို ထောက်ရှုလိုက်တော့ တရားခံဟာ နေလကိုယ်တော်လဲ ဖြစ်နိုင်တယ်၊ သူ မဟုတ်တောင် သူ့ရဲ့ လူတွေရဲ့လက်ချက်ဆိုတာ တပ်အပ်ပြောလို့ရတယ်၊ နောက် တစ်ချက် ကျွန်တော်သက်သေပြနိုင်ပါတယ်၊ အမှတ်တစ်ဆယ့် လေး မင်းသားကိုမှ ရွေးပြီး ကိစ္စတုံးအောင်လုပ်ကြတာဟာ ရှင်းနေပါတယ် ကိုယ်တော်၊ ဘာဖြစ်လို့တခြားမင်းသားတွေ ကို အဲဒီလိုမလုပ်ကြရတာလဲဆိုတာ စဉ်းစားမိရင် အဖြေပေါ် နေပါပြီ''

ရှန်ကျင်က ခေါင်းညိတ်ပြလိုက်သည်။

ယဲလိန်က သူ့ထင်မြင်ချက်ကို ဆက်ပြော၏။

''အဲဒီအဖြေကလဲ ရှင်းပါတယ်၊ တခြားမင်းသားတွေထဲက ဘယ်သူပဲ ဘယ်အကြောင်းနဲ့ဖြစ်ဖြစ် နန်းတက်လာခဲ့ရင် သူတို့လိုတော်လှန်ရေးသမားတွေကို ကြီးကြီးကျယ်ကျယ်ထိထိ ရောက်ရောက် ဒုက္ခမပေးနိုင်ဘူးဆိုတာ သူတို့တွက်မိကြမှာပဲ''

တုန်ကိုးတုသည် အရွယ်နှင့်မမျှအောင် လက်ရုံးရည်နှလုံး ရည် ပြည့်ဝသော ယဲလိန်အား သူ၏စိတ်ထဲမှ ချီးကျူးအား ကျနေမိသည်။

Scanned with ACE Scanner

ရှန်ကျင်က ယဲလိန်ပြောသမျှကို ခေါင်းတဆတ်ဆတ်ညိတ်ရင်း…

"ကဲ နေလကိုယ်တော်အပေါ်မှာ မင်းရဲ့ထင်မြင်ချက်က တော့ ဟုတ်ပါပြီ၊ မင်းရဲ့စကားထဲမှာ နောင်တော်ပထမ မင်းသားကြီးလဲ ပါနေသေးတယ်၊ သူ့အပေါ်မှာ မင်း ထင်မြင်ချက်လဲ ပြောစမ်းပါဦး"

ယဲလိန်က ချောင်းတစ်ချက်ဟန့်ရင်း ပြန်ပြောသည်။

"ခန့်ရှိဘုရင်ကြီးဟာ ပထမမင်းသားကြီးရဲ့ ဂေဟာကို သူ့ရဲ့နန်းတွင်းအစောင့် ကိုယ်ရံတော်အစောင့်တပ်ကို စေလွှတ် လိမ့်မယ်၊ အဲ ကျွန်တော်ရထားတဲ့သတင်းမှန်ရင် ဒီမင်းသား ဟာ ကြောင်သူတော်ဟန်ဆောင်နေတဲ့ ကျားငစဉ်းလဲဖြစ်မှာ သေချာတယ်၊ အဲဒီလိုလူစားမျိုးကို ပိုပြီးကြောက်စရာကောင်း တယ် ကိုယ်တော်၊ ကျားရိုးရိုးထက် ဆိတ်သားရေခြုံထားတဲ့ ကျားကို ပိုပြီးသတိထားသင့်တယ်ဆိုတဲ့ စကားလိုပါပဲ"

ရှန်ကျင်မှာ နားရှုပ်၍ဆာကြားလိုက်ရသည်။

ယဲလိန်၏စကားများကို လုံးဝဥဿုံ မယုံကြည်နိုင်သေးပေ။

"အင်း တယ်ကြောက်စရာကောင်းပါလား၊ နောင်တော် မင်းသားကြီးဟာ လူရိုးလူဖြောင့် လူအေးကြီးပါ"

ယဲလိန်က ပွင့်ပွင့်လင်းလင်းပင် ပြန်ပြောသည်။

''ထိနန်းအတွက်ဘော့ လူရိုးလူဖြောင့်ဆိုတာ မရှိနိုင်ပါဘူးကိုယ်တော်၊ သူလဲလူထဲကလူသားတစ်ယောက်ပဲ၊ ထီးနန်းကိုမက်မောမှာပေါ့၊ သူ့လက်ထဲမှာ မန်ချင်တပ်မဟာကြီးတစ်ခုလုံး ကိုင်ထားတယ်လေ၊ အဲဒါကိုယ်တော်ကမေ့ထားသလား၊ ဘုရင့်သားဟာ ဘုရင်ဖြစ်ချင်တာ အဆန်းလားဗျာ''

တုန်ကိုးတုက ယဲလိန်၏ ကြောင်းကျိုးဆက်စပ်သော ရှင်းလင်းပြမှုကို ကျေနပ်နေမိသည်။

ထို့ကြောင့် ရှန်ကျင်အား တုန်ကိုးတုက ပြောလိုက်သည်။

''ဟုတ်တယ်ရှန်ကျင် ယဲလိန်ရဲ့သတိပေးစကားဟာ တော်တော် တန်ဖိုးရှိတယ်''

ရှန်ကျင်က—

''ကဲ ယဲလိန် မင်းကို ငါ နောက်ဆုံးမေးချင်သေးတယ်''

''မေးပါကိုယ်တော်''

''မင်းက အမှတ်တစ်ဆယ့်လေးမင်းသားရဲ့ အထက်ကို ဘာဖြစ်လို့ကယ်တင်ရတာလဲ''

ယဲလိန်မှာ ရှန်ကျင်က ယခုကဲ့သို့မေးမြန်းနိုင်ကြောင်း ကြိုတင်တွေးဆပြီးဖြစ်နေသည်။

''ဩော် ကိုယ်တော်ရယ် သူဟာကိုယ်တော့်အဖို့ အသေးမွှားပါ၊ အမှတ်တစ်ဆယ့်လေးမင်းသားနဲ့ကိုယ်တော်ဟာ ဘယ်

သူက အစွဲမ်းပိုထက်သလဲ၊ အဲဒါလဲမဖြေချင်နေဦး၊ အမှတ်တစ်ဆယ့်လေး မင်းသားရဲ့ လူယုံတော် ဆရာပေါက်နဲ့ ဒီထက်ကိုကြီးနှင့် ဒါမှမဟုတ် ဦးရိုးကော်တို့ဟာ အချိန်မရွေးယှဉ်စံ့သလား”

နင့်ကျမ်းကျော်က ဝင်ပြောသည်။

“ဆရာပေါက်တင် ဘယ်ကမလဲ အမှတ်တစ်ဆယ့်လေး မင်းသားရဲ့ အကြံပေးလူယုံတော်တွေအားလုံးနဲ့ပါ ယှဉ်ဝံ့ပါတယ်”

“ကဲ ဒီခလာက်ဆိုရင် ကျွန်တော်ကယ်တင်လိုက်ပေးမယ် မှူစရာမလိုပါဘူးကိုယ်တော်၊ တကယ်တမ်းမျက်လုံးဖွင့်နားစွင့်ပြီး ကြည့်ရမှာက ပထမမင်းသား ကြောင်သူတော်ကြီးပါ၊ အဲဒီပထမမင်းသားဟာ ကိုယ်ဒဘဲ့အတွက် အကြီးမားဆုံးရန်သူပဲ၊ ကိုယ်တော်က ရန်သူကိုအထင်သေးနေတာကိုး၊ မင်းသားကြီးက ခြေပုန်းခုတ်နေတာတော့မသိဘဲနဲ့ အမှတ်တစ်ဆယ့်လေးမင်းသားကိုပဲ မဲနေတယ်”

ယဲ့လိန်ပြောသမျှသည် အကြောင်းအကျိုး ဆီလျော်နေသဖြင့် ရှန်ကျင်က ခေါင်းညိတ်ပြလိုက်သည်။

ယဲလိန်က တည်ကြည်လေးနက်သောမျက်နှာနှင့် ဆက်ပြောပြန်သည်။

“အဲဒီ အမှတ်တစ်ဆယ့်လေးမင်းသားကို ကယ်တင်ရတာကလဲ့ အမိုကဆချက်ကတော့ ကိုယ်တော်ဘဲ့အကျိုးအတွက်ပါပဲ”

Scanned with ACE Scanner

"ကဲ ဘယ်လို မင်းစကားကို ငါနားမရှင်းဘူး ယဲ့လိုင်"

"အမှတ်တစ်ဆယ့်လေး မင်းသားဟာ ကိုယ်တော့်အဖို့ မှုစရာမလိုဘူး၊ ကိုယ်တော်သင်ထားတဲ့ မင်းသားကြီးဟာ ကိုယ်တော့်ရဲ့ရန်သူကြီး၊ အဲဒီမင်းသားကြီးက နန်းလျာဖြစ်တဲ့ အမှတ်တစ်ဆယ့်လေးမင်းသားကို လုပ်ကြံတယ်၊ ကျွန်တော်က ဖော်ထုတ်ပြလိုက်တော့ ပထမမင်းသားကြီး ဘယ်လိုဖြစ်သွားနိုင်သလဲ ကိုယ်တော်"

"နန်းလျာမင်းသားကိုလုပ်ကြံရင် မင်းသားဘွဲ့ကိုရာသက်ပန် စွန့်လွှတ်ရမှာ သေချာတာပေါ့"

"ကျွန်တော်ယဲ့လိုင်က ကိုယ်တော့်အကျိုးအတွက် ကယ်တင်လိုက်တယ်ဆိုတာ အဲဒီလိုဖြစ်စေချင်လို့ပါပဲ ကိုယ်တော်၊ ကဲ ရှင်းပြီလားခင်ဗျာ"

ရှန်ကျင်မှာ ယခုမှပင် ယဲ့လိုင်၏စကားအဓိပ္ပာယ်ကိုရှင်းရှင်းလင်းလင်း သိလိုက်ရသည်။

"မင်းဟာ တယ်တော်ပါလားယဲ့လိုင်ရာ၊ တကယ်တော့ မင်းဟာ ဆိုင်းသမားမဖြစ်သင့်ဘူး၊ အကြံပေးအတိုင်ပင်ခံပဲ ဖြစ်သင့်တယ်"

တုန်ကိုးတုအာ တစ်စုံတစ်ရာကို စဉ်းစားမိဟန်နှင့် ဝင်ပြောလေသည်။

Scanned with ACE Scanner

"ဒီအခြေအနေအတိုင်း ဆိုရင် မွန်ကိုသိုင်းညီနောင်က တို့ကို လုပ်ကြံတဲ့ကိစ္စနဲ့ ဝမ်ပိုတမ်တို့အရေးအခင်းဟာ အချိန်ဆွဲသွားနိုင်တယ်၊ ပြီးတော့ နန်းလျာမင်းသားအရာကိုလဲ အမှတ်တစ်ဆယ့်လေး မင်းသားကိုပဲ ပြန်ပြီး အပ်နှင်းနိုင်တယ် ယဲ့လိန်"

ယဲ့လိန်က ခေါင်းယမ်းပြပြီး....

"ဒါတော့ ဖြစ်နိုင်ပါဘူး ဦးရီးတော်၊ ခန့်ရှိဘုရင်ကြီးဟာ အတိအလင်း အမိန့်ထုတ်ပြန်ပြီးပြီပဲ၊ မင်းတို့စကားမိုးကြိုးသွားတဲ့၊ ပြန်ခန့်ဖို့တော့ လွယ်ပါဘူး၊ အမှတ်ရှစ်မင်းသားဆိုရင် အဲဒီနန်းလျာမင်းသားဖြစ်ဖို့ ခုထိကြိုးစားနေပြီ၊ ကိုယ်တော်ကတော့ ဘာမျှားစိစဉ်ထားပြီးပြီလဲ"

"ကြည့်စမ်း ငါတို့တော်တော်ညံ့ပါလား၊ ညီတော်အမှတ်ရှစ် မင်းသားဟာ အတော်ခြေသွက်နေပြီ၊ ငါ့မှာတော့ရောဂါဆိုးနဲ့ အိပ်ရာထဲလဲနေရတယ်၊ မင်းပြောတဲ့စကားတွေဟာ ငါ့အဖို့ အင်မတန်အကျိုးရှိတယ်ယဲ့လိန်၊ တစ်နေ့ ငါဘုရင်ဖြစ်လာရင်တောင် မင်းကျေးဇူးက အကြီးဆုံးပါပဲကွာ"

တုန်ကိုးတုမှာ သူ့စနက်ကြောင့် ရောဂါဆိုးကပ်ငြိကာ နန်းလျာအရေးအခင်းကို လုံးဝပစ်ပယ်ထားခဲ့ရသည်ကိုသိလိုက်ရသဖြင့် သူ့တစ်ကိုယ်လုံး ဇောချွေးများပင်ပြန်လာမိသည်။

ယဲလိန်က ရှန်ကျင်အား နှစ်သိမ့်စကား ပြောကြားပြန်သည်။

"သိပ်ပြီး စိတ်မပူပါနဲ့ကိုယ်တော်၊ ဒီထီးနန်းဟာ ကိုယ်တော့် အတွက်ပဲဖြစ်မှာပါ၊ အမှတ်ရှစ်မင်းသားက ဘယ်လိုပဲ ကြိုးစားပေမယ့် သူ့အတွက်တော့ အချိန်ကုန် လူပင်ပန်းရုံပဲ အဖတ်တင်ပါလိမ့်မယ်"

ရှန်ကျင်မှာ အားတက်လာရ၏။

ယဲလိန်အား မေးလိုက်ပြန်သည်။

"ဘာဖြစ်လို့လဲ ယဲလိန်"

"အင်း ဘာဖြစ်လို့လဲဆိုတော့ ခန်ရှီဘုရင်ကြီးက သူ့ကို သိပ်ပြီး ဂရုမစိုက်ဘူး၊ ပြီးတော့ သူ့မယ်တော်ဟာ အပျိုတော် ဘဝက တက်လာတဲ့ မိဖုရားပဲ၊ ကိုယ်တော့်လို မင်းမျိုးမင်းနွယ် မဟာဆီ မဟာသွေးချင်း စုလျား လက်ထပ်ခဲ့တာမှ မဟုတ်တာဘဲ၊ ဒီတော့ ဘာပဲပြောပြော သူ တစ်ပန်းရှုံးနေပြီ၊ ကိုယ်တော့်ကို သူ မယှဉ်နိုင်ပါဘူး"

"အင်း မင်းရှင်းပြတော့မှပဲ ငါ့ရင်ထဲက ပူပင်သောကတွေ ပြေပျောက်သွားရတော့တယ်"

ယဲလိန်က ရှန်ကျင်အား သွေးထိုးလှုံ့ဆော်လိုက်ပြန်သည်။

Scanned with ACE Scanner

"အမှတ်ရှစ်မင်းသားဟာ အရည်အချင်းမပြည့်တဲ့လူ ဖြစ်တယ်ဆိုပြီး ပေါ့ပေါ့ဆဆ မနေသင့်ဘူး၊ ကိုယ်တော်၊ ကိုယ်နဲ့တန်းတူရည်တူ မင်းသားမှန်သမျှကို မျက်လုံးဒေါက်ထောက်ပြီး ကြည့်နေသင့်တယ်"

တုန်ကိုးတုက....

'အင်း ဟုတ်တယ်၊ ယဲလိန်ပြောတာ မှန်တယ်၊ ငါလဲနန်းတော်ကိုသွားပြီး အခြေအနေလေ့လာလိုက်ဦးမှဖြစ်မယ်"

"မလွယ်တဲ့ ပြဿနာပါလား၊ ရင်မောစရာ ကောင်းလိုက်တာကွာ"

ရှန်ကျင်က ညည်းညူနေသည်။

"သိပ်ပြီး မစိုးရိမ်ပါနဲ့ ကိုယ်တော်၊ ကိုကြီးနင့်ကိုသာ တာဝန်ပေးလိုက်ပါ၊ သူရှင်းပါလိမ့်မယ်"

ယဲလိန်၏ စကားကြောင့် ရှန်ကျင်က နင့်ကျူမ်းရောင်ကို စိုက်ကြည့်လိုက်သည်။

"ကိုယ်တော်ရဲ့ ကိစ္စမှန်သမျှကို ကျွန်တော်က ဦးလည်မသုံကြိုးစားထမ်းရွက်ပါ့မယ်"

ရှန်ကျင်က နင့်ကျူမ်းရောင်ကို အမိန့်ပေးလိုက်သည်။

"ဒီနေ့ဒီအချိန်ကစပြီး တို့ဂေဟာကို လူအသစ်အဝင်မခံနဲ့တော့၊ ခြေယင်နဲ့ပတ်သက်ပြီးဝန်ခံတဲ့လူကိုလဲ ငါ့ဆီ အမြန်ဆုံးခေါ်လာခဲ့ ကျူမ်းရောင်"

Scanned with ACE Scanner

"ကောင်းပါပြီ ကိုယ်တော်"

နှင့်ကျမ်းရောင်က ရှန်ကျင်အား အရိုအသေပေးပြီး အခန်းထဲမှ အလျင်အမြန် ထွက်ခွာသွားတော့၏။

○ ○

## အခန်း ( ၉ )

ရှန်ကျင်က လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း အံကြိတ်ပြီး ပြောသည်။

"ငါကံကောင်းလို့ပေါ့ကွာ၊ နို့မဟုတ်ရင် ဒီတစ်ပွဲမှာ ငါ အလဲထိုးခံရတော့မလို့၊ ဒီတရားခံမကိုလဲ မတွေ့ တွေ့အောင် ရှာရမယ်"

"ကိုယ်တော် ဒီကိစ္စကို ခေါင်းခဲမခံပါနဲ့၊ မိမှာလဲ မဟုတ်တော့ပါဘူး"

"ဘယ်လိုကြောင့်လဲ ယဲလိန်"

"ဒီလိုလူစားမျိုးက သူတို့ကို အမိဖမ်းဖို့ တစ်ချက်ပဲရှိတယ်၊ သူတို့ရဲ့လုပ်ရပ်ကို လက်ပူးလက်ကြပ်မိဖို့ ချောင်းဖမ်းမှ ရနိုင်ပါတယ် ကိုယ်တော်"

Scanned with ACE Scanner

"သူတို့ဟာ မင်းထင်သလို စွမ်းမယ်မထင်ပါဘူးယဲလိန်ရ"

"ကျွန်တော်ပြောတဲ့စကားကိုမယုံရင် ကိုယ်တော် စမ်းသပ်ကြည့်ပေါ့၊ ကိုယ်တွေ့ကြုံမှ ယုံလာလိမ့်မယ်"

ထိုစဉ် အခန်းအပြင်ဘက်မှ ခြေသံများကြားလိုက်ရသည်။

ခြေသံများနှင့် အတူ မိန်းမချောချော ခန့်ခန့်ကြီး တစ်ယောက် ပါလာသည်။

တုန်ကိုးတုက ပါးစပ် အဟောင်းသားနှင့် အံ့အားသင့်နေရာမှ သတိရပြီး ပြောလိုက်၏။

"ကျွမ်းရောင် မင်း ဘာဖြစ်လို့ သူ့ကို ခေါ်လာရတာလဲ၊ သူဟာ ငါ့မိန်းမပဲ မင်းမသိဘူးလား"

နှင့်ကျွမ်းရောင်က....

"သိပါတယ် ဦးရီးတော်၊ အိမ်ဖော်ခြွယင်ကိုမမဝေယုံပဲ ခေါ်ခဲ့တာလို့ သိရပါတယ်"

တုန်ကိုးတုက ရှက်ရှက်နှင့် ဝေယုံကို မေးလိုက်သည်။

"ဝေယုံ မင်း ဒီကို ဘာလာလုပ်တာလဲ"

"ဟင် ရှင်ကပဲ ခေါ်ခိုင်းလို့ဆို"

"အိမ်စေမ အသစ်ကို မင်းရှာခဲ့တာလား"

"ဟုတ်ပါတယ်၊ အဲဒါဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့ လူသစ်တွေ ထပ်ခေါ်ရတာလဲ၊ ဒီမှာ ရှိတဲ့ လူနဲ့တင် လုံလောက်နေသားပဲ မဟုတ်လား"

"ရှင့်စကားအတိုင်း ကျွန်မလုပ်တာပါ၊ အလုပ် မလုပ်နိုင်ရင် လူ ထပ်ငှားနိုင်တယ်ဆိုလို့ ကျွန်မထပ်ငှားခဲ့တာပဲ၊အဲဒါ ရှင်မေ့နေပြီလား"

တုန်ကိုးတုက ထရုးခံအားပေးသူမှာ သူ့ဇနီး ဖြစ်နေ၍ အံ့တော်ပင် စိတ်ပျက်သွားမိသည်။

"ဒီမိန်းမ ထယ်ခက်ပါလား၊ ကျမ်းရောင် မင်းက ဝေယုံကို ပြောပြလိုက်စမ်း"

အကြောင်းစုံ သိသွားသော ဝေယုံမှာ ဟန်မဆောင်နိုင် လောက်အောင် မျက်နှာပျက်သွားသည်။

"ဒုက္ခပါပဲရှင်၊ ဒီထောင်မလေးမှာ ဒီလို အကြံရှိမှန်း ကျွန်မလဲ သိမှ မသိဘဲလေ"

တုန်ကိုးတုက ဝေယုံအား မာန်မဲလိုက်၏။

"ခုမှ ဒုက္ခလုပ်မနေနဲ့၊ ကိစ္စက ပြီးသွားပြီကွ၊ ယဲလိနီသာ ကေယ်ရင် တို့သုံးယောက် သေလောက်ပြီ၊ နောက် သတိထား လုပ်၊ အရမ်းမလုပ်နဲ့"

"စိတ်ချပါ၊ နောက်ထပ်လဲ လူသစ်မရှာတော့ပါဘူး၊ မောင်လေး ယဲလိန် မမကလဲ မင်းကို ကျေးဇူးတင်ပါတယ် ကွယ်"

တုန်ကိုးတုက စကားစဖြတ်ကာ ဝေယုံအား ပြန်ခိုင်း လိုက်သည်။

"ဝေယုံ ကိုယ့်အခန်း ကိုယ်ပြန်တော့၊ တို့ ဒီမှာ စကား ပြောကြဦးမယ်"

ဝေယုံပြန်ထွက်သွားသည်နှင့် နင့်ကျမ်းရောင်က ရှန်ကျင်ကို ပြောသည်။

"ကိုယ်တော် ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ"

"အေး ငါလဲ အဲဒါပဲ စဉ်းစားနေတာပဲကွ"

ရှန်ကျင်က ယဲလိန်အားကြည့်ရင်း ယဲလိန်၏အတွေး မှန်ကြောင်း စိတ်ထဲမှ ဝန်ခံနေမိသည်။

ထိုအခိုက် အခန်းအပြင်ဘက်မှ ခြေသံကြားရ၍ ရှန်ကျင်က လှမ်းမေးလိုက်သည်။

"ဘယ်သူလဲ"

အစောင့်က ပြန်ဖြေသည်။

"ကိုယ်တော်ကြီးကို အမတ်ကြီး ချန်က တွေ့ချင်လို့ပါတဲ့ ခင်ဗျာ"

"အေး ညှိခန်းထဲမှာ ခဏ စောင့်ထားလိုက်ကွာ၊ ငါခုပဲ လာခဲ့မယ်"

ယဲလိန်ကလည်း တစ်လက်စတည်း ပြန်ရန်နှုတ်ဆက်လိုက်သည်။

"ကျွန်တော်လဲ ပြန်လိုက်ဦးမယ် ကိုယ်တော်"

ရှန်ကျင်က မျက်မှောင်ကုတ်ရင်း…

"မင်းကို ဘယ်သူတားနှင်နေလို့လဲ ယဲလိန်၊ အေးအေးဆေးဆေး နေပါဦးလားကွာ"

"ကျွန်တော်က ဒီလို အမတ်တွေနဲ့ မတွေ့ဆုံချင်ဘူး၊ ဦးနှောက်လဲ အချောက်မခံနိုင်ဘူးလေ"

ရှန်ကျင်မှာ ယဲလိန်၏ဆန္ဒအား လိုက်လျောလိုက်ရသည်။

"ကောင်းပြီ၊ ဒါဆိုလဲ မင်းသဘောပဲ၊ ကျမ်းရောင် မင်းက ယဲလိန်ကို လိုက်ပို့လိုက်ဦးလေ"

ရှန်ကျင်မှာ အမတ်ကြီးချန်ရှိရာ ညှိခန်းသို့ ထွက်ခွာသွားလေသည်။

ယဲလိန်က နင့်ကျမ်းရောင်ကိုမဖို့စေတဲ့ တစ်ယောက်တည်း ထွက်ခွာလာခဲ့သည်။

ယဲလိန်၏စိတ်ထဲ၌ အတော်အတန် လွတ်လပ် ပေါ့ပါး လန်းဆန်း၍နေသည်။

သူသည် လမ်းမကြီးအတိုင်း လျှောက်ရင်း ရှန်ကျင်နှင့် ပတ်သက်၍ ပြန်ပြောင်းစဉ်းစား၍ နေမိသည်။

ထိုအခိုက် မြင်းလှည်းတစ်စင်းက ယဲလိနီအား ကျော်တက်ကာ သူ့ရှေ့မှ ပိတ်ရပ်လိုက်၏။

ယဲလိန်မှာ သိပ်တော့ မအံ့သြမိပေ။

သူ မျှော်လင့်ထားပြီးဖြစ်၍ မြင်းလှည်းပေါ်မှ လူသန်ကြီးကို စိုက်ကြည့်နေလိုက်သည်။

လူသန်ကြီးက ယဲလိန်ကို မြင်းရိုက်ကျာပွတ်နှင့်ချိန်ရွယ်ရင်း အေးစက်စက် လှမ်းပြောသည်။

"ဟေ့ လူ မြင်းလှည်းပေါ် တက်ခဲ့စမ်း"

၈၀၄၈
★ [illegible] စာပေ

နေလမင်းသား သိုင်းသမား (ပဉ္စမပိုင်း) ကို ဆက်လက်ဖတ်ရှုပါရန်

ဘုန်းကြွယ်

Scanned with ACE Scanner